# ကုသိုလ်ကံအကုသိုလ်ကံတို့ကို
# အသုံးချနည်းလမ်းညွှန်

ဆရာကြီး
## ဦးရွှေကျော်
(ယခင် ထူးကြီးဆရာတော်)

ပန်းချီစံတိုး

# ကုသိုလ်ကံ အကုသိုလ်ကံ
# တို့ကို အသုံးချနည်း
# လမ်းညွှန်

ဆရာကြီး ဦးရွှေကျော်
(ယခင် ထူးကြီးဆရာတော်)
တင်ပြသည်

စာမူခွင့်ပြုချက် ။ (၂၉/၉၃) (၁)

မျက်နှာဖုံး ခွင့်ပြုချက် ။ (၁၈၀/၉၃) (၃)

ပထမအကြိမ်

၁၉၉၃–ခု၊ မေလ

အုပ်ရေ(၅၀၀)

ကျပ်

ဦးဘသိ
ဘာရတီစာပေ
(၀၈၀၁)
အမှတ် ၆၆–၁၂၃လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ဦးနန္ဒ (၀၃၅၉၇)
သီရိနန္ဒာပုံနှိပ်တိုက်
အမှတ် ၂၁၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

အဖုံးရိုက် ။ ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်းအော့ဖ်စက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပန်းချီ ။ စံဘိုး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | မိမိတို့သန္တာန်၌ ထင်ရှား ဖြစ်ရှိနေကြသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို အသုံးချနည်းညွှန်ပြချက်စာတမ်း | ၁ |
| ၂။ | ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို အသုံးချနည်း | ၁၇ |
| ၃။ | အကုသိုလ်ကံဖြစ်ရှိပုံ | ၂၂ |
| ၄။ | အကုသိုလ်ကံကို အသုံးချနည်းညွှန်ပြချက် | ၂၇ |
| ၅။ | မိမိ၏သန္တာန်၌ ထင်ရှား ဖြစ်ရှိနေသော ပါဏာတိပါတ အကုသိုလ်ဒုစရိုက်ကံကို ဉာဏ်ဖြစ်အောင် အသုံးချသော ဝတ္ထုသက်သေကို ညွှန်ပြချက် | ၅၂ |
| ၆။ | မိမိ၏သန္တာန်၌ ထင်ရှားရှိနေသော အဒိန္နာဒါန အကုသိုလ် ဒုစရိုက်ကံကို ဉာဏ်ဖြစ်အောင်အသုံးချသော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည် | ၅၅ |

၇။ မိမိ၏သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော မုသာဝါဒ အကုသိုလ်ဒုစရိုက်ကံကို ဉာဏ်ဖြစ်အောင်အသုံးချသော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည် ၆၁

၈။ သူရာပါန အကုသိုလ်ကံကို ဉာဏ်ဖြစ်အောင် အသုံးချတတ်သော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည် ၆၃

၉။ ကုသိုလ်ကံကို ဉာဏ်ဖြစ်အောင် အသုံးချနည်း ညွှန်ပြချက် ၈၁

၁၀။ သီရိသ်ဒ္ဓတ္ထ ဒါယိယာ သန္တုသိမိတ္တာ မင်းသမီးကလေး ပါရမီဖြည့်ပုံအကြောင်း ၁၁၉

၁၁။ ပစ္ဆိမ ဒီပင်္ကရာ ဘုရားအလောင်းတော်၏ ဘုရားဖြစ်ရန် ဆုပန်ဆင်ခဲ့ပုံမှာ ၁၂၁

၁၂။ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူခြင်း ၁၄၂

၁၃။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရတော်မူခြင်း ၁၄၆

၁၄။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရတော်မူခြင်း ၁၄၈

၁၅။ အာသဝက္ခယ ဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူခြင်း ၁၅၁

၁၆။ ပစ္စေကဗောဓိလောင်းလျာများ ကုသိုလ်ကံနှင့် ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချပုံဝတ္ထုသက်သေ ၁၅၇

၁၇။ မဟာပဒုမပစ္စေကဗုဒ္ဓါအကြောင်း
ဝတ္ထုသက်သေ ၁၆၇
၁၈။ အဂ္ဂသာဝကဗောဓိလောင်းလျာများ
ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတရားတို့
ဉာဏ်ဖြစ်အောင် အသုံးချတော်မူကြပုံ
ဝတ္ထုသက်သေ ၁၈၃
၁၉။ မဟာသာဝကဗောဓိလောင်းလျာများ
ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတရားတို့ကို
ဉာဏ်ဖြစ်အောင် အသုံးချပုံ ဝတ္ထုသက်သေ ၁၉၃
၂၀။ နန္ဒသတို့သားဝတ္ထု ၂၀၃
၂၁။ နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း ၂၀၇
၂၂။ ပကတိသာဝကဗောဓိလောင်းလျာများ၏
ဝတ္ထုသက်သေ ၂၁၀
၂၃။ မိမိတို့သန္တာန်၌ ထင်ရှားရှိနေသော
ကုသိုလ်ကံအကုသိုလ်ကံတို့ကို
ဉာဏ်ဖြစ်အောင် အသုံးချခွင့် ၂၂၂
၂၄။ ကံအကြောင်း ၂၃၈
၂၅။ ကံအမျိုးအစား ၂၄၀
၂၆။ ဇနကကံ ၂၄၄
၂၇။ ဥပထမ္ဘကကံ ၂၄၆
၂၈။ ဥပပီဠကကံ ၂၄၉
၂၉။ ဥပဃာတကကံ ၂၅၁
၃၀။ နိဂုံး ၂၈၆

# မိမိတို့သန္တာန်၌ထင်ရှားဖြစ်ရှိနေကြသော
# ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို
# အသုံးချနည်းညွှန်ပြချက်စာတမ်း

**အကြောင်းပြစကားရပ် (က)**

ကျွန်ုပ်သည် လွန်ခဲ့သော ဝါဆိုလပြည့်နေ့က တပည့်များဖြစ်ကြသော မောင်တင်ဦးနှင့်မတင်အေး ဇနီးမောင်နှံတို့၏ ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ ၎င်းတို့၏ ဖိတ်ကြားချက်ကိုလက်ခံ၍ တပည့်တစ်ဦးနှင့်အတူ သွားရောက်ခဲ့ပါသည်။

အလှူပွဲတွင် သံဃာတော်အရှင်မြတ်တို့ထံမှ သရဏဂုံသီလဆောက်တည်၍ အရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားတော်များကို ရိုသေစွာနာယူပြီးလျှင် ဆွမ်းခံကျွေးမွေးသည်တို့ကို သုံးဆောင်ပြီးသောအခါ တပည့်များဖြစ်ကြသော ဇနီးမောင်နှံတို့အား ဒါနခန်းဆိုင်ရာကောင်းမှုကုသိုလ်ပြုလုပ်ပုံ၊ စိတ်စေတနာထားပုံ စသည်တို့ကို ညွှန်ပြ၍ ကံတရား၏အကျိုးပေးပုံဆန်းကြယ်လှသည်တို့ကို ဝတ္ထုသက်သေများဖြင့် ထင်ထင်ရှားရှားညွှန်ပြခဲ့ပါသည်။

တပည့်များဖြစ်ကြသော မောင်တင်ဦးနှင့်ဇနီးမတင်အေး တို့က ကံတရား၊ကံတရား၏အကျိုးပေးပုံနှင့် ကံကုန်၍အကျိုး မပေးတော့ဆိုသည်တို့ကို သိလိုကြပါသည်၊ ဆက်လက်ညွှန်ပြ ပေးပါရန် တောင်းပန်တိုက်တွန်း ကြပြန် သော ကြောင့် အချိန်ရသည့်အခါ ညွှန်ပြပေးပါမည်ဟု ဝန်ခံခဲ့ပါသည်။

ကျွန်ုပ်သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ကွက် သစ်၊ အရှေ့ပိုင်းသုဓမ္မာအဖွဲ့၌ ဥစဉ်ပါဠိတော်များကို ရွတ် ဖတ်၍ အဓိပ္ပာယ်ရှုကွက်များကို ညွှန်ပြပေးလျက်ရှိရာ၊ ပါဠိ တော်များကို ရွတ်ဖတ်သူများ ဖြစ်ကြသော ဦးတင်ဦး၊ ဦး သန်းငွေ၊ ဒေါ်ခင်ရီ၊ ဒေါ်စိန်ဥ၊ ဒေါ်တင်လှ၊ဦးဘိုဝ၊ ဦး တင်အေး၊ ဦးဟန်စိုး၊ ဦးမြင့်ဦး၊ ဦးတင်မြင့်၊ဦးမြင့်သိန်း၊ ဦး ဘရင်၊ ဦးသန်းမောင်၊ ဦးသောင်းဖေ စသော ပုဂ္ဂိုလ်ကြီး များနှင့် ပရိသတ်အများတို့က ခိန္နံ ပုရာဏံ--နဝံနတ္ထိ--သမ္ဘဝံ ဆိုသောပါဠိစာပိုဒ်ကို ရှုကွက်ဖော်၍ ညွှန်ပြသောအခါ ကံ တရားနှင့် ကံတရားတို့၏အကျိုးတရားတို့ကို အနည်းငယ်ချဲ့၍ ရှုကွက် ဖော်ပေးပါရန် တောင်းပန် ကြပြန်သောကြောင့် ယခင်အခါ တပည့်များဖြစ်ကြသော မောင်တင်ဦးနှင့်ဇနီး မတင်အေးတို့၏ တောင်းပန်တိုက်တွန်းစဉ်က အချိန်ရသော အခါ ကံတရားနှင့်ကံတရားတို့၏အကျိုးတရားတို့ကို အနည်း ငယ်ချဲ့၍ ညွှန်ပြပေးပါမည်ဟု ဝန်ခံခဲ့သည်ကို ပြန်လည် သတိရသဖြင့် ဤဝန်ခံချက်ကိုလည်း တာဝန်ကျေသည်စေရန် နှင့် များစွာသောဗုဒ္ဓဘာသာဝင်တို့သည်လည်း အမှန်တရား

ကိုသိရှိနိုင်ကြစေရန်ရည်သန်၍ ကုသိုလ်ကံ၊အကုသိုလ်ကံတို့နှင့် ၎င်းတို့၏ အကျိုးတရားတို့ကို အသုံးချနည်း ညွှန်ပြချက် စာတမ်းကို ရေးသားလိုက်ပါသည်။

ဤသို့ ရေးသားရာ၌ ပုဂ္ဂလဓိဋ္ဌာန်သဘောကို ဝေးစွာ ရှောင်ရှားလျက် ဓမ္မဓိဋ္ဌာန်သဘောကိုသာ ဦးတည်၍ ရေး သားပါအံ့။

**အကြောင်းပြစကားရပ်(ခ)**

ဤကမ္ဘာလောကရှိ ပုဂ္ဂိုလ် သတ္တဝါတို့တွင် မည်သည့် ပုဂ္ဂိုလ်၊ သတ္တဝါမဆို ကုသိုလ်ကံ၊ အကုသိုလ်ကံ(၂)မျိုးတို့နှင့် မကင်းမကွာနိုင်ကြပါ။

ဤကမ္ဘာလောကတွင် ကုသိုလ်ကံ၊အကုသိုလ်ကံ(၂)မျိုး တို့နှင့်ကင်း၍ပုဂ္ဂိုလ်သတ္တဝါဟု မဖြစ်နိုင်၊မရှိနိုင်ပါ။

ထို့ကြောင့် ဤအမ္ဘာလောကရှိ ပုဂ္ဂိုလ်၊ သတ္တဝါတိုင်း တို့မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံ (၂)မျိုးတို့ထင်ရှားရှိနေကြ သည်ဟု ယုံမှားမဲ့မှတ်ယူပါ။ [ကုသိုလ်ကံဆိုရာ၌ လောကီ ကုသိုလ်ကံကိုသာ မှတ်ယူပါ။]

သတ္တဝါတိုင်းတို့မှာထင်ရှားရှိနေကြကုန်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ(၂)မျိုးတို့သည် အချင်းချင်း တစ်မျိုးနှင့်တစ်

မျိုး ဆန့်ကျင်ဘက်ဖြစ်ကြ၍ ခန္ဓာအစဉ်ဟူသော ပုဂ္ဂိုလ် သတ္တဝါရင်ပြင်ကြီးထဲ၌ အမြဲမပြတ်ရင်ဆိုင်၍သူနိုင်၊ကိုယ်နိုင် အပြိုင်တိုက်ခိုက်၍ နေကြပါသည်။

လောဘီကုသိုလ်ကံကလည်းအကုသိုလ်ကံကိုအရှုံးမပေးဘဲ အမြဲမပြတ်၊အပြတ်အသတ် ချေမှုန်းတိုက်ခိုက်လျက်ရှိနေကြ ပါသည်။အကုသိုလ်ကံကလည်း လောဘီ ကုသိုလ်ကံကိုအရှုံး မပေးဘဲ အမြဲမပြတ် အပြတ်အသက်ချေမှုန်း တိုက်ခိုက်လျက် ရှိနေပါသည်။

လောဘီကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို တစ်ဘက်နှင့် တစ်ဘက် အချင်းချင်းသမအောင် ပြေလည်အောင်၊ ငြိမ်း ချမ်းရေးရအောင် မည်သည့်နည်းနှင့်မျှစေ့စပ်ဆွေးနွေး၍မရ နိုင်ပါ၊သမင်နှင့်ကျား၊ နဂါးနှင့်ဂဠုန်ပည့်လျှင်တည့်ရမည်။ ကုသိုလ်ကံနှင့်အကုသိုလ်ကံ နှစ်ပါးတို့သည် ဘယ်လိုနည်းမျိုး နှင့်မျှ မရောစပ် မပေါင်းဖက်နိုင်ပါ။ လောဘီ ကုသိုလ်ကံ ကလည်း သူ၏သတ္တိစွမ်းဟုန်ကိုအစွမ်းကုန်အသုံးချပါသည်။

အကုသိုလ်ကံကလည်းသူ၏သတ္တိစွမ်းဟုန်ကိုအစွမ်းကုန်အသုံး ချပါသည်။ ဘယ်အခါမှာမှ တစ်ဘက်နှင့်တစ်ဘက် လျှော့ ပေးသည်ဟူ၍မရှိချေ။ ကုသိုလ်ကံကလည်း အကုသိုလ်ကံကို တွေ့ရာသချိုင်း ခါးမဆိုင်းဆိုသလို အတင်းတိုက်ခိုက်ချေမှုန်း သတ်ဖြတ်ပါသည်။ အကုသိုလ်ကံကလည်း လောဘီကုသိုလ်ကံ တို့ကို အတူပင်တွေ့ရာသချိုင်း ခါးမဆိုင်းပင် အတင်းတိုက်

ခိုက်ချေမှုန်းသတ်ဖြတ်ပါသည်။ ကုသိုလ်ကံသည် နောက်လိုက် နောက်ပါအင်အား အလွန်တောင့်တင်းများပြားလှပါသည်။ အကုသိုလ်ကံကလည်း နောက်လိုက်နောက်ပါ အင်အား အလွန်တောင့်တင်းများပြားလှပါသည်။

အစွမ်းသတ္တိကလည်း လောကီကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်မျိုးစလုံးမှာ သတ္တိစွမ်းရည်ချင်း တူညီနေကြပါသည်။ လောကီကုသိုလ်ကံကလည်း သတ္တိစွမ်းရည် ထက်မြက်သည်၊ အကုသိုလ်ကံကလည်း သတ္တိစွမ်းရည် ထက်မြက်သည်။

စွမ်းရည်သတ္တိနှင့်နောက်လိုက်အင်အားတောင့်တင်းများ ပြားလှစွာသော လောကီကုသိုလ်ကံသည် တစ်ခါတစ်ရံတွင် အကုသိုလ်ကံကိုအနိုင်ယူ၍ တစ်ခါတစ်ရံတွင် စွမ်းရည်သတ္တိ နှင့် နောက်လိုက်အင်အား တောင့်တင်း များပြားလှသော အကုသိုလ်ကံက လောကီကုသိုလ်ကံကိုအနိုင်ယူလိုက်ပါသည်။ တစ်ခါတစ်ရံတွင်ကုသိုလ်ကံ၏စွမ်းရည်သတ္တိဖြင့်တည်ဆောက် ထားသော ဤကမ္ဘာလောကကြီးကို အကုသိုလ်ကံကမှုန့်မှုန့် ညက်ညက် ချေဖျက်တိုက်ခိုက် ဖျက်ဆီးလိုက်ပါသည်။

တစ်ခါတစ်ရံတွင် အကုသိုလ်ကံ၏စွမ်းရည်သတ္တိဖြင့် တည် ဆောက်ထားသော ဤကမ္ဘာလောကကြီးကို ကုသိုလ်ကံက မှုန့်မှုန့်ညက်ညက် ချေဖျက်တိုက်ခိုက် ဖျက်ဆီးလိုက်ပါသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ သူတစ်ပြန်၊ ငါတစ်ပြန်ဆိုသလို ယှဉ်ပြိုင်၍ ရင်ဆိုင် တိုက်ခိုက်နေကြသည်မှာ မည်မျှရှည်ကြာ

လှသည်ကိုလည်း မခန့်မှန်းနိုင်သလို ဘယ်တော့မှဒီတိုက်ပွဲ ပြီးဆုံးမည်ကိုလည်း မခန့်မှန်းနိုင်သေးပါ။

တစ်ခါတစ်ရံတွင် ကုသိုလ်ကံက အခွင့်သာ အနိုင်ရ၍ ကောင်းသောဘုံဌာနတို့၌ စည်းစိမ်ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ အထွေထွေသော နှစ်သက် မြတ်နိုးဖွယ်ရာတို့နှင့် ခမ်းခမ်း နားနား ပြည့်ပြည့်စုံစုံ၊ လိုလိုလောက်လောက် အထက်တန်း ရောက်ကာ အရှိန်အဝါကြီးမားလျက် ရောဂါ သန့်ရှင်းပြီးအခြေအရံအချီးအမွမ်းတို့ကိုရရှိခံစားရသည့်အပြင် ကိုယ်စိတ်နှစ်ပါးချမ်းသာပျော်ရွှင်စွာ ခံစားစံစားရပြီးလျှင် အိုနာသေ ချောက်အတွင်းသို့ ဖြည့်သွင်းခြင်းကို ခံခဲ့ရပါ သည်။

တစ်ခါတစ်ရံတွင် အကုသိုလ်ကံက အခွင့်သာအနိုင်ရသ ဖြင့် မကောင်းသောဘုံဘဝဌာနတို့၌ စည်းစိမ်ချမ်းသာ မြတ် နိုးဖွယ်ရာဟူ၍ မြူလောက်မျှမရှိ။ ပကတိဆင်းရဲမျိုးစုံတို့ဖြင့် အမြဲတစေနှိပ်စက်မျိုးစုံတို့ကို ခံယူ၍ အို၊ နာ၊ သေ ချောက် အတွင်းသို့ပင် ဖြည့်သွင်းခြင်း ခံရပြန်လေသည်။

တစ်ဘဝအတွင်းမှာပင် ကုသိုလ်ကံတစ်လှည့်၊ အကုသိုလ် ကံတစ်လှည့် အနိုင်ယူနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင် နေကြရပါသည်။ ကုသိုလ်ကံက လှလှပပ တင့်တင့်တယ်တယ် ဖန်ဆင်းထားသည်ကို အကုသိုလ်ကံကအတင်းတိုက်ခိုက် ဖျက် ဆီးပစ်၏။ အကုသိုလ်ကံက ဆိုးဆိုးရွားရွားမတင့်မတယ် ဖန်

ဆင်းထားသည့်တို့ ကုသိုလ်ကံက အတင်းတိုက်ခိုက် ဖျက်ဆီးပစ်၏။

ဤလောက၌လာဘ်ရခြင်း၊ မရခြင်း၊ အခြွေအရံများခြင်း၊ နည်းခြင်း၊ ကဲ့ရဲ့ရှုတ်ချ၊ ဖိနှိပ်ခံရခြင်း၊ ချီးကျူးချင်ပျ၊ ဂုဏ်ပြုကြ၍ မြှင့်တင်ခံရခြင်း၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာချမ်းသာခြင်း၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာဆင်းရဲခြင်းဆိုတဲ့ လောကဓံတရားနှင့် မည်သူမျှ မကင်းနိုင်ခြင်းတို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ စွမ်းရည်ပြိုင်မှုပင် ဖြစ်ပါသည်။ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာတို့ ထက်သန်အားရှိခြင်း မရှိခြင်းတို့သည်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အစွမ်းပြမှုပင် ဖြစ်ပါသည်။ ဤနေရာ၌ အထူးသိသာရန်မှာ ကုသိုလ်ကံတရားများ အထွတ်အထိပ်သို့ ရောက်ပြီးလျှင် သတ္တိစွမ်းအား ထက်သန်အားရှိတော်မူလှ၍ တစ်လောကလုံးက ဂုဏ်ထူး အမျိုးမျိုးတို့ဖြင့် ချီးကျူးအံ့ဩ၍မကုန်နိုင်လောက်အောင် ကုသိုလ်ကံက အစွမ်းပြနိုင်ပါသော်လည်း နောက်ဆုံးဘဝတွင် အကုသိုလ်ကံ၏အစွမ်းသတ္တိ အကြွင်းအကျန် အစအနလေးများက အစွမ်းပြကြသဖြင့် ရှင်တော်ဗုဒ္ဓအဖြစ်မှာပင် ဒေဝဒတ်တို့၊ စိဉ္စမာဏ၊ သုန္ဒရီပရိဗိုဇ်မတို့နှင့်တိတ္ထိတသင်းတို့၏ လုပ်ကြံခံရမှု၊ အစွပ်အစွဲခံရမှု၊ ကိုယ်တော်တိုင်၏ ခါးတော်ကိုက်ခံမှု၊ ခေါင်းတော်ကိုက်ခံမှု၊ ခြေတော်ခွဲခံရမှု၊ ဝမ်းတော်လားမှု စသောအကုသိုလ်ကံစွမ်းပြမှုများကို တွေ့ကြုံခဲ့ရပါသေးသည်။ ကုသိုလ်ကံနှင့်အကုသိုလ်ကံတို့သည် ဤမျှအထိ ၎င်းတို့၏ သတ္တိစွမ်းရည်တို့ကို အပြိုင်အဆိုင် ဖော်ပြလျက်ရှိကြပါသည်။

သံသရာတစ်လျှောက်လုံး တိုက်ပွဲဝင်လာခဲ့ကြကုန်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် မည်သည့်ကာကမျှ အပြတ်အသတ် အနိုင်မရကြပါ။ ကုသိုလ်ကံက တစ်လှည့်၊ အကုသိုလ်ကံက တစ်ပြန် ဆိုသလို အပြန်ပြန်အလှန်လှန် တိုက်ပွဲဝင်လာခဲ့ကြရာမဆုံးနိုင်သေးသောသံသရာတစ်လျှောက်လုံးပင် ဖြစ်ပါသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ တိုက်ပွဲခင်းကျင်းရာ ခန္ဓာအစဉ်ဟုဆိုအပ်သော သတ္တဝါရင်ပြင်ကြီးသည် ကုသိုလ်ကံက အားကောင်း၍ အကုသိုလ်ကံအားနည်းနေသောအခါတွင် ကုသိုလ်ကံတို့၏ အသုံးချရာဌာနတို့၌ လူ၊ နတ်ဗြဟ္မာ၊ အဖြစ်မျိုးတို့ဖြင့် လူစည်းစိမ်၊ နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် အမျိုးမျိုးတို့ကို တစ်မျိုးပြီးတစ်မျိုး အကြိမ်ကြိမ်လှည့်လည် ခံစားစံစားကြကုန်ရ၍ အို၊ နာ၊ သေ ဝဋ်အတွင်းသို့ပစ်သွင်းခြင်းခံခဲ့ကြရပါသည်။

အကုသိုလ်ကံက အားကောင်းလှ၍ ကုသိုလ်ကံကအားနည်းပြန်သောအခါတွင်လည်း အကုသိုလ်ကံ၏ အသုံးချရာဌာနတို့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အဖြစ်မျိုးတို့ဖြင့် အပါယ်လေးပါးတို့၌ ဖြစ်သော ဆင်းရဲမျိုးစုံတို့ကို အကြိမ်ကြိမ်လှည့်လည် ခံစားကြ၍ အို၊ နာ၊ သေ ဝဋ်အတွင်းသို့ပင် ပစ်သွင်းခြင်းခံခဲ့ရပြန်ပါသည်။

ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် ခန္ဓာအစဉ် ဟူသော သတ္တဝါ ရင်ပြင်ကြီးကို မိမိတို့ကြိုက်သလို အသုံးချဖို့ရန်

အတွက် အနိုင်မခံ အရှုံးမပေးဘဲ တိုက်ပွဲကြီး အသွယ်သွယ်တို့ကို ဆင်နွှဲတိုက်ခိုက်ကြရာတွင် ခန္ဓာအစဉ်ဟူသော သတ္တဝါတို့၏အသွင်သဏ္ဌာန်၌ ဖြစ်ပေါ်လာသော စေ့ဆော်တိုက်တွန်းမှုစေတနာနှင့် ၎င်း၏အပေါင်းအသင်းတို့ကို စုဆောင်းလျက် သတ္တဝါတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို လက်နက်သဖွယ် အသုံးပြုကြပြီးလျှင် ကုသိုလ် အင်အား၊ အကုသိုလ်အင်အား ကောင်းသည်ထက် ကောင်းလာအောင် အစွမ်းထက်သည်ထက် ပို၍အစွမ်းထက်အောင် စုဆောင်းကြ၍ အင်အားပြိုင်ကာ တိုက်ခိုက်ချေမှုန်းနေကြရာတွင် ကုသိုလ်ကံကအခွင့်သာ၍ အနိုင်ရပါလျှင် ခန္ဓာအစဉ်ဟူသောသတ္တဝါရင်ပြင်ကို ထင်သလိုအသုံးချ၍ အို၊ နာ၊ သေဝဋ်အတွင်းသို့ ဖြည့်သွင်းပါလေတော့သည်။ အကုသိုလ်ကံက အခွင့်သာ၍ အနိုင်ရပါလျှင် ခန္ဓာအစဉ်ဟူသော သတ္တဝါရင်ပြင်ကို ထင်သလိုအသုံးချ၍ အို နာ၊ သေဝဋ် အတွင်းသို့ ပင် ဖြည့်သွင်းပြန်ပါသည်။

ခန္ဓာအစဉ်ဖြစ်သော သတ္တဝါရင်ပြင်ကလည်းကုသိုလ်ကံက အခွင့်သာကာအနိုင်ရ၍ ၎င်း၏အသုံးချမှုကို ခံရသောအခါ မိုးမမြင်၊ လေမမြင်ဆိုသလို ခြေဖျားထောက်လျက် လက်မထောင်ကာ ငါလိုလူ ဇမ္ဗူအတွင်း အတုမရှိ၊ ငါသိ၊ငါတတ်၊ ငါမြတ်သည်။ကောန် ငါလုပ်တာမှန်သည်ဟုတစ်ယူသန်အထင်ကြီး၍ ငါစွဲပြင်းထန် မှန်၊ မမှန်မဝေခွဲ ထင်တိုင်းသာကြဲသဖြင့် ကုသိုလ်ကံအရှိန်နည်း၍ ဗိုင်းဗိုင်းလဲရပြန်လေပြီ။

အကုသိုလ်က အခွင့်သာကာအနိုင်ရ၍ ၎င်း၏အသုံးချမှုကို ခံရပြန်သောအခါတွင်လည်းအောက်တန်းစားဘဝတွင် ဆင်းရဲမှုမျိုးစုံ ကြောင့်ကြမှု၊စိုးရိမ်မှု၊ ပူပန်မှု၊ထိတ်လန့်မှု အထွေထွေစသည်တို့ဖြင့် တစ်ဘဝထက်တစ်ဘဝ အောက်တန်းကျသောဘဝဆိုးအမျိုးမျိုးသို့သာကျရောက်၍ ရောဂါတွေ အမျိုးမျိုးစွဲကာ သေပွဲသို့သာ ရောက်ခဲ့ကြပြန်လေပြီ။

သို့ရာတွင် အကုသိုလ်ကံက ကုသိုလ်ကံကိုတော့ လက်မြှောက်ပြီး အရှုံးပေးပါပြီဟု မည်သည့်အခါမှာမှ ဝန်မခံပါ။ တစ်ပြန်တစ်လှည့် အကုသိုလ်ကံက ၎င်း၏သတ္တိကိုအစွမ်းပြ၍ ကုသိုလ်ကံ၏အားနည်းမှုကို အခွင့်ကောင်းယူကာ ပြန်လည်တိုက်ခိုက်၍ အနိုင်ယူပြီးလျှင် ခန္ဓာအစဉ်ဖြစ်သောသတ္တဝါရင်ပြင်ကို ထင်သလိုအသုံးချပြန်ပါတော့သည်။

ဤသို့လျှင် ခန္ဓာအစဉ်ဟူသော သတ္တဝါရင်ပြင်သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ထင်သလိုအသုံးချမှုတို့ကို ခံနေကြရသည်မှာ ဘယ်ဘုန်းကာစ၍ ဘယ်တော့မှ ဆုံးမည်ဟု မခန့်မှန်းနိုင်ကြသေးပါ။ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် တစ်လှည့်စီအနိုင်ယူ၍ ခန္ဓာအစဉ်ဟူသောသတ္တဝါကို အသုံးချနေကြရာ၌ ကုသိုလ်ကံကလည်း အကုသိုလ်ကံကို အပြတ်အသတ်မနိုင်၊ အကုသိုလ်ကံကလည်း ကုသိုလ်ကံကို အပြတ်အသတ်မနိုင်နိုင်ဘဲဖြစ်နေကြခြင်းသည်သတ္တိစွမ်းရည်ချင်းညီမျှတူညီနေကြသောကြောင့်ပင် ဖြစ်ပါသည်။

ကုသိုလ်ကံက အခွင့်သာအနိုင်ရ၍ ဘဝဂ်ဘုံသို့တိုင်အောင် မြောက်တင်ထားသော်လည်း အကုသိုလ်ကံအခွင့်သာ၍အနိုင်ရပြန်သောအခါ ဒုဂ္ဂတိကံဘဝ၊ အပါယ်လေးပါးသို့ တစ်ဖန် ရောက်ရပြန်ပါသည်။ အကုသိုလ်ကံက အခွင့်သာ၍ အနိုင်ရသောအခါတွင်လည်း အပါယ်လေးပါးတို့တွင် အောက်ဆုံး ဘုံဘဝဖြစ်သော မဟာအဝီစိငရဲကြီးသို့ ကျရောက်နေရသော ရှင်ဒေဝဒတ်သည်ပင် ကုသိုလ်ကံအခွင့်သာ၍ အနိုင်ရပြန်သော အဋ္ဌိဿရအမည်ရှိသော ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်အောင် အထောက်အပံ့ပေးနိုင်ပြန်ပါသည်။

ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် ခန္ဓာအစဉ်ဟူသော သတ္တဝါကို သူတို့ထင်သလိုအသုံးချလာခဲ့ကြသည်မှာ ဘယ်ကစ၍ ဘယ်မှာဆုံးမှန်း မသိနိုင်လောက်အောင် အသုံးချကြ၍ အို၊ နာ၊ သေ၊ ဝဋ်အတွင်းသို့သာ သွတ်သွင်းနေကြသည်တို့ကို ရိပ်စားမိကြကုန်သော ဗောဓိလောင်းလျာတို့သည် ကံကို ကံနှင့်ပြိုင်၍မနိုင်နိုင်သည်ကို သိရှိတော်မူကြကုန်၍ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အသုံးချမှုတို့ကို မခံကြတော့ဘဲ မိမိတို့ကသာ ကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် ၎င်းတို့၏အကျိုးတရားတို့ကို အသုံးချတော်မူကြကုန်၍ ကုသိုလ်ကံက အကုသိုလ်ကံတို့၏ သတ္တိစွမ်းဟုန်ကိုသာ ကုန်စေတတ်သော ဝိဇ္ဇာဉာဏ်ကို ဖြစ်စေတတ်သည့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကိုသာ ပွားများအားထုတ်တော်မူကြပါသည်။ ဝိဇ္ဇာဉာဏ်အထူးကို ဖြစ်ပေါ်စေသောအခါ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏

သတ္တိစွမ်းဟုန်တို့ကို အကြွင်းအကျန်မရှိအောင် ပယ်သတ်နိုင်ပါသည်။ ကုသိုလ်ကံက အကုသိုလ်ကံတို့၏ သတ္တိစွမ်းရည်ကုန်ခန်းသောအခါ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ ခန္ဓာအစဉ်မှာ အားပြိုင်မှုရပ်ဆိုင်း၍ ငြိမ်းချမ်းရေးကို ရရှိတော်မူကြပါသည်။

ထို့ကြောင့် မိမိတို့သည် မိမိတို့၏သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် ၎င်းတို့၏အကျိုးတရားတို့ကို မိမိတို့က အသုံးချ၍ ငြိမ်းချမ်းရေး ရအောင်ယူကြပါစေရန် ဤစာတမ်းကို ရေးသားလိုက်ပါသည်။

ထူးကြီးဦးရွှေကျော်

[၃-၂-၆၂]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမောတေ — ကမ္မကာရက

နမောတေ — ဉာဏသမ္ပန္န

နမောတေ — ကမ္မဓေပိတ

နမောတေ — ဉာဏဒေသက

ကမ္မကာရက၊ ဒါနစသည့်ပါရမီကံတရားအစားစားတို့ကို လေးပါးသင်္ချေ ကပ်နေတစ်သိန်း တွက်ကိန်းများစွာ ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ပါသော ရှင်တော်မြတ်ဘုရား (၀၁) ပါရမီကံ ဖြည့်ကျင့်ရန်ကို လေးတန်သင်္ချေ ကပ်နေတစ်သိန်း တွက်ကိန်းများစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပါသော ရှင်တော်မြတ်ဘုရား။

တော၊ပါရမီကံအား သတ္တဝါများ ထက်နှိုင်းဖက်မရ မတုပနိုင် ကြီးကဲလွန်ကဲတော်မူလှသော၊ ရှင်တော်မြတ်ဘုရားအား။ မေ·ကံ့ပါရမီ မပြည့်မီ၍ ဉာဏ်ရည်နုလှ ဘဝဋ္ဌပျော်·

ဘုရားတပည့်တော်၏။ နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္တု-သဒ္ဓါစွမ်းထက် ယုံကြည်ချက်ဖြင့် မပျက်မသေ့ ဖြစ်ပါစေသတည်း။ ဉာဏသမ္ပန္န၊ အရဟတ္တမဂ်ဉာဏ်ထက်သန်အားရှိ စွမ်းသတ္တိနှင့် မိမိရရ ပြည့်စုံတော်မူလှပါသော ရှင်တော်မြတ်ဘုရား။ တော၊ သဗ္ဗညုတ-ဉာဏစွမ်းဟုန်ပြည့်စုံတော်မူလှပါသော ရှင်တော်မြတ်ဘုရားအား။ မေ၊ဉာဏ်မြင်စွမ်းဟုန် မပြည့်စုံသေး နုန့်နှေးလွဲချော် ဘုရားတပည့်တော်၏။ နမော-ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္တု-မပျက်မသေ့ ဖြစ်ပါစေသတည်း။ ကာမ္မခေပိတ-အရဟတ္တ-မဂ္ဂဝိဇ္ဇာ ဉာဏ်တော်သာဖြင့် လေးပြာသချေ်သိန်းနေကမ္ဘာ ဖြည့်ခဲ့ပါသည့် များစွာစုံပေါင်း ဆံပါရမီအကြောင်းတို့၏ သတ္တိစွမ်းဟုန် ကုန်စေတော်မူပါသောရှင်တော်မြတ်ဘုရား။ တော၊ကမ္မသတ္တိ ရှိသမျှဥဿုံ ကုန်စေတော်မူပါသော ရှင်တော်မြတ်ဘုရားအား။ မေ-ကမ္မစွမ်းဟုန်မကုန်ပါသေး ဆင်းရဲဘေးမျိုးစုံ ဝိုင်းအုံနှိပ်စက် ပူပြင်ချက်ကို နှစ်သက်မွေ့လျော် ဘုရားတပည့်တော်၏။ နမော၊ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္တု၊သဒ္ဓါစွမ်းထက် မပျက်မသေ့ ဖြစ်ပါစေသတည်း။ ဉာဏဒေသက-ကံအကြောင်း၏ သတ္တိစွမ်းဟုန် ကုန်စေဖို့ရန်-ဝိဇ္ဇာဉာဏ်ကိုမှန်ကန်တိပ ဖြစ်စေကြဟု ဆုံးမညွှန်ကြား ရှင်တော်မြတ်ဘုရား။ တော၊ ကံရှိသမျှ ဉာဏ်သိရအောင် ဆုံးမညွှန်ကြားရှင်တော်မြတ်ဘုရားအား (၀၁) ရှိသမျှကံဉာဏ်၊ ဖြစ်ရန်ကိုလမ်းမှန်ညွှန်ကြား ရှင်တော်မြတ်ဘုရားအား။ မေ၊ကံသတ္တိ

စွမ်း ကုန်ခန်းဖို့ရာ လေ့လာကြိုးစား တရားမှန်လိုလားသည့် ဘုရားတပည့်တော်၏။ နမော၊ ရှိသေမြွတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္တုပ၊ ဆိုးကျိုးမဖက် ကောင်းကျိုးတွက်၍ ဆက်ခါဆက်ခါ ဖြစ်ပါစေသတည်း။ အတ္တုပ၊ကံရှိသမျှ ဉာဏ်သိရဖို့ မှချမသွေ ဖြစ်ပါစေသတည်း။

## "ကုသိုလ်ကံ အကုသိုလ်ကံတို့ကို အသုံးချနည်း"

အရိယာပုဂ္ဂိုလ်အဖြစ်သို့ မရောက်သေးသော ပုဂ္ဂိုလ်တို့တွင် မည်သူမှာမဆို ကောင်းမှုကုသိုလ်ဖြစ်သော အခါလည်းရှိ၏။ မကောင်းမှု အကုသိုလ် ဖြစ်သောအခါလည်းရှိ၏။ မည်သူမဆို ကောင်းမှုကုသိုလ် ဖြစ်သောအခါတွင် နှစ်သက်ရွှင်ပျ၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာ ပျော်ရွှင်လျက်တောင့်တရ၏။ လူအများအလယ်တွင် တင့်တယ်ထည်ဝါလျက်အများတို့၏ချီးမွမ်းခြင်း၊ဂုဏ်ပြုခြင်းတို့ကိုခံယူရရှိနိုင်၍ ကျန်းမာရေးစသည့် ကောင်းမွန်စွာနှင့် ပျော်ရွှင်ရဟာတ်ကြပေသည်။ မကောင်းမှုအကုသိုလ်ကိုပြုလုပ်သောအခါတွင် မကောင်းမှုအကုသိုလ်ပြုလုပ်နေစဉ်မှာလည်းစိတ်အစဉ်ညစ်နွမ်းညှိုးမှိန်၍ ထိတ်လန့်တွေးတောမှု၊ ပူပန်မှု၊ ကြောက်ရွံ့တုန်လှုပ်မှုစသော ကိုယ်စိတ်နှစ်ပါး ပင်ပန်းမှုဖြစ်ရ၏။ များစွာသော ဆင်းရဲမှုတို့နှင့်လည်း တွေ့ကြုံခံစားရ၏။ မကောင်းမှုအကုသိုလ်ကိုပြုပြီးသောအခါမှာလည်းနောင်တတစ်ဖန်ပူပန်ရခြင်း၊ မိမိ၏စိတ်အစဉ် မကြည်လင်မသန့်ရှင်းခြင်း၊ တအုံနွေးနွေး ပူဆွေးသောကရောက်နေရ၏။ လူအများ၏အလယ်တွင် မျက်နှာမလှ အများ၏ကဲ့ရဲ့ရှုတ်ချမှုအမျိုးမျိုးတို့ကို ခံယူ

ရ၏။ ထိတ်လန့်တုန်လှုပ်မှုတွေများလှ၏။ ကျန်းမာရေးကိုပါထိခိုက်နစ်နာရတတ်လေသည်။

ယခုညွှန်ပြသော ကောင်းကျိုးဆိုးကျိုးတို့သည် မည်သူ့ကြောင့်ဖြစ်သနည်း၊ မည်သူကလုပ်လို့ဖြစ်လာသနည်း၊ တစ်ပါးသူကြောင့် ဖြစ်သလား၊ စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ မှင်စာ၊ နတ်မိစ္ဆာတို့ကြောင့် ဖြစ်သလားစသည်ဖြင့် စဉ်းစားဆင်ခြင်တတ်သော် မည်သူ့ကြောင့်မျှ ဖြစ်သည်မဟုတ်၊ မိမိ ကိုယ်တိုင်ပြုလုပ်သည့်အတွက် မိမိမှာဖြစ်ရှိနေသော ကုသိုလ် ကောင်းမှုကံ၊ အကုသိုလ်မကောင်းမှုကံတို့ကြောင့်သာဖြစ်သည်ဟု ယုံမှားမဲ့ မှတ်ယူရပါမည်။

ဤနေရာ၌ကောင်းမှုကံ၊ မကောင်းမှုကံတို့နှင့်ကောင်းကျိုးဆိုးပြစ် တို့ကိုဖြစ်ရန် လမ်းညွှန်သူများသည် အထောက်အပံ့မျှသာဖြစ်၍၊ ကုသိုလ်ကံ၊ အကုသိုလ်ကံများကို မိမိ၌ဖြစ်အောင် ပြုလုပ်ပေးနိုင်သူတို့မဟုတ်ကြပါ။ မည်သူကမည်မျှပင် လမ်းညွှန်စေကာမူ မိမိကိုယ်တိုင်က ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ဖြစ်အောင် မပြုလုပ်၊ မပြောဆို၊ မကြံစည်ပါလျှင် မိမိ၏ သန္တာန်၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့မဖြစ်မရှိနိုင်ပါ။ မိမိကိုယ်တိုင်က ပြုလုပ် ပြောဆို ကြံစည်မှသာလျှင် မိမိသန္တာန်၌ကုသိုလ်ကံ၊ အကုသိုလ်တို့ဖြစ်ရှိနိုင်ကြပါသည်။

သို့ကြောင့် ကောင်းကျိုး ဆိုးပြစ်တို့သည် ဘယ်ဘုရား၊ ဘယ်ပြဟ္မာ၊ ဘယ်နတ်ဆရာ၊ ဗေဒင်ဆရာ၊ ဂိုဏ်းဆရာ၊ ပျောက်

စေဆရာစသည်တို့ကြောင့်မှ မဖြစ်နိုင်ဘဲ မိမိကိုယ်တိုင်ပြုလုပ်သော ကုသိုလ်ကံ၊အကုသိုလ်ကံတို့ကြောင့်သာဖြစ်နိုင်သည်ဟု အတိအကျအခိုင်အမာ မှတ်ယူပါ။ သို့ဖြစ်လျှင် မိမိကိုယ်တိုင်က ထိုကောင်းမှု ကုသိုလ်ကံ၊မကောင်းမှု အကုသိုလ်ကံတို့ကို ဘာကြောင့် ပြုလုပ်ရပါသနည်းဟုဆိုသော် အမှန်အသိ၊မမှန်တာကိုသိနေသောကြောင့်ဟု ဖြေဆိုလျှင် အလွယ်နှင့်ပင်ပြီးနိုင်ပါ၏။ သို့ရာတွင်အနည်းငယ်ချဲ့၍ညွှန်ပြပါမည်။ကောင်းမှုကုသိုလ်ကံ၊ မကောင်းမှုကုသိုကံတို့ကိုပြုလုပ်သဖြင့်မိမိအတွက် လွတ်လပ်ပျော်ရွှင်စွာနှင့် ငြိမ်းချမ်းမှု ရရှိ နိုင်လိမ့် မည် ဟု တောင့်တမျှော်လင့်မှု၊ အထင်မှား၊အသိမှား၊ဒ ယူအစွဲမှားမှုတို့ကြောင့်သာကောင်းမှုကုသိုလ်ကံ၊မကောင်းမှုအကုသိုလ်ကံတို့ကို ပြုလုပ်မိခြင်းဖြစ်ပါသည်။

အထင်,အသိ,အယူအစွဲ,မှားပုံမှာ မိမိတို့ နေ့စဉ်နေ့တိုင်းတွေ့ကြုံနေရသောကြည်ရှုနားထောင်စရာ၊နမ်းရှုပ်စားသောက်စရာ၊ တွေ့ထိကြုံစည်စရာ မျိုးစုံလှသော ဤကမ္ဘာ လောကအတွင်းရှိ သက်ရှိ၊သက်မဲ့ အရာဝတ္ထုမှန်သမျှတို့သည် အခိုက်အတန့်မျှသာတည်ရှိ၍ မုချပျက်စီးကုန်ပျောက်ရမည်ဖြစ်လျက်ပျက်စီးကုန်ပျောက်ရမည့် ဘေးဆိုးကြီး အမြဲမပြတ် ဖိစီးနှိပ်စက်နေသည်ကို အထင်မှန် အသိမှန် အမြင်မှန် မရောက်ကြဘဲ ထာဝရခိုင်မြဲ၍မလွဲမသွေ ကောန်အမှန် ပျော်မွေ့အားကိုးဖွယ်ရာဟု အထင်အသိအမြင်အစွဲ မှောက်မှားခဲ့ကြကုန်သည်။ တောင့်တမျှော်လင့်မှုလည်းဖြစ်ရှိခဲ့ကြလေသည်။မိမိတို့ကပျော်

ရှင်နှစ်သက်ဖွယ်၊ အားကိုးဖွယ်တွေဟု အထင်ကြီးခဲ့ကြ၍အသိအမြင်၊ အစွဲအလမ်းကြီးခဲ့ကြသော ထိုကမ္ဘာလောကကြီးနှင့် ထိုကမ္ဘာလောကရှိ၊သက်ရှိသက်မဲ့အရာဝတ္ထုအမျိုးမျိုးတို့သည် မပျက်စီးမကုန်ပျောက်အောင် မည်သို့ပင် ပြုပြင်စောင့်ရှောက်ထားရပါသော်လည်း ဘယ်နည်းနှင့်မှုမလုံခြုံပါ။ တစ်နေ့တစ်ရက် တစ်ချက်ချက်တွင် ဧကန်မလွဲ ပျက်စီးကုန်ပျောက်ဆင်းရဲခြင်းသို့ ရောက်ရမည်သာဖြစ်ပါသည်။

ဤသို့သော အချက်တွေကို အထင်၊ အသိ အမြင်မှန်မရရောက်ကြဘဲ အထင်မှား၊ အသိမှား၊ အမြင်အစွဲ လွဲမှားကြသောကြောင့်သာ တောင့်တ မျှော်လင့်ချက်ဖြင့် ကောင်းမှုကုသိုလ်ကံ၊ မကောင်းမှုအကုသိုလ်ကံတို့ကိုပြုလုပ်မိကြခြင်း ဖြစ်ပါသည်။

အကျဉ်းချုပ်မှတ်သားရန်မှာ မြင်တွေ့ခြင်းစသောအာရုံတို့၌နှလုံးသွင်းပုံ၊စိတ်ထားပုံမှန်ကန်ကောင်းမွန်သောကြောင့်ကုသိုလ်ကံဖြစ်၍နှလုံးသွင်းပုံ၊စိတ်ထားပုံမှမှန်ကန်မကောင်းမွန်သောကြောင့် အကုသိုလ်ကံဖြစ်ပါသည်။ နှလုံးသွင်းပုံ၊ စိတ်ထားပုံ မမှန်ကန် မကောင်းမွန် ပါလျှင် ကုသိုလ်ဖြစ်စရာအာရုံနှင့်တွေ့ကြုံပါသော်လည်း အကုသိုလ်ကံသာလျှင်ဖြစ်ပါသည်။မာဂဏ္ဍိပုဏ္ဏားမကလေးသည် ကုသိုလ်ကံဖြစ် စရာအာရုံဖြစ်သော ရှင်တော်ဗုဒ္ဓ၏ရူပ၊ ကာယတော်နှင့် တရားတော်သံဟူသော သဒ္ဒါရုံတို့ကို ဖူးမြင်ကြားသိရပါသော်လည်း နှလုံးသွင်းပုံ၊ စိတ်ထားပုံမမှန်ကန်၊ မကောင်းမွန်သောကြောင့်

ကုသိုလ်ကံမဖြစ်ဘဲ အကုသိုလ်ကံသာ ဖြစ်သွားရှာပါသည်။ နှလုံးသွင်းစိတ်ထားမှန်ကန် ကောင်းမွန်သော မာဂဏ္ဍိပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမကြီးတို့သာ ကုသိုလ်ကံဖြစ်၍မဂ်ဖိုလ်သို့ရရောက်ခဲ့ကြပါသည်။ နှစ်လုံးသွင်းပုံ စိတ်ထားပုံ မှန်ကန်ကောင်းမွန်ပါလျှင် အကုသိုလ်ကံ ဖြစ်စရာအာရုံနှင့် တွေ့ကြုံပါသော်လည်း အကုသိုလ်ကံမဖြစ်မူ၍ ကုသိုလ်ကံသာ ဖြစ်ပါသည်။ ဥတ္တရာ(ခေါ်) သူဌေးကတော်ကလေးသည် သိရိမာက ဆိုပူနှင့်လောင်းချသဖြင့် အမျက်ထွက်စရာ အကုသိုလ်ကံဖြစ်စရာ အာရုံနှင့်တွေ့သော်လည်း နှစ်လုံးသွင်းပုံ၊ စိတ်ထားပုံမှန်ကန်ကောင်းမွန်သောကြောင့် အကုသိုလ်ကံမဖြစ်ဘဲကုသိုလ်ကံသာ ဖြစ်ပါသည်။

ထို့အတူသာမာဝတီထိပ်ထားကလေးသည်လည်း မာဂဏ္ဍီထိပ်ထားကပြုလုပ်ပြောဆိုသော အကုသိုလ်ဖြစ်ဖွယ်ရာ အာရုံအမျိုးမျိုးတို့နှင့် တွေ့ကြုံရပါသော်လည်း စိတ်ထားပုံ၊ နှလုံးသွင်းပုံ ကောင်းမွန်မှန်ကန်သောကြောင့် အကုသိုလ်ကံမဖြစ်ဘဲ ကုသိုလ်ကံသာဖြစ်ပါသည်။ သို့ကြောင့် မိမိတို့သည်လည်း စိတ်၏ ဆွဲကိုင်မှိုတွယ်ရာ အာရုံအမျိုးမျိုးတို့နှင့် တွေ့ကြုံရသောအခါ စိတ်ထားပုံ၊ နှလုံးသွင်းပုံ ကောင်းမွန် မှန်ကန်အောင် သတိပြုရန် များစွာလိုအပ်လှပါသည်။

မိမိတို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို အသုံးချလိုပါလျှင် မိမိသန္တာန်မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံများ ထင်ရှားရှိမှ အသုံးချလို့ရပါသည်။ သိစေလိုသည်မှာ ဤလောက

၂၇၁၄၅

၌ တစ်စုံတစ်ရာအသုံးပြုလိုပါလျှင် မိမိမှာ အသုံးချစရာဝတ္ထုပစ္စည်းရှိမှ မိမိလိုသလို သုံးစွဲလို့ဖြစ်ပါသည်။ မိမိမှာ ကိုယ်ပိုင်ဝတ္ထုပစ္စည်းမရှိဘဲ မိမိလိုရာကိုသုံးစွဲလို့မရနိုင်သကဲ့သို့ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို အသုံးချလိုပါလျှင်လည်း မိမိမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ကေန့်ရှိရပါလိမ့်မည်။ မိမိမှာ ကုသိုလ်ကံ၊အကုသိုလ်ကံတို့မရှိဘဲ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုသုံးစွဲလို့မရပါ။သို့ကြောင့် မိမိမှာ အသုံးချစရာကုသိုလ်ကံ၊အကုသိုလ်ကံတွေ မြောက်မြားစွာ ဖြစ်ရှိနေပုံအကြောင်းကို ပေါ်လွင်ထင်ရှားစေရန် အထက်ပါအချက်အလက်များကိုညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့လျှင် မိမိသန္တာန်၌ အသုံးချဖို့ရန် ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်မျိုးတို့ဖြစ်ရှိကြရာတွင် ကုသိုလ်ကံတွေ ထင်ထင်ရှားရှား ဖြစ်ရှိနေပုံကို မညွှန်ပြမီ အကုသိုလ်ကံတွေ ထင်ထင်ရှားရှား ဖြစ်ရှိနေပုံကို အနည်းငယ်ဆက်၍ ညွှန်ပြပါဦးမည်။

## အကုသိုလ်ကံ ဖြစ်ရှိပုံ

ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာလောကကြီးသည် လိုချင်စရာ၊ နှစ်သက်စရာ၊ စုံမက်မြတ်နိုးစရာ၊ တွယ်တာမက်မောစရာ၊ တုပစရာတွေ အလွန်ပေါများသော လောကကြီးဖြစ်ပါသည်။ လိုချင်စုံမက် နှစ်သက်မြတ်နိုးစရာတွေ၊ တွယ်တာမက်မော တုပစရာတွေ ပေါများလေလေ၊ လိုချင်စုံမက်

နှစ်သက် လေလေ၊ မက်မောတွယ်တာ – တပလေလေဖြစ်ပါတော့သည်။ (လောဘ)

ကျွန်ုပ်တို့နေထိုင်ရာ ဤလောကကြီးသည် လိုချင်စုံမက်၊ နှစ်သက် မြတ်နိုးစရာတွေ၊ မက်မောတွယ်တာ တပစရာတွေသာ ပေါများလှသည်မဟုတ်။ စိတ်ပျက်စရာတွေ၊ ရွံမုန်းစရာတွေ၊ အော့နှလုံးနာစရာတွေ၊ မကျေနပ်စရာတွေလည်း အလွန်ပေါများ၏။ စိတ်ပျက်၊ ရွံမုန်း၊ အော့နှလုံးနာစရာတွေ၊ မကျေနပ်စရာတွေ ပေါများလေလေ၊ စိတ်ပျက်ရွံမုန်း အော့နှလုံးနာ မကျေနပ်ဘာတွေများလေလေ ဖြစ်သာပါတော့သည်။ (ဒေါသ)

ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာလောကကြီးသည် လိုချင်၊ နှစ်သက်၊ စုံမက်၊ တပစရာတွေ။ စိတ်ပျက်၊ ရွံမုန်း၊ အော့နှလုံးနာ၊ မကျေနပ်စရာတွေသာ ပေါများလှသည်မဟုတ်။ တွေဝေမိန်းမော၊ သဘောမမှန် ဖေါက်ပြန်စရာတွေလည်း အလွန်ပေါများလှပေ၏။ တွေဝေမိန်းမော၊ သဘောမမှန် ဖောက်ပြန်စရာတွေများလေလေ—တွေဝေမိန်းမော သဘောမမှန် ဖောက်ပြန်လေလေဖြစ်၏။ (မောဟ)

ညွှန်ပြရာပါလိုချင်နှစ်သက်တပစရာ·စိတ်ပျက်ရွံမုန်းအော့နှလုံးနာ မကျေနပ်စရာ၊ တွေဝေမိန်းမောစရာတို့ကို လိုချင်နှစ်သက် တပ၊ တွယ်တာခြင်း၊ စိတ်ပျက်၊ ရွံမုန်း အော့နှလုံးနာ၍ မကျေနပ်ခြင်း၊ တွေဝေမိန်းမောခြင်း သုံးမျိုးတို့

မိမိ၏သန္တာန်၌ ဆိုင်ရာမဂ်ဖြင့် မပယ်သတ်ရသေးလျှင် ၎င်း သုံးမျိုးတို့သည် အကုသိုလ်ကံတို့ထင်ရှားဖြစ်ရှိဖို့ရန်အကြောင်း မူလတို့ ဖြစ်ပါသည်။

ယင်းအကုသိုလ်ကံ၏ အကြောင်းရင်းမူလတို့သည် မိမိ သန္တာန်၌ ဖြစ်ရှိခဲ့သော ညွှန်ပြခဲ့သော လိုချင်တပ်မက်မှုခေါ် လောဘတလည်း ကိုယ်တိုင်ခေါင်းဆောင်၍ မိမိ၏နောက် လိုက် ဖြစ်ကြသော အယူအစွဲအကျင့်အကြံမှားမှု (ခေါ်) ဒိဋ္ဌိ၊ အမှားအမှန်ကိုခွဲခြား၍ မသိခြင်းခေါ် (မောဟ)၊ အထင်ကြီးခြင်း ထောင်လွှားတက်ကြွခြင်းခေါ် (မာန) စသည်တို့နှင့် အတူပေါင်း၍ သူတစ်ပါးတို့၏ဇနီး၊ မယား၊ သမီး၊ သားပျိုတို့ကို ကာမအရာ၌ ကျူးလွန်ဖျက်ဆီး၍ ဖောက်ပြန်စွာကျင့်ခြင်း။ ကာမေသုမိစ္ဆာစာရ၊ အကုသိုလ်၊ ကာယကံ/အယူအကျင့်တို့၌ ဖောက်ပြန်မှားယွင်းစွာ ယူစွဲ ကျင့်ကြံခြင်း။ မိစ္ဆာဒိဋ္ဌိ၊ အကုသိုလ် မနောကံ-တစ်ပါးသော သူတို့။တရားသဖြင့် ပိုင်ဆိုင်သော သက်ရှိသက်မဲ့ဥစ္စာပစ္စည်း တို့ကို မတရားရယူလိုခြင်း။ အဘိဇ္ဈာ၊ အကုသိုလ်၊ မနောကံ ဟုဆိုအပ်သော ဒုစရိုက်အကုသိုလ်ကံတို့သည် မိမိသန္တာန်၌ ကောန်ဖြစ်ရှိလေတော့သည်။

မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့၏ကြည်လင်သန့်ရှင်းသော စိတ်အစဉ်ကို ဖျက်ဆီးတတ်၊ ပျက်စီးစေတတ်သော စိတ် ပျက် ရှုံမှုန်း အောင့်နှလုံးနာ မကျေနပ်ဘာလှုံ ခေါ်သော ဒေါသကလည်း မိမိကိုယ်တိုင် ခေါင်းဆောင်၍ မိမိ၏

နောက်လိုက်များဖြစ်ကြသော သူတစ်ပါးတို့၏ အလှူဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ် စသည်တို့ကို ငြူစူစောင်းမြောင်းခြင်း နှုတ်ခမ်းကိုစူကာ မဲ့ကာနှင့် မျက်စောင်းထိုး၍ ပြောဆိုကြည့်ရှုခြင်း (ခေါ်) (ဣဿ)။မိမိ၏ စည်းစိမ်ဥစ္စာ အဝတ်တန်ဆာ ရတနာတို့နှင့် ရာထူးဂုဏ်သိန် အရှိန်အဝါမျိုးကို တစ်ပါးတို့၌ မရှိစေလိုခြင်း၊ နှမြောဝန်တိုခြင်း (မစ္ဆရိယ)။မကောင်းမှုကိုပြုမိ၍လည်းကောင်း၊ကောင်းမှုကိုမပြုမိ၍ လည်းကောင်း တအုံနွေးနွေးနှင့် နောင်တ တစ်ဖန်ပူဆွေးခြင်း (ကုက္ကုစ္စ) စသော နောက်လိုက်များနှင့်အတူပေါင်း၍ သူတစ်ပါးတို့၏ အသက်ကို သတ်ဖြတ်နှိပ်စက်ညှဉ်းဆဲခြင်း၊ ပါဏာတိပါတ အကုသိုလ်၊ ကာယကံ၊ မကြားကောင်းမနာသာ ယုတ်ယုတ် မာမာ ဆဲဆိုငေါက်ငမ်း ကြမ်းတမ်းသော စကားမျိုးကို ပြောဆိုခြင်း၊ ဖရုသဝါစာ၊ အကုသိုလ် ဝစီကံ—တစ်ပါးသော သူတို့ကို နှိပ်စက် ဖျက်ဆီး၊ ပျက်စီး သတ်ဖြတ်ဖို့ရန် ကြံစည်ခြင်း၊ ဗျာပါဒ—အကုသိုလ် မနောကံဟုဆိုအပ်သော ဒုစရိုက် အကုသိုလ်ကံတို့ကို မိမိသန္တာန်၌ ကေန်ဖြစ်ရှိစေလေတော့သည်။

သူတစ်ပါးတို့ တရားသဖြင့်ပိုင်ဆိုင်သော သက်ရှိသက်မဲ့ ဥစ္စာ၊ ပစ္စည်းတို့ကို အနိုင်အထက်၊ ခိုးယူ၊ လုယက်၊ တိုက်ဖျက်ယူငင်ခြင်း၊ အဒိန္နာဒါန၊ အကုသိုလ် ကာယကံ၊ မဟုတ်မမှန် လိမ်လည်ဂါကြွား လှည့်စားပြောဆိုခြင်း၊ မုသာဝါဒ၊ အကုသိုလ် ချောပစ် ကုန်းတိုက်၍ အချင်းချင်း ချစ်ခင်ညီ

ညွှတ်နေသည်တို့ကို စိတ်ဝမ်းကွဲပြားလေအောင် သွေးဆောင် ပြောဆိုရန်တိုက်ပေးခြင်း၊ ပိသုဏာဝါစာ၊ အကုသိုလ်အကျိုး စီးပွားမဲ့၍ အနှစ်လည်းမဖက် အနက်လည်းမပါ ဒဏ္ဍာရီ ဝတ္ထုတိုများနှင့် ကာတွန်းစကား အပြိန်းအဖျင်းများ၍ ရွှေယုန်နှင့်ရွှေကျား သက်ငယ်ရိတ်သွား စသောစကားမျိုးကို ပြောဆိုခြင်း၊ သမ္ဖပ္ပလာပ စကားမျိုးကိုပြောဆိုခြင်း၊ အကု သိုလ် ဝစီကံတို့သည်ကား တစ်ခါတစ်ရံမှာ လောဘကြောင့် ဖြစ်၍ တစ်ခါတစ်ရံမှာတော့ ဒေါသကြောင့်ဖြစ်ရှိကြရပါ သည်။ မိမိသန္တာန်မှာ ညွှန်ပြခဲ့သော ကုသိုလ် ဒုစရိုက်ကံ များ ဖြစ်ရှိခဲ့ပါလျှင် အမှား၊ အမှန်ကို ခွဲခြား၍မသိသော မောဟ အကုသိုလ် မူလပါရှိမြဲဖြစ်သည်ဟု မှတ်ယူရန်ဖြစ်ပါ သည်။ အကျဉ်းချုပ်သိရှိရန်မှာ မိမိသန္တာန်၌ ညွှန်ပြခဲ့သော အကုသိုလ်ကံများ ဖြစ်ရှိနေခြင်းသည် လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် ဖြစ်သည်ဟု မှတ်ယူပါ။

ယခုညွှန်ပြခဲ့သည်မှာ မိမိသန္တာန်၌ အကုသိုလ်ကံများဖြစ် ရှိနေပုံကို အကြောင်းပြချက်နှင့်အတူ ညွှန်ပြခဲ့ခြင်းဖြစ်ပါ သည်။

# “အကုသိုလ်ကံကို အသုံးချနည်း ညွှန်ပြချက်”

ကျွန်ုပ်တို့သည် မိမိတို့၌ အကုသိုလ်ကံများ ထင်ရှားဖြစ်နေပုံကို အကြောင်းနှင့်တကွ သိရှိခဲ့ကြပေပြီ။ ယခုအခါ မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေကြသော ယင်းအကုသိုလ်ကံများကို မိမိတို့က အသုံးချကြရပေလိမ့်မည်။ မိမိတို့က မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေကြသော အကုသိုလ်ကံများကို အသုံးမချနိုင်ခဲ့ပါလျှင် အကုသိုလ်ကံများက မိမိတို့ကိုအသုံးချသွားပါလိမ့်မည်။ အကုသိုလ်ကံက အသုံးချမှုကို မိမိခံလိုက်ရပါလျှင် အပါယ်လေးပါးနှင့် အောက်တန်းစားဘဝမျိုးတို့သာ ကျရောက်ဖြစ်ပွားကြရ၍မတွေးဝံ့လောက်အောင်ပင်ပန်းဆင်းရဲ မျိုးတို့နှင့် တွေ့ကြုံရလျက် အို၊ နာ၊ သေအဆက်ဆက် ဆင်းရဲတွင်းနက်မည်သာဖြစ်ပါသည်။ မိမိတို့က မိမိတို့သန္တာန်မှာ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံတို့ကို တိကျမှန်ကန်စွာ အသုံးချနိုင်ပါလျှင် (ဝါ) အသုံးချတတ်ပါလျှင် ယင်းအကုသိုလ်ကံမှ လွတ်လပ်ပျော်ရွှင်၍ လွတ်မြောက်ခြင်း ငြိမ်းချမ်းမှုကို မျက်မှောက်ပြုကာ သန္တိသုခကို ရရှိနိုင်ပါသည်။

ဤနေရာ၌ အထူးသတိပြုရန်မှာ ညွှန်ပြခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ကုသိုလ်ဂရုကံ၊ အကုသိုလ်ဂရုကံဟု နှစ်မျိုးခွဲခြား၍ သိရှိထားပါ။ ကုသိုလ်ဂရုကံဟုခေါ်သော ဈာန်ကုသိုလ်ကံမျိုးသည် သံသရာမှ လွတ်မြောက်ရေးအတွက် အသုံးချလို့ရနိုင်ပါသည်။

အကုသိုလ်ဂရုကံခေါ်သော အမိကိုသတ်သော မာတုဃာတက အကုသိုလ်ဂရုကံ။ အဖကိုသတ်သော ပိတုဃာတက အကုသိုလ်ဂရုကံ၊ ရဟန္တာကိုသတ်သော အရဟန္တဃာတက အကုသိုလ်ဂရုကံ၊ သက်တော်ထင်ရှားရှိသော ရှင်တော်ဗုဒ္ဓကိုပြစ်မှားသောစိတ်ဖြင့် သွေးတော်တစ်စက် ထွက်အောင်ပြုလုပ်သော လောဟိတုပ္ပါဒက အကုသိုလ်ဂရုကံ၊ သံဃာကိုသင်းခွဲသော သံဃဘေဒက အကုသိုလ်ဂရုကံတို့သည်ကား လွတ်မြောက်ဖို့ရန် အသုံးချ၍မရနိုင်တော့ပါ။ ကေန်အပါယ်ရောက်ကြရမည်သာဖြစ်ပါသည်။ ဤသည့် အကုသိုလ်ဂရုကံကြီးမျိုးမှ တစ်ပါးသော အကုသိုလ်ကံတို့သည် လွတ်မြောက်ရေးအတွက် အသုံးချလို့ရနိုင်ပါသည် ဟု အထူးမှတ်ယူပါ။ မိမိတို့၏ သန္တာန်မှာ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံကို အသုံးချပုံနည်းလမ်းမှာ ပထမ- မကောင်းမှုအကုသိုလ်ကံကို မကောင်းမှုအကုသိုလ်ကံဟု အသိဉာဏ်ရောက်အောင် လေ့လာပါ။ မကောင်းမှုအကုသိုလ်ကံဆိုသည်မှာ—

ပါဏာတိပါတ— သူတစ်ပါးအသက်ဇီဝိတိန္ဒြေကို သတ်ဖြတ် နှိပ်စက်ညှဉ်းဆဲမှုကိုပြုလုပ်ခြင်း။

အဒိန္နာဒါန — သူတစ်ပါးတို့ပိုင်ဆိုင်သော သက်ရှိ၊ သက်မဲ့ ပစ္စည်း ဝတ္ထုတို့ကို အနိုင်အထက် ခိုးယူလုယက်တိုက်ဖျက်ယူငင်မှုကိုပြုလုပ်ခြင်း။

ကာမေသုမိစ္ဆာစာရ — ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ပြုကျင့်မှု၊ မိမိ၏ ဇနီးမှတစ်ပါး အခြား သူ များ နှင့် ဖောက်ပြားမှု၊ မိမိခင်ပွန်းမှတစ်ပါး အခြားသော ယောကျ်ား များ နှင့် ဖောက်ပြားမှု ပြုခြင်း။ ညှိုးမျိုးသော မကောင်းမှုတို့ကို ကိုယ်ဖြင့် ပြုလုပ် ရ သော ကြောင့် ကာ ယ ကံ မကောင်းမှုအကုသိုလ်ကံဟုအသိညဏ်ရောက်ပါ။

မုသာဝါဒ — လိမ်ညာဝါကြွား လှည့်စားဖြန်းသန်း၍ ပြောဆိုမှု။

ပိသုဏာဝါစာ — ချောပစ်ကုန်းတိုက်သောစကားကိုပြောဆိုမှု၊ ရန်တိုက်ပေးမှု၊ သူတစ်ပါး ချစ်ခြင်းကို ကွဲကွာစေမှု။

ဖရုသဝါစာ — မကြားကောင်းမနာသာ ယုတ်ယုတ်မာမာ ဆဲဆို ငေါက်ငမ်းမှု၊ ကြိမ်းမောင်းမှု။

သမ္ဖပ္ပလာပ — အနက်လည်းမရ၊ အနှစ်လည်းမပါ၊ ပြိန်ဖျင်းသော ဒဏ္ဍာရီပုံပြင်များပြော ဆိုမှု။

ဤလေးမျိုးသော မကောင်းမှုတို့ကို နှုတ်ဖြင့်ပြောဆိုရသောကြောင့် ဝစီကံ မကောင်းမှု အကုသိုလ်ကံဟုအသိဉာဏ်ရောက်ပါ။

အဘိဇ္ဈာ — သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ တို့ကို မတရားလိုချင်မှု၊ အလိုကြီးမှု။

ဗျာပါဒ — သူတစ်ပါး တို့၏ အသက် စည်းစိမ် စသည်တို့ကို သေကြေပျက်စီးရန် နှိပ်စက် ဖျက်ဆီးရန်ကြံမှု။

မိစ္ဆာဒိဋ္ဌိ — အယူ၊ အကျင့်၊ အစွဲမှားယွင်းမှု။

ဤသုံးမျိုးသော မကောင်းမှုတို့ကို ကိုယ်လည်းမလုပ် နှုတ်လည်းမပါ စိတ်ကူးသက်သက်ဖြင့်သာ ကြံစည်မှုပြုရသောကြောင့် မနောကံမကောင်းမှု အကုသိုလ်ကံဟု အသိဉာဏ်ရောက်ပါ။ ဤဆယ်ပါးသော မကောင်းမှု အကုသိုလ်ကံတို့ကို အကုသိုလ်ကံဟု အမှန်အတိုင်း အသိဉာဏ်ရောက် ပါ၊ ကောင်းမှုကုသိုလ်ကံဟု အသိဉာဏ်မရောက်ပါစေနှင့်။

အချို့သော အယူဝါဒတို့တွင် ပါဏာတိပါတ စသော မကောင်းမှုအကုသိုလ်ကံစသည်တို့ကို ကောင်းမှုကုသိုလ်ကံဟု ယူစွဲလေ့ရှိနေကြပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည်ဤသို့အသိဉာဏ်မရောက် ရပါ။ မကောင်းမှုအကုသိုလ်ကံကို မကောင်းမှုအကုသိုလ်ကံ ဟုပင် အမှန်အတိုင်း အသိဉာဏ်ရောက်ရပါသည်။

ဤသို့ မကောင်းမှုအမှန်ကို မကောင်းမှုအမှန်ဟု အသိဉာဏ်ရောက်ခြင်းသည်ပင် ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန်တော်မူချက်အရ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဟု ခေါ်ဆိုရပါသည်။

ဤသည့် သမ္မာဒိဋ္ဌိခေါ် အထင်မှန် အသိမှန် အယူမှန် ဝိဇ္ဇာဉာဏ်သည် မကောင်းမှုအကုသိုလ်ကံကို ကျူးလွန်ပြုလုပ်ခဲ့ရာ၌ အထင်မှား အသိမှား အယူစွဲမှားများနှင့် မမှန်တာကိုသိမှုဆိုသော မကောင်းမှု အကုသိုလ်ကံ၏ အပါယ်လေးပါးသို့ ကျရောက်စေတတ်သော ဆတ္တိစွမ်းရည်ကို ကုန်ခန်းလောင်ကျွမ်းစေတတ်ပါသည်။

တစ်ဖန် မကောင်းမှု အကုသိုလ်ကံတရားဖြစ်သော နာမ်ခန္ဓာလေးပါးတို့နှင့် ၎င်းတို့၏မှီရာ ရုပ်တရားတို့ကို ရုပ်နာမ်တရားနှစ်ပါးတို့သာ ဖြစ်သည်ဟု အသိဉာဏ်ရောက်ရပါမည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဟု အသိဉာဏ်မရောက်ရပါ။

ယင်း မကောင်းမှု အကုသိုလ်ကံသည် စေတနာ၊ စေတသိက်ခေါ် သင်္ခါရက္ခန္ဓာနာမ်တရားဖြစ်ပါသည်။ ၎င်းစေတနာ၊ စေတသိက်ခေါ်သော နာမ်ခန္ဓာတရားသည် ဝေဒနက္ခန္ဓာ၊

သညက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုသော နာမ်ခန္ဓာတရားသုံးပါး တို့ကို စွဲမှီ၍ဖြစ်ရပါသည်။ ထို့ကြောင့် မကောင်းမှု အကုသိုလ် ကံကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျာ်း၊ မိန်းမဟု အသိဉာဏ် မရောက်ရမူ၍ နာမ်ခန္ဓာလေးပါးသာ ဖြစ်သည်ဟု အသိဉာဏ် ရောက်ပါ။ ဤသို့အမှန်ကို အမှန်အတိုင်း အသိဉာဏ်ရောက် ခြင်းသည်လည်း ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန်တော် မူချက်အရ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ပင်ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိ (ခေါ်) ဝိဇ္ဇာ ဉာဏ်သည် အပါယ်လေးပါးသို့ ကျရောက် စေတတ်သော အကုသိုလ်ကံ၏ ကမ္မသတ္တိစွမ်းရည်ကို ကုန်ခန်းပျက်စီးအောင် လောင်ကျွမ်းဖျက်ဆီးနိုင်သော သတ္တိစွမ်းရည်ထူးရှိပါသည်။

မကောင်းမှု အကုသိုလ်ကံသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျာ်း၊ မိန်းမမဟုတ်။ အကုသိုလ် နာမ်ခန္ဓာလေးပါး သာဖြစ်သည်ဟုဆိုရာ၌ ဤသည့်အကုသိုလ်နာမ်ခန္ဓာ စေတနာ သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျာ်း၊ မိန်းမဆိုသော မိမိကို စွဲမှီ၍ ဖြစ်ရသည် မဟုတ်ပါလားဟုဆိုသော် မိမိကိုစွဲမှီ၍ဖြစ် သည်မဟုတ်ပါ။ အကုသိုလ်၊ နာမ်၊ ခန္ဓာသုံးပါးတို့ကို စွဲမှီ၍ သာဖြစ်ပါသည်။ အကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည် တစ် ပါးက သုံးပါးတို့ကိုစွဲမှီ၍ သုံးပါးတို့က တစ်ပါးကို စွဲမှီလျက် နှစ်ပါးက နှစ်ပါးကို စွဲမှီ၍ဖြစ်ကြပါသည်။ မိမိကိုစွဲမှီ၍ဖြစ် သည်မဟုတ်ပါဟု အသိဉာဏ် ရောက်အောင် အသုံးပြုပါ။ အချင်းချင်းစွဲမှီ၍ဖြစ်သော ဤနာမ်၊ ခန္ဓာ လေးပါးတို့သည် မိမိကိုယ်ပင် စွဲမှီ၍ဖြစ်ကြရပါသည် မဟုတ်ပါလားဟု ဆိုပြန်

သော် ဤသည့် အကုသိုလ်၊ နာမ်၊ ခန္ဓာလေးပါးတို့သည်လည်း မိမိကိုစွဲမှီ၍ ဖြစ်ကြရသည်မဟုတ်ပါ။ အဆင်း၊ အသံစသော ဥပါဒါရုပ်များကို စွဲမှီ၍သာဖြစ်ကြပါသည်။ မိမိကိုစွဲမှီ၍ဖြစ်ကြရသည်မဟုတ်ပါဟုအသိဉာဏ်ရောက်အောင် အသုံးချပါ။

အဆင်း၊ အသံ စသော ဥပါဒါ ရုပ်တရားတို့သည်လည်း မိမိကိုစွဲမှီ၍ ဖြစ်ကြရသည် မဟုတ်ပါလားဟု ဆိုခဲ့ပြန်သော် အဆင်း၊ အသံစသော ဥပါဒါရုပ်တရားတို့သည်လည်း မိမိကိုစွဲမှီ၍ ဖြစ်ကြသည် မဟုတ်ပါ။ ဘူတ ရုပ် (ခေါ်)သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုသောဓာတ်ကြီးလေးပါးတို့ကိုသာ စွဲမှီ၍ဖြစ်ကြရပါသည်။ မိမိကို စွဲမှီ၍ဖြစ်ကြသည်မဟုတ်ပါဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ ဤသည့် ဓာတ်ကြီးလေးပါးတို့သည်လည်း မိမိကိုစွဲမှီ၍ ဖြစ်ကြရသည်မဟုတ်ပါလားဟု ဆိုခဲ့ပြန်သော် ဓာတ်ကြီးလေးပါးတို့သည်လည်း မိမိကိုစွဲမှီ၍ ဖြစ်ကြရသည်မဟုတ်ပါ။ ဓာတ်တစ်ပါးက ဓာတ်သုံးပါးတို့ကို၊ ဓာတ်သုံးပါးတို့က ဓာတ်တစ်ပါးကို၊ ဓာတ်နှစ်ပါးက ဓာတ်နှစ်ပါးတို့ကို စွဲမှီ၍သာ ဖြစ်ကြရပါသည်။ မိမိကိုစွဲမှီ၍ ဖြစ်ကြရသည် မဟုတ်ပါဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။

ညွှန်ပြခဲ့ပြီးသောစကားရပ်တို့ကို ပြန်လည်သုံးသပ်ဆင်ခြင်ပါလျှင် ဓာတ်ကြီးလေးပါးတို့သည် မိမိကိုမစွဲမှီမူ၍ အချင်းချင်းစွဲမှီ၍သာ ဖြစ်ကြပါသည်။ အချင်းချင်းစွဲမှီ၍ ဖြစ်သော

ခေတ်ကြီးလေးပါးတို့ကိုစွဲမှီ၍ အဆင်း၊ အသံစသော ဥပါဒါရုပ်များ ဖြစ်ကြရပါသည်။ အဆင်း၊ အသံ စသော ဥပါဒါရုပ်များကို စွဲမှီ၍ အကုသိုလ်၊ နာမ်၊ ခန္ဓာလေးပါးတို့ဖြစ်ကြရပါသည်။ အကုသိုလ်၊ နာမ်၊ ခန္ဓာလေးပါး တို့သည်လည်း အကုသိုလ်၊ နာမ်၊ ခန္ဓာအချင်းချင်း စွဲမှီ၍ ဖြစ်ကြပါသည်ဟု အသိဉာဏ်ရောက်သောအခါ အကုသိုလ်၊ နာမ်၊ ခန္ဓာတို့၏စွဲမှီရာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိမိ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုသော အများပြောအမှန် သမ္မုတိသစ္စာ ပညတ်တရားများ ကွယ်ပျောက် ဆိတ်သုဉ်းကြ၍ တရားသဘောအမှန်၊ ရုပ်, နာမ်(၂)ပါး၊ ပရမတ္ထသစ္စာတရားတို့သာ ထင်ရှားရှိကြကုန်၏။ အသိဉာဏ် ရောက်ပါလိမ့်မည်။ ဤသို့ အသိဉာဏ်ရောက်သောအခါ ရှင်တော်ဗုဒ္ဓ၏ ညွှန်ပြတော်မူ ချက်အရ ရုပ်နာမ်နှစ်ပါး သဘောအားဖြင့် ခွဲပြား၍ သမ္မာဒိဋ္ဌိ၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်သည် အပါယ်လေးဘုံသို့ ရောက်စေတတ်သော မကောင်းမှု အကုသိုလ်ကံ၏သတ္တိထူးဖြစ်သော ဒိဋ္ဌုပါဒါန်အယူအစွဲများကို အကြွင်းမဲ့ပယ်သတ်နိုင်သော စွမ်းရည်သတ္တိထူးရှိပါသည်။ တဖန်ဤသည့်အကုသိုလ်ခန္ဓာကိုယ်တို့ကိုအခိုက်အတန့်သာတည်နေသောကြောင့် အနိစ္စ၊အနိစ္စလက္ခဏာ၊ပျက်စီးခြင်းဘေးသင့်၍နေသောကြောင့်ဒုက္ခ၊ဒုက္ခလက္ခဏာ၊အနှစ်သာရအတ္တလိုပ်ပြာ မဟုတ်သောကြောင့် အနတ္တ၊ အနတ္တလက္ခဏာဟု သုံးသပ်ဆင်ခြင် ရှုပွားပါလျှင် ဝိပဿနာဉာဏ် အဆင့်ဆင့်တက်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့သို့ ရရှိဆိုက်ရောက်နိုင်ပါသည်။ မဂ်

ဉာဏ်၊ ဖိုလ်ဉာဏ် အဆင့်သို့ရောက်အောင် အကုသိုလ်ခန္ဓာတို့ကို အသုံးချရပါမည်။

ဒုတိယ-မိမိသန္တာန်၌ ဖြစ်ရှိနေသော မကောင်းမှု အကုသိုလ်ကံသည် မိမိကြောင့် ဖြစ်ရှိသလား၊ သူတစ်ပါးကြောင့် ဖြစ်ရှိသလား၊ မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့ကြောင့် ဖြစ်ရှိသလားဟု ဆင်ခြင်စိစစ်သည်ရှိသော် အများပြောအမှန်၊ သမ္မုတိသစ္စာ ပညတ်တရားသဘောအားဖြင့် မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့ပြုလုပ်သောကြောင့်ပင် ဖြစ်သည်ဟုဆိုနိုင်ပါသည်။ မိမိက ဘာကြောင့်ပြုလုပ်ရပါသနည်းဟု ဆက်၍ တစ်ဖန် ဆင်ခြင်စိစစ်ပြန်သော် နောက်က ညွှန်ပြခဲ့သော လိုချင်၊ နှစ်သက်၊ စုံမက်မြတ်နိုး၊ အားကိုးဖွယ်ရာ အာရုံအမျိုးမျိုးတို့ကို လိုချင်၊ နှစ်သက်၊ စုံမက်မြတ်နိုး၊ အားကိုးသော လောဘကြောင့် လည်းကောင်း၊ စိတ်ပျက် ရွံမုန်း၊ အောင့်နှလုံးနာ မကျေနပ်တာဖြစ်သော ဒေါသကြောင့် လည်းကောင်း၊ တွေဝေမိန်းမော သဘောမမှန်၊ ဖောက်ပြန်စရာ အာရုံအမျိုးမျိုးတို့၌ တွေဝေမိန်းမော သဘောမမှန် ဖောက်ပြန်သော မောဟကြောင့်လည်းကောင်း၊ မကောင်းမှု အကုသိုလ်ကံတို့ကို ပြုလုပ်မိ၍ အကုသိုလ်ကံများ ဖြစ်ရှိရသည်ဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။

မည်သို့သော အာရုံမျိုးနှင့်ပင်တွေ့တွေ့ မိမိသန္တာန်မှာ လောဘ၊ ဒေါသ၊ မောဟ၊ တရားတို့ကို ဆိုင်ရာမဂ်တရားဖြင့် ပယ်သတ်ပြီးဖြစ်၍ လောဘ၊ ဒေါသ မောဟ၊ တရား

တို့မရှိ၊ မဖြစ်ခဲ့သော် မည်သည့်အကုသိုလ် မကောင်းမှုမှ ဖြစ်ခွင့်မရှိနိုင်ပါ။ လောဘ၊ ဒေါသ၊ မောဟတို့ကို ဆိုင်ရာမဂ်တရားတို့ဖြင့် မပယ်သတ်နိုင်သေးသောကြောင့်သာ အာရုံအမျိုးမျိုးတို့နှင့် ကိုယ်တိုင်တွေ့ကြုံရာတွင် လောဘ၊ ဒေါသ၊ မောဟတရားတို့ ဖြစ်ခွင့်ရှိနေခြင်း ဖြစ်ပါသည်။ ဖြစ်ခွင့်ရှိသေးသောကြောင့် မိမိသန္တာန်၌ ဖြစ်ရှိနေသော လောဘ၊ ဒေါသ၊ မောဟတရားတို့သည် အကုသိုလ်၊ မကောင်းမှုကံများ၏ မူလတရားတို့ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟဆိုသော တရားသုံးပါးတို့ကို အကုသိုလ်ကံ၏ မူလတရားတို့ဟုမှတ်ယူပါ။ ဒေါသ၊ မောဟဆိုသော အကုသိုလ်မူလတရားနှစ်ပါးတို့ကြောင့် ပါဏာတိပါတ အကုသိုလ်ကံ ဖြစ်ရပါသည်။ ဒေါသ၊ မောဟဆိုသော အကုသိုလ်မူလတရားနှစ်ပါးတို့ကြောင့်လည်းကောင်း၊ လောဘ၊ မောဟဆိုသော အကုသိုလ်မူလတရား နှစ်ပါးတို့ကြောင့် လည်းကောင်း အဒိန္နာဒါန အကုသိုလ်ကံ ဖြစ်ရပါသည်။ လောဘ၊ ဒေါသ၊ မောဟဆိုသော အကုသိုလ် မူလတရားနှစ်ပါးတို့ကြောင့် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ ဖြစ်ရပါသည်။ ဒေါသ၊ မောဟ ဆိုသော အကုသိုလ်မူလတရားနှစ်ပါးတို့ကြောင့်လည်းကောင်း၊ လောဘ၊ မောဟ ဆိုသော အကုသိုလ် မူလတရားနှစ်ပါးတို့ကြောင့်လည်းကောင်း မုသာဝါဒ အကုသိုလ်ကံ၊ ပိသုဏာဝါစာ အကုသိုလ်ကံ၊ သမ္ဖပ္ပလာပ အကုသိုလ်ကံများ ဖြစ်ကြရပါသည်။ ဒေါသ၊ မောဟဆိုသော အကုသိုလ် မူလတရားနှစ်ပါးတို့ကြောင့် ဖရုသဝါစာ အကုသိုလ်ကံ ဖြစ်ပါ

သည်။ မောဟဆိုသော အကုသိုလ်မူလတရားတစ်ပါးကြောင့် အဘိဇ္ဈာ အကုသိုလ်ကံ၊ ဗျာပါဒ အကုသိုလ်ကံများ ဖြစ်ကြရပါသည်။ လောဘ၊ မောဟ ဆိုသော အကုသိုလ်မူလတရား နှစ်ပါးတို့ကြောင့် မိစ္ဆာဒိဋ္ဌိ အကုသိုလ်ကံ ဖြစ်ရပါသည်ဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။

ညွှန်ပြခဲ့သောအကုသိုလ်ကံတရား၊မကောင်းမှုများတို့သည် ဆွဲကိုင်မှီတွယ်ရာအာရုံမရှိဘဲ ဖြစ်ပေါ်လာရသည်မဟုတ်ပါ။ ဆွဲကိုင်မှီတွယ်ရာ အာရုံရှိမှသာ ဖြစ်ပေါ်လာကြရပါသည်။ သတ္တဝါတို့၏အသက်(ခေါ်) ဇီဝိတိန္ဒြေကို ဆွဲကိုင်မှီတွယ်ရမှ ဖြစ်ပေါ်ခွင့်ရှိသောကြောင့် သင်္ခါရဆိုသော ဆွဲကိုင်မှီတွယ်ရာကို ဆွဲကိုင်မှီတွယ်၍ ပါဏာတိပါတ အကုသိုလ်ကံဖြစ်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါဆိုသော ဆွဲကိုင် မှီတွယ် ရာ ကို လည်းကောင်း၊ဝတ္ထုပစ္စည်းဖြစ်သောသင်္ခါရကိုလည်းကောင်း ဆွဲကိုင်မှီတွယ်ရပါမှ အဒိန္နာဒါန အကုသိုလ်ကံ ဖြစ်ပါသည်။ ထိတွေ့သည်၏အစွမ်းဖြင့် သင်္ခါရဆိုသော ဆွဲကိုင်မှီတွယ်ရာကို ဆွဲကိုင်မှီတွယ်ရပါမှ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ ဖြစ်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါဆိုသော ဆွဲကိုင် မှီတွယ်ရာကို လည်းကောင်း၊ ဝတ္ထုပစ္စည်း၏ သင်္ခါရဆိုသော ဆွဲကိုင်မှီတွယ်ရာကိုလည်းကောင်း ဆွဲကိုင်မှီတွယ်ရပါမှ မုသာဝါဒ အကုသိုလ်ကံ၊ ပိသုဏာဝါစာ အကုသိုလ်ကံများ ဖြစ်ကြရပါသည်။

ပုဂ္ဂိုလ် သတ္တဝါဆိုသော ဆွဲကိုင်မှီတွယ်ရာကို ဆွဲကိုင်မှီတွယ်ရပါမှ ဖရုသဝါစာ အကုသိုလ်ကံ ဖြစ်ပါသည်။ မြင်

ခြင်း၊ ကြားခြင်း၊ တွေ့ရောက်ခြင်းသုံးပါးတို့နှင့် အသိရောက်ခြင်းတို့၏အစွမ်းဖြင့် ပုဂ္ဂိုလ်သတ္တဝါဆိုသောဆွဲကိုင်မှီတွယ်ရာ ဝတ္ထုပစ္စည်း(ခေါ်)သင်္ခါရဆိုသော ဆွဲကိုင်မှီတွယ်ရာတို့ကို ဆွဲကိုင်မှီတွယ်ရပါမူ သမ္ဖပ္ပလာပ အကုသိုလ်ကံ အဘိဇ္ဈာ အကုသိုလ်ကံများသာ ဖြစ်ကြရပါသည်။ ပုဂ္ဂိုလ် သတ္တဝါ ဆိုသော ဆွဲကိုင်မှီတွယ်ရာကို ဆွဲကိုင်မှီတွယ်ရပါမူ ဗျာပါဒ အကုသိုလ်ကံဖြစ်ပါသည်။ တေဘုမ္မကဓမ္မ၏အစွမ်းဖြင့် သင်္ခါရ ဆိုသော ဆွဲကိုင်မှီတွယ်ရာကို ဆွဲကိုင်မှီတွယ်ရပါမူ မိစ္ဆာဒိဋ္ဌိ အကုသိုလ်ကံဖြစ်ရပါသည်။

ဆိုခဲ့သော ဆွဲကိုင်မှီတွယ်ရာများနှင့်ကင်း၍ ဆိုခဲ့သော အကုသိုလ်ကံဖြစ်ခွင့် မရှိနိုင် မရနိုင်ပါဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ ဆိုခဲ့သော ပါဏာတိပါတ စသော အကုသလ-ကမ္မပထ တရားတို့တွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဆိုသော အကုသိုလ်၊ ကမ္မပထတရားခုနစ်ပါးတို့သည်စေတနာသဘောတရားများသာဖြစ်ကြပါသည်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတရားသုံးပါးတို့သည် စေတနာနှင့်ယှဉ်သော တရားတို့သာ ဖြစ်ကြပါသည်ဟု အသိဉာဏ်ရောက်ပါ။ (ပဏ္ဍာသ အဋ္ဌကထာ ပ—နှာ—၂၀၄)

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ မိစ္ဆာဒိဋ္ဌိ ဆိုသော ဤတရားရှစ်ပါးတို့သည် အကုသိုလ်ကံဖြစ်ကြောင်း

ကမ္မပထတရားတို့သာ ဖြစ်ကြပါသည်။ အကုသလ မူလတရား တို့ မဟုတ်ကြပါ။အဘိဇ္ဈာနှင့် ဗျာပါဒတရား နှစ်ပါးတို့ သည် အကုသလကမ္မပထတရားလည်းဖြစ်ပါသည် အကုသလ၊ မူလတရားလည်း ဖြစ်ပါသည်ဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ ညွှန်ပြခဲ့သော လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် မိမိတို့၏ သဘောရင်းအားဖြင့် ကောင်းကျိုး မှန်သမျှကိုဖျက်ဆီး၍ အပြစ်နှင့်တကွသော မကောင်းကျိုး ကိုသာဖြစ်စေတတ်သော အကုသိုလ်ကံ သဘောဘရားများ သာ ဖြစ်ကြသည်။

ထိုအကုသိုလ် သဘောတရားတို့သည် ပါဏာတိပါတ စသော အကုသိုလ်ကံတို့အား အချို့ကသမ္ပယုတ္တအဖြစ်ဖြင့် လည်းကောင်း၊ အချို့က ဥပနိဿယ ပစ္စည်း အဖြစ် ဖြင့် လည်းကောင်း၊ ကျေးဇူးပြုသောအားဖြင့် အကုသိုလ်ကံ၏ မူလတရားများ ဖြစ်ကြပါသည်ဟု အသိဉာဏ်ရောက်အောင် အသုံးချပါ.

ယခုညွှန်ပြသော ပါဏာတိပါတ စသည့် အကုသိုလ်ကံ တို့၏အကြောင်းဖြစ်သော အကုသလ ကမ္မပထတရားဆယ် ပါးတို့ကို အကုသိုလ်တရားဟု ပိုင်းခြား၍ အသိဉာဏ်ရောက် အောင် အသုံးချပါ။ လောဘ၊ ဒေါသ၊ မောဟတရားသုံး ပါးတို့ကို အကုသလ၊မူလတရားဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ ဤသည့် အကုသိုလ် ဒုစရိုက်တရားဆယ်ပါး၊

အကုသိုလ်၏ မူလတရားသုံးပါးတို့တွင် အဘိဇ္ဈာ အကုသိုလ်တရားမှ တစ်ပါး ပါဏာတိပါတ စသော အကုသိုလ်ဒုစရိုက်တရားကိုးပါးတို့သည် သုံးမရလောက်အောင် ပျက်စီးတတ်သောကြောင့် လိုချင်စရာ မကောင်းသော၊ နှစ်သက်စရာ တွယ်တာစရာမကောင်းသော အကျိုးဒုက္ခ သစ္စာတရားများသော အမှန်ဖြစ်ပါသည်ဟု အသိ ဉာဏ်ရောက်အောင် အသုံးချပါ။ အဘိဇ္ဈာအကုသိုလ်တရားနှင့် လောဘဆိုသော အကုသိုလ်မူလတရား နှစ်ပါးတို့ကို မှုချအားဖြင့်အကျိုးဒုက္ခသစ္စာတရားကို ဖြစ်စေတတ်သော အကြောင်းသမုဒယသစ္စာတရားဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ ပရိယာယဒေသနာတော်နည်းအားဖြင့် ပါဏာတိပါတ စသော အကုသိုလ်ဒုစရိုက်တရား ဆယ်ပါးတို့ကို အကျိုးဒုက္ခသစ္စာတရားဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ လောဘ၊ ဒေါသ၊ မောဟ ဆိုသောအကုသိုလ်တရားတို့၏ မူလတရားသုံးပါးတို့ကို အကျိုး ဒုက္ခသစ္စာတရားကို ဖြစ်စေတတ်သော အကြောင်းသမုဒယသစ္စာတရားဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးတို့၏ မဖြစ်ခြင်း၊ မချုပ်ခြင်းတို့ကို နိရောဓသစ္စာဟု အသိဉာဏ်ရောက်အောင်အသုံးချပါ။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းသို့ရောက်သော သမုဒယသစ္စာကို ပယ်နိုင်ခြင်းသို့ ရောက်သော နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းငှာ အသိရောက်သော အရိယာမဂ်ကို မဂ္ဂသစ္စာဟု အသိဉာဏ်ရောက်အောင် မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိသော အကုသိုလ်ကံကို အသုံး

ချပါ။ ယခုညွှန်ပြခဲ့သောနည်းမျိုးဖြင့် မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံတရားတို့ကိုအမှန်အတိုင်းသိအောင် အသုံးချနိုင်ပါလျှင် (ဝါ) အသုံးချတတ်ပါလျှင် အမှန်ကိုအမှန်အတိုင်းသိသော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ဖြစ်နိုင်ပါသည်။

သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်သည် အကုသိုလ်ကံတရား၌ ပါရှိသည့် ဒိဋ္ဌိ၊ တဏှာ၊ အဝိဇ္ဇာဆိုသော အကုသိုလ်ကမ္မသတ္တိကို အကြွင်းအကျန်မရှိအောင် လောင်ကျွမ်းဖျက်ဆီးနိုင်သော သတ္တိစွမ်းရည်ရှိပါသည်။ သမ္မာဒိဋ္ဌိ(ခေါ်) ဝိဇ္ဇာဉာဏ်စွမ်းရည်သတ္တိဖြင့် အကုသိုလ်ကံ၌ပါရှိသောဒိဋ္ဌိ၊တဏှာအဝိဇ္ဇာ(ခေါ်)အကုသိုလ်ကမ္မသတ္တိစွမ်းရည်ကို အကြွင်းအကျန်မရှိအောင် လောင်ကျွမ်းဖျက်ဆီးနိုင်ပါလျှင်အပါယ်လေးပါးစသောဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်ပါသည်ဟု အသိဉာဏ်ရောက်အောင် မိမိတို့သန္တာန်မှာ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံကို ဉာဏ်ဖြစ်အောင် အသုံးချပါ၊ဤနေရာ၌အကုသိုလ်ကံဖြစ်ပေါ်လာအောင်မလုပ်ရပါ။ မိမိသန္တာန်၌ အကြောင်းအားလျော်စွာ မရှောင်သာ မရှောင်နိုင်သဖြင့် ထင်ရှားဖြစ်ရှိနေသောအကုသိုလ်ကံကိုသာ ဉာဏ်ဖြစ်အောင်အသုံးချပုံချနည်းများကိုညွှန်ပြနေခြင်းမျှသာ ဖြစ်ပါသည်ဟု သန့်သန့်ရှင်းရှင်းမှတ်ယူပါ။ ဗုဒ္ဓဘာသာဝင် ဖြစ်သောပုဂ္ဂိုလ်သည် မည်သည့်မကောင်းမှု အကုသိုလ်ကိုမျှ မပြုမလုပ်ရပါ။ မည်သည့်မကောင်းမှု အကုသိုလ်မှန်သမျှကို မဆို မဖြစ်အောင် ဝေးဝေးက ရှောင်ကြဉ်ရမည်။ အထူး

သဖြင့် ရှောင်ကြဉ်ရမည်သာ ဖြစ်သည်။ ပါဏာတိပါတ စသော ဒုစရိုက်ဆယ်ပါးမကောင်းမှု အကုသိုလ်တရားများကို ရှောင်ကြဉ်ပါလျှင် အပါယ်စသော ဒုဂ္ဂတိဘဝများမှ အခိုက် အတန့်အားဖြင့် လွတ်မြောက်နိုင်၍သုဂတိဘုံဘဝသို့ရောက်ရှိ နိုင်ခွင့်ရှိပါသည်။ သုဂတိဘုံဘဝသို့ချည်း အမြဲဘမ်းရောက် ရှိနိုင်ပါသည်ဟုတော့ မမှတ်ယူစေလိုပါ။ အပါယ်စသော ဒုဂ္ဂတိတို့သို့ ရောက်စေတတ်သော ဒုဂ္ဂတိမျိုးဗီဇ အမြစ်မပြတ် သေးသေးကြောင့် ဖြစ်ပါသည်။ ဤအရာ၌ မကောင်းမှု အကုသိုလ်ကံဖြစ်ခြင်း၏အကြောင်းတရားတို့ကို တရားသဘော အမှန်ပရမတ္ထ သဘောဖြင့် စိစစ်ဆင်ခြင်ပါလျှင် အမှားကို အမှား၊ အမှန်ကိုအမှန်ဟုခွဲခြား၍မသိခြင်း အမှားကို အမှန်၊ အမှန်ကိုအမှားဟု အသိရောက်ခြင်း၊မောဟ (ခေါ်) အဝိဇ္ဇာ ကရားနှင့်လိုချင်တပ်မက်၊တောင့်တစရာတွေကိုလိုချင်တပ်မက် တောင့်တခြင်း၊ လောဘ (ခေါ်) တဏှာတရားစွဲယူမှု မှောက်မှား ပြင်းထန်သော ဥပါဒါန်တရား နှလုံးသွင်း စိတ်ထားမှောက်မှားမှုများတို့ကြောင့်သာ အကုသိုလ်ကံများ ဖြစ်ရှိ၍နေခြင်းဖြစ်ပါသည်။

ဆိုခဲ့သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရား မှားယွင်း သော နှလုံးသွင်းစိတ်ထားတို့ကို အမြစ်ပြတ်အောင် ပယ်သတ် နိုင်သောတရားမှာ ဝိဇ္ဇာဉာဏ်၊ မဂ်ဉာဏ်တို့သာဖြစ်ပါသည်။ ထိုဝိဇ္ဇာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တရား မှားယွင်းသော နှလုံးသွင်းစိတ်ထားတို့ကို အမြစ်

ပြတ်အောင် မပယ်မသတ်ရသေးလျှင် အကုသိုလ်ကံဖြစ်စရာ အာရုံတို့နှင့်တွေ့ကြုံပါက များသောအားဖြင့် မိမိတို့သန္တာန်မှာ အကုသိုလ်ကံများဖြစ်ခွင့် ရှိနေပါသည်။ ဖြစ်ခွင့်ရှိနေ၍ မိမိတို့ သန္တာန်တွင် ဖြစ်ရှိနေသော အကုသိုလ်ကံတို့ကို ဝိပါကဉာဏ်၊ မဂ်ဉာဏ်ဖြစ်အောင် အသုံးချနိုင်၍ (ဝါ) အသုံးချတတ်ဖို့ရန် ညွှန်ပြခြင်းသာဖြစ်ပါသည်။ မကောင်းမှုအကုသိုလ်များကို လွန်ကျူးဖို့ရန် ညွှန်ပြနေခြင်းမဟုတ်ပါဟု သန့်သန့်ရှင်းရှင်း နှလုံးသွင်းမှတ်ယူပါ။ ညွှန်ပြခဲ့သော အစီအစဉ်အတိုင်း အကုသိုလ်ကံကို မိမိတို့က အသုံးချနိုင်ပါလျှင်(ဝါ) အသုံးချတတ်ပါလျှင် အကုသိုလ်ကံက မိမိတို့ကို အသုံးမချနိုင်တော့မူ၍ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်လျက် ငြိမ်းအေး ချမ်းသာခြင်းသုခကို ရရှိနိုင်ပါသည်ဟု မှတ်ယူပါ။

ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းသည် ကံတရားကို ဉာဏ်ဖြစ်အောင်လုပ်သော လုပ်ငန်းပင် ဖြစ်ပါသည်။ ၎င်းကိုပင် ဗုဒ္ဓဘာသာဟု ခေါ်ဆိုနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကံတရားကို ယုံကြည်စွာလက်ခံ၍ ထိုကံတရားကို ဉာဏ်ဖြစ်အောင် အသုံးမချတတ်သေးလျှင် (ဝါ) ကံတရားကို ဉာဏ်ဖြစ်အောင် အသုံးမချတတ်လျှင် ထိုကံတရားက ဘုံဘဝအသီးသီးတို့သို့ ရောက်စေလျက် ကောင်းကျိုးဆိုးပြစ် များကို ဖြစ်ပွားစေကာ အို၊ နာ၊ သေ စသော ဝဋ်ဆင်းရဲအမျိုးမျိုးတို့ဖြင့် နှိပ်စက်ခြင်းတို့ကို အဆက်ဆက်ခံယူရရှိလျက် ဘုံဘဝအသီးသီးတို့မှ မလွတ်မြောက်နိုင်ပါဟု ယုံကြည်လက်ခံကျင့်သုံးကြရလေသည်။

ထို့ကြောင့် ကံတရားနှင့် ကံတရား၏ အကျိုးတရားတို့ကို ယုံကြည်စွာလက်ခံကြ၍ ထိုကံတရားနှင့် ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချလျက် ထိုဉာဏ်တရားဖြင့် ဘိုဘဝအသီးသီးတို့မှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်စွာ လက်ခံကျင့်သုံးရပါသည်ဟု မှတ်ယူပါ။ ထိုကံတရားနှင့် ကံတရား၏ အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချပုံချနည်း တစ်မျိုးမှာ မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကောင်းမှုကုသိုလ်ကံတရား၊ မကောင်းမှု အကုသိုလ်ကံတရားများနှင့် ထိုကံတရားတို့၏ ကောင်းကျိုးဆိုးပြစ်တို့ကို မှတည်၍ အသုံးချရပါသည်။

ကောင်းမှုကုသိုလ်ကံသည် မကောင်းကျိုးမှန်သမျှ တို့ကို ဖျက်ဆီး၍ စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော ကောင်းကျိုးမှန်သမျှကိုသာ ဖြစ်စေတတ်ပါသည်။ မကောင်းမှုအကုသိုလ်ကံသည် ကောင်းကျိုးမှန်သမျှတို့ကို ဖျက်ဆီး၍ မစင်ကြယ်မသန့်ရှင်း အပြစ်မကင်းသော မကောင်းကျိုးမှန်သမျှကိုသာ ဖြစ်စေတတ်ပါသည်ဟု ယုံကြည်စွာ လက်ခံထားရပါသည်။ ကံတရားနှင့်ကံတရားတို့၏ အကျိုးတရားတို့ကိုယုံကြည်လက်ခံရေးသည် ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံအစိတ်အပိုင်းဖြစ်ပါသည်။ ရှင်တော်ဗုဒ္ဓ၏ညွှန်ပြတော်မူချက်အရ ကံ၊ ကံ၏ အကျိုးတရားတို့ကို မယုံကြည်ပါလျှင်၊ လက်မခံပါလျှင် မိစ္ဆာဒိဋ္ဌိဆိုသော အယူမှား၊ အထင်မှား၊ အသိမှား၊ အစွဲမှား၊ အကျင့်မှားဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ကံတရားနှင့် ကံတရား၏အကျိုးတရားတို့ကို လက်ခံယုံကြည်ရေးသည် ကမ္ဘာ့ဝါဒီ၊ ကြိယဝါဒီတို့၏ အယူနှင့် များစွာကွဲလွဲထူးခြားပါသည်။ ကမ္ဘာ့ဝါဒီတို့ ကံ၊ကံ၏ အကျိုးတရားတို့ကို ယုံကြည်လက်ခံရေးသည် ဘိုဘဝ ကောင်းစားရေးကိုသာ တောင့်တ၍ ဒါန၊ သီလ၊ ဘာဝနာစသော ပုညကြိယာတို့ကိုပြုလုပ်ခြင်း၊ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ရှောင်ကြဉ်ကြပါသည်။ ၎င်းတို့၏ ယုံကြည်ရေးသည် ဘိုဘဝကောင်းစားရေးနှင့် အဆုံးသတ်ပါသည်။

ကစ်နည်းဆိုရပါလျှင် ကမ္ဘာ့ဝါဒီတို့၏ ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံကြည်လက်ခံရေးသည် ကောင်းသောဘိုဘဝကို အလိုရှိ၍ လိုလားတောင့်တ၍ မျှော်လင့်ချက်နှင့် ကောင်းမှုပြုကာ မကောင်းသောဘိုဘဝကိုကြောက်ရွံ့သဖြင့်မကောင်းမှုကို ရှောင်ကြဉ်ခြင်းမျှသာ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ကံတရားနှင့် ကံတရားတို့၏ အကျိုးတရားတို့ကို ယုံကြည်လက်ခံရေးသည် ရှင်တော်ဗုဒ္ဓနှင့် ရှင်တော်ဗုဒ္ဓ၏တပည့်သား သံဃာတော်အရှင်မြတ်တို့၏ အဆုံးအမ ဩဝါဒကို ခံယူရရှိနေပါသောကြောင့် ဘိုဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက်ဖို့ရန် အသိဉာဏ်ရောက်၍ ကံတရားနှင့် ကံတရားတို့၏ အကျိုးတရားတို့ကို သန့်ရှင်းစွာ ယုံကြည်လက်ခံလျက် ဒါန၊ သီလ၊ ဘာဝနာစသော ပုညကြိယာတရားတို့ကို ပြုလုပ်ပွားများ

သုစရိုက်တရားများကိုအားထားကြကုန်လျက် ဒုစရိုက်တရားများကို ဝေးဝေးကရှောင်ကြဉ်ခြင်းတို့ကို ဘုံဘဝအသီးသီး သံသရာဝဋ်ဒုက္ခစက်ကြီးအတွင်းမှ လွတ်မြောက်ငြိမ်းချမ်းရေး အတွက်သာ ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံကြည်လက်ခံ၍ ကောင်းမှုပြုလုပ်ခြင်း၊ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ် ရှောင်ကြဉ်ကြပါသည်။

တစ်နည်းဆိုလျှင် ဘုံဘဝအသီးသီး၊ သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်ငြိမ်းခြင်းကို ရရှိဖို့ရန် ဉာဏ်ဖြစ်အောင် အသုံးချနိုင်ရေးအတွက် ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံကြည်လက်ခံ၍ ကောင်းမှုကုသိုလ်ကံပြုလုပ်ခြင်း၊ မကောင်းမှု အကုသိုလ်ကံတို့ကို ရှောင်ကြဉ်ခြင်းသာဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူထားသော ပုဂ္ဂိုလ်သည် ကောင်းမှုကုသိုလ်ကံကိုပြုလုပ်၍ ကောင်းမှုကုသိုလ်ကံ မိမိသန္တာန်မှာ ထင်ရှား ဖြစ်ရှိလာပါလျှင် ကောင်းကျိုးကိုဖြစ်စေလျက် ထိုကောင်းမှုကုသိုလ်ကံနှင့် ကံ၏ကောင်းကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချရပါသည်။ မကောင်းမှု အကုသိုလ်ကံကို ပြုလုပ်ကျူးလွန်မိသောကြောင့် မိမိ၏သန္တာန်၌ မကောင်းမှု အကုသိုလ်ကံ ထင်ရှားဖြစ်ရှိလာပါလျှင်လည်း မကောင်းကျိုးကို ဖြစ်စေ၍ ထိုမကောင်းမှုအကုသိုလ်နှင့် ၎င်း၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချရပါသည်။

မကောင်းမှုအကုသိုလ်ကံနှင့်ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချရာ၌ မကောင်းမှုအကုသိုလ်ဆိုသည်မှာ

အမှားနှင့်အမှန်ကို ခွဲခြား၍ မသိခြင်း- အဝိဇ္ဇာ, ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတို့ဖြင့် မကောင်းမှုများကို ပြုလုပ်ပြောဆိုကြံစည်ခြင်း -သင်္ခါရ, မကောင်းမှုကို တပ်မက်နှစ်သက် တောင့်တခြင်း- ပြုလုပ်ပြောဆို ကြံစည်လိုခြင်း-တဏှာ မကောင်းမှုကို ပြုလုပ် ပြောဆို ကြံစည်ရာ၌ အပြင်းအထန် စွဲလမ်းခြင်း-ဥပါဒါန်, မကောင်းမှုကိုပြုလုပ်ပြောဆိုကြံစည်တိုင်း မကောင်းမှု၏ ပြီးစီး အောင်မြင်တတ်မြောက်ခြင်း- ကမ္မဘဝတို့ကို ဆိုလိုပါသည်။ ဤသည့်ဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တရားသဘောအမှန်တို့ကို အကုသိုလ်ကံဟု အသိဉာဏ် ရောက်ရပါသည်။ အသိဉာဏ်ရောက်ပါ။ ဤတရားသဘောအစု၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျ်ား၊ မိန်းမအမည်မျှပင်မပါရှိသည်ကိုလည်း အသိဉာဏ်ရအောင် ကျင့်သုံး လေ့ကျင့်ရပါသည်။

မကောင်းကျိုးဆိုသည်မှာ သင်္ခါရနှင့် ကမ္မဘဝတို့၌ယှဉ်တွဲလျက်ပါရှိသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့၏ သတ္တိစွမ်းရည်တို့ကြောင့် ထိုထိုဘုံဘဝ မကောင်းသောဌာနတို့၌ ရှေးဦးစွာ ဥပါဒ်ဖြစ်ပွားသော ပဋိသန္ဓေ၊ ဝိပါက်၊ ဝိညာဏ်၊ ထိုပဋိသန္ဓေဝိပါက်၊ ဝိညာဏ်နှင့်အတူယှဉ်၍ဖြစ်သော ဝိပါက်စိတ်စေတသိက် (ခေါ်) နာမ်တရားနှင့် ကမ္မဇရုပ်ခေါ်သော ရုပ်တရားများဖြစ်သည့် နာမ်၊ ရုပ်၊ ထိုနာမ်ရုပ်တို့၏ပေါ်လွင်ထင်ရှား တည်နေစုဝေးရာ၊ စက္ခု သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနသိုသော သဠာယတန—စက္ခုစသည်တို့၏ ရှုပါရုံ

စသည်တို့နှင့် စက္ခုဝိညာဏ် စသည်တို့၌ ထိတွေ့မှုကြောင့်ဖြစ်သော ဖဿ၊ ထိတွေ့လာသောအာရုံ၏အရသာကို ခံစားခြင်း ဝေဒနာ သဘောမှန်တို့ကို ခေါ်ဆိုရပါသည်။

ဤသည့် ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တရားမှန်တို့ကို အကုသိုလ်ကံ၏ မကောင်းသော အကျိုး တရားဟု အသိဉာဏ်ရောက်ရပါသည်။ အသိဉာဏ်ရောက်ပါ။ ဤမကောင်းကျိုးတရားစုသည်လည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမဆို၍ အမည်မျှပင်မပါ မရှိသည် ကိုလည်း အသိဉာဏ်ရောက်အောင် လေ့လာကျင့်သုံးရပါ သည်။ မကောင်းမှုအကုသိုလ်ကံ၊ မကောင်းမှု အကုသိုလ်ကံတို့ ၏ အကျိုးတရားတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုသော သမ္မုတိသစ္စာ အများပြောတာ အမှန်တို့နှင့်မရောမယှက်မှု၍အဝိဇ္ဇာ-သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ကမ္မဘဝတို့သည် အကုသလကမ္မ၊ အကုသိုလ်ကံ၊ ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် အကုသလ၊ ဝိပါ က အကုသိုလ်၏အကျိုးတရားဟု အသိဉာဏ် ရောက်အောင် အသုံးချပါ။ အကုသလကမ္မတွင် အကုသလဝိပါက မရှိပါ။ အကုသလ ဝိပါကတွင်လည်း အကုသလ ကမ္မမရှိပါ။

မကောင်းမှု အကုသလကမ္မနှင့် ကင်း၍ မကောင်း ကျိုး အကုသလဝိပါကသည် မဖြစ်မပေါ်နိုင်ပါဟု အသိ ဉာဏ်ရောက်အောင် အကုသိုလ်ကံနှင့်အကုသိုလ်ကံ၏ အကျိုး တရားတို့ကို အသုံးချပါ၊ အဝိဇ္ဇာစသော အကုသလကမ္မ

ကြောင့် ဝိညာဏ်၊ နာမ်၊ ရုပ် စသော အကုသလ ဝိပါက (ခေါ်) အကျိုးတရားများဖြစ်ရှိကြရပါသည်။ အကုသိုလ်ကံ၏ အကျိုးတရားသည် အဝိဇ္ဇာစသော အကြောင်းတရား သာလျှင်ဖြစ်ကြောင်း ရှိပါသည်ဟုလည်း အသိဉာဏ်ရောက်အောင် အကုသိုလ်ကံနှင့် ၎င်း၏အကျိုးတရားတို့ကို အသုံးချပါ။

အကုသိုလ်ကံပြုလုပ်တတ်သော ပုဂ္ဂိုလ်၊ သတ္တဝါမည်သည် မရှိ၊ အကုသိုလ်ကံ၏အကျိုးကို ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါမည်သည်လည်း မရှိပါ၊ ပုဂ္ဂိုလ်သတ္တဝါနှင့် မရော မယှက်သက်သက်သော အကြောင်းတရား အကျိုးတရားနာမ် ရုပ်တရားတို့သည်သာလျှင် ဆက်ခါဆက်ခါ ဖြစ်ကြကုန်၏ဟု အသိဉာဏ်ရောက်အောင် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးတရားတို့ကို အသုံးချပါ။

ယခုညွှန်ပြခဲ့သည့်အတိုင်းဉာဏ်အမြင်ပေါက်လျှင်မငဖောက် မပြန် ဟုတ်မှန်စွာမြင်သော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်နိုင်သည် ဟုမှတ်ယူပါ။ တစ်ဖန် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ အကုသလ ကမ္မဘဝတို့ကို အကြောင်းတရား သမုဒယသစ္စာဟု အသိဉာဏ်ရောက်၍ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတရားတို့ကို အကျိုးတရား ဒုက္ခသစ္စာဟု အသိဉာဏ်ရောက်အောင် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးတရားတို့ကို အသုံးချပါ။ အကုသိုလ်ကံ၊ အကုသိုလ်ကံ၏

အကျိုးတရားတို့ကို အကြောင်းတရား အကျိုးတရားဟုအသိဉာဏ်ရောက်ပြီးလျှင် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ အကုသလကမ္မ ဘဝဆိုသောအကြောင်း၊ သမုဒယသစ္စာတရား၌ဇာတိ၊ ဇရာမရဏ၊ (ခေါ်) ဖြစ်ပွားခြင်းသဘော၊ အို၊ နာ၊ သေစသော သဘောနှစ်မျိုးတို့ပါဝင်လျက် ရှိနေပါသည်ကိုလည်း အသိဉာဏ်ရောက်အသုံးချပါ။

ဝိညာဏ်နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသော အကျိုးတရား၊ ဒုက္ခသစ္စာ၊ တရားစုတို့မှာလည်း ဇာတိ၊ ဇရာ၊ မရဏ (ခေါ်) ဖြစ်ပွားခြင်းသဘော အို၊ နာ၊ သေ စသော ဤသဘောနှစ်မျိုးတို့ပါဝင်လျက် ရှိနေပါသည်ကိုလည်းအသိဉာဏ်ရောက်အောင် အသုံးချပါ။ အကြောင်းသမုဒယသစ္စာတရား၌ ပါဝင်လျက်ရှိသော ဇာတိ၊ ဇရာမရဏ (ခေါ်) ဖြစ်ပွားခြင်းသဘော အို၊ နာ၊ သေ သဘောတို့ကို ဟုတ်မှန်စွာ ဉာဏ်သက်ဝင်လျှင် သော်လည်းကောင်း၊ အကြောင်းသမုဒယသစ္စာတရားကို လည်းကောင်း၊ အကျိုးဒုက္ခသစ္စာတရားကို လည်းကောင်းငြီးငွေ့သော အသိဉာဏ်ပေါ်လာနိုင်ပါသည်။ အကြောင်း သမုဒယသစ္စာတရား၌ လည်းကောင်း၊ အကျိုးဒုက္ခသစ္စာတရား၌ လည်းကောင်း၊ ငြီးငွေ့သော အသိဉာဏ်ပေါ်လာလျှင် အကြောင်း သမုဒယသစ္စာတရားကို လည်းကောင်း၊ အကျိုးဒုက္ခသစ္စာတရားကိုလည်းကောင်း တပ်မက်တွယ်တာကပ်ငြိခြင်းမရှိသောအသိဉာဏ် ဖြစ်ပေါ်လာနိုင်ပါသည်။

အကြောင်းသမုဒယသစ္စာ၊ အကျိုးဒုက္ခသစ္စာတရားတို့၌ တပ်မက်တွယ်တာ ကပ်ငြိခြင်းမရှိသော အသိဉာဏ်ကို ရရှိပြီး ဖြစ်ပေါ်လာလျှင် အကြောင်းသမုဒယသစ္စာ၊ အကျိုးဒုက္ခသစ္စာတရားတို့မှ လွတ်မြောက်နိုင်သော အသိဉာဏ်ကိုရရှိပါသည်ဟု အသိဉာဏ်ရောက်အောင် အကုသလကမ္မ (ခေါ်) အကုသိုလ်ကံနှင့် အကုသလဝိပါက (ခေါ်) အကုသိုလ်ကံ၏ အကျိုးတရားတို့ကိုအသုံးချပါ။ ဤအသိဉာဏ်ပေါက်ရောက်အောင် အသုံးချနိုင်ပါလျှင် အသုံးချတတ်ပါလျှင် မဖောက်မပြန် မှန်ကန်စွာမြင်သော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် စင်ကြယ်စွာ အထွတ်အထိပ်သို့ ရောက်ရှိပါလျှင် ထိုသမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်သည် အကုသိုလ်ကံ၌ပါရှိသော ကမ္မသတ္တိခေါ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ကို အကြွင်းအကျန်မရှိ အမြစ်ပြတ်အောင် ပယ်သတ်နိုင်သော စွမ်းရည်သတ္တိရှိပါသည်။ သမ္မာဒိဋ္ဌိ၊ ဝိဇ္ဇာဉာဏ်ဖြင့် အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်ဆိုသော အကုသလကမ္မသတ္တိတို့ကို အကြွင်းအကျန်မရှိ အမြစ်ပြတ်အောင်ပယ်သတ်နိုင်ပါလျှင် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက်နိုင်ပါသည်။ အပြီးတိုင်လွတ်မြောက်၍ သံသရာဝဋ်ဇာတ်ဘေးမှ လွတ်လပ်ရေးရနိုင်ပါတော့သည်။

ဤနေရာ၌ အကုသိုလ်ကံနှင့် ၎င်းတို့၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချ၍ သံသရာဝဋ်ဇာတ်ဘေးမှ လွတ်လပ်ရေးရတော်မူကြသော ဝတ္ထုသက်သေများကို ညွှန်ပြပါဦးမည်။

## မိမိ၏သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ပါဏာတိပါတ အကုသိုလ်ဒုစရိုက်ကံကို ဉာဏ်ဖြစ်အောင် အသုံးချသော ဝတ္ထုသက်သေကို ညွှန်ပြချက်

မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံကို အသုံးချ၍ ဘုံဘဝအသီးသီး သံသရာဝဋ်ကြီးမှ အပြီးအပိုင် လွတ်မြောက်၍ သန္တိသုခကို ရရှိပေါက်ရောက်ရသော ထုံးသက်သေများကို အတုယူ၍ လိုက်နာကျင့်သုံးနိုင်ရန် ညွှန်ပြပါဦးမည်။

ဖြည့်ကျင့်အပ်သော ပါရမီအခင်အား ပြည့်စုံပြီးသော ပုဂ္ဂိုလ်တစ်ယောက်သည် ကာသိတိုင်းတွင် ရှာစားတစ်ဦး ဖြစ်ခဲ့လေသည်။ ထိုရှာစားကြီးသည် မိမိပိုင်ဆိုင်ရာ နယ်မြေအတွင်း၌ နေထိုင်ကြကုန်သောသူတို့ကို သတ္တဝါတို့၏အသက်ကို မသတ်ဖြတ်ရဟု အမိန့်တစ်ရပ် တုတ်ဆင့်၍ထားပါသည်။ (ရွာ၌နေသူအပေါင်းတို့သည် ရှာစားကြီး၏အပေါ်၌ ချစ်ခင်ကြည်ညိုကြသောကြောင့် လည်းကောင်း၊ ရှာစားကြီး၏ အမိန့်ဥပဒေကို လေးစားကြသောကြောင့် လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ သတ္တဝါတို့၏အသက်ကို မသတ်ဖြတ်ကြပေ)။

နောင်အခါ၌ (သတ္တဝါတို့၏အသက်ကို သတ်ဖြတ်၍ ယဇ်နတ်ပူဇော်လေ့ရှိသော ထိုရွာသူရွာသားတို့သည် သတ္တဝါတို့၏အသက်ကိုသတ်၍ ယဇ်နတ်ပူဇော်ရန်အချိန်သို့ရောက်

သောအခါ စည်းဝေးတိုင်ပင်ကြ၍ ရွာစားကြီးထံသို့ သွား ရောက်ကြပြီးလျှင်-

"သာမိမယံ-မိဂသူကရောဒယော၊ မာရေတွာ၊ ယက္ခာနံ၊ ဗလိကမ္မံ၊ ကရိဿာမ၊ ဗလိကမ္မကာလော၊ ဧသော"

အရှင်ရွာစားကြီးခင်ဗျား၊ ကျွန်တော်မျိုးတို့သည် သမင်၊ ဝက်၊ ကြက်၊ သိုး၊ ဆိတ်၊ နွား၊ ကျွဲ စသော သတ္တဝါတို့၏ အသက်ကိုသတ်ဖြတ်၍ နတ်တို့အား ယဇ်နတ်ပူဇော်ခြင်းကိုပြု လုပ်ကြရပါမည်။ ယခုအချိန်သည် ယဇ်နတ်ပူဇော်သောအချိန် အခါဖြစ်ပါသည်။ (အရှင်ရွာစားကြီး၏ သတ္တဝါတို့၏ အသက်ကို မသတ်ဖြတ်ရဆိုသောအမိန့်တော်ကို အကျွန်ုပ်တို့ ဘယ်သို့ပြုလုပ်ရပါမည်နည်း) ဟုပြောဆိုကြလေသည်။

ထိုအခါရွာစားကြီးသည် (ရှေးထုံးစံဖြစ်၍ လည်းကောင်း ရွာသူရွာသားများနှင့် မဆန့်ကျင်လိုသဖြင့် လည်းကောင်း)-

တုမှာကံ ပုဗ္ဗေ ကရဏနယာမေနေဝ ကရောထ။

"သင်တို့၏ ရှေးထုံးစဉ်လာအရ ပြုမြဲတိုင်းသာ ပြုကြပါ တော့"ဟု မိမိထုတ်ဆင့်ထားသော သတ္တဝါတို့၏အသက်ကို မသတ်ဖြတ်ရဆိုသောအမိန့်ကို ရုပ်သိမ်း၍ ခွင့်ပြုစကား မိန့် ကြားလိုက်ပါသည်။ ဤသို့ ရှေးထုံးစဉ်လာဆိုတိုင်း အများ နှင့်မဆန့်ကျင်လိုတိုင်း အပြစ်နှင့်တကွ မကောင်းကျိုးကိုဖြစ်

စေသည့် အကုသိုလ်မှုများကို မလိုက်လျောသင့်ပေ။ (ရှာ စားကြီးထံမှ အမိန့်ရသောအခါ) ရှာသူရှာသားတို့သည် များစွာသောသတ္တဝါတို့ကို သတ်ဖြတ်ကြပါလေတော့သည်။

ရှာစားကြီးသည် များစွာသောသတ္တဝါတို့၏ အသား များကို မြင်တွေ့ရသောအခါတွင် ဤရှာသူရှာသားတို့သည် ဤမျှများပြားသော သတ္တဝါတို့၏အသက်ကို ငါ၏ခွင့်ပြု ချက်ကြောင့်သာ သတ်ဖြတ်ကြခြင်းဖြစ်လေသည်ဟု နောင်တ တစ်ဖန် ပူပန်ခြင်း (ခေါ်) ကုက္ကုစ္စ—အကုသိုလ်၊ ပါဏာတိ ပါတ၏ အကုသိုလ်ကံကို လွန်ကျူးဖို့ရန် ခွင့်ပြုစကားဖြင့် ခိုင်း စေမိခြင်း အကုသိုလ်များ ဖြစ်ပါလေတော့သည်။

ဤသည့်ကုက္ကုစ္စအကုသိုလ်—ပါဏာတိပါတ အမှုကိုခွင့်ပြု မိသော အကုသိုလ်၊ သူတစ်ပါးတို့၏ ပါဏာတိပါတ အကု သိုလ်၊ ကံတရားတို့ကို နောက်ကညွှန်ပြခဲ့သော နည်းမျိုးဖြင့် ညက်ဖြစ်အောင် အသုံးချနိုင်သောကြောင့် ပစ္စေကဗောဓိ ဉာဏ်သို့ရောက်ရှိလျက်၊ ဘုံဘဝအသီးသီး သံသရာဝဋ်စက် ကြီးမှ အပြီးအတိုင်လွတ်ငြိမ်း၍ သန္တိသုခကို ရရှိတော်မူခဲ့ဖူး လေပြီ။

**မိမိ၏သန္တာန်၌ ထင်ရှားရှိနေသော အဒိန္နာဒါန အကုသိုလ် ဒုစရိုက်ကံကို ညက်ဖြစ်အောင်အသုံးချစေသော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည်**

ဖြည့်ကျင့်ချက် ဆည်းပူးအပ်သောပါရမီအင်အား ပြည့်စုံပြီးသော ပုဂ္ဂိုလ်တစ်ယောက်သည်လည်း ကာသိတိုင်း တစ်ခုသောရွာတွင် ဖြစ်ရှိခဲ့ပါသည်။ ထိုပုဂ္ဂိုလ်သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ ရေဘူးကိုယ်စီ ယူဆောင်လျက် လယ်တောသို့ သွားရောက်ပါသည်။ လယ်တောသို့ ရောက်သောအခါ ရေဘူးများကို သင့်လျော်သောနေရာ၌ထား၍ လယ်ထွန်ခြင်းအလုပ်ကိုပြုလုပ်ကြပါသည်။ရေဆာသောအခါတွင် မိမိယူဆောင်လာသော ရေဘူးထဲမှ ရေကို သောက်လေ့ရှိပါသည်။

တစ်ချိန်တွင် သူငယ်ချင်းတစ်ယောက်သည် ရေဆာလာသဖြင့် ရေသောက်ရန် ရေဘူးရှိရာသို့သွားရောက်၍ မိမိ၏ရေကို မကုန်စေလိုသဖြင့် တစ်ပါးသောသူ၏ ရေဘူးမှရေကို မပန်ကြားဘဲခိုးယူ၍သောက်ခဲ့မိသဖြင့်အဒိန္နာဒါနအကုသိုလ်ကံကို ကျူးလွန်မိခဲ့လေသည်၊ ညနေစောင်း၍ လယ်တောမှပြန်လာသောအခါတွင် သူတစ်ပါးရေကို ခိုးယူသောက်မိသောသူသည် ရေမိုးချိုးရင်း ရပ်တည်လျက် စဉ်းစားဆင်ခြင်သည်မှာ—

"အတ္တိ နုံ ခေါ—မေ—ကာယဒွါရာဒီဟိ—အဇ္ဇ—ကိဉ္စိပါပံကတံ" ယနေ့အဖို့ရာတွင် ငါ၏သဏ္ဍာန်၌ ကိုယ်အမူအရာ

စသည်တို့ဖြင့် ကျူးလွန်မိသော မကောင်းမှု အကုသိုလ်ကံ တစ်စုံတစ်ရာရှိပါသလားဟု မိမိကိုယ်ကို စုံစမ်းဆင်ခြင်သော အခါ၊ တစ်ပါးသောသူ၏ သောက်ရေကို အရှင်သည်ကိုယ် နှုတ်တို့ဖြင့် မပေးဘဲ ခိုးယူ၍သောက်ခဲ့မိသော အဒိန္နာ ဒါန အကုသိုလ်ဒုစရိုက်ကံကို မိမိသန္တာန်၌ တွေ့ရှိရပါတော့ သည်။ မိမိ၏သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ထိုအကုသိုလ် ကံကိုနှလုံးသွင်း၍ "အယံတဏှာ ဝဍ္ဍမာနာ၊ မံအပါယေသု- ခိပိဿတိ-ကြမ်ကိလေသံ နိဂ္ဂဏှိဿာမိ သူတစ်ပါး၏ရေကို ခိုးယူ သောက်လိုသောတဏှာသည် တိုးပွားလာခဲ့သော်မိမိ အပါယ် လေးပါးတုံဘဝများသို့ ပစ်ချရောက်ရှိစေလိမ့်မည်။

ဤကိလေသာတဏှာကို နှိပ်ချိုးဖျက်ဆီး ကုန်ခန်းစေတော့ အံ့ဟု သူတစ်ပါး၏ သောက်ရေကို ခိုးယူသောက်မိသော အဒိန္နာဒါန အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏အကျိုးကို ဆွဲ ကိုင်မိုတွယ်ရာ အာရုံအဖြစ်ထား၍ ဉာဏ်ဖြစ်အောင် အသုံးချ နိုင်သဖြင့် "ဝါ" အဒိန္နာဒါန၊ အကုသိုလ်ကံနှင့် အကုသိုလ် ကံ၏အကျိုးကို ဉာဏ်ဖြစ်အောင် အသုံးချတတ်သောကြောင့် ပစ္စေကဗောဓိဉာဏ်သို့ ရောက်ရှိပြီးလျှင် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်ငြိမ်း၍ သန္တိသုခကိုရရှိ တော်မူခဲ့ဖူးလေပြီ။

မိမိသန္တာန်၌ ထင်ရှားဖြစ်ပေါ်လာသော ကာမအရာကြံ စည်မှုအကုသိုလ်ဒုစရိုက် မနောကံကို ဉာဏ်ဖြစ်အောင် အသုံး ချသော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည်။

ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီအင်အား ပြည့်စုံပြီးသော ပုဂ္ဂိုလ်တစ်ယောက်သည်လည်း ကာသိရွာ၌ပင် သူကြွယ်တစ်ဦးဖြစ်ခဲ့လေပြီ၊ တစ်နေ့သောအခါ ထိုသူကြွယ်သည် ဈေးသို့သွား၍ ဆိုင်တစ်ခုတွင်ထိုင်နေစဉ် အမျိုးသားတစ်ယောက်သည် အင်မတန်ချောမောလှပသော မိမိဇနီးနှင့်အတူယှဉ်တွဲ၍ မိမိ၏ရှေ့မှောက်၌ လျှောက်သွားသည်ကို မြင်တွေ့လိုက်သောအခါ ထိုသူကြွယ်သည် သူတစ်ပါး၏ ဇနီးအပေါ်၌ဖောက်ပြန်မှားယွင်းသော ကိလေသာစိတ်ဖြင့် လူခြေပျက်လောက်အောင် ကြည့်ရှုကြံစည်မိပါတော့သည်။

နောက်မှ ကပ်ဖန် ဆင်ခြင်စဉ်းစားမိပြန်သည်မှာ "အယံလောဘော ဝဍ္ဎမာနော-မံ အပါယေသု ခိပိဿတိ" သူတစ်ပါးဇနီးအပေါ်၌ ဖောက်ပြန်မှားယွင်းစွာ ကြံစည်ကြည့်ရှုမိသော ဤလောဘတဏှာသည် တိုးပွားလာခဲ့သော်မိမိကို အပါယ်လေးပါးဘုံဘဝများသို့ ကြရောက်စေပေလိမ့်မည်ဟုထိတ်လန့်ခြင်း သံဝေဂဖြစ်၍သူတစ်ပါး၏ဇနီးမယားအပေါ်၌ ဖောက်ပြန်မှားယွင်းစွာ ကြံစည် ကြည့်ရှုမိ၍ ဖြစ်ပေါ်လာသော လောဘတဏှာ အကုသိုလ် မူလတရားကိုလည်းကောင်း၊ ထိုအကုသိုလ်မူလတရား တိုးပွားလာပါလျှင် အပါယ်လေးပါးသို့ရောက်စေနိုင်သော အကုသိုလ်၏အကျိုးတရားဖြစ်ပွားမည်ကိုလည်းကောင်း၊ ဉာဏ်ဖြစ်အောင် အသုံးချနိုင်သဖြင့် (၀ါ) မိမိသန္တာန်၌ဖြစ်ပေါ်လာသော ဖောက်ပြန်မှားယွင်းစွာ သူတစ်ပါး၏ ဇနီးမယား၌ ကိလေသာစိတ်ဖြင့် ကြည့်ရှုကြံစည်

မိသော လောဘတဏှာ အကုသိုလ်၊ မနောကံအဘိဇ္ဈာ အကြောင်းတရားနှင့် အပါယ်သို့ကျရောက်နိုင်သော အကျိုးတရားတို့ကို ဝိပဿနာရှု၍ ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြစ်အောင် အသုံးချတတ်သောကြောင့် ပစ္စေကဗောဓိဉာဏ်သို့ ရောက်ရှိပြီးလျှင် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးအတွင်းမှ အပြီးတိုင်လွတ်မြောက်၍ သန္တိသုခကို ရရှိခဲ့ဖူးလေပြီ။

ထိုမှတစ်ပါး ကာမေသုမိစ္ဆာစာရကံထင်ရှားစွာထိုက်သော ဝတ္ထု သက်သေတစ်ခုကိုလည်း ညွှန်ပြပါဦးမည်။

ရှင်တော်ဗုဒ္ဓ၏ လက်ထက်တော်အခါက အနာထပိဏ် သူဌေးကြီး၏တူဖြစ်သော ခေမကမည်သောသူဌေးသားသည် သူတစ်ပါးတို့၏သမီးပျိုများနှင့် ဇနီးမယားတို့ကို ကဲ့ရဲ့ထိုက်စွာ ကာမအရာ၌လွန်ကျူး၍ကျင့်သော ကာမေသုမိစ္ဆာစာရ ပရဒါရကံကို များစွာ လွန်ကျူးသူဖြစ်ပါသည်။ ၎င်းကို မင်းချင်းတို့ကဖမ်းဆီး၍ ကောသလမင်းကြီးထံသို့ ပို့ဆောင်သောအခါ ကောသလမင်းကြီးက အနာထပိဏ် သူဌေးကြီး ကိုထောက်ထား၍ နှစ်ကြိမ်သုံးကြိမ်တိုင် အပြစ်ချမှတ်ခြင်း မပြုဘဲ လွှတ်ပေးခဲ့ပါသည်။

ထိုအကြောင်းကို အနာထပိဏ်သူဌေးကြီး ကြားသိသော အခါ မိမိ၏တူဖြစ်သော သူဌေးသားခေမကကို ရှင်တော် ဗုဒ္ဓထံသို့ခေါ်ဆောင်သွားပြီးလျှင် အရှင်ဘုရား–ဤသူငယ်

ကို တရား ဟောတော်မူပါဟု လျှောက် ထား လေ သော်
ရှင်တော်ဗုဒ္ဓက—

စတ္တာရိဒ္ဒါနာနိ၊ နရောပ်မတ္တော၊
အာပဇ္ဇတိပရဒါ ၊ဂူပသေဝိ
အပုညလာဘံ၊ နနိကာမသေယျံ
နန္ဒိတံ တတိယံ၊ နိရိယံ စတုတ္ထံ
အပုညလာဘာစ၊ ဂတိစပါပိကာ
ဘီတဿ၊ဘီတာယရတိ စ ထောကာဘာ
ရာဇာစဒဏ္ဍံ၊ ဂရုကာပဏေတိ
တသ္မာနရော ပရဒါရံ နသေဝေ။

ဟု တရားဒေသနာနှစ်ဂါထာကို ဟောတော်မူပါသည်။ယင်း ဒေသနာ နှစ်ဂါထာ၏ ဘာသာပြန်အဓိပ္ပာယ်မှာ (တရား လမ်းမှန်ကို) သတိမထားဘဲ သူတစ်ပါးတို့၏ သမီးပျိုမျိုး နှင့် ဇနီးမယားကို မှီဝဲသူသည် အကုသိုလ်ကိုရခြင်း၊အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း၊ သူတစ်ပါးတို့ကဲ့ရဲ့ခံရခြင်း၊ ငရဲခံရ ခြင်း ဤလေးပါးသော ဆင်းရဲခြင်း၏ အကြောင်းတို့သို့ ရောက်၏။

မကောင်းမှုကိုလည်းရ၏။ ယုတ်သောလားရာဂတိလည်း ရှိ၏။ ကြောက်ရွံ့ထိတ်လန့်သော ယောကျ်ား၏ ကြောက်ရွံ့ ထိတ်လန့်သော မိန်းမနှင့် မွေ့လျော် ပျော်ပါး ရခြင်း သည်

အနည်းငယ်မျှသာဖြစ်၏။ မင်းသည်လည်း ကြီးလေးသော အပြစ်ဒဏ်ကိုပေး၏။

ထို့ကြောင့် ယောကျ်ားသည် သူတစ်ပါးတို့၏ သမီးပျို များနှင့်ဇနီးမယားကို မမှိုဝဲရာဟု ရှင်တော်ဗုဒ္ဓက ကာမေသု မိစ္ဆာစာရကံထိုက်သော ခေမကသူဌေးသားကို ဟောတော် မူ၏။

ဒေသနာ၏အဆုံး၌ သူတစ်ပါးတို့၏ဇနီးမယားကိုပြစ်မှား လွန်ကြူး၍ ကာမေသုမိစ္ဆာစာရကံ ထိုက်နေသော ခေမက သူဌေးသားသည် သောတာပတ္တိမဂ်ဉာဏ်သို့ ရရောက်သွားရ ပါသည်။

ဤဝတ္ထု၌ သက်သေ၌ ကာမေသုမိစ္ဆာစာရ ပရဒါရ အကုသိုလ်ကံအကြောင်းတရားနှင့် အကုသိုလ်ကိုရခြင်း၊ ချမ်း သာစွာမအိပ်ရခြင်း၊ သူတစ်ပါးအကဲ့ရဲ့ခံရခြင်း၊ ယုတ်သော လားရာဂတိရှိခြင်း၊ ကြီးလေးသော မင်းပြစ်မင်းဒဏ်ကို ခံယူ ရခြင်းစသော ကာမေသုမိစ္ဆာစာရပရဒါရ အကုသိုလ်ကံ၏ အကျိုးတရားတို့ကို ဟုတ်မှန်စွာဉာဏ်မြင် ပေါက်အောင် အသုံးချရ၍ သောတာပတ္တိမဂ်ဉာဏ်သို့ တိုင်အောင် အသိ ဉာဏ်ကျရောက်ပြီးလျှင် အပါယ်သံသရာမှ အပြီးတိုင် လွတ် မြောက်ခွင့်ကို ရရှိပါပေသည်။

**မိမိ၏သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော မုသာဝါဒအကုသိုလ် ဒုစရိုက်ကံကို ညဏ်ဖြစ်အောင် အသုံးချသော ဝတ္ထုသာဓကသေကို ညွှန်ပြပါဦးမည်။**

ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီအင်အား ပြည့်စုံပြီးသော ပုဂ္ဂိုလ်တစ်ယောက်သည်လည်း ကာသိရွာ၌ပင်ဖြစ်ခဲ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်သည် မိမိဖခင်နှင့်အတူ ခရီးသွားကြသောအခါ ၎င်းတို့ ဖြတ်သန်း သွားရမည့် ခရီးအကြားတောအုပ်ကြီးတစ်ခုအတွင်း၌ ခိုးသား ဓားပြတို့သည် တောအုပ်အတွင်းသို့ ရောက်လာသူများကိုပြန်ပေးဆွဲခြင်း၊ ပါလာသောဥစ္စာပစ္စည်းတို့ကို လုယက်တိုက်ဖျက်ခြင်းတို့ဖြင့်သောင်းကျန်း၍ နေကြပါသည်။ ခိုးသူတို့၏ သောင်းကျန်းပုံမှာသားအဖနှစ်ဦးကို ဖမ်းယူရရှိခဲ့သော် သားကိုခေါ်ထားပြီး၍ ဖခင်ကိုလွှတ်၍ ငွေရှာခိုင်း၍ပြီးလျှင်သင့်သားကို ငွေဘယ်လောက်နှင့်လာရွေးလှည့်။ ညီအစ်ကို နှစ်ယောက်ကို ဖမ်းဆီးရမိလျှင်ညီငယ်ကိုဖမ်းထား၍ အစ်ကိုကြီးကိုလွှတ်ပြီးငွေရှာစေ၍ သင့်ညီကို ငွေနှင့်လာရွေးယူပါ။ ဆရာတပည့် ဆိုလျှင် ဆရာကိုခေါ်ထား၍ တပည့်ကိုလွှတ်ပြီး ငွေရှာခိုင်းသည်။

ခရီးသွားသားအဖတို့သည် ခိုးသူတို့၏ပြုလုပ်သွားကြပုံကိုသိရှိထားကြသဖြင့် တိုင်ပင်စကားပြောကြား၍ ကတိကဝတ်ထားကြသည်မှာ "တွံမံပိတာတိ- မာဝဒ- အဟမ္ပိ-တံ-ပုတ္တောတိ နဝက္ခာမိ" သင်ကလည်း ငါ့ကို အဖဟု မပြောနှင့်၊ ငါကလည်း သင့်ကိုသားလို့မပြောဆိုပါ ဟု ကတိကဝတ်ထားကာ

သွားကြလေသော် တောအုပ်အတွင်းသို့ ရောက်သောအခါ ခိုးသူတို့က ၎င်းတို့နှစ်ဦးကို ဖမ်းယူကြကုန်ပြီးလျှင် "တုမှေ-အညမညံ-ကိံဟောထ" သင်တို့နှစ်ဦး အချင်းချင်း ဘာတော်ကြသလဲဟု မေးမြန်းကြသောအခါ "နကိဉ္စိဟောမ"ကျွန်ုပ်တို့ အချင်းချင်း ဘာမှမတော်စပ်ပါဟု မုသားစကား ပြောဆိုကြလေသည်။

ခိုးသူတို့လက်မှ သားအဖနှစ်ဦးလွတ်မြောက်၍ တောအုပ်မှ ထွက်ခဲ့ပြီးလျှင် ညနေချမ်းသောအခါ သားဖြစ်သူက ရေချိုးရင်း ရပ်တည်လျက် မိမိ၏ ကိုယ်ကျင့်သီလကိုဆင်ခြင်သည်ရှိသော် မိမိတို့အချင်းချင်း သားအဖတော်စပ်ပါလျက် ဘာမှ မတော်စပ်ပါဟု ခိုးသူတို့အား ချွတ်ယွင်းဖောက်ပြန် မမှန်မုသား ပြောကြားခဲ့သည်ကို ဆင်ခြင် စဉ်းစားမိသဖြင့် "ဣဒံပါပံ-ဝဍ္ဎမာနံ-မံအပါယေသုခိပိဿတိ-ဣမံကိလေသံ နိဂ္ဂဏှိဿာမိ" လိမ်လည်လှည့်ဖြား ပြောကြားခဲ့သော ဤမုသားဝါဒ မကောင်းမှု အကုသိုလ်ဒုစရိုက်ကံသည် တိုးပွားလာခဲ့သော် မိမိကိုယ်ကို အပါယ်လေးပါး ဘုံဘဝများသို့ ရောက်အောင် ပစ်ချပေလိမ့်မည်။

မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ဤအကုသိုလ်ကံ ကိလေသာကို နှိမ်ချိုးပယ်သတ် အမြစ်ပြတ်အောင်ပြုလုပ်ပေးတော့အံ့ဟု နှလုံးသွင်းဆင်ခြင်ပြီးလျှင် မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိသော မုသာဝါဒအကုသိုလ်ကံနှင့် အကုသိုလ်ကံ၏

အကျိုးကိုဉာဏ်ဖြစ်အောင် အသုံးချတတ်သောကြောင့်ပစ္စေက ဗောဓိဉာဏ်သို့ရောက်ပြီးလျှင် ဘုံဘဝအသီးသီးသံသရာဝဋ်စက်ကြီးမှအပြီးတိုင်လွတ်ငြိမ်း၍ သန္တိသုခကိုရရှိခဲ့ဖူးလေပြီ။

သူရာပါနအကုသိုလ်ကံကို ဉာဏ်ဖြစ်အောင် အသုံးချတတ်သော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည်—

ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီအင်အား ပြည့်စုံပြီးသော ပုဂ္ဂိုလ်တစ်ဦးသည်လည်း ကာသိတိုင်း၌ ရှင် ရွာစား တစ်ဦးဖြစ်ခဲ့ပါသည်။ ထိုရွာစားကြီးသည် မိမိ ပိုင်ဆိုင်ရာ နယ်ပယ်အတွင်း၌ သေရည်သေရက်ရောင်းဝယ်ခြင်း အမှုကို တင်းကျပ်စွာတားဆီးပိတ်ပင်၍ ထားလေသည်။

တစ်နေ့သောအခါ ရွာသူရွာသားတို့က "သာမိ ပုဗ္ဗေ—ဧမယံ ကာလေ သူရာဆဏော—နာမဟောတိ ကိကရောမ" အရှင်ရွာစားကြီး၊ ရှေးအခါက ဤသို့သောအချိန်တွင် သူရာသောက်ပွဲ ကျင်းပလေ့ရှိကြပါသည်။

ယခုသူရာရောင်းဝယ်မှုကို ပိတ်ပင်ထားသဖြင့် ကျွန်ုပ်တို့ ဘယ်လိုလုပ်ရပါမည်နည်းဟု ပြောဆိုမေးမြန်းကြရာ" တုမှာကံ ပေါရာဏကနိယာမေ-နေဝ—ကရောထ"သင်တို့ ရှေးထုံးစဉ်လာရှိသည့်အတိုင်းသာ ပြုလုပ်ကြပါဟု အရက်သေစာ သောက်စားပွဲကျင်းပရန် ခွင့်ပြုစကား ပြောကြားလိုက်မိပါ

သည်။ ရှာစားကြီး၏အမိန့်အရ ရှာသူရှာသားတို့သည် သုရာသောက်ပွဲကျင်းပ၍ အရက်သေစာ သောက်စားမူးယစ်ကြသဖြင့် ခိုက်ရန်ဖြစ်ကြ၍ အချင်းချင်းရိုက်ကြ၊ နှက်ကြ၊ ထိုးကြ၊ ခုတ်ကြသောကြောင့် လက်ပြတ်၊ ခြေပြတ်၊ ခေါင်းကွဲစသည်တို့ကို ရှာစားကြီးတွေ့မြင်ရသောအခါ" မယိအနုဇာနန္တေ ဣမေ-ဣမံဒုက္ခံ န ဝိန္ဒေယျုံ "ငါကသာသုရာသောက်ရန်အခွင့်မပြုလျှင် ဒီလူတွေ ဒါလောက် ဒုက္ခ ရောက်မှာ မဟုတ်ဟုစဉ်းစားမိကာ မိမိ၏သုရာသောက်ခွင့်ပြုမိသည်ကို နောင်တတစ်ဖန်ပူပန်မှု(ခေါ်)ကုက္ကုစ္စဖြစ်၍ မိမိသန္တာန်၌ထင်ရှားဖြစ်ရှိနေသော ပူပန်မှု (ခေါ်) ကုက္ကုစ္စအကုသိုလ် ကံကိုလည်းကောင်း၊ သုရာပါဏ-ကံကို လွန်ကျူး မိစေရန် သူတစ်ပါးတို့အား ခွင့်ပြုစကား ပြောကြားတိုက်တွန်းသော မကောင်းမှုကံကိုလည်းကောင်း၊ သူတစ်ပါးတို့ သောက်စားမူးယစ်သော သုရာပါဏကံကိုလည်းကောင်း ဤသို့ပေါင်းစုမကောင်းမှု အကုသိုလ်ကံတို့ကို ဉာဏ်ဖြစ်အောင် အသုံးချနိုင်သဖြင့်(ဝါ)အကုသိုလ်ကံ၊ အကုသိုလ်ကံ၏အကျိုးကို ဉာဏ်ဖြစ်အောင် အသုံးချတတ်သောကြောင့် ပစ္စေကဗောဓိဉာဏ်သို့ရောက်ပြီးလျှင် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်မြောက်၍ သန္တိသုခရရှိတော်မူခဲ့ဖူးလေပြီ။

မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော သောက စသည်တို့ကို ဉာဏ်ဖြစ်အောင် အသုံးချသော ဝတ္ထုသက်သေကို ညွှန်ပြပါဦးမည်—

ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီအင်အား ပြည့်စုံပြီး သော ပုဂ္ဂိုလ်တစ်ဦးသည်လည်း ကဿပမြတ်စွာဘုရား၏ သာသနာတော်တွင် ရဟန်းပြုခဲ့၍ နှစ်ပေါင်းနှစ်သောင်း တိုင်တိုင် ရဟန်းတရားကို အားထုတ်ခဲ့သောကြောင့် ပထမ စျာန်ကို ရရှိခဲ့လေပြီ။ ၎င်းသည် နာမ်ရုပ်တရားတို့ကို လက္ခဏာ တင်၍ သုံးသပ်အပ်သော လက္ခဏာသမ္မသနဉာဏ်ကို သုံးသပ် ဆင်ခြင်ပါသော်လည်း အရိယမဂ်ဉာဏ်ကို မရရှိခဲ့မူ၍ ဗြဟ္မာ ပြည်၌သာ ဖြစ်ခဲ့လေပြီ။ ဗြဟ္မာပြည်မှ စုတေရွေ့လျားသော အခါ ဗာရဏသီမင်းကြီး၏ အဂ္ဂမဟေသီဝမ်းတွင် ပဋိသန္ဓေ နေခဲ့၍ ဖွားမြင်လာသောအခါ အမျိုးသမီးတို့ ထိတွေ့ကိုင်ယူ ချီပွေ့ခဲ့သော် ထိုအမျိုးသမီးတို့ ချီပွေ့ကိုင်တွယ်ခြင်းစသည် တို့ကို မနှစ်သက်ခဲ့ပေ၊ ၎င်း သတို့သားကို အမျိုးသားများ သာ ချီပွေ့ကိုင်တွယ် ပြုစုကြလေသည်။ သိကြားလိမ္မာသော အရွယ်သို့ ရောက်လာပါသော်လည်း အမျိုးသမီးတို့ကို မကြည့် လို မမြင်လိုပေ။ ထိုသတို့သားသည် အမျိုးသမီးတို့၏ အနံ့ကို မခံယူနိုင်ပါ။

၎င်း သတို့သား တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက် သောအခါတွင် ဗာရဏသီမင်းတရားသည် သားတော်ကို အမျိုးသမီးတို့နှင့် ဖြေဖျော်ရန် အမတ်တစ်ယောက်ကို ရာထူး ခန့်၍ ဖြေဖျော်စေသော် အမျိုးသမီးတို့၏ သီချင်းသံကိုကြား ခါမျှနှင့် အမတ်ကြီးနှင့်တကွ အမျိုးသမီးတို့ကို မောင်းမဲ နှင်ထုတ်ခဲ့လေပြီ။ မယ်တော် ခမည်းတော်တို့၏ အတင်း

အကျပ် အမျိုးသမီးများနှင့် မေ့လျော်ရန် တိုက်တွန်းလာသောအခါ ထိုအနိတ္ထိဂန္ဓမင်းသားသည် အလွန်လှပချောမောသော ရွှေရုပ်ကိုထုလုပ်စေ၍ ဤသို့တိုင် လှပချောမောသော သတို့သမီးကိုရရှိပါလျှင် အမျိုးသမီးတို့နှင့် မေ့လျော်ပါမည်ဟု မရမရှိနိုင်ဟုထင်မှတ်၍ ပြောကြားလိုက်ရာ မယ်တော်ကြီးက ငါတို့သားသည် ဘုန်းရှင် ကံရှင် ပါရမီရှင်ဖြစ်သည်။ ငါတို့သားနှင့် ပါရမီဖြည့်ဘက်ဖြစ်သော အမျိုးသမီးသည် ဤကမ္ဘာလောကထဲ၌ ဧကန်ရှိရပေမည်ဟု နှလုံးထားပြီးလျှင် ရွှေရုပ်ကို ရထားထက်တွင်တင်၍ ဤရွှေရုပ်နှင့်တူသော သတို့သမီးကို ဇမ္ဗူဒီပါတစ်ကျွန်းလုံး နှံ့အောင် ရှာဖွေကြစေ၊ ရွှေရုပ်နှင့်တူသော သတို့သမီးကိုတွေ့ရှိခဲ့လျှင် ရွှေရုပ်ကို လက်ဆောင်အဖြစ် အပ်နှင်းပြီး ထိုအမျိုးသမီးကို ခေါ်ဆောင်ခဲ့ကြရမည်ဟု အမိန့်ပေးကာ အမတ်တို့ကို စေလွှတ် ရှာဖွေစေတော့သည်။

အမတ်ကြီးတို့သည် ရွှေရုပ်ကိုရထားထက်၌တင်၍ အမျိုးမျိုးသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဇမ္ဗူဒီပါတစ်ကျွန်းလုံးတွင်ရှိသော တိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းနှင့် မြို့ရွာနိဂုံးတို့သို့ လှည့်လည်လျက် ရှာဖွေကြရာ ရွှေရုပ်နှင့်တူသော အမျိုးသမီးကို မည်သည့်မြို့ရွာတွင်မျှ မတွေ့ရှိကြကုန်။ မဒ္ဒတိုင်းကိုသော် တိုင်းငယ်ပြည်ငယ်ဖြစ်သောကြောင့် အထင်သေးကာ မဝင်ရောက်ခဲ့ပေ။ အမတ်ကြီးတို့သည် ဗာရာဏသီသို့ ပြန်ခါနီးတွင် ငါတို့မဒ္ဒတိုင်းကိုလည်း ဝင်ရောက်သင့်သည်ဟု

တိုင်ပင်ကြ၍ မဒ္ဒတိုင်းသို့ဝင်ရောက်လျက် မြစ်ဆိပ်တွင် ရွှေရုပ်ကို ထားကာ စုံစမ်းကြကုန်၏။ မဒ္ဒတိုင်းသာဂလမြို့၌ တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ မဒ္ဒမင်းကြီး၏သမီးတော်သည် အနိဋ္ဌိဂန္ဓမင်းသား ထုလုပ်ထားသောရွှေရုပ်ထက် များစွာပိုလွန်ချော မောလှပလေသည်။

ထိုမင်းသမီးကလေး၏ အထိန်းတော်တို့သည် ရေချိုးရန် ရေဆိပ်သို့ သွားကြရာ အမတ်ကြီးများချထားသော ရွှေရုပ်ကို တွေ့မြင်သဖြင့် မိမိတို့၏ သခင်မကလေးဟု ထင်မှတ်ကာ ရွှေရုပ်အနီးသို့ကပ်၍ ကြည့်ရှုကြသော် ငါတို့နှယ် ဤမျှကြမ်းတမ်းလှသော ရုပ်အဆင်းရှိသော ရွှေရုပ်ကို ငါတို့သခင်မ ထင်မှတ်မိလေခြင်းဟု ပြောဆိုကြသည်ကို အမတ်ကြီးများ ကြားသိရ၍ အကြောင်းစုံကို မေးမြန်းပြောဆိုပြီးလျှင် မဒ္ဒမင်းကြီးထံသို့ ရွှေရုပ်နှင့်အတူ ဝင်ရောက်ခစားကြ၍ သမီးတော်အတွက် ရွှေရုပ်ကို လက်ဆောင်အဖြစ် ဆက်သကြလေသည်။

မဒ္ဒမင်းကြီးကလည်း သဘောတူသဖြင့် ရွှေရုပ်ကိုလက်ခံတော်မူလိုက်ပါသည်။ ကိစ္စအားလုံးပြည့်စုံသောအခါ အမတ်ကြီးတို့သည် ဗာရာဏသီမင်းကြီးထံသို့ အနိဋ္ဌိဂန္ဓမင်းသား ထုလုပ်ပေးလိုက်သော ရွှေရုပ်ထက် အဆများစွာ သာလွန်လှပသော သတို့သမီးကို မဒ္ဒတိုင်းသာဂလမြို့မှ မဒ္ဒမင်းကြီး၏ သမီးတော်ကိုရရှိပါပြီ။ အသင်မင်းကြီးတို့ ကိုယ်တော်တိုင်ပင်

လာရောက် ဆောင်ယူပါမည်လား ကျွန်ုပ်တို့ပင် ဆောင်ယူလာခဲ့ရပါမည်လားဟု တမန်စေလွှတ် လျှောက်တင်ကြလေသည်။

ဗာရာဏသီမင်းကြီးသည် မိမိကိုယ်တိုင်ထွက်ခဲ့၍ သတို့သမီးကို ဆောင်ယူသော် ဇနပုဒ်သူ ဇနပုဒ်သားများ ပင်ပန်းကြလိမ့်မည်ဟု နှလုံးသွင်း၍ သမီးကညာ သတို့သမီးရတနာကို သင်တို့သာ ဆောင်ယူခဲ့ကြကုန်လောဟု အမိန့်စကားပြန်ကြားလိုက်လေသည်။ အမတ်ကြီးတို့သည် ရွှေရုပ်မက လှပသော မင်းသမီးကလေးကို ဆောင်ယူကြ၍ သာဂလမြို့မှထွက်ခွာကြစဉ် အနိတ္ထိဂန္ဓမင်းသားကလေးထံသို့ တမန်စေလွှတ်၍ အသင်မင်းသား ထုလုပ်ပေးလိုက်သော ရွှေရုပ်ထက် အဆများစွာ ပိုလွန်လှပသော မင်းသမီးကလေးကို မဒ္ဒတိုင်း သာဂလမြို့မှ ရရှိပါပြီဟု လျှောက်တင်ကြလေသည်။

အနိတ္ထိဂန္ဓမင်းသားကလေးသည် ရွှေရုပ်ထက် ပိုလွန်လှပသော မင်းသမီးကလေးကို ရရှိပါပြီဆိုသော အသံကိုကြားရရုံမျှဖြင့် ရုပ်အဆင်းကို မမြင်ရသေးမီပင် တပ်မက်သော ရာဂဖြင့် လွှမ်းမိုးနှိပ်စက်သည်ဖြစ်၍ ရရှိပြီးသော ပထမစျာန်မှ ဆုတ်ယုတ်လျှော့ကျပါလေတော့သည်။ အမျိုးသမီးများ၏ အနံ့ကိုပင်မခံနိုင်သော ထိုအနိတ္ထိဂန္ဓမင်းသားကလေးသည် စျာန်မှ ဆုတ်ယုတ်ကျသောကြောင့် ရာဂဖြင့် လွှမ်းမိုး နှိပ်စက်ခြင်းကို ခံရသဖြင့် မင်းသမီးလေးကို ခပ်မြန်မြန်ဆောင်ယူခဲ့ကြပါ။ ခပ်မြန်မြန် ဆောင်ယူခဲ့ကြပါဟု တမန်အဆက်ဆက် စေလွှတ်လေတော့သည်။

မင်းသမီးကလေးကို ဆောင်ယူခဲ့ကြကုန်သော နှစ်အမတ်တို့ကလည်း မင်းသားကလေးက စေလွှတ်လိုက်သော တမန်တို့၏စကားကြောင့် လမ်းခရီးတစ်လျှောက်တွင် တစ်ညမျှသာ နားနေ၍ ဗာရာဏသီသို့ အမြန်ရောက်အောင် ခရီးပြင်းဆောင်လာခဲ့ကြရာ ဗာရာဏသီသို့ ရောက်လျှင် ရောက်ချင်း မြို့ပြင်၌ ရပ်နားလျက် မင်းသမီးကလေးကို ယခုပင်မြို့တွင်းသို့ ခေါ်ဆောင်ခဲ့ရမှာလား၊ မခေါ်ဆောင်ခဲ့ရသေးဘူးလားဟု ဗာရာဏသီမင်းကြီးထံသို့ အမိန့်ခံကြလေသည်။

ဗာရာဏသီမင်းကြီးက သမီးကညာရတနာကို မြတ်သော အမျိုးမှ ဆောင်ယူခဲ့ခြင်းဖြစ်သည်။ ကြီးကျယ်ခမ်းနားသော မင်္ဂလာကိုပြု၍ ခမ်းခမ်းနားနား မြို့တွင်းသို့ ဆောင်ယူမည်ဟူသော စိတ်ထားဖြင့် ထိုမင်းသမီးကလေးကို ယနေ့အဖို့ ဥယျာဉ်တော် အတွင်းသို့သာ ဆောင်ယူ၍ ကောင်းမွန်စွာ စောင့်ရှောက်ထားဖို့ရန် ညွှန်ကြားလိုက်လေသည်။ အမတ်ကြီးတို့ကလည်း ဥယျာဉ်တော်သို့ မင်းသမီးကလေးကိုဆောင်ယူ၍ ကောင်းမွန်စွာ စောင့်ရှောက်ထားကြလေသည်။

မင်းသမီးကလေးသည် အလွန်နူးညံ့ သိမ်မွေ့သည် ဖြစ်၍ ခရီးကြမ်းမသွားလာဖူးသဖြင့် ကြမ်းတမ်းသောလမ်းခရီး၌ ရထားယာဉ်၏ဆောင့်ခြင်း၊ တုန်လှုပ်ခြင်းတို့ဖြင့် နှိပ်စက်သောကြောင့်လည်းကောင်း၊ ခရီးပန်းလှသဖြင့်လည်းကောင်း လေရောဂါဖြစ်၍ ညှိုးနွမ်းသောကြာပန်းကဲ့သို့ဖြစ်ခါ ညတွင်း ချင်းပင် ကွယ်လွန်ရရှာလေတော့သည်။

မင်းသမီးကိုရှာဖွေခေါ် ဆောင်ခဲ့ကြကုန်သော အမတ်တို့သည် ကြီးစွာသောလာဘ်လာဘမှ ဆုတ်ယုတ်ကြသဖြင့် ပြင်းထန်စွာငိုကြွေးကြလေကုန်တော့သည်။ မင်းနှင့်ပြည်သူအပေါင်းတို့ကလည်း အမျိုးပြတ်ပြီဟု တမ်းတငိုကြွေးကြလေကုန်ပါတော့သည်။ ထိုသတင်းကို မင်းသားကလေးကြားသိရသောအခါ အနိတ္ထိဂန္ဓမင်းသားကလေးသည် ကြီးမားလှစွာသော သောကမီးတောက်၍ ပြင်းထန်စွာ ငိုကြွေးပူဆွေးခြင်းသို့ ရောက်ရပါတော့သည်။

သောကစသော မီးတောက်ကြီးပြင်းထန်လာသောအခါ အနိတ္ထိဂန္ဓမင်းသားကလေးသည် သောကစသည်တို့၏အမြစ်အရင်းမူလကို တူးဖို့ရန် စဉ်းစားစုံစမ်းဆင်ခြင်ပါသည်။ မိမိသန္တာန်၌ ထိုသောကစသော ဆင်းရဲပင်ပန်းမှုသည် ဘာကြောင့် ဖြစ်ပေါ်လာပါသနည်း။ သာမန်စဉ်းစားလျှင် မင်းသမီးကလေး သေဆုံးပျက်စီးမှုကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အနိတ္ထိဂန္ဓမင်းသားကလေး ဆင်ခြင်စုံစမ်းပုံကား ထိုသို့မဟုတ်ပါ။

"အယံ သောကော နာမ–အဇာတဿဟောတိ–
ဇာတဿေဝ ဟောတိ–တသ္မာဇာတိပစ္စယာသောကော"

မိမိသန္တာန်၌ ယခုထင်ရှားဖြစ်ရှိနေသော သောကသည်တို့သည် ပဋိသန္ဓေဇာတိမရှိသောသူအား ဖြစ်ရှိသည်မဟုတ်၊ ပဋိသန္ဓေဇာတိရှိသော ပုဂ္ဂိုလ်မှာသာ ရှိဖြစ်နိုင်ပါသည်။

ထို့ကြောင့် ဇာတိကိုစွဲမှီ၍ (ဝါ) ဇာတိကြောင့် သောက စသည် ဖြစ်ရှိသည်ဟု အသိဉာဏ်ဖြစ်အောင် အသုံးချလိုက် ပါလေသည်။

တစ်ဖန် ဇာတိကား ဘာကြောင့်ဖြစ်သနည်းဟု ဆင်ခြင် ပြန်သော် ဇာတိသည် ကမ္မဘဝကြောင့်ဖြစ်သည်ဟု အသိ ဉာဏ်ဖြစ်အောင် အသုံးချပြန်ပါသည်။ ဤသို့စသည်ဖြင့် ကမ္မ ဘဝသည် ဥပါဒါန်ကြောင့်၊ ဥပါဒါန်သည် တဏှာကြောင့်၊ တဏှာသည် ဝေဒနာကြောင့်၊ ဝေဒနာသည် ဖဿကြောင့်၊ ဖဿသည် သဠာယတနကြောင့်၊ သဠာယတနသည် နာမ် ရုပ် ကြောင့်၊နာမ်ရုပ်သည် ဝိညာဉ်ကြောင့်၊ ဝိညာဉ်သည် သင်္ခါရ ကြောင့်၊ သင်္ခါရသည် အဝိဇ္ဇာကြောင့်ဟု တရားမှန်ကိုနှလုံး သွင်းလျက် အထက်ပါတရားစုတို့ကို အပြန်အလှန်နှလုံးသွင်း ၍ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတွေသာဖြစ် သည်ဟု မိမိသန္တာန်၌ဖြစ်ရှိနေသော သောကစသည်ကို အသိ ဉာဏ်ဖြစ်အောင် အသုံးချနိုင်သဖြင့် မျက်ရည်မှမခြောက်သေး မီပင် ပစ္စေကဗောဓိဉာဏ်သို့ရောက်ရှိလျက် ဘုံဘဝအသိဉ်းသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်ငြိမ်း၍ သန္တိသုခကိုရရှိ တော်မူခဲ့ဖူးလေပြီ။

ဤသို့ စသည်ဖြင့် မိမိသန္တာန်၊ သူတစ်ပါးတို့သန္တာန်၌ ဖြစ်ရှိနေသော ကာမစ္ဆန္ဒ (ခေါ်) လောဘတရားကိုလည်း ကောင်း၊ ဗျာပါဒ (ခေါ်) ဒေါသတရားကိုလည်းကောင်း၊

ထိနမိဒ္ဓ (ခေါ်) မောဟတရားကိုသည်းကောင်း၊ ဥဒ္ဓစ္စ ကုက္ကုစ္စ တရားကိုလည်းကောင်း၊ ဝိစိကိစ္ဆာတရားကိုလည်း ကောင်း ဤအကုသိုလ်တရားစုတို့ကို ဉာဏ်ဖြစ်အောင် အသုံး ချပုံ၊ အသုံးချနည်းတို့သည် ရှင်တော်ဗုဒ္ဓ၏ ပိဋကတ်ကျမ်း စာတို့၌ ထင်ရှားစွာမိန့်ဆိုလျက် ရှိကြပါသည်။ ဤဆိုခဲ့သော စကားအစဉ်တို့၌ အထူးသတိပြုရန်မှာ အကုသိုလ်ကံနှင့် အကု သိုလ်ကံများကို ဉာဏ်ဖြစ်အောင်ပြုလုပ်သည်ဆိုရာ၌အကုသိုလ် နှင့်အကုသိုလ်ကံတို့ကတော့ဉာဏ်ဖြစ်လာသည်မဟုတ်ပါ။ ယင်း အကုသိုလ်တရားနှင့် အကုသိုလ်ကံတရားတို့ကို အကြောင်း တရား၊ အကျိုးတရားနှင့်တကွ ဟုတ်မှန်စွာပိုင်းခြား၍ သိ ခြင်းသို့ရောက်သည်ကိုသာ သမ္မာဒိဋ္ဌိ၊ ဝိဇ္ဇာဉာဏ်ပညာဖြစ် သည်ဟု အထူးသတိပြု၍မှတ်ယူပါ။

အကုသိုလ်ကံမှာ–အကုသလကမ္မ၊ အကုသလကမ္မသတ္တိဟု နှစ်မျိုးရှိသည်ကိုလည်း ခွဲခြား၍အသိဉာဏ်ရောက်ပါ။ ပါဏာ တိပါတစသော ထိုထိုမကောင်းမှုများကို ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ပြုလုပ်ပြောဆိုကြံစည်မှု ပြီးစီးအောင်မြင်မှုများကို အကုသလကမ္မဟု ခေါ်ဆိုပါ သည်။

ထိုအကုသလကမ္မကို ပြုလုပ်ပြောဆိုကြံစည်ပါဝင်ခဲ့သော အမှားအမှန်ကိုမသိမှု၊ အဝိဇ္ဇာ၊ ငါ–ငါ့ဥစ္စာဟု စွဲယူမှု၊ ဒိဋ္ဌိတဏှာတို့ကို သမ္မသတ္တိဟုခေါ်ဆိုပါသည်။ မိမိတို့သန္တာန်

၌ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံ၊ ကုသိုလ်ကံတို့သည် အဝိဇ္ဇာဒိဋ္ဌိ၊ တဏှာဆိုသော ကမ္မသတ္တိရှိမှသာ မကောင်းကျိုး ကောင်းကျိုးတို့ကို ပေးစွမ်းနိုင်ပါသည်။ ကမ္မသတ္တိမရှိခဲ့ သော် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်ခြင်းမရှိတော့ပါ။ သမ္မာသတ္တိ ကုန်ခန်း၍ အကျိုးပေးနိုင်စွမ်း မရှိသည်ကိုပင် အဟောင်း ဖြစ်သောကံကုန်၍ အသစ်ဖြစ်သောကံလည်း မရှိတော့ပြီဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အယူဝါဒသည် ကံကိုမပယ်မသတ် ဟူ၍ ကမ္မသတ္တိခေါ် အဝိဇ္ဇာနှင့် တဏှာဒိဋ္ဌိတို့ကိုသာ ပယ် သတ်သော အယူဝါဒဖြစ်ပါသည်။ ရှင်တော်ဗုဒ္ဓကိုယ်တော် တိုင်ကလည်း ကံကိုမပယ်မသတ်မူ၍ ကမ္မသတ္တိ(ခေါ်)အဝိဇ္ဇာ နှင့် တဏှာဒိဋ္ဌိတို့ကိုသာ ပယ်သတ်ရန် လမ်းညွှန်တော်မူခဲ့ပါ သည်။ ဆိုခဲ့ပြီးသော သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို မပယ်မသတ်ဟူ၍ ကုသိုလ်ကံ၊ အကုသိုလ် ကံတို့၌ပါရှိသော ကမ္မသတ္တိ (ခေါ်) အဝိဇ္ဇာနှင့် တဏှာဒိဋ္ဌိ တရားတို့ကိုသာ အကြွင်းအကျန်မရှိ အမြစ်ပြတ်အောင် ပယ်သတ်သောအစွမ်းသတ္တိသာ ရှိပါသည်။

ထို့ကြောင့် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကြောင့် ကမ္မသတ္တိ ကုန် ခန်း၍ တစ်ဖန် ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်သော် လည်း ကံ၏အစွမ်းဖြင့် လက်ရှိဘဝမှာ ရှင်တော်ဗုဒ္ဓသည်ပင် ခါးတော်ကိုက်ခဲခြင်း၊ ဦးခေါင်းတော်ကိုက်ခဲခြင်း၊ ခြေမတော်

ကို ခါးနှင့်အခွဲခံရခြင်းစသည်တို့ကို ခံတော်မူရ၍ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည်လည်း ခိုးသားငါးရာတို့၏ ရိုက်နှက် သတ်ဖြတ်ခြင်းကို ခံတော်မူရ ရှာပါးလေသေးသည်။ ကျမ်းစာတို့၌ ဤသို့ကမ္မသတ္တိကုန်သည်ကိုပင် ဓိဏာဇာတိဟု သုံးတော်မူကြပါသည်။ ယခုအခါ ဆိုခဲ့ပြီးသော ကာမစ္ဆန္ဒစသော လောဘစသည့် အကုသိုလ်တရားတို့ကိုဉာဏ်ဖြစ်အောင် အသုံးချပုံ အသုံးချနည်းတို့ကို အနည်းငယ်ဆက်၍ ညွှန်ပြပါဦးမည်။

မိမိသန္တာန်၌ ကာမစ္ဆန္ဒ(ခေါ်)လောဘအရေးထင်ရှားဖြစ်ရှိနေပါလျှင် မိမိ၌ ကာမစ္ဆန္ဒတရား ထင်ရှားဖြစ်ရှိနေသည်ဟု အသိဉာဏ်ရောက်ပါ။ အသိဉာဏ်ရောက်ရှိရပုံမှာ မိမိမှာထင်ရှားဖြစ်ရှိနေသော ကာမစ္ဆန္ဒတရားကို ကာမ+ဆန္ဒဟု နှစ်မျိုးခွဲ၍ အသိဉာဏ်ရောက်ပါစေ။ ကာမဆိုသည်မှာကား လိုချင်စရာဖြစ်သောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိမျိုးစုံတို့ဖြစ်၍ ၎င်းတို့ကို ရုပ်တရားဟု အသိဉာဏ်ရောက်ပါ။ ဆန္ဒဆိုသည်ကား လောဘတရားပင်ဖြစ်ပါသည်။ ၎င်းကိုနာမ်တရားဟု အသိဉာဏ်ရောက်ပါ။

ဤသည့်ရုပ်၊ နာမ်တရားနှစ်ပါးတို့သည်ပုဂ္ဂိုလ်၊ သတ္တဝါ၊ငါ သူတစ်ပါး၊ ယောကျ်ား မိန်းမတို့ မဟုတ်ကြကုန်မူ၍ ဖောက်ပြန်ခြင်းသဘော၊ အာရုံရှိရာသို့ ညွှတ်ကိုင်းခြင်းသဘောတို့မျှသာ ဖြစ်ကြကုန်၏ဟု သဘောမှန် တရားနှစ်မျိုးသာရှိခဲ့သည်

ကို ခွဲခြား၍ အသိဉာဏ်ရောက်အောင် ကာမစ္ဆန္ဒတရားကို အသုံးချပါ။ ကာမစ္ဆန္ဒတရား၌ ဤသို့အသိဉာဏ် ရောက်ပါလျှင် နာမရူပ၊ ပရိစ္ဆေဒ(ခေါ်) နာမ်၊ ရုပ်ကို သဘောအားဖြင့် ခွဲခြားပိုင်းခြား၍သိသော ဝိဇ္ဇာဉာဏ် ဖြစ်နိုင်ပါသည်။ နာမရူပ၊ပရိစ္ဆေဒ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပါလျှင် ဒိဋ္ဌိဝိသုဒ္ဓိ(ခေါ်) သော အယူအကျင့်အစွဲ စင်ကြယ်ခြင်းဖြစ်နိုင်ပါသည်။

တစ်ဖန် ဤသည့်ရုပ်နာမ်တရားနှစ်ပါးတို့သည် လူ၊ နတ်၊ ဗြဟ္မာ၊ပုဂ္ဂိုလ်သတ္တဝါတို့က ပြုလုပ်ဖန်ဆင်း၍ ဖြစ်ကြသည် မဟုတ်။ ရုပ်တရားအတွက် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ။ နာမ်တရားအတွက် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ဖဿတရားတို့ကြောင့်သာ ဖြစ်ကြရသည်ဟု အသိဉာဏ်ရောက်အောင် ကာမစ္ဆန္ဒတရားကို အသုံးချပါ။ ညွှန်ပြခဲ့သောအတိုင်း ဤသို့အသိဉာဏ်ရောက်ပါလျှင် ဤရုပ်နာမ်တရား နှစ်ပါးတို့သည် အတိတ်၊ အနာဂတ်ပစ္စုပ္ပန်ကာလသုံးပါးတို့၌ညွှန်ပြခဲ့သောအ ကြောင်းတရားတို့ကြောင့်သာ ဖြစ်ပေါ်ခဲ့၏။ ဖြစ်ပေါ်လတ္တံ့ ဖြစ်ပေါ်နေဆဲဟု အသိဉာဏ်ရောက်နိုင်ပါသည်။ ကာမစ္ဆန္ဒတရား၌ ဤသို့ အသိဉာဏ်ရောက်အောင် အသုံးချနိုင်ပါလျှင် ပစ္စယ၊ ပရိဂ္ဂဟ(ခေါ်)သော ရုပ်၊နာမ်တရားနှစ်ပါးတို့၏ဖြစ်ကြောင်းတရားတို့ကို သိမ်းဆည်းသိမြင်နိုင်သော အသိဉာဏ်ဝိဇ္ဇာဖြစ်ရှိနိုင်ပါသည်။ ပစ္စယ၊ပရိဂ္ဂဟ ဝိဇ္ဇာဉာဏ်ဖြစ်ရှိပါလျှင် အတိတ် အနာဂတ်ပစ္စုပ္ပန်ကာလသုံးပါးတို့၌ ငါဖြစ်ခဲ့သလား၊ ငါ မဖြစ်ခဲ့ဖူးလား၊ငါဖြစ်ဦးမှာလား၊ ငါမဖြစ်တော့ဘူးလား၊

ငါဖြစ်နေသလား ဖြစ်မနေဘူးလား စသည်တို့ဖြင့်ယုံမှား သံသယရှိခြင်းတို့ကို လွှန်မြောက်နိုင်သော အသိဉာဏ်ဝိဇ္ဇာ၏ စင်ကြယ်ခြင်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်နိုင်ပါသည်။

ဤသို့လျှင် ကာမစ္ဆန္ဒအကုသိုလ်တရားကို ဒိဋ္ဌိဝိသုဒ္ဓိ-ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ(ခေါ်)နာမ၊ရူပ၊ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိ ဂ္ဂဟဉာဏ်ဖြစ်အောင်း အသုံးချပြီးလျှင် ထိုနာမ၊ရူပ၊ပရိစ္ဆေဒ ဉာဏ်၊ ပစ္စယပရိဂ္ဂဉာဏ်နှစ်ပါး၌တည်လျက် နာမ်၊ ရုပ်တရား နှစ်ပါးတို့ကို လက္ခဏာတင်ကာ သုံးသပ်ဆင်ခြင်ရပါမည်၊ သုံးသပ်ဆင်ခြင်ရပုံမှာ– အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ သုံးပါးရုပ်တို့၌ဖြစ်းပြီးဖြစ်ဆဲ၊ဖြစ်ဦ တွံ့စသော ရုပ်နာမ်၊ခန္ဓာ တရားတို့သည် အခိုက်အတန့်သာ တည်နေသော သဘော လက္ခဏာကြောင့် အနိစ္စ တို့ သည် သာ ဖြစ် ကြကုန်၏ ဟု လည်းကောင်း၊ဖြစ်ပျက်နှစ်ရပ် မပြတ်တစေ နှိပ်စက်နေသော ဘေးဆိုးကြီးသင့်နေသော သဘောလက္ခဏာကြောင့် အနိစ္စ၊ ဒုက္ခဟုလည်းကောင်း၊ မည်သူ၏အလိုအကြိုက်ကိုမှ မလိုက်ပါ သော သဘောလက္ခဏာကြောင့် အနတ္တဟုလည်းကောင်းသုံး သပ်ဆင်ခြင်ရပါမည်။ “ဤနေရာ၌ အခိုက်အတန့်သာ တည်နေ ခြင်း၊ ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်နေခြင်း၊ မည်သူ၏အလို အကြိုက်ကိုမှ မလိုက်ပါခြင်းတို့ကို လက္ခဏာဟု မှတ်ယူပါ။ ရုပ်နာမ်တရားနှစ်ပါးတို့ကိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မှတ်ယူပါ။

ညွှန်ပြခဲ့သောနည်းဖြင့် ကာမစ္ဆန္ဒ အကုသိုလ်တရားကိုသုံး သပ်ဆင်ခြင်နိုင်ပါလျှင် လက္ခဏာ၊ သမ္မသနဉာဏ် ဖြစ်နိုင်ပါ

သည်။ ကာမစ္ဆန္ဒအကုသိုလ်တရားကိုလက္ခဏာသမ္မသနဉာဏ်ဖြစ်အောင် အသုံးချပါ။ လက္ခဏာသမ္မသနဉာဏ်ဖြစ်နိုင်ပါသည်။ ကာမစ္ဆန္ဒအကုသိုလ်တရားကိုလက္ခဏာသမ္မသနဉာဏ်ဖြစ်အောင် အသုံးချပါ။ လက္ခဏာသမ္မသနဉာဏ် သန့်ရှင်းစွာ အမြင်သန့်ပါလျှင် ကာမစ္ဆန္ဒတရား၏သဘောလက္ခဏာတို့ကို ဟုတ်မှန်စွာပိုင်းခြား၍သိသော ယထာဘူတဉာဏ် ဖြစ်နိုင်ပါသည်။ ယထာဘူတဉာဏ် သန့်ရှင်းစွာအမြင်သန့်ပါလျှင် ကာမစ္ဆန္ဒအကုသိုလ်တရား၌ပျင်းမုန်းငြီးငွေ့သောနိဗ္ဗိဒါဉာဏ်ဖြစ်နိုင်ပါသည်။ နိဗ္ဗိဒါဉာဏ် သန့်ရှင်းစွာအမြင်သန့်ပါလျှင် ကာမစ္ဆန္ဒအကုသိုတရား၌ ငါ-ငါ၏ဥစ္စာဟု စွဲယူခြင်းကင်းသောအသိဉာဏ်ဖြစ်နိုင်ပါသည်။ ကာမစ္ဆန္ဒ အကုသိုလ်တရား၌ ငါ ငါ၏ဥစ္စာဟု စွဲယူခြင်းကင်းသော အသိဉာဏ်သန့်ရှင်းစွာ အမြင်သန့်ပါလျှင် ကာမစ္ဆန္ဒ အကုသိုလ်တရားမှ လွတ်မြောက်၍ ကာမစ္ဆန္ဒအကုသိုလ်တရားမှလွတ်မြောက်ပြီးဟုသိသော အသိဉာဏ်ဖြစ်နိုင်ပါသည်။

ယခု ညွှန်ပြခဲ့သော ကာမစ္ဆန္ဒ အကုသိုလ်တရားကိုဉာဏ်ဖြစ်အောင်အသုံးချနည်း ညွှန်ပြချက်ကို အထပ်ထပ်အခါခါ သဘောပေါက်အောင် လေ့လာ၍ မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကာမစ္ဆန္ဒအကုသိုလ်တရားကို ညွှန်ပြခဲ့သော ဉာဏ်အဆင့်ဆင့်ဖြစ်အောင် အသုံးချနိုင်ပါသည်။

နောက်တစ်နည်းအားဖြင့် ကာမစ္ဆန္ဒအကုသိုလ်ကိုဉာဏ်ဖြစ်အောင် အသုံးချနည်း—

(က) မိမိသန္တာန်၌ မပြတ်မပြတ်ဖြစ်ခြင်း၏ အစွမ်းဖြင့် ထင်ရှားဖြစ်ရှိသော ကာမစ္ဆန္ဒကို ငါ၏သန္တာန်၌ ကာမစ္ဆန္ဒတရား ဖြစ်ရှိနေ၏ဟု အမှန်အတိုင်းအသိ ဉာဏ်ရောက်ပါ။

(ခ) မိမိသန္တာန်၌ အတော်ကြာအောင် မဖြစ်ခြင်း ကြောင့်ဖြစ်စေ၊ မဂ်ဖြင့်ပယ်အပ်ပြီးသောကြောင့် ဖြစ်စေ၊ မဖြစ်မရှိသော ကာမစ္ဆန္ဒ ကိုလည်းငါ၏ သန္တာန်၌ ကာမဆန္ဒ မဖြစ်မရှိဟု အမှန်အတိုင်း အသိဉာဏ်ရောက်ပါ။

(ဂ) တင့်တယ်သော တင့်တယ်သည်ဟု မှတ်ထင်သော သုဘနိမိတ်ကို မသင့်မလျော် နှလုံး သွင်းခြင်း ကြောင့် မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်သည်ဟု ကာမစ္ဆန္ဒ ဖြစ်ကြောင်းကိုလည်း အမှန်အတိုင်း အသိဉာဏ်ရောက်အောင် အသုံးချပါ။

(ဃ) မတင့်တယ်သော အသုဘနိမိတ်ကို သင့်လျော် အောင် နှလုံးသွင်းခြင်းဟူသော အကြောင်း ကြောင့် မိမိသန္တာန်၌ဖြစ်နေသော ကာမစ္ဆန္ဒကို တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပယ်နိုင်ကြောင်းကိုလည်း အမှန်အတိုင်း အသိဉာဏ် ရောက်အောင် အသုံး ချပါ။

(င) အရိယာမဂ်ဟူသော အကြောင်းကြောင့် ပယ်ပြီးသောကာမစ္ဆန္ဒ၏ နောက်တစ်ဖန် မဖြစ်ခြင်း၏ အကြောင်းဖြစ်သော အရိယာမဂ်ကိုလည်း အမှန်အတိုင်း အသိဉာဏ်ရောက်အောင် အသုံးချပါ။

ဤသို့ အသိဉာဏ်ရောက်ခြင်းဖြင့်လည်း မိမိသန္တာန်၌ဖြစ်ရှိနေသော ကာမစ္ဆန္ဒတရားကို အသိဉာဏ်ရောက်အောင် အသုံးချနိုင်ပါသည်။

နောက်တစ်နည်းအားဖြင့် မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကာမစ္ဆန္ဒ အကုသိုလ်တရားကို ဉာဏ်ဖြစ်အောင်အသုံးချပုံမှာ မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကာမစ္ဆန္ဒကို ကာမ+ဆန္ဒဟုနှစ်မျိုးခွဲခြား၍ အသိဉာဏ်ရောက်အောင်အသုံးချပါ။ ကာမဆိုသည်မှာ လိုခြင်း၊ တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ မြတ်နိုးခြင်း၊ တောင့်တအပ်သော အဆင်းမျိုးစုံ–ရူပါရုံ။ အသံမျိုးစုံ–သဒ္ဒါရုံ၊ အနံ့မျိုးစုံ– ဂန္ဓာရုံ၊ အရသာမျိုးစုံ–ရသာရုံ။အထိအတွေ့မျိုးစုံ–ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ရုပ်တရားတို့ဖြစ်သည်ဟု အသိဉာဏ်ရောက်အောင်အသုံးချပါ။ ဆန္ဒဆိုသည်မှာ–လိုခြင်း၊ စုံမက်၊ နှစ်သက်မြတ်နိုး တောင့်တ ကပ်ငြိတတ်သော လောဘတရားဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။

ကာမဆိုတဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ရုပ်တရားစုတို့ကို ဒုက္ခသစ္စာဟု အသိဉာဏ်

ရောက်အောင် အသုံးချပါ။ ဆန္ဒဆိုတဲ့လောဘတရားကိုတော့ သမ္ပယုတ္တသစ္စာတရားဟု အသိဉာဏ်ရောက်အောင်အသုံးချပါ။ [ဤသို့ အသိဉာဏ်ရောက်ခြင်းဖြင့်လည်း မိမိသန္တာန်၌ထင်ရှား ဖြစ်ရှိနေသော ကာမစ္ဆန္ဒတရားကို အသိဉာဏ်ဖြစ်အောင် အသုံးချနိုင်ပါသည်။]ဆိုခဲ့သောကာမခေါ် ရုပ်တရားစု၊ ဒုက္ခ သစ္စာနှင့် လောဘ(ခေါ်) သမုဒယသစ္စာနှစ်ပါးတို့၏ အသစ် တစ်ဖန်မဖြစ်ခြင်းမရှိခြင်းကို နိရောဓသစ္စာဟုအသိဉာဏ်ရောက် အောင် ကာမစ္ဆန္ဒကို အသုံးချပါ။

(နိရောဓသစ္စာသို့ အသိဉာဏ်ရောက်ခြင်းသည် မဂ္ဂ သစ္စာဟု အသိဉာဏ်ရောက်အောင် ကာမစ္ဆန္ဒကို အသုံးချပါ။ ဤသို့ အသိဉာဏ်ရောက်ခြင်းဖြင့်လည်း မိမိသန္တာန်၌ထင်ရှား ဖြစ်ရှိနေသော ကာမစ္ဆန္ဒ အကုသိုလ်တရားကို အသိဉာဏ်ဖြစ် အောင် အသုံးချနိုင်ပါသည်။)

ယခုညွှန်ပြခဲ့သည်မှာ အကုသိုလ်ဖြစ်အောင် ပြုလုပ်ရမည် ဟု ညွှန်ပြခဲ့ခြင်းမဟုတ်ပါ။ အကုသိုလ်ဟူသမျှ မည်သည့် အကုသိုလ်မဆို မိမိသန္တာန်၌မဖြစ်အောင် ဝေးဝေးကရှောင် ကြဉ်ရမည်သာ ဖြစ်ပါသည်။ မရှောင်ကြဉ်နိုင်သဖြင့် မိမိ သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံကိုသာ ဉာဏ် ဖြစ်အောင် အသုံးချနည်းကို ညွှန်ပြခြင်းမျှသာဖြစ်ပါသည်ဟု သန့်သန့်ရှင်းရှင်း နှလုံးသွင်းကောင်းကောင်းဖြင့် မှတ်ယူကျင့် သုံးပါ။ အထူးမှတ်ယူရန်မှာ အကုသိုလ်ကံကတော့ ဉာဏ်

မဖြစ်ပါ။ တရားမှန်ကိုနာယူခြင်း၊ အမှန်ကို နှလုံးသွင်းခြင်း ကြောင့်သာညာဏ်ဖြစ်၍ လာခြင်းဖြစ်ပါသည်။

## ကုသိုလ်ကံကိုညာဏ်ဖြစ်အောင်အသုံးချနည်းညွှန်ပြချက်

မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော အကုသိုလ်ကံကို ညာဏ်ဖြစ်အောင် အသုံးချနည်းများကို ညွှန်ပြခဲ့ပြီးဖြစ်၍ ယခု အခါ မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံများ ကို ညာဏ်ဖြစ်အောင် အသုံးချပုံအသုံးချနည်းများကို ညွှန်ပြ ပါဦးအံ့—

ဤကမ္ဘာလောကကြီးအတွင်း၌ တည်ရှိနေကြကုန်သော သတ္တဝါတို့တွင် မည်သူ့မှာမဆို အသုံးချစရာကုသိုလ်ကံများ ထင်ထင်ရှားရှား ဖြစ်ရှိနေကြပါသည်။ သို့ရာတွင် သတ္တဝါ တိုင်း ကုသိုလ်ကံတရားတို့ကို ညာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိနိုင်ပါ။ သုဂတိဘုံသား လူသတ္တဝါစသည့် ပုဂ္ဂိုလ်များ သည်သာ မိမိတို့မှာဖြစ်ရှိနေသော ကုသိုလ်ကံများကိုညာဏ်ဖြစ် အောင် အသုံးချနိုင်ခွင့် ရရှိနိုင်ပါသည်။ သုဂတိဘုံသား လူသားပင်ဖြစ်ပါသော်လည်း ပစ္စန္တရစ်ယ ကံကြီးငါးပါး တို့တွင် တစ်ပါးပါးထိုက်သင့်နေသူ၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိ နေသူ၊ ပဋိသန္ဓေအားဖြင့် ကုသိုလ်ဟိတ်မပြည့်စုံသူ၊ အရိယာ ပုဂ္ဂိုလ်များကို မဟုတ်မမှန် စွပ်စွဲမိသူ၊ ရှင်တော်ဗုဒ္ဓ၏အာဏာ

စက်ကို ချိုးဖောက်ဖျက်ဆီးသူ ပုဂ္ဂိုလ်များသည်လည်း မိမိမှာ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံကိုညက်ဖြစ်အောင် အသုံး ချနိုင်ခွင့် ရှိပါသော်လည်း မဂ်မရှိနိုင်ပါ။

ယခုညွှန်ပြရာပါ အပြစ်မျိုးတို့မှ လွတ်ကင်းသောသုဂတိဘုံ သား လူစသော ပုဂ္ဂိုလ်များသည်သာ မိမိမှာ ထင်ရှား ဖြစ်ရှိနေသောကုသိုလ်ကံများကို ညက်ဖြစ်အောင်အသုံးချနိုင် ခွင့် ရရှိနိုင်ပါသည်။ ထိုသို့သောပုဂ္ဂိုလ်များသည် ယင်းကုသိုလ် ကံများကို မိမိကအသုံးမချပါလျှင်၊ အသုံးမချတတ်ပါလျှင် ကုသိုလ်ကံကမိမိကိုအသုံးချသွားပါလိမ့်မည်။ မိမိသည်ကုသိုလ် ကံက၊ အသုံးချမှုကိုခံယူရပါလျှင် သုဂတိဘုံဘဝတို့၌ ဖြစ်ပွား ရလျက် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိအမျိုးမျိုးတို့ ရရှိနိုင်၍ စည်းစိမ်ချမ်းသာတစ်ခုမှ စည်းစိမ်ချမ်းသာတစ်ခုသို့ ရရောက် ခံစားရပြီးလျှင် ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿ မီး၊ ဥပါယာသမီးတို့ဖြင့် လောင်ကျွမ်းနှိပ်စက် ညှဉ်းဆဲသော ဒဏ်ချက်တို့ကို မလွဲမသွေ ရှောင်လို့မရအောင် အလောင် အကျွမ်း အနှိပ်စက်ခံရပြီးလျှင် တစ်ဖန် ဒုဂ္ဂတိဘုံဘဝများသို့ ပြန်လည်ရောက်ရှိပြီးကာ သံသရာ ဝဋ်ဆင်းရဲအတွင်းမှာပင် တဝဲလယ်လယ်နှင့် နစ်မြုပ်ခြင်းသဘောသို့သာ အဆက်ဆက် ဆိုက်ရောက်ပေမည်သာ ဖြစ်ပါသည်။

မိမိက ကုသိုလ်ကံကို ညက်ဖြစ်အောင်အသုံးချနိုင်ပါလျှင် အသုံးချတတ်ပါလျှင် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီး

မှ အပြီးတိုင်လွတ်မြောက်၍ သန္တိသုခခေါ် သေမှုငြိမ်းအေး ခြင်းသဘောသို့ လွတ်လပ်စွာ ရရှိနိုင်ပါသည်။

မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံတရားကို ဉာဏ်ဖြစ်အောင် အသုံးချပုံချနည်းမှာ—

ကောင်းမှုကုသိုလ်ကံကိုကောင်းမှုကုသိုလ်ကံဟု အသိဉာဏ် ရောက်အောင် အသုံးချပါ။

ကောင်းမှုကုသိုလ်ကံဆိုသည်မှာ သတ္တဝါတို့၏ အသက် ဇီဝိတိန္ဒြေကို သတ်ဖြတ်နှိပ်စက် ညှဉ်းဆဲခြင်းအမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်း၊အထူးသဖြင့်ရှောင်ကြဉ်ခြင်း။ပါဏာတိပါတ ဝိရတိ။

သူတစ်ပါးပိုင်ဆိုင်သော သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုတို့ကို ခိုးယူ လုယက်တိုက်ဖျက်ယူခြင်းမှ ဝေးစွာ ရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း။ အဒိန္နာဒါန ဝိရတိ။

ကာမဂုဏ်တို့၌ ကွဲရှဲထိုက်စွာ၊ယုတ်မာစွာကျင့်ခြင်း၊ မိမိ၏ ဇနီးမှတစ်ပါးသော အခြားသူများနှင့် ဖောက်ပြားခြင်း၊ သူတစ်ပါးတို့၏ ဇနီးများကို ခိုးယူပေါင်းသင်းခြင်း၊ မိမိ၏ ခင်ပွန်းသည်မှ တစ်ပါးသောယောကျ်ားများနှင့် ဖောက်ပြား ကျူးလွန်ခြင်းတို့မှ ဝေးစွာရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း။ ကာမေသုမိစ္ဆာစာရဝိရတိ။ ဤသုံးမျိုးသော ဝိရတီတို့ကို ကိုယ်အမူအရာဖြင့် ပြုလုပ်ခြင်းမှ ဝေးစွာရှောင်

ကြဉ်သောကြောင့်၊ အထူးသဖြင့် ရှောင်ကြဉ်သောကြောင့် ကာယကံကောင်းမှုကုသိုလ်ဟု အသိညဏ်ရောက်ပါ။

မမှန်မှုသား လိမ်ညာဝါကြွား၍ မဟုတ်မမှန်ပြောဆိုခြင်းမှ ဝေးစွာရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း။ မုသာဝါဒဝိရတီ။

သူတစ်ပါးကို စိတ်ဝမ်းကွဲအောင် ကုန်းတိုက်စကားပြောဆိုခြင်းမှ ဝေးစွာရှောင်ကြဉ်ခြင်း၊ အထူးသဖြင့်ရှောင်ကြဉ်ခြင်း။ ပိသုဏာဝါစာဝိရတီ။

သူတစ်ပါးတို့ မကြားကောင်းမနာသာ ယုတ်ယုတ်မာမာ ဆဲဆိုငေါက်ငမ်း ကြိမ်းမောင်း ပြောဆိုခြင်းတို့မှ ဝေးစွာရှောင်ကြဉ်ခြင်း၊ အထူးသဖြင့်ရှောင်ကြဉ်ခြင်း။ ဖရုသဝါစာဝိရတီ။

အနက်လည်းမရ၊ အနှစ်လည်းမပါ ကာမဂုဏ်တိုးပွား၊ အပျင်းပြေပြောကြားသည့် ပြိန်ဖျင်းသော ဒဏ္ဍာရီပုံပြင်၊ လုပ်ဇာတ်၊ မဟုတ်မဟတ် စိတ်ကူးရရာတို့ကိုရှုတ်နှောက်ပြောင်ချော်ပြောဆိုခြင်းတို့မှ ဝေးစွာရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း။ သမ္ဖပ္ပလာပဝိရတီ။ ဤလေးမျိုးသောဝိရတီတို့ကို နှုတ်အမူအရာတို့ဖြင့် ပြောဆိုခြင်းတို့မှ ဝေးစွာရှောင်ကြဉ်သောကြောင့် ကောင်းမှုကုသိုလ် ဝစီကံဟု အသိညဏ်ရောက်ပါ။

သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာတို့ကိုမတရားသဖြင့်လိုချင်တောင့်တခြင်း ရှုကြံစည်ခြင်း၊ အလွန်အလွန် လိုကြီးခြင်း စသည်တို့ မဖြစ်ပေါ်အောင်စောင့်စည်းခြင်း။ အနဘိဇ္ဈာ (အလောဘ)။

သူတစ်ပါးကို သေကြေပျက်စီးဆုံးရှုံးဖို့ရန် ရှေ့ရှုကြံစည်ခြင်းတို့ မဖြစ်ပေါ်အောင် စောင့်စည်းခြင်း။ အဗျာပါဒ (အဒေါသ)။

အယူဖြောင့်မှန်ခြင်း၊ အကျင့်ဖြောင့်မှန်ခြင်း၊ အစွဲဖြောင့်မှန်ခြင်း၊ သမ္မာဒိဋ္ဌိ (အမောဟပညာ)။ ဤဆယ်ပါးသော ကောင်းမှုတရားအမှန်တို့ကို ကုသိုလ်ကံဟု အမှန်အတိုင်းအသိ ညာဏ်ရောက်ပါ။

၁။ ထို့ပြင် တစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့နှင့် များစွာသောသူတို့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် ကောင်းရာကောင်းကြောင်း ပြုလုပ် အားထုတ်နိုင်စေရန် မိမိပိုင်ဥစ္စာ ပစ္စည်းဝတ္ထုတို့ကို သန့်ရှင်းသော စေတနာ၊ သဒ္ဓါတို့ဖြင့် ရှိသေစွာ ပေးကမ်းချီးမြှင့်လှူဒါန်းပူဇော်မှု၊ ဒါနကုသိုလ်။ (ဤအရာ၌ မိမိပိုင် ပစ္စည်းကို ပေးကမ်းချီးမြှင့်မှုပြုတိုင်း ကုသိုလ်မဟုတ်သည်ကို သတိပြုပါ။ ဥပမာမွေးမြူရေးသမားများ တိရစ္ဆာန်တို့ကို အစားအစာပေးခြင်း၊ ကျွေးခြင်း၊ ပိုးကြေးပန်းကြေး ပေးခြင်း စသည်တို့သည် ဒါနသာဖြစ်၍ ကုသိုလ်မဖြစ်ပါ။)

၂။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလစသော ကိုယ်ကျင့်တရားတို့ကို ကောင်းစွာ ဆောက်တည်၍ သီလအင်္ဂါများကို လုံခြုံစွာ စောင့်ထိန်းသိမ်းခြင်း၊ သီလကုသိုလ် (ဤအရာမှာလည်းတိတ္ထိအယူရှိသူတို့၏ သီလသည် သီလသာဖြစ်၍ကုသိုလ်မဖြစ်ပါ။)

၃။ သမထဝိပဿနာ၊ ဘာဝနာတရားတို့ကိုနည်းမှန်လမ်းမှန် ပိဋကတ်ကျမ်းဂန်နှင့်အညီ ပရိယတ္တိစည်းကမ်းကို မကျော်လွန်မူ၍ ပွားများအားထုတ်ခြင်း။ ဘာဝနာကုသိုလ်။

၄။ အသက်သိက္ခာ၊ဂုဏ်အားဖြင့် ကြီးသူ မြတ်သူတို့အား အရိုအသေပြုခြင်းစသော အပစာယန ကုသိုလ်။

၅။ ကုသိုလ်ပြုရေး ကိစ္စ၊ အများကောင်းစားရေး ကိစ္စတို့၌ ကူညီဆောင်ရွက်ခြင်း၊ ဝေယျာဝစ္စ ကုသိုလ်။

၆။ မိမိပြုလုပ်စောင့်ရှောက်ပွားများ၍ ရရှိသောကုသိုလ်အဖို့ကို မိမိကဲ့သို့ရစေရန် သတ္တဝါတို့အား အမျှဝေခြင်း၊ ပတ္တိဒါနကုသိုလ်။

၆။ ကောင်းမှု ကုသိုလ်ရှင်တို့က အမျှပေးဝေသဖြင့် မိမိထံသို့ရောက်လာသောကုသိုလ်၏အဖို့ကို ဝမ်းမြောက်သာဓုခေါ်ခြင်း၊ ပတ္တာနုမောဒနကုသိုလ်။

၈။ အသိမှန်ရောက်အောင် တရားမှန်ကို ရှိသေစွာနာယူခြင်း၊ ဓမ္မသဝနကုသိုလ်။

၉။ လာဘ်လာဘနှင့်ဂုဏ်ပကာသနတို့ကို မလိုလား၊မမက်မောဘဲ ကရုဏာမေတ္တာနှင့် ယှဉ်၍ တရားမှန်ကို ဟောပြခြင်း၊ ဓမ္မဒေသနာကုသိုလ်။

၁၀။ အယူအစွဲ ဖြောင့်မှန်ခြင်း၊ ဒိဋ္ဌိဇုကမ္မကုသိုလ်။ ဤဆယ်ပါးသော တရားတို့ကို ဖြူစင်သန့်ရှင်း အပြစ်ကင်းသော ကောင်းကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်ဟု အမှန်အတိုင်းအသိဉာဏ်ရောက်ပါ။

၎င်းတရားစုတို့ကို မကောင်းမှု အကုသိုလ်ဟု အသိဉာဏ်မရောက်ပါစေနှင့်။ အချို့သောအပွသုတ ပုဂ္ဂိုလ်တို့သည် ဘယ်ကောင်းမှုတော့ဖြင့် ရှေးဦးစွာ မပြုကောင်းဘူး။ သေးသင့်တတ်သည်ဟုပင် အယူရှိနေကြပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ဤသို့ အသိဉာဏ်မရောက်ရပါ။ မည်သည့်ကောင်းမှုကုသိုလ်ကိုမဆို အချိန်ကာလမရွေးချယ်ဘဲ ပြုသင့်ပြုထိုက်သည်ဟုသာ အသိဉာဏ်ရောက်ရပါမည်။

ကောင်းမှုကုသိုလ်ကံကို ကောင်းမှုကုသိုလ်ကံဟုပင် အမှန်အတိုင်း အသိဉာဏ်ရောက်ရပါသည်။

ညွှန်ပြခဲ့သော အထက်ပါ ကုသိုလ်တရား၊ ပုညကြိယာဝတ္ထုဆယ်ပါးတို့ကို သဘောတူရာ စုပေါင်းလိုက်ပါလျှင်–

ပတ္တိဒါနနှင့် ပတ္တာနုမောဒနာ ကုသိုလ်တရားနှစ်ပါးတို့ကို ဒါနကုသိုလ်၌ သွင်းယူပါ။

အပစာယနကုသိုလ်နှင့် ဝေယျာဝစ္စ ကုသိုလ်တရားနှစ်ပါးတို့ကို သီလကုသိုလ်၌ သွင်းယူပါ။

ဓမ္မသဝန–ဓမ္မဒေသနာ–ဒိဋ္ဌိဇုကမ္မကုသိုလ်တရား သုံးပါးတို့ကို ဘာဝနာ ကုသိုလ်၌သွင်းယူပါ။ တစ်နည်း အားဖြင့် ဒိဋ္ဌိဇုကမ္မ ကုသိုလ်တရားသည် ဒါန၊ သီလ၊ ဘာဝနာသုံးပါး စလုံးနှင့် သက်ဆိုင်အကျုံးဝင်သည်ဟု မှတ်ယူပါ။

ယခုညွှန်ပြခဲ့သည့်အတိုင်း ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာကုသိုလ်—

သီလ၊ အပစာယန၊ ဝေယျာဝစ္စကုသိုလ်

ဘာဝနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ကုသိုလ်ဟု သဘောတူရာသို့ ပေါင်းလိုက်ပါလျှင်ဒါန၊သီလ၊ ဘာဝနာဟု သုံးမျိုးပြားသော ကုသိုလ်တရားတို့ကိုပြုလုပ်ပြောဆိုကြံစည်မှု၊ ကုသိုလ်ကံတရားတို့ကို ကုသိုလ်ကံတရားဟု အမှန်အတိုင်းအသိဉာဏ်ရောက်ပါ။

ကုသိုလ်ကံ တရားအမှန်ကို ကုသိုလ်ကံဟု အမှန်အတိုင်း အသိဉာဏ်ရောက်ခြင်းကိုသည်း ရှင်တော်ဗုဒ္ဓ၏ညွှန်ပြချက်အရ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဟု ခေါ်ဆိုရပါမည်။

သမ္မာဒိဋ္ဌိဝိဇ္ဇာခေါ် အထင်မှန်၊ အသိမှန်၊ အယူအစွဲမှန်၊ ဝိဇ္ဇာဉာဏ်သည် ကုသိုလ်ကံကိုပြုစဉ်မှာ ကုသိုလ်ကံ၌ယှဉ်လျက်ပါသော အမှားအမှန်ကိုခွဲခြား၍ မသိတတ်သည့် အဝိဇ္ဇာ၊ တောင့်တတပ်မက်ကပ်ငြိတတ်တဲ့တဏှာ၊ အပြင်းအထန်စွဲလမ်းခြင်း ဥပါဒါန်ဆိုတဲ့ ကမ္မသတ္တိတို့ကို အကြွင်းအကျန်မရှိ ကုန်ခန်းအောင် လောင်ကျွမ်းဖျက်ဆီးတတ်ပါသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော ကုသိုလ်ကံ၏ကမ္မသတ္တိကို အကြွင်းအကျန်မရှိ ပကတိ အမြစ်ပြတ်အောင် ပယ်သတ်နိုင်ပါလျှင် ဘုံဘဝအသီးသီး၊ သမ္ဘတ္တိ ဝိပတ္တိအမျိုးမျိုးတို့မှ လွတ်မြောက်မှုသန္တိသုခကို ရရောက်စေနိုင်ပါသည်။

တစ်ဖန် သိစေလိုပြန်သည်မှာ ဤကမ္ဘာလောကရှိ ထိုထိုသတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်ထားပုံချင်း မတူညီကြပေ။ မိမိတို့ နေ့စဉ်တွေ့ကြုံနေကြရကုန်သော စိတ်၏ဆွဲကိုင်မှုတွယ်ရာ အာရုံအမျိုးမျိုးတို့နှင့် တိုက်ဆိုင်တွေ့ကြုံကြရာတွင် အချို့သော ပုဂ္ဂိုလ်တို့သည် နှစ်သက်တွယ်တာ လိုချင်တပ်မက် တပ်စရာ အာရုံအမျိုးမျိုးတို့နှင့် တွေ့ကြုံဆုံဆိုက်လာပါလျှင် နွားငတ်ရေကျ၊ အငမ်းမရ ဣန္ဒြေမဆည်နိုင်အောင် ပင် ငမ်းငမ်းတက်လိုချင်တပ်မက် နှစ်သက်မက်မောကြလေသည်။ ထိုပုဂ္ဂိုလ်မျိုးကို လောဘကြီးသူဟု မှတ်ယူနိုင်ပါသည်။

အချို့သော ပုဂ္ဂိုလ်တို့သည်ကား လိုချင်တပ်မက် နှစ်သက် တပ်စရာ အာရုံမျိုးတို့နှင့် တွေ့ကြုံပါသော်လည်း ဣန္ဒြေ

ပျက်လောက်အောင် လိုလားတောင့်တမှု မရှိကြကုန်ဘဲ လောဘဖြစ်စရာ အာရုံတို့ကို အပြစ်မြင်ကာ ပယ်ခွာစွန့်ပစ် တတ်ကြပေသည်။ ထိုသို့သော ပုဂ္ဂိုလ်မျိုးကို အလောဘ ဓာတ်ခံ ရင့်သန်သူဟု ဆိုနိုင်ပါသည်။

လောဘဖြစ်စရာအာရုံတို့၌ လောဘမဖြစ်ဘဲ အပြစ်ကိုသာ ရှုမြင်လေ့ရှိခြင်းသည် အလောဘတရားပင်ဖြစ်ပါသည်။ ယင်း အလောဘတရားကို ဒါနကုသိုလ်၊ ပတ္တိဒါနကုသိုလ်၊ ပတ္တာ နုမောဒနာကုသိုလ်တို့၏ အရင်းခံမူလတရားဟု အသိညာဏ် ရောက်ပါ။ ယင်းအလောဘ ကုသိုလ်မူလတရား မိမိသန္တာန် ၌ ဖြစ်ပေါ်လာပါလျှင် အလောဘ ကုသိုလ်မူလတရားက သဒ္ဓါ၊ စေတနာ၊ ပညာစသော မိမိ၏နောက်လိုက်နောက်ပါ တရားများနှင့်အတူ ပူးပေါင်း၍ ဒါနကုသိုလ်ကံ၊ ပတ္တိဒါန ကုသိုလ်ကံ၊ ပတ္တာနုမောဒနာကုသိုလ်ကံတို့ကို ဖြစ်စေပါတော့ သည်။ ထို့ကြောင့် ဒါနကုသိုလ်ကံ၊ ပတ္တိဒါနကုသိုလ်ကံ၊ ပတ္တာနုမောဒနာကုသိုလ်ကံတို့သည် မိမိ သူတစ်ပါးကြောင့် ဖြစ်သည်မဟုတ်၊ အလောဘဆိုသော ကုသိုလ်မူလတရား ကြောင့်သာ ဖြစ်သည်ဟု အမှန်အတိုင်း အသိညာဏ်ရောက်ပါ။

ဤလောက၌ အချို့သောသူတို့သည် အနည်းငယ်မျှ ဒေါသဖြစ်စရာ အာရုံတို့နှင့် တွေ့ကြုံခဲ့သော် စိတ်နေစိတ် ထား ခက်ထန်ကြမ်းတမ်းခြင်း၊ အမျက်ဒေါသကြီးခြင်း၊ စိတ်တိုခြင်း၊ သည်းခံစိတ်နည်းပါးခြင်းတို့ဖြင့် ရှူးရှူးဒိုင်း

ဒိုင်း ပြုလုပ်ပြောဆိုတတ်ကြ၏။ ထိုသို့သော ပုဂ္ဂိုလ်မျိုးကို ဒေါသဓာတ်အားကြီးသူဟု ဆိုနိုင်ပါသည်။

အချို့သောပုဂ္ဂိုလ်တို့သည်ကား ဒေါသဖြစ်စရာအာရုံတို့နှင့် တွေ့ကြုံပါသော်လည်း စိတ်နှလုံး နူးညံ့သိမ်မွေ့စွာနှင့် မေတ္တာရှေ့ထား ပြောကြားဆက်ဆံတတ်၏၊ ဒေါသ၏အပြစ်ကိုလည်း ရှုမြင်လေ့ရှိ၏။ ထိုသို့သောပုဂ္ဂိုလ်မျိုးကို အဒေါသဓာတ်ခံရင့်သန်သူဟုဆိုနိုင်ပါသည်။

ဒေါသဖြစ်စရာ အာရုံတို့၌ ဒေါသမဖြစ်ဘဲ ဒေါသ၏အပြစ်ကို ရှုလေ့ရှိခြင်းသည် အဒေါသတရားပင်ဖြစ်ပါသည်။ ယင်းအဒေါသတရားကို သီလကုသိုလ်၊ အပစာယနကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်တရားတို့၏ အရင်းခံမူလတရားဟု အသိညဏ်ရောက်ပါ။

ယင်းအဒေါသကုသိုလ်မူလတရား မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိလာပါလျှင် အဒေါသကုသိုလ်မူလတရားကဟိရိဩတ္တပ္ပ၊ ကရုဏာ၊ မုဒိတာ စသော မိမိ၏ နောက်လိုက်နောက်ပါတရားများနှင့် အတူပူးပေါင်း၍ သီလကုသိုလ်ကံ၊ အပစာယနကုသိုလ်ကံ၊ ဝေယျာဝစ္စကုသိုလ်ကံတို့ကို ဖြစ်စေပါတော့သည်။ ထို့ကြောင့် သီလကုသိုလ်ကံ၊ အပစာယနကုသိုလ်ကံ၊ ဝေယျာဝစ္စကုသိုလ်ကံတို့သည် မိမိ သူတစ်ပါးတို့ကြောင့်ဖြစ်သည်မဟုတ်။ အဒေါသဆိုသော ကုသိုလ်မူလတရားကြောင့်သာဖြစ်သည်ဟု အမှန်အတိုင်း အသိညဏ်ရောက်ပါ။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် မောဟဖြစ်စရာအာရုံတို့နှင့် တွေ့ကြုံခဲ့သော် စိတ်နေစိတ်ထား တွေဝေမိန်းမောစွာနှင့် ထိုင်းမှိုင်းတွေဝေလေ့ရှိ၏။ အသိပညာ ထုံထိုင်းထိုင်းရှိတတ်၏။ ထိုသို့သောပုဂ္ဂိုလ်မျိုးကို မောဟဓာတ်အားကြီးသူဟု ဆိုနိုင်ပါသည်။

အချို့သော ပုဂ္ဂိုလ်တို့သည်ကား မောဟဖြစ်စရာအာရုံတို့နှင့် တွေ့ကြုံရပါသော်လည်း တွေဝေထိုင်းမှိုင်းခြင်းမရှိဘဲ အသိဉာဏ်ပွင့်လင်းစွာနှင့်ဘတ်သိလိမ္မာတတ်၏။အကြံကောင်း ဉာဏ်ကောင်း ရှိတတ်၏။ တွေဝေထိုင်းမှိုင်းမှု၊ မတတ်သိမလိမ္မာမှု၊ အကြံကောင်းဉာဏ်ကောင်းမရှိမှုတို့၌ အပြစ်မြင်လေ့ရှိ၏။ ဤသို့သော ပုဂ္ဂိုလ်မျိုးကို အမောဟဓာတ်ခံ ရင့်သန်သူဟုဆိုနိုင်ပါသည်။

မောဟဖြစ်စရာအာရုံဘို့၌ မောဟမဖြစ်ဘဲ မောဟ၏အပြစ်ကို ရှုမြင်လေ့ရှိခြင်းသည် အမောဟတရားပင် ဖြစ်ပါသည်။ ယင်းအမောဟတရားကို ဘာဝနာကုသိုလ်၊ ဓမ္မသဝနကုသိုလ်၊ ဓမ္မဒေသနာကုသိုလ်၊ ဒိဋ္ဌုဇုကမ္မကုသိုလ်တရားတို့၏ အရင်းခံမူလတရားဟု အသိဉာဏ်ရောက်ပါ။

အမောဟကုသိုလ်မူလတရား မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိလာပါလျှင် ယင်းအမောဟ ကုသိုလ်မူလတရားက သဒ္ဓါ၊ သတိ၊ ပညာ စသော မိမိ၏နောက်လိုက်နောက်ပါ တရားတို့နှင့်အတူတကွပူးပေါင်း၍ ဘာဝနာကုသိုလ်ကံ၊ ဓမ္မသဝနကုသိုလ်ကံ၊ ဓမ္မဒေသနာကုသိုလ်ကံ၊ ဒိဋ္ဌုဇုကမ္မကုသိုလ်ကံတို့ကို

ဖြစ်စေပါတော့သည်။ ထို့ကြောင့် ဘာဝနာကုသိုလ်ကံ၊ ဓမ္မသဝနကုသိုလ်ကံ၊ ဓမ္မဒေသနာကုသိုလ်ကံ၊ ဒိဋ္ဌိဇုကမ္မကုသိုလ်ကံတို့သည် မိမိသူတစ်ပါးတို့ကြောင့် ဖြစ်သည်မဟုတ်၊ အမောဟဆိုသော ကုသိုလ်မူလတရားကြောင့်သာဖြစ်သည်ဟု အမှန်အတိုင်း အသိဉာဏ်ရောက်ပါ။

ဤသို့ ကုသလမူလတရားတို့နှင့် ကုသိုလ်တရားတို့ကို အမှန်အတိုင်း အသိဉာဏ် ရောက်ပါလျှင် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အထွတ်အထိပ်သို့ ရောက်ရှိပါလျှင် ကုသိုလ်ကံ၏ ကမ္မ သတ္တိခေါ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားတို့ကို အကြွင်းအကျန်မရှိ အမြစ်ပြတ်အောင် ငြိမ်းသတ်နိုင်၍ ဘုံဘဝအသီးသီး သံသရာဝဋ်မီးပုံကြီးမှ အပြီးတိုင် ငြိမ်းအေး၍ သန္တိသုခကို ရရှိပေါက်ရောက်နိုင်ပါသည်။ သန္တိသုခသို့ ပေါက်ရောက် မျက်မှောက်ပြုနိုင်အောင် ကုသိုလ်ကံတရားကို ညွှန်ပြခဲ့သည့်အတိုင်း အသုံးချပါ။

တစ်ဖန် ကောင်းမှုကုသိုလ်နှင့် ကောင်းမှု ကုသိုလ်ကံကို ကောင်းမှုကုသိုလ်ကံဟုပင် အသိဉာဏ် ရောက်ရပါမည်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု အသိမရောက်ရပါ။ ဤသည့် ကုသိုလ်ကောင်းမှုကံသည် ကုသိုလ်စိတ်၌ရှိပါသော စေတနာ စေတသိက်ခေါ် သင်္ခါရက္ခန္ဓာ နာမ်ခန္ဓာ ဖြစ်ပါသည်။ ဤသင်္ခါရက္ခန္ဓာ နာမ်တရားသည် ဝေဒနာ၊ သညာ၊ ဝိညာဉ်ဆိုသော နာမ်ခန္ဓာသုံးပါးတို့ကို မှီ၍ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းမှုကုသိုလ်ကံကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊

သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု အသိဉာဏ် မရောက်ရမူ၍ နာမ်ခန္ဓာလေးပါးသာ ဖြစ်သည်ဟု အသိဉာဏ်ရောက်ပါ။

ဤသို့ အမှန်ကို အမှန်အတိုင်း အသိဉာဏ် ရောက်ခြင်း သည်လည်း ရှင်တော် ဗုဒ္ဓ၏လမ်းညွှန်တော်မူချက်အရ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်သည် အထွတ်အထိပ်သို့ ရောက်ပါလျှင် ကုသိုလ်ကမ္မသတ္တိခေါ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားတို့ကို အကြွင်းအကျန်မရှိ အမြစ်ပြတ်အောင် ငြိမ်းသတ်နိုင်၍ ဘုံဘဝအသီးသီး သမ္ဘတ္တိ ဝိပတ္တိအဖုံဖုံ သံသရာဝဋ်မီးပုံကြီးမှ အပြီးတိုင် ငြိမ်းအေး၍ သန္တိသုခသို့ ရရှိပေါက်ရောက်နိုင်ပါသည်။ သန္တိသုခသို့ ရောက်နိုင်အောင် ကုသိုလ်ကံတရားကို အသုံးချပါ။

ကောင်းမှု ကုသိုလ်ကံတရားသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်၊ ကုသိုလ် နာမ်ခန္ဓာ လေးပါးသာ ဖြစ်သည်ဟု ဆိုရာ၌ ဤသည့် ကုသိုလ် နာမ် ခန္ဓာလေးပါးတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုသော မိမိကိုမှီ၍ စွဲ၍ ဖြစ်သည် မဟုတ်ပါလားဟု ဆိုသော် မိမိကိုစွဲမှီ၍ ဖြစ်သည်မဟုတ်ပါ။ ကုသိုလ် နာမ်ခန္ဓာ တရား လေးပါးတို့သည် နာမ်ခန္ဓာတစ်ပါးက နာမ်ခန္ဓာ သုံးပါးကို စွဲမှီ၍ နာမ်ခန္ဓာသုံးပါးတို့က နာမ်ခန္ဓာတစ်ပါးကို စွဲမှီလျက် နာမ်ခန္ဓာနှစ်ပါးတို့က နာမ်ခန္ဓာ နှစ်ပါးတို့ကို စွဲမှီကာ နာမ်ခန္ဓာအချင်းချင်းစွဲမှီ၍ ဖြစ်ကြပါသည်။ မိမိကို စွဲမှီ၍ ဖြစ်သည်မဟုတ်ဟု အသိဉာဏ်ရောက်ပါ။

အချင်းချင်း စွဲမှီ၍ ဖြစ်ကြသော အဲဒီကုသိုလ် နာမ်ခန္ဓာ တရားလေးပါးတို့သည် မိမိကိုယ်ပင်စွဲမှီ၍ ဖြစ်ကြသည်မဟုတ် ပါလားဟုဆိုပြန်သော် အဲဒီ ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့သည်လည်း မိမိကိုစွဲမှီ၍ဖြစ်ကြသည် မဟုတ်ပါ။ အဆင်း၊ အသံ၊ အနံ့၊ .အရသာ၊ အထိအတွေ့ဆိုသော ဥပါဒါရုပ် များနှင့် ဓမ္မဆိုသော နာမ်ရုပ်တို့ကိုသာစွဲမှီ၍ဖြစ်ကြပါသည်။ မိမိကိုစွဲမှီ၍ဖြစ်သည်မဟုတ်ဟု .အသိဉာဏ်ရောက်အောင်နှလုံး သွင်း၍ အသုံးချပါ။

အဆင်း၊ အသံစသော ဥပါဒါရုပ်များနှင့် ဓမ္မဆိုသော နာမ်ရုပ်တို့သည်လည်း မိမိကိုစွဲမှီ၍ဖြစ်ကြသည်မဟုတ်ပါလား ဟု ဆိုပြန်သော် အဆင်း၊ အသံစသော ဥပါဒါရုပ်များနှင့် ဓမ္မခေါ် နာမ်ရုပ်တရားတို့သည်လည်း မိမိကိုစွဲမှီ၍ ဖြစ်ကြ သည်မဟုတ်ပါ။ ဘူတရုပ်ခေါ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟု ခေါ်ဆိုအပ်သော ဓာတ်ကြီးလေး ပါးတို့ကိုသာ စွဲမှီ၍ဖြစ်ကြပါသည်၊ မိမိကိုစွဲမှီ၍ဖြစ်ကြသည် မဟုတ်ဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။

ဤသည့် ဓာတ်ကြီးလေးပါးတို့သည်လည်း မိမိကိုပင်စွဲမှီ ၍ ဖြစ်ကြရသည်မဟုတ်ပါလားဟု ဆိုခဲ့ပြန်သော် ဓာတ်ကြီး လေးပါးတို့သည်လည်း မိမိကိုစွဲမှီ၍ဖြစ်ကြသည် မဟုတ်ပါ။ ဓာတ်တစ်ပါးက ဓာတ်သုံးပါးကိုစွဲမှီ၍၊ ဓာတ်သုံးပါးတို့က ဓာတ်တစ်ပါးကိုစွဲမှီ၍၊ ဓာတ်နှစ်ပါးတို့က ဓာတ်နှစ်ပါး

တို့ကိုစွဲမှီ၍သာ ဖြစ်ကြပါသည်။ မိမိကိုစွဲမှီ၍ ဖြစ်ကြသည် မဟုတ်ဟု အသိဉာဏ်ရောက်အောင် နှလုံးသွင်း အသုံးချပါ။

ညွှန်ပြခဲ့ပြီးသော စကားအစဉ်တို့ကို ပြန်လည်သုံးသပ်ဆင်ခြင်ပါလျှင် ခေတ်ကြီးလေးပါးတို့သည် မိမိကိုမမှီမစွဲမူ၍ ခေတ်ကြီးလေးပါးအချင်းချင်းချင်းကို စွဲမှီ၍ဖြစ်ကြပါသည်။ အချင်းချင်းစွဲမှီ၍ဖြစ်သော ခေတ်ကြီးလေးပါးတို့ကို စွဲမှီ၍ အဆင်း၊ အသံစသော ဥပါဒါရုပ်များနှင့် စမ္မခေါ် နာမ်ရုပ်တရား နှစ်ပါးတို့ဖြစ်ကြရပါသည်။

ဥပါဒါရုပ်များနှင့် စမ္မခေါ် နာမ်ရုပ်တရားနှစ်ပါးတို့ကို စွဲမှီ၍ ကုသိုလ်နာမ်ခန္ဓာလေးပါးတို့ဖြစ်ကြရပါသည်။ ကုသိုလ်နာမ်ခန္ဓာတရား လေးပါးတို့သည်လည်း ကုသိုလ်နာမ်ခန္ဓာအချင်းချင်းကိုသာစွဲမှီ၍ဖြစ်ကြရပါသည်ဟု အသိဉာဏ်ရောက်ရှိပါလျှင် ကုသိုလ်နာမ်ခန္ဓာတို့၏ စွဲမှီရာပုဂ္ဂိုလ်၊ သတ္တဝါ၊ မိမိ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုသော အများပြောအမှန် သမ္မုတိသစ္စာ ပညတ်တရားများ ကွယ်ပျောက်ဆိတ်သုဉ်းကြ၍ တရားသဘောအမှန် ရုပ်နာမ်နှစ်ပါး၊ ပရမတ္ထသစ္စာတရားတို့သာ ထင်ရှားရှိကြကုန်၏ဟု အသိဉာဏ်ရောက်အောင် နှလုံးသွင်း၍ ကုသိုလ်ကံတရားကို ဉာဏ်ဖြစ်အောင် အသုံးချပါ။

ဤသို့ အသုံးချနိုင်ပါလျှင်လည်း ရှင်တော်ဗုဒ္ဓ၏ ညွှန်ပြတော်မူချက်အရ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်သည် ဘုံဘဝ အသီးသီး၊

သမ္မတ္တိဝိပတ္တိ အဖုံဖုံ သံသရာဝဋ်မီးပုံကြီးတို့သို့ ရရောက်စေတတ်သော ကောင်းမှုကုသိုလ်ကံ၏ ဒိဋ္ဌိ၊ တဏှာ၊ အဝိဇ္ဇာဆိုသော ဇာမ္မသတ္တိတို့ကို အမြစ်ပြတ်အောင်ပယ်သတ်နိုင်သော စွမ်းရည်သတ္တိထူးရှိပါသည်။

ဤသည့် ကုသိုလ်ခန္ဓာ၊ ရုပ်နာမ်နှစ်ဖြာတို့သည် ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ကြသောကြောင့် အနိစ္စ- အနိစ္စလက္ခဏာ၊ ပျက်စီးခြင်းဘေး အမြဲသင့်နေသောကြောင့် ဒုက္ခ-ဒုက္ခလက္ခဏာ၊ အနှစ်သာရ အတ္တ လိပ်ပြာ သတ္တဝါ မဟုတ်သောကြောင့် အနတ္တ- အနတ္တလက္ခဏာဟု နာမ်ရုပ်နှစ်ပါးဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့အပေါ်တွင် ဖြစ်ခြင်းကုန်ပျောက်ခြင်း၊ ဖြစ်ပျက်ဘေးဖြင့် မပြတ်တစေ နှိပ်စက်နေခြင်း၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ လိပ်ပြာ မဟုတ်ခြင်းဆိုသော လက္ခဏာတရားတို့ကိုတင်၍ သုံးသပ်ဆင်ခြင် ရှုပွားပါလျှင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးရပ်တို့၌ဖြစ်ပြီး ဖြစ်ဆဲဖြစ်လတ္တံ့ ဖြစ်သော ကုသိုလ် နာမ်ခန္ဓာရုပ်နာမ်နှစ်ဖြာတို့၌ ဟုတ်မှန်စွာ ရှုမြင်နိုင်သော ယထာဘူတဉာဏ် ဖြစ်နိုင်ပါသည်။

ယထာဘူတဉာဏ်ဖြင့် ကုသိုလ် နာမ် ခန္ဓာ ရုပ် နာမ်နှစ်ဖြာတို့ကို အသိဉာဏ်ရင့်ကျက်အောင် ရှုမြင်နိုင်ပါလျှင် ကုသိုလ် နာမ် ခန္ဓာ ရုပ် နာမ် နှစ်ဖြာတို့ကိုငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်ကို ဖြစ်ပေါ်ရရှိနိုင်ပါသည်။ ကုသိုလ် နာမ် ခန္ဓာ ရုပ် နာမ် နှစ်ဖြာတို့အပေါ်၌ နိဗ္ဗိန္ဒဉာဏ် ရင့်သန် ထက်မြက် လာပါလျှင်

ထို ကုသိုလ် နာမ် ခန္ဓာ ရုပ်နာမ်နှစ်ဖြာတို့ကို ငါ ငါ၏ဥစ္စာဟု စွဲလမ်းသိမ်းပိုက်ခြင်းကင်းသော အသိဉာဏ် ဖြစ်နိုင်ပါသည်။ ကုသိုလ် နာမ်ခန္ဓာ ရုပ်နာမ် နှစ်ဖြာတို့ကို ငါ ငါ၏ဥစ္စာဟု စွဲယူသိမ်းပိုက်ခြင်းကင်းသော အသိဉာဏ် စင်ကြယ်စွာ ဖြစ်ပေါ်လာပါလျှင် ကုသိုလ် နာမ်ခန္ဓာ ရုပ်နာမ်နှစ်ဖြာတို့မှ လွတ်ငြိမ်းခြင်းကို သိသော အသိဉာဏ် ဖြစ်ပေါ် လာနိုင် ပါသည်။

ဤသို့ ဝိပဿနာဉာဏ် အဆင့်ဆင့် မြင့်တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိပေါက်မြောက် ဆိုက်ရောက်နိုင်အောင် မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံကို အသုံးချရပါမည်။

ယခုညွှန်ပြခဲ့သော အစီအစဉ်ဖြင့် ကုသိုလ်ကံကို မိမိက ဉာဏ်ဖြစ်အောင် အသုံးချနိုင်ပါလျှင် ကုသိုလ်ကံက မိမိကို အသုံးမချနိုင်တော့ပါ။

ကုသိုလ်ကံက မိမိကို အသုံးချနေသေးလျှင် မိမိသည် ကုသိုလ်ကံ၏ အကျိုးတရားတွေကို ရရှိခံစားရလျက် အို နာ သေ လက်တွင်းသို့ ပစ်သွင်းခြင်းခံရမည်သာ ဖြစ်ပါသည်။

မိမိက ကုသိုလ်ကံကို ဉာဏ်ဖြစ်အောင်အသုံးချ၍ ကုသိုလ်ကံက မိမိကို အသုံးမချနိုင်ပါလျှင် ကုသိုလ်ကံ၏ကောင်းကျိုးသုခတွေကို တဝကြီးခံစား၊ တပြုံတခေါင်းကြီးခံစားရလျက် နောက်ဆုံးတွင် အို နာ သေ လက်တွင်းမှ ချက်ချင်းပင် လွတ်မြောက်ရမည် အမှန်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏လုပ်ငန်းသည် မိမိတို့သန္တာန်၌ ထင်ရှား ဖြစ်ရှိနေသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုဉာဏ်ဖြစ်အောင် လုပ်သော လုပ်ငန်းဖြစ်ပါသည်။

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ဉာဏ်ဖြစ်အောင်လုပ်ခြင်း သည် ဗုဒ္ဓဘာသာဝင်တို့၏လုပ်ငန်းဖြစ်သည်ဟု မှတ်ယူပါ။

ကုသိုလ်ကံကိုဉာဏ်ဖြစ်အောင်အသုံးချရာ၌ ညွှန်ပြခဲ့သော သုစရိုက်တရားဆယ်ပါးနှင့် ပုညကြိယာဝတ္ထု ဆယ်ပါးတို့ ကို ကုသိုလ်ကံတရားဟု ပိုင်းခြား၍ အသိဉာဏ်ရောက်ပါ။

အလောဘ၊ အဒေါသ၊ အမောဟ တရားသုံးပါးတို့ကို ကုသိုလ်ကံ၏ မူလတရားဟုပိုင်းခြား၍ အသိဉာဏ်ရောက်ပါ။ ပိုင်းခြားဆိုသည်မှာ ကုသလကမ္မနှင့် ကုသလမူလ နှစ်မျိုး ပိုင်းခြားသည်ကိုမှတ်ယူပါ။ဤသို့ကုသလကမ္မနှင့်ကုသလ မူလ တရားနှစ်ပါးတို့သို့ အသိဉာဏ်ရောက်ပြီးလျှင် သုစရိုက်တရား ဆယ်ပါးနှင့်ပုညကြိယာဝတ္ထုဆယ်ပါး ကုသိုလ်ကမ္မတရားတို့ ကို ပရိယာယဒေသနာတော်နည်းအားဖြင့် ဖြစ်ပျက်နှစ်တန် နှိပ်စက်သောဒဏ်ကိုခံရသောကြောင့် ဒုက္ခသစ္စာဟုသိဉာဏ် ရောက်အောင်အသုံးချပါ။အလောဘ၊အဒေါသ၊ အမောဟ ဆိုသော ကုသလမူလတရားသုံးပါးတို့ကို သမုဒယသစ္စာဟု အသိဉာဏ်ရောက်အောင် အသုံးချပါ။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာတရားနှစ်ပါးတို့၏မဖြစ်ခြင်း၊မရှိ ခြင်းကို နိရောဓသစ္စာဟု အသိဉာဏ်ရောက်အောင် အသုံး ချပါ။

သုစရိုက်ဆယ်ပါး၊ ပုညကြိယာဝတ္ထုဆယ်ပါးတို့ကို ဒုက္ခသစ္စာဟုပိုင်းခြား၍ သိနိုင်သော အလောဘ၊ အဒေါသ၊ အမောဟဆိုသော သမုဒယသစ္စာကို ပယ်စွန့်နိုင်သော၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါးတို့၏ မဖြစ်မရှိရာ နိရောဓသစ္စာကို ကိုယ်တိုင်သိရောက်၊ မျက်မှောက်ပြုနိုင်သော အရိယမဂ်ကို မဂ္ဂသစ္စာဟု အသိဉာဏ်ရောက်အောင် ကုသိုလ်ကံကိုအသုံးချပါ။

ဗုဒ္ဓဘာသာဝင်ဖြစ်သော ပုဂ္ဂိုလ်တို့သည် မကောင်းမှုအကုသိုလ်ဟူသမျှ ဝေးဝေးက ရှောင်ကြဉ်ရပါသည်။

ကောင်းမှု ကုသိုလ်မှန်သမျှ ကေန္တ ပြုလုပ်ကျင့်သုံးရပါသည်။

ဒုစရိုက်အကုသိုလ်များကို ဝေးဝေးက ရှောင်ကြဉ်၍ ကောင်းမှုကုသိုလ်မှန်သမျှ ကေန္တပြုလုပ်ကျင့်သုံးပါလျှင် လူနတ်စသော သုဂတိတုံဘဝတို့၌ မြောက်မြားလှစွာသော စည်းစိမ်ချမ်းသာတို့ကို ခံစားစံစားနိုင်ခွင့် ကေန်ရှိပါသည်။

သို့ရာတွင် အမြဲဘမ်းသုဂတိဘဝမှာချည်စည်းစိမ်အမျိုးမျိုးတွေကို ခံစားစံစားနေရလိမ့်မည်လို့တော့ မမှတ်ယူသာပါ။ ဘာ့ကြောင့်ပါနည်း။ အို၊ နာ၊ သေနှင့် ကုသိုလ်ကမ္မသတ္တိစွမ်းဟုန် မကုန်သေးသောကြောင့် ဖြစ်ပါသည်။

ကုသိုလ်ကမ္မသတ္တိဆိုသည်မှာ ကုသိုလ်ပြုစဉ်မှာ ယှဉ်လျက်ပါလာသော အဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန် တရားသုံးပါးတို့ကို

ခေါ် ဆိုပါသည်။ ၎င်းတရားသုံးပါးတို့ကိုကုသိုလ်ကံကမပယ် မသတ်နိုင်ပါ။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကသာ အမြစ်ပြတ်အောင် ပယ်သတ်နိုင်ပါသည်။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကိုကုသိုလ်ကံတရားမှ ရရှိနိုင်ပါသည်။ ကုသိုလ်ကံတရားမရှိပါလျှင် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကို မရနိုင်ပါ။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကို မရရှိသေးသမျှ ကုသိုလ်ကံဟု မိမိကိုအသုံးချ၍ သုဂတိဘုံဘဝတို့မှာ စည်းစိမ်ချမ်းသာအမျိုးမျိုးတို့ကို ခံစားစံစားခွင့်ပေးလျက် နောက်ဆုံးတွင် အိုး၊ နာ၊ သေ ဆင်းရဲတွင်းသို့ သွတ်သွင်းမြှုပ်နှံလိုက်လေပါတော့သည်။

သို့ကြောင့် မိမိ၌ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြစ်အောင် အသုံးချတတ်ဖို့အရေးတကြီး၊ အများကြီး လိုအပ်ပါသည်။

သို့ကြောင့် မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြစ်အောင် အသုံးချပုံချနည်း တစ်မျိုးကို ညွှန်ပြပါဦးအံ့။

ကောင်းမှုကုသိုလ်ကံသည် မကောင်းကျိုး မှန်သမျှတို့ကို ဖျက်ဆီး၍ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ကောင်းကျိုးသုခကိုသာဖြစ်စေတတ်ပါသည်ဟု သက်ဝင်ယုံကြည်သည်။

မကောင်းမှုအကုသိုလ်ကံသည် ကောင်းကျိုးသုခမှန်သမျှတို့ကိုဖျက်ဆီး၍ မစင်ကြယ်မသန့်ရှင်း အပြစ်မကင်းသော

မကောင်းကျိုးတွေကိုသာ ဖြစ်စေတတ်ပါသည်ဟု သက်ဝင်ယုံကြည်ပါ။

ဤသို့ကုသိုလ်ကံ၊ ကုသိုလ်ကံ၏အကျိုး၊ အကုသိုလ်ကံ၊ အကုသိုလ်ကံ၏ အကျိုးတရားတို့ကို သက်ဝင်ယုံကြည်ခြင်းကို ကမ္မဿကတာဉာဏ်ဟု ခေါ်ဆိုရပါသည်။ ကမ္မဿကတာဉာဏ်ကိုလည်း သမ္မာဒိဋ္ဌိဟုပင် ခေါ်ဆိုရပါသည်။ ဤကမ္မဿကတာသမာဒိဋ္ဌိကို ရှင်တော်ဗုဒ္ဓသည် သမ္မုတိသစ္စာအရာ၌ အသုံးပြုတော်မူပါသည်။

ကမ္မဿကတာ ဉာဏ်ဟုဆိုအပ်သောသမ္မာဒိဋ္ဌိသည်ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၌ပါရှိနေသောအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ခေါ် ကမ္မသတ္တိတို့ကို အမြစ်ပြတ်အောင် ပယ်သတ်နိုင်စွမ်း မရှိသေးပါ။ ထို့ကြောင့် ကံ-ကံ၏အကျိုးတို့ကို ယုံကြည်လက်ခံသော ကမ္မဿကတာဉာဏ်ကိုဖြစ်စေပြီးလျှင် ထိုကမ္မဿကတာဉာဏ်၌ စိတ်ထားရောက်တည်၍ စတုသစ္စာအသိဉာဏ်သို့ ရောက်အောင် အသုံးချရပါသည်။ ကံ- ကံ၏အကျိုးကို ယုံကြည်လက်ခံသော ကမ္မဿကတာ ဉာဏ်ကိုမရမရှိခဲ့ပါလျှင်လည်း စတုသစ္စသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ကို မရ မရှိနိုင်ပါ။

စတုသစ္စ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ကို မရမရှိပါလျှင်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ကမ္မသတ္တိခေါ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားတို့ကို အမြစ်ပြတ်အောင် မပယ်မသတ်နိုင်ပါ။ သမ္မသတ္တိရှိနေသေးလျှင် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏

အသုံးချမှုကို မိမိကခံယူရရှိရ၍ ချမ်းသာမျိုးစုံ၊ ဆင်းရဲမျိုးစုံ တို့ကို ခံစားစံစားရလျက် အို၊ နာ၊ သေဝဋ်စက်မှ မလွတ် မထွက်နိုင်ပါ။ ထို့ကြောင့် ကမ္မာဿကတာဉာဏ်ကိုဖြစ်စေ၍ စတုသစ္စသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ကိုဖြစ်စေသော ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတရားတို့ကိုဟုတ်မှန်စွာ သိရှိနိုင်ရန်အတွက် ကံနှင့်ကံ၏ အကျိုးတရားတို့ကို ဤသို့အသုံးချပါ။

ကုသိုလ်ကံဆိုသည်မှာ ပရမတ္ထသစ္စာတရားသဘော အမှန် အားဖြင့်ကမ္မဘဝခေါ် ကုသိုလ်စိတ်၌ပါရှိသောစေတနာစေတ သိက်နှင့် ကုသိုလ်ကမ္မဝိညာဉ်ကို ခေါ်ပါသည်။ ၎င်းစေတနာ စေတသိက်နှင့် ကုသိုလ်ကမ္မဝိညာဉ်သည် အမှားနှင့်အမှန်ကို ခွဲခြား၍ မသိတတ်သော အဝိဇ္ဇာခေါ် မောဟ–ကောင်းမှု ကုသိုလ်ကံကို ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ ဖြင့် ပြီးစီးအောင်မြင် ထမြောက်အောင် ပြုလုပ်ပြောဆိုကြံ စည်ခြင်း- သင်္ခါရ၊ ထို ကုသိုလ်လုပ်ငန်းတို့၌ တပ်မက်တွယ် တာကပ်ငြိသိမ်းပိုက်ခြင်း- တဏှာ- အပြင်းအထန် ငါ၊ ငါ၏ ဥစ္စာဟုစွဲယူခြင်း - ဥပါဒါန်၊ ကောင်းမှုကုသိုလ်လုပ်ငန်း ထ မြောက်အောင်မြင်ခြင်း - ကုသိုလ်ကမ္မဘဝ၊ ဤ အဝိဇ္ဇာ သင်္ခါရ၊ တဏှာ ဥပါဒါန်၊ ကုသိုလ်ကမ္မဘဝဆိုသော ပရမတ္ထ သဘာဝ ငါးမျိုးတို့ကို ကုသိုလ်ကံခေါ်သည်ဟု တိုးချဲ့မှတ် ယူပါ။

၎င်းပရမတ္ထသဘာဝ တရားငါးမျိုးတို့ကို ကုသိုလ်ကံဟု အသိဉာဏ်ရောက်အောင် အထပ်ထပ်အခါခါ နှလုံးသွင်းဆင်

ခြင် ပွားများ အားထုတ်ခြင်းအားဖြင့် အသုံးချပါ။ ဤကုသိုလ်ကမ္မဘာနှင့် သင်္ခါရတရားစု၌ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားတို့ ပါဝင်လျက်ရှိနေသည်ကိုလည်း သတိပြုခဲ့ပါ။

ယခုညွှန်ခဲ့သော အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်ကုသိုလ်ကံခေါ် ကမ္မဘာဆိုသော တရားသဘောအမှန်ပရမတ္ထတရားစုအစု၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဟူ မပါရှိသည်ကိုလည်း အသိဉာဏ်ရောက်အောင် ကျင့်သုံးလေ့လာရပါသည်။ ပုဂ္ဂိုလ်သတ္တဝါတို့နှင့်မရောမယှက်ပရမတ္ထသက်သက်ဖြစ်သော အဝိဇ္ဇာသင်္ခါရ၊ တဏှာဥပါဒါန်ကုသိုလ်ကမ္မဘဝတို့ကို ကုသိုလ်ကမ္မဝိညာဏ်ဟူ အသိဉာဏ်ရောက်ပါ။ ဤသည့်တရားတို့တွင် သင်္ခါရနှင့် ကုသိုလ်ကမ္မဘာ တရားနှစ်ပါးတို့ကို ကုသလကမ္မကုသိုလ်ကံဟူ အသိဉာဏ် ရောက်ပါ၊ အဝိဇ္ဇာ၊ တဏှာ၊ဥပါဒါန် တရားသုံးပါးတို့ကိုတော့ ကုသလကမ္မ၊ သတ္တိ၊ ကုသိုလ်ကံက သုဂတိဘုံဘသို့ ရောက်စေတတ်ဖြစ်စေတတ်သော ကုသိုလ်ကံ၏စွမ်းရည်ဟု အသိဉာဏ် ရောက်ပါ။ သင်္ခါရကုသလကမ္မဘာတရားနှစ်ပါးတို့သည်မျိုးစေ့နှင့်တူ၍ အဝိဇ္ဇာ၊တဏှာဥပါဒါန်တရားသုံးပါးတို့ က၊ အပင်ပေါက်စေတတ်သောမျိုးဗီဇစွမ်းရည်နှင့် တူသည်ဟု မှတ်ယူ၍ ကုသိုလ်ကံကိုအသုံးချပါ။

တစ်နည်းအားဖြင့် သင်္ခါရနှင့် ကုသိုလ်ကမ္မဘာ နှစ်ပါးတို့သည် အပင်ပေါက်စေတတ်သော မျိုးစေ့ဗီဇနှင့်တူသည်

ဟုမှတ်ယူ၍ အဝိဇ္ဇာကို မြေကောင်းမြေသန့်နှင့် တူသည်ဟု မှတ်ယူပြီးလျှင် တဏှာနှင့်ဥပါဒါန်ကို တရားနှစ်ပါးဘို့ကို ရေ၊ လေ၊ လင်းရောင်ခြည်နှင့်တူသည်ဟု မှတ်ယူပါ။

အဝိဇ္ဇာမြေပေါ်၌ကုသိုလ် ကမ္မဝိညာဏ် မျိုးစေ့ကို မျိုးချ၍ တဏှာ ဥပါဒါန်ဆိုသော ရေ၊ လေ၊ လင်းရောင်ခြည် တို့ဖြင့် သွန်းလောင်းဆွတ်ဖျန်းပေးလျှင်သုဂတိဘုံဘဝအမျိုးမျိုးတို့၌ သုဂတိဘုံသား သတ္တဝါအပင်များ ပေါက်ရောက် စည်ကား လာနိုင်သည်ဟု အသိဉာဏ် ရောက်အောင် ကုသိုလ်ကံကို အသုံးချပါ။

ကုသိုလ်ကံ၏ အကျိုးတရားဆိုသည်မှာ တရားသဘော အမှန် ပရမတ္ထသစ္စာအားဖြင့် အသက်ကသွန်ပြခဲ့သော သင်္ခါရ နှင့် ကုသိုလ်ကမ္မဘဝခေါ် ကုသိုလ်ကံ၌ပါရှိသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားတို့၏ သတ္တိစွမ်းရည်တို့ကြောင့် ထိုထို သုဂတိဘုံဘဝတို့၌ ရှေးဦးစွာ ဥပဒ် ဖြစ်သွားသော အကြောင်းအကျိုးစပ်ခြင်း၊ ပဋိသန္ဓေ၊ ဝိပါက်၊ ဝိညာဏ်၊ ပဝတ္တိဝိပါက်ဝိညာဏ်ခေါ် ဝိညာဏ်၊ ထိုဝိညာဏ်၌မှီရာ ဝိပါက်၊ စေတသိက်ခေါ် နာမ် ဘာ နှင့် ကမ္မဇရုပ်ခေါ် ရုပ်တရား များဖြစ်သောနာမ်၊ ရုပ်၊ ထိုနာမ်ရုပ်တို့၏ ပေါ်လွင် ထင်ရှား တည်နေ၊ စုဝေးရာ စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ-မန ဆိုသော သဠာယတနစက္ခု စသည်တို့ကို စွဲမှီ၍ ရူပါရုံ စသည်တို့၏ ထိတွေ့မှုခေါ် ဖဿ၊ ထိတွေ့လာသော အာရုံ၏ အရသာကို ခံစားခြင်းခေါ် ဝေဒနာ၊ ဤပရမတ္ထသစ္စာ

တရားသဘောအမှန်တို့ကို ကုသိုလ်ကံ၏ကောင်းကျိုးဟုအသိဉာဏ်ရောက်ရပါမည်။ အသိဉာဏ်ရောက်အောင် လေ့လာကျင့်သုံး၍ ကုသိုလ်ကံ၏အကျိုးတရားကို အသုံးချပါ။ ယခုညွှန်ပြခဲ့သော ကောင်းမှု ကုသိုလ်ကံ၏ အကျိုးတရားစုမှာလည်း ပုဂ္ဂိုလ်၊ သတ္တဝါ-ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟုမပါ·မရှိသည်ကိုလည်း အသိဉာဏ်ရောက်အောင် လေ့လာကျင့်သုံးရပါသည်။ လေ့လာ ကျင့်သုံးပါ။

ကောင်းမှုကုသိုလ်ကံ၊ ကောင်းမှုကုသိုလ်ကံ၏အကျိုးတရားတို့ကို ပုဂ္ဂိုလ် သတ္တဝါ ငါ၊ သူတစ်ပါး-ယောကျ်ား၊ မိန်းမဆိုသော အများပြောအမှန် သမ္မုတိသစ္စာတရားတို့နှင့် မရောမယှက်မူ၍ တရားသဘောအမှန် ပရမတ္ထသစ္စာတရားသဘောသက်သက်မျှသာ ထင်ရှားရှိသောအဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကုသလကမ္မဘဝတို့သည် ကုသလကမ္မဖြစ်၍ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန။ ဖဿ၊ ဝေဒနာတို့ကို ကုသလဝိပါကဟု အသိဉာဏ်ရောက်အောင်အသုံးချပါ။

ကုသလကမ္မ—ကုသလဝိပါက နှစ်မျိုးတို့ထင်ရှားဖြစ်ရှိနေရာ၌လည်း ကုသလကမ္မတွင် ကုသလဝိပါက မပါမရှိပါ၊ ကုသလဝိပါကမှာလည်းကုသလကမ္မမပါရှိပါ၊ ကောင်းမှုကုသိုလ်ကံနှင့်ကင်း၍လည်းကောင်း ကျိုးကုသလ ဝိပါကသည် မဖြစ်ပေါ်နိုင်ပါဟု အသိဉာဏ်ရောက်အောင် ကောင်းမှုကုသိုလ်ကံနှင့် ကောင်းမှုကုသိုလ်ကံ၏ အကျိုးတရားတို့ကို အသုံးချပါ။

အဝိဇ္ဇာ သင်္ခါရ စသော ကုသလကမ္မကြောင့် ဝိညာဏ်၊ နာမ်ရုပ်စသော ကုသလဝိပါကခေါ် အကျိုးတရားများဖြစ်ရှိကြရ၏။ ကောင်းမှုကုသိုလ်ကံ၏အကျိုးခေါ် အကျိုးတရားများ ဖြစ်ရှိကြရ၏။ ကောင်းမှုကုသိုလ်ကံ၏ အကျိုးသည် အဝိဇ္ဇာ သင်္ခါရစသောကုသိုလ်ကံသာလျှင်ဖြစ်ကြောင်း အသိဉာဏ်ရောက်အောင် ကုသိုလ်ကံနှင့် ကုသိုလ်ကံတို့၏ကောင်းကျိုးတို့ကို အသုံးချပါ။

ကုသိုလ်ကောင်းမှုကံကို မိမိသည်ပင်ပြုလုပ်၍ ကောင်းမှုကုသိုလ်ကံ၏ ကောင်းကျိုးသည်လည်း မိမိသည်ပင် ခံစားရသည်မဟုတ်ပါလားဟုဆိုသော် အများပြောအမှန် သမ္မုတိသစ္စာအားဖြင့် မိမိသည်သာလျှင် ကုသိုလ်ကောင်းမှုကံကို ပြု၍ မိမိသည်ပင် ကောင်းမှုကံ၏ကောင်းကျိုးသုခကိုခံစားရ၏ဟု ဆိုနိုင်ပါသည်။ဤသို့အသိဉာဏ်ရောက်ခြင်းကိုကမ္မဿကတာသမ္မာဒိဋ္ဌိဟု ခေါ်ပါသည်။

ကမ္မဿကတာ— သမ္မာဒိဋ္ဌိသည် ကောင်းမှုကုသိုလ်ကံ၌ပါရှိသော ကောင်းကျိုးသုခကို ဖြစ်စေတတ်သည့် ကမ္မသတ္တိကို မပယ်မသတ်နိုင်ပါ။ ကုသိုလ်ကမ္မသတ္တိရှိနေသမျှ ကောင်းကျိုးသုခတို့ကိုသာ ခံစားရလျက် အို·နာ·သေ စသောဒုက္ခဝဋ်အတွင်း၌သို့ သွတ်သွင်းခြင်းခံရ၍ မလွဲမသွေ ဆင်းရဲဘွင်းနက်၍ နေမည်သာဖြစ်ပါသည်။

သို့ကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိထက် အစွမ်းထက်သော ကုသိုလ်ကမ္မသတ္တိကို ပယ်သတ်နိုင်စွမ်းရှိသည့် စတုသစ္စ

သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကို ရရှိဖြစ်ပေါ်စေခြင်းငှာ ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးတရားတို့ကို ဤသို့အသုံးချပါ။ ကောင်းမှုကုသိုလ်ကံကို ပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါ မည်သည် မရှိ။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကုသိုလ်ကမ္မဘဝသာရှိပါသည်ဟု သဘောပေါက်ပါ။

ကောင်းမှုကုသိုလ်ကံ၏ ကောင်းကျိုးသုခကို ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါမည်သည် မရှိ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ တရားတို့သာ ရှိပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ တို့နှင့် မရောမယှက်၊ အဝိဇ္ဇာစသော အကြောင်းတရားများနှင့် ဝိညာဏ် နာမ်ရုပ်စသော အကျိုးတရားတို့သာ ဆက်သွယ်လည်ပတ်၍ ဖြစ်ရှိကြကုန်၏ဟုနှလုံး သွင်း ဆင်ခြင်ပါ။ သဘောပေါက်ပါ။ ဤသို့ နှလုံးသွင်း ဆင်ခြင်သော အသိဉာဏ်ကို စတုသစ္စသမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဟု ခေါ်ပါသည်။ ကောင်းမှုကုသိုလ်ကံနှင့် ကောင်းမှုကုသိုလ်ကံ၏ အကျိုးတို့ကို ဤသို့ အသိဉာဏ်ရောက်အောင် အသုံးချပါ။

ယခုညွှန်ပြခဲ့သော ကံနှင့် ကံ၏အကျိုးတရား နှစ်ပါးကို ဆက်စပ်လည်ပတ်၍နေသော ဘဝသံသရာကို ပြုလုပ်စီမံဖန် ဆင်းတတ်သော နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်း ကောင်း၊ ပုဂ္ဂိုလ်သတ္တဝါသည် လည်းကောင်း တစ်စုံတစ် ယောက်မျှမရှိမူ၍ အဝိဇ္ဇာသင်္ခါရစသော အကြောင်းတရား

တို့ကြောင့် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂလသတ္တ ဇီဝတို့နှင့်မရော မယှက် သက်သက်သော တရားသဘောအမှန် ပရမတ္ထသစ္စာ ဖြစ်သည့် ဝိညာဏ် နာမ်ရုပ်စသော ရုပ်နာမ်နှစ်ပါး တရားတို့ သည်သာလျှင် အစဉ်မပျက် ဆက်၍ဆက်၍ဖြစ်နေကြကုန်၏ ဟု အသိဉာဏ်ရောက်ပါ။

ဤသို့ အသိဉာဏ်ရောက်ပါလျှင် မဖောက်မပြန် ဟုတ်မှန် စွာမြင်သော သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ပင် ဖြစ်ပါသည်။ သမ္မာ ဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြင့် မဖောက်မပြန် ဟုတ်မှန်စွာ သိမြင်ထား သော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့ကို ဖြစ်ပေါ်ပြီး နောက် ချက်ချင်းကုန်ပျောက်သော သဘောရှိသောကြောင့် အနိစ္စ အနိစ္စလက္ခဏာ—ဖြစ်ပျက်နှစ်တန် နှိပ်စက်သောဒဏ် ကြောင့် ဒုက္ခ—ဒုက္ခလက္ခဏာ—ပုဂ္ဂိုလ်သတ္တဝါ အတ္တလိပ်ပြာ မဟုတ်သောကြောင့် အနတ္တ—အနတ္တလက္ခဏာဟု သုံးသပ် ဆင်ခြင်သော် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြစ်၍ မဂ္ဂသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်တိုင်အောင် ဖြစ်နိုင်ပါသည်။

ဆိုခဲ့ပြီးသော ကောင်းမှုကုသိုလ်ကံ–ကောင်းမှုကုသိုလ်ကံ ၏ အကျိုးတရားတို့ကို ကမ္မဿကတာ – သမ္မာဒိဋ္ဌိဉာဏ်၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၊ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်၊ စတုသစ္စ-သမ္မာ ဒိဋ္ဌိဝိဇ္ဇာဉာဏ်များ ဖြစ်ပေါ်လာအောင် အသုံးချပါ။

တစ်ဖန် အဝိဇ္ဇာသင်္ခါရ တဏှာ- ဉပါဒါန် ကုသလကမ္မ ဘဝ တရားငါးပါးတို့ကို အကြောင်းတရား သမုဒယသစ္စာဟု

ဟု သသိဉာဏ်ရောက်၍ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ တရားငါးပါးတို့ကို အကျိုးတရားဒုက္ခသစ္စာဟု အသိဉာဏ်ရောက်ပါ။ ဤသည့်အကြောင်းတရား သမုဒယ သစ္စာတရားနှင့် ဒုက္ခသစ္စာတရားနှစ်ပါး အတွင်း၌ ဇာတိ ခေါ် ထိုထိုဘုံဘဝအသီးသီးတို့၌ ဥပဒ်ဖြစ်ပွားရခြင်း။

ဇရာမရဏ-ခေါ် ရင့်ကျက်အိုမင်းခြင်း ထိုထိုဘုံဘဝ အသီးသီးတို့မှ ပျက်စီးစုတေရွေ့လျောရခြင်း၊ တရားနှစ်ပါး တို့ပါဝင်လျက် ရှိနေပါသည်။ အကြောင်း အကျိုးတရား နှစ်ပါးတို့၌ ပါဝင်လျက်ရှိနေသော ဇာတိနှင့် ဇရာ၊ မရဏ တရားနှစ်ပါးတို့ကို အကြောင်း အကျိုးတရား နှစ်ပါးတို့၌ အသိဉာဏ်သက်ဝင်ပါလျှင် အကြောင်း အကျိုးတရားနှစ်ပါး တို့၌ အမှန်ကိုမသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ၊ ငါ ငါ၏ဥစ္စာဟု စွဲယူသိမ်းပိုက်သော တဏှာ၊ ဥပါဒါန်တို့ကို အမြစ်ပြတ်အောင် ပယ်သတ်နိုင်ပါသည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့ကို အမြစ်ပြတ်အောင် ပယ်သတ် နိုင်သော် အကြောင်း အကျိုးတရား နှစ်ပါးတို့၌ အတွယ်လွတ်၍ နောက်ထပ်တစ်ဖန် အကြောင်းတရား၊ အကျိုးတရားတို့ မဖြစ်မရှိနိုင်တော့ပါ။ အကြောင်း အကျိုးတရား၊ ဒုက္ခ၊ သမု ဒယသစ္စာ နှစ်ပါးတို့၏ အသစ်တစ်ဖန်မဖြစ်ခြင်းကို နိရောဓ သစ္စာဟု အသိဉာဏ်ရောက်ပါ။

ဒုက္ခသစ္စာကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိနိုင်ခြင်း၊ သမုဒယသစ္စာကို ပယ်သတ်နိုင်ခြင်း၊ နိရောဓသစ္စာကို ကိုယ်

တိုင်သိရောက်မျက်မှောက်ပြုနိုင်ခြင်းသဘောရှိသော အရိယာ မဂ်ကို မဂ္ဂသစ္စာဟု အသိဉာဏ်ရောက်ပါ။

ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးတရားတို့ကို ဤသို့ အသိဉာဏ်ပေါက်ရောက်အောင် အသုံးချနိုင်ပါလျှင် (၀၁) အသုံးချတတ်ပါလျှင် စတုသစ္စသမ္မာဒိဋ္ဌိ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပါ သည်။ စတုသစ္စသမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် ဖြစ်ပါလျှင် ထိုစတုသစ္စ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်သည် ကုသိုလ်ကံ၌ပါရှိသော ကမ္မသတ္တိ ခေါ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ကို အကြွင်းအကျန်မရှိ အောင်၊ အမြစ်ပြတ်အောင် ပယ်သတ်နိုင်သော စွမ်းရည်သတ္တိ ရှိပါသည်။ စတုသစ္စသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြင့် ကုသိုလ်ကံ၏ ကမ္မသတ္တိဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားတို့ကို အကြွင်းအကျန်မရှိ၊ အမြစ်ပြတ်အောင် ပယ်သတ်နိုင်ပါလျှင် သုဂတိဘုံဘဝအသီးသီးတို့၌ စည်းစိမ်ချမ်းသာ အမျိုးမျိုး တို့ကို တစ်မျိုးပြီးတစ်မျိုး လှည့်လည်ခံစား စံစားကြရကုန် လျက် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက်နိုင်ပါသည်ဟု အသိဉာဏ်ရောက်၍ ကုသိုလ်ကံ နှင့် ကုသိုလ်ကံ၏ အကျိုးတရားတို့ကို စတုသစ္စသမ္မာဒိဋ္ဌိဝိဇ္ဇာ ဉာဏ်ဖြစ်အောင် အသုံးချပါ။

ကုသိုလ်ကံနှင့်ကုသိုလ်ကံ၏အကျိုးတရားတို့ကို ကမ္မဿက တာသမ္မာဒိဋ္ဌိဉာဏ်၊ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၊မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်၊ စတုသစ္စသမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြစ်အောင် အသုံးချ၍ သုဂတိဘုံ ဘဝအသီးသီးတို့၌ စည်းစိမ်ချမ်းသာအမျိုးမျိုးတို့ကို တစ်မျိုး

ပြီးတစ်မျိုး၊ တစ်မျိုးပြီးတစ်မျိုး လှည့်လည်ခံစားစံစားကြ ကုန်လျက် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီး၌ အပြီး တိုင် လွတ်မြောက်ကြကုန်သော သူတို့၏ အရေအတွက်မှာ ဂဏန်းဖြင့်ရေတွက်၍ မရနိုင်လောက်အောင်ပင် များလှ ပါသည်။

ကုသိုလ်ကံနှင့်ကုသိုလ်ကံတို့၏အကျိုးတရားတို့ကို ကမ္မဿ ကတာ သမ္မာဒိဋ္ဌိဉာဏ်၊ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၊မဂ္ဂသမ္မာဒိဋ္ဌိ ဉာဏ်၊စတုသစ္စသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြစ်အောင် အသုံးချ၍သုဂ တိဘုံဘဝ အသီးသီးတို့၌ စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို တစ်မျိုးပြီးတစ်မျိုး၊ တစ်မျိုးပြီးတစ်မျိုး လှည့်လည်ခံစား စံစားကြရကုန်လျက် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီး မှ အပြီးတိုင်လွတ်မြောက်ကြကုန်သော ပုဂ္ဂိုလ်တို့၏ ဝတ္ထု သက်သေများမှာ အလွန်ပင် များပြားလှပေသည်။ အနည်း ငယ် ညွှန်ပြရသော်--

ကုသိုလ်ကံ- ပါရမီတရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချ တော်မူကြကုန်သော ပုဂ္ဂိုလ်တို့သည်

(၁) သမ္မာသမ္ဗုဒ္ဓ ဘုရားအလောင်းတော်များ

(၂) ပစ္စေကဗောဓိ ဘုရားအလောင်းတော်များ

(၃) အဂ္ဂသာဝကဗောဓိ လောင်းလျာများ

(၄) မဟာသာဝကဗောဓိလောင်းလျာများ
(၅) ပကတိသာဝကဗောဓိလောင်းလျာများ

ဟု ငါးမျိုးရှိကြပါသည်။ ထိုတွင် သမ္မာသမ္ဗောဓိဘုရားအလောင်းတော်များသည် အနည်းဆုံးကမ္ဘာပေါင်း လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ကုသိုလ်ကံပါရမီတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းပြီးမှ ကုသိုလ်ကံပါရမီတရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချရပါသည်။ (အချို့က ကမ္ဘာပေါင်း သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းဟု ဆိုကြပါသည်။)

ပစ္စေကဗောဓိဘုရား အလောင်းတော်များသည် ကမ္ဘာပေါင်းနှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ကုသိုလ်ကံပါရမီတရားတို့ကို ဖြည့်ကျင့်ဆည်းပူးစုဆောင်းပြီးမှ ကုသိုလ်ကံပါရမီတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချလို့ရပါသည်။ အဂ္ဂသာဝကဗောဓိလောင်းဖြစ်သော ပုဂ္ဂိုလ်တို့သည် ကမ္ဘာပေါင်း တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ကုသိုလ်ကံပါရမီတရားတို့ကို ဖြည့်ကျင့်ဆည်းပူးစုဆောင်းပြီးမှ ကုသိုလ်ကံပါရမီတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချလို့ရပါသည်။

မဟာသာဝကဗောဓိလောင်းလျာဖြစ်သော ပုဂ္ဂိုလ် တို့သည် ကမ္ဘာတစ်သိန်းတိုင်တိုင် ကုသိုလ်ကံပါရမီတရားတို့ကို ဖြည့်ကျင့်ဆည်းပူးစုဆောင်းပြီးမှ ကုသိုလ်ကံပါရမီတရားတို့တို့ ဉာဏ်ဖြစ်အောင် အသုံးချလို့ရပါသည်။

ပကတိသာဝကဗောဓိလောင်းလျာဖြစ်သော ပုဂ္ဂိုလ်များသည် နှစ်ဘဝ၊ သုံးဘဝစသည်ဖြင့် ကုသိုလ်ကံပါရမီတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းပြီး၍ မိမိသန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံပါရမီတရားကို ဉာဏ်ဖြစ်အောင် အသုံးချရပါသည်။

ကုသိုလ်ကံပါရမီတရား ဖြည့်ကျင့်ဆည်းပူးဖို့ရန် ကာလပိုင်းခြား သတ်မှတ်ထားသော သမ္မာသမ္ဗောဓိလောင်းလျာများ၊ ပစ္စေကဗောဓိလောင်းလျာများ၊ အဂ္ဂသာဝကဗောဓိလောင်းလျာများ၊ မဟာသာဝကဗောဓိ လောင်းလျာများ၊ မဟာသာဝကဗောဓိ လောင်းလျာများတို့သည် ပိုင်းခြားသတ်မှတ်ထားသော ကုသိုလ်ကံ ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းရာ ကာလ အပိုင်းအခြား အတိုင်းကုသိုလ်ကံပါရမီတရားတို့ မပြည့်စုံသေးပါလျှင် ရည်ရွယ်ပန်ဆင်ထားသော ဗောဓိဉာဏ်အဖြစ်သို့ရောက်အောင် ကုသိုလ်ကံပါရမီတရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချခွင့်မရသေးပါ၊ သတ်မှတ် ပိုင်းခြားထားသော ကံပါရမီဖြည့်ရန် ကာလသို့ရောက်၍ ကံပါရမီပြည့်စုံမှသာ ကုသိုလ်ကံပါရမီကို ဉာဏ်ဖြစ်အောင် အသုံးချလို့ရပါသည်။

ပကတိသာဝကဆုကို ပန်ဆင်တော်မူကြကုန်သော ဗောဓိလောင်းလျာများအတွက်မှာမူကား နှစ်ဘဝ သုံးဘဝစသည်တို့မှာပင် ဖြည့်ကျင့်ဆည်းပူးတော်မူအပ်သော ပါရမီကုသိုလ်ကံ တရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချခွင့် ရှိနိုင်ပါသည်၊

သံသရာဝဋ်ဆင်းရဲကို ငြီးငွေ့လှ၍ ကမ္မဿကတာဉာဏ်၌ စိတ်ထားရောက်ပြီးလျှင် ဒါနစသောပါရမီကုသိုလ်ကောင်းမှု ကံတရားတို့ကို ပြုလုပ်ကျင့်သုံးလျက်–

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု-ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု ဟု ပတ္ထနာပြု၍ လှူဒါန်းကျင့်သုံးလေ့ရှိကြကုန်သော ပုဂ္ဂိုလ်တို့ကို ပကတိသာဝကဗောဓိ လောင်းလျာဟု ခေါ်ဆိုနိုင်ပါသည်။

ထိုပကတိသာဝကဗောဓိလောင်းလျာများသည် မိမိပြုလုပ်ဆည်းပူး ကျင့်ကြံပွားများ အားထုတ်အပ်ပြီးသော ဒါနစသော ပါရမီကံတရားတို့ကို ဉာဏ်ဖြစ်အောင် ဧ သုံးချနိုင်ပါလျှင် (ဝါ) အသုံးချတတ်ပါလျှင် ယခုလို သာသနာခေတ်အတွင်း မျက်မှောက်ဘဝမှာဖြစ်စေ၊ နောက်နောက်သော သာသနာခေတ်အတွင်းဘဝများ၌ဖြစ်စေ မိမိလိုအပ်သော ဗောဓိဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခွင့် ရှိပါသည်။

ကျွန်ုပ်တို့၏ရှင်တော်ဗုဒ္ဓသည် သမ္မာသမ္ဗောဓိလောင်းလျာ အဖြစ်ဖြင့် ကမ္ဘာသင်္ချေပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင်တစ်နည်းကမ္ဘာပေါင်းသင်္ချေနှစ်ဆယ်နှင့်ကမ္ဘာ တစ်သိန်းတိုင်တိုင် ဒါနစသော ပါရမီကံတရားတို့ကိုဖြည့်ကျင့် ဆည်းပူး စုဆောင်းတော်မူခဲ့ရာသင်္ချေများစွာသော ဘုရားရှင်တို့၏ ထံတော်မှောက်တွင် ဒါနစသော ပါရမီကောင်းမှု

ကုသိုလ်ကံတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းတော်မူခဲ့ရပါသည်။

ထိုသို့ ဘုရားအဖြစ်ဖြင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်စသည်တို့ကိုရရှိဖြစ်ပေါ်စေရန်ဒါနစသောကုသိုလ်ကောင်းမှု ပါရမီကံတရားတို့ကို ဆည်းပူးစုဆောင်းဖြည့်ကျင့်တော်မူခဲ့ရာ 'တစ်ခုသောဘဝ၌ ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာလောင်းလျာသည် မိခင်အိုကြီးကို ရှိသေစွာ လုပ်ကျွေးနေသော မာတုရုဒ္ဓက အမည်ရှိသူဆင်းရဲဖြစ်ခဲ့ရ၍ သုဝဏ္ဏဘူမိသို့ ကူးသန်းရောင်းဝယ်ရန် ကုန်သည်တို့နှင့်အတူ သင်္ဘောသားအဖြစ်ဖြင့် လိုက်ပါသွားခဲ့ရာပင်လယ်အတွင်းမှာသင်္ဘောပျက်သဖြင့် အတူပါလာသောမိခင်အိုကိုကျောပိုး၍ ပျဉ်ချပ်တစ်ခုကို မှီတွယ်လျက် သမုဒ္ဒရာကြီးကို ဖြတ်ကူးနေစဉ်မှာပင် ပင်လယ်တွင်း၌ နစ်မြုပ်သေကြေကြကုန်သော သူတို့ကိုတွေ့မြင်ရ၍ ဤသတ္တဝါတို့သည် တရားမှန်ကိုမသိကြသောကြောင့် သမုဒ္ဒရာ ရေပြင်ကြမ်းကြီးနှင့်တူလှသော သံသရာဝဋ်ဆင်းရဲကြီး၌ နစ်မြုပ်ကြရကုန်၏ဟု သံဝေဂဖြစ်ကာ ငါသည် အမှန်တရားကို ကိုယ်တိုင်သိရ၍ သတ္တဝါတို့ကိုလည်း တရားမှန်ကို သိစေပါအံ့စသည်ဖြင့် နှလုံးသွင်းကာ ဘုရားအဖြစ်သို့ရောက်ဖို့ရန် စိတ်ရည်သန်၍ မနောကံကုသိုလ်ပါရမီတရား ဖြစ်ပွားစုဆောင်းခဲ့လေပြီ။

ထို့ပြင် ကျွန်ုပ်တို့၏ဗုဒ္ဓမြတ်စွာလောင်းလျာသည် တစ်ခုသောဘဝဝယ် သီရိမတိမြို့၌ သတ္တုတ္တာသနကာဒမကမင်းကြီး

ဖြစ်စဉ်ကလည်း မိမိ၏မဂ်လာဆင်တော်သည် မီးရဲရဲငြိးနေသော သံတွေခဲကိုပင် နှာမောင်းဖြင့် ရစ်ပတ်၍ ထားရာမှ ဆင်ထိန်းဆရာ၏ အမိန့်ကိုမရလျှင် မချဝံ့ဘဲ ရှိခဲ့လေသည်။ ဤသို့ပင် ယဉ်ကျေးလိမ္မာလှ၍ ဆင်ထိန်း ဆရာ၏အမိန့်ကို ကြောက်ရွံ့စွာ လိုက်နာနိုင်သော မင်္ဂလာဆင်တော်သည် ရာဂ၏အစွမ်းဖြင့် ဆင်မယဉ်သာ၏နောက်သို့လိုက်သွားသော အခါတွင် ဆင်ထိန်းဆရာ၏အမိန့်ကို လွန်ဆန်ခဲ့၏။ ဘုရားအလောင်းမင်းကြီးသည် ဤသို့သော အဖြစ်ကို တွေ့မြင်ရသောအခါတွင် ဩော်-ရာဂတရားသည် အလွန်တရာကြမ်းတမ်းခက်ထန်လေစွာတကား- ရာဂတရားသည် ထက်လှစွာသော ချွန်းထက်လည်းကောင်း၊ မီးလျှံထက် လည်းကောင်း၊ ပြင်းထန်လှစွာသော မြွေဆိပ်စသည်တို့ထက် လည်းကောင်း အစွမ်း ထက်လေစွာ့တကားဟု ရာဂ၏အပြင်ကိုမြင်၍ ဤသတ္တဝါတို့သည် ရာဂတရားကြောင့် ဆင်းရဲမျိုးစုံ သံသရာဝဋ်ဘုံကြီးထဲမှ မလွတ်နိုင်ကြကုန်မူ၍ အပါယ်လေးပါးတို့သို့သာ ကျရောက်ကြရကုန်၏။

ဤရာဂတရားကြောင့် မိမိတို့၏သီလ· သမာဓိ၊ ပညာစျာန်အဘိညာဉ် ကုသိုလ်တရားများ၊ ပျက်စီး ဆုံးရှုံးကြရကုန်၏။ ဤရာဂတရားကြောင့် အချင်းချင်းသတ်ဖြတ်နှိပ်စက်ညှဉ်းဆဲကြကုန်၏။ ဤသို့စသည်ဖြင့် ရာဂ၏ အပြစ်ဒေါသတို့ကို ဉာဏ်ဖြင့်မြင်ပြီး၍ ဤသတ္တဝါတို့သည် အဘယ်တရားဖြင့် ရာဂတရား၏အနှောင်အဖွဲ့ကိုခံရသော သံသရာဝဋ်ဆင်းရဲမှ လွတ်

မြောက်ပါမည်နည်းဟု ကြံစည်စဉ်းစားသော် ဘုရားဖြစ်ကြောင်းတရားမှတစ်ပါး အခြားမရှိဟု သိမြင်ဘော်မူပြီး၍ ဘုရားအဖြစ်သို့ရောက်ရှိကာ တရားမှန်ကို ကိုယ်တိုင်သိအောင် သတ္တဝါတို့အားလည်း တရားမှန်ကိုသိစေနိုင်ရအောင်အကျင့်မြတ်တရားကို ကျင့်ပေတော့အံ့ဟု နှလုံးသွင်းကာ ဘုရားအဖြစ်သို့ရောက်ရန် စိတ်ရည်သန်၍ မနောကံကုသိုလ် ပါရမီတရားဖြစ်ပွားစုဆောင်းခဲ့လေပြီ။

ထိုမှတစ်ပါးကျွန်ုပ်တို့ဗုဒ္ဓမြတ်စွာလောင်းလျာသည် တစ်ခုသောဘဝတွင် ဗြာဟ္မဏအမည်ရသော ရသေ့သူမြတ်ဖြစ်ခဲ့၍ တပည့်ဖြစ်သော အရိမေတ္တေယျဘုရားအဲလောင်းတော် ရသေ့သူမြတ်နှင့်အတူ သစ်သီးရှာထွက်ခဲ့ရာ မဏ္ဍတောင်ထိပ်သို့အရောက်တွင် ထောင်ချောက်အတွင်း၌ အစာရမွက်ကြောင့် မိမိ၏သားငယ်များကိုကိုက်စားဖို့ရန်ရှေ့ရှုနေသောကျားမတစ်ကောင်ကိုတွေ့ရ၍တပည့်ရသေ့အား ခြသေ့်စားကြွင်း ငှက်ဆင်စာကြွင်းဖြစ်သောအစာကိုရှာဖွေစေလျက် မိမိကိုယ်တိုင် သံဝေဂဖြစ်မိသည်မှာ မိမိ၏အတ္တဘောဖြစ်သော ဤသက္ကာယမြို့ကြီးသည် ဒေဝ မနိုဿ တိရစ္ဆာန ပေတ နိရိယဟူသော ဂတိငါးပါးတို့ကို မှီ၍နေ၏။

ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့်တကွ ရာဂ၊ ဒေါသ၊ မောဟ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့၏ တည်ရာသာဖြစ်၏။ ဤသို့စသည်ဖြင့် သံဝေဂဉာဏ်ဖြင့် ဆင်ခြင်၍ ဤသို့သော ဆင်းရဲမျိုးစုံတို့မှ

လွတ်မြောက်ကြောင်းတရားသည် ဘုရားအဖြစ်ကို ပြုတတ်သောတရားမှတစ်ပါး အခြားမရှိ။ ဘုရားအဖြစ်ဆိုတာလည်း ပေးနိုင်ခဲသောအရာကို ပေးနိုင်မှ သည်းခံနိုင်ခဲသောအရာကို သည်းခံနိုင်မှ စွန့်နိုင်ခဲသောအရာကို စွန့်နိုင်မှသာ ဘုရားဖြစ်နိုင်၏။

ဤသို့စသည်ဖြင့် မိမိ၏စိတ်၌ ဘုရားအဖြစ်ကို တောင့်တပြီးလျှင် ကျွဲမ ရှိရာ ထောင်ချောက်အတွင်းသို့ မကျွံတောင်ထိပ်မှ ခုန်ချကာ ဘုရားအဖြစ်ကိုရည်ရွယ်တောင့်တလျက် မိမိအသက်နှင့်ကိုယ်ကို ကျွဲစာအလို့ငှာ စွန့်လှူခဲ့၍ ဘုရားဖြစ်ရန် စိတ်ကြီးတောင့်တ မနောကံပါရမီနှင့် ဗိဝိတပရိစ္စာဂဒါနကုသိုလ်ကံ ပါရမီတရားတို့ကို ဆည်းပူးစုဆောင်းတော်မူခဲ့လေပြီ။

## သီရိသိဒ္ဓတ္ထ ဒါယိကာသန္တုသိတ္တာ မင်းသမီးကလေး ပါရမီပြုညွှန့်ပုံအကြောင်း

ပုရာဏဒီပင်္ကရာမြတ်စွာဘုရား၏ လက်ထက်တော်အခါမှာလည်း ကျွန်ုပ်တို့၏ ရှင်တော်ဗုဒ္ဓလောင်းလျာသည် ရှေးကပြုခဲ့ဖူးသော အကုသိုလ်ကံတစ်ခု၏မကောင်းမှုအစွမ်းကြောင့် ပုရာဏဒီပင်္ကရာ မြတ်စွာဘုရားနှင့်အတူ မိကွဲ နှမတော်ဖြစ်သော သန္တုသိတ္တာအမည်ရှိမင်းသမီး ဖြစ်ခဲ့ဖူးလေပြီ။

ပုရာဏဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော် တစ်ဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ဒါနစသော

ပါရမီတော်တို့ကို ပြည့်အောင်ဖြည့်ကျင့်တော်မူပြီးလျှင် တစ်ခုသော သာရကမ္ဘာတွင် စမ္ပာဝတီမြို့တော်၌ မင်းမျိုးဖြစ်ခဲ့၍ နှစ်ပေါင်း တစ်သောင်းတိုင်တိုင် ရွှေနန်း စည်းစိမ်ကို စံစားနေစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူသဖြင့် တောထွက်တော်မူ၍ ရဟန်းပြုတော်မူကာ ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူပြီးနောက် ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို ဆင်ခြင်တော်မူသော ဝိပဿနာမှမ်းထုံ ဉာဏ်စွမ်းဂုဏ်ကြောင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်တို့သို့ ရရောက်တော်မူပြီးလျှင် ပုရာဏဒီပင်္ကရာဟူသော ဘွဲ့တော်ဖြင့် ဘုရားစင်စစ် ဖြစ်တော်မူခဲ့လေပြီ။

ထိုပုရာဏဒီပင်္ကရာမြတ်စွာဘုရား၏ လက်ထက်တော်အခါတွင် ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရား လောင်းလျာအား ပထမဦးစွာ နိယတဗျာဒိတ်တော်ကို ပေးတော်မူမည့် ပစ္ဆိမဒီပင်္ကရာမြတ်စွာဘုရား၏ အလောင်းတော်သည် ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့၍ စည်းစိမ်ဥစ္စာများစွာတို့ကို စံစားနေစဉ် ကာမဂုဏ်တို့၏ အပြစ်ကိုမြင်သဖြင့် ပုရာဏ ဒီပင်္ကရာ မြတ်စွာဘုရား၏ ထံတော်မှောက်တွင် စည်းစိမ်ဥစ္စာများစွာသော ကာမဂုဏ်ဝတ္ထုတို့ကို စွန့်ခွာလျက် ရဟန်းပြုတော်မူခဲ့ပါသည်။

ထိုရဟန်းတော်သည် အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူပြီးလျှင် ပုရာဏဒီပင်္ကရာမြတ်စွာဘုရား၏ အသရေတော်ကို ဖူးမြင်ရသဖြင့် အားကျကာ ဘုရား

အဖြစ်ကို တောင့်တ၍ ဘုရားအမှူးရှိသော သံဃာတော်တို့ အား ဆိမိးတို့ဖြင့် ပူဇော်လျှုဒါန်းလျက် ဘုရားဖြစ်ရန် ဆု ပန်ခဲ့လေပြီ။

## ပစ္ဆိမ ဒီပင်္ကရာဘုရား အလောင်းတော်၏ ဘုရားဖြစ်ရန် ဆုပန်ဆင်ခဲ့ပုံမှာ

အရှင်ဘုရား၊ဘုရားတပည့်တော်သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆိမိးတို့ဖြင့် ပူဇော်လျှုဒါန်းရသော ဤကောင်းမှုကံ အစွမ်းကြောင့် အရှင်မြတ်ဘုရားသည် ဒီပင်္ကရာဟူသော အမည်တော်ဖြင့် ဘုရားအဖြစ်သို့ ရောက် တော်မူကာ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင် လွတ်မြောက်စေနိုင်သကဲ့တို့ ဘုရားတပည့်တော်သည်လည်း နောင်သောအခါ ကိုယ်တိုင်လည်း အမှန်တရားတို့ကို ထိုး ထွင်းသိမြင်ရ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီးလျှင် သတ္တဝါတို့ကိုလည်း အမှန်တရားကိုသိစေ၍ သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်စေနိုင်သော ဒီပင်္ကရာဟူသောအမည် ဖြင့်ပင် ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏ဟု ဘုရားဆုကို ပန်ဆင်တော်မူခဲ့လေပြီ။

ထိုအခါ ပုရာဏဒီပင်္ကရာမြတ်စွာဘုရားက ပစ္ဆိမဒီပင်္ကရာ ဘုရား အလောင်းတော်အား နောင်သော အခါ ဤယခု ကမ္ဘာမှ ကမ္ဘာတစ်သိန်းအလွန်ရှိသော ကမ္ဘာပေါင်း တစ် ဆယ့်ခြောက်သင်္ချေတို့ကို လွန်မြောက်ပြီးသောအခါတွင် ငါ

ဘုရား၏ အမည်တော်ကဲ့သို့ပင် ဒီပင်္ကရာ ဟူသောအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့လေပြီ။

ပစ္ဆိမဒီပင်္ကရာ ဘုရား အ လောင်း တော် သည် ပုရာဏ ဒီပင်္ကရာ မြတ်စွာဘုရား၏ အထံတော်မှ နိယတဗျာဒိတ် ရသည်မှစ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်း တို့ဖြင့် ပူဇော်လှူဒါန်းခြင်းကို အမြဲမပြတ် ပူဇော်လှူဒါန်းခဲ့ လေပြီ။

တစ်နေ့သောအခါ ပစ္ဆိမဒီပင်္ကရာဘုရားအလောင်းတော် ဖြစ်သော ရဟန်းတော်အရှင်သူမြတ်သည် ဆွမ်းပူဇော်ရန် အတွက် ဆီအလှူခံရန် မြို့တွင်းသို့ လှည့်လည်တော်မူရာ မြို့ တွင်းမှ ဆီမရခဲ့သဖြင့် နန်းတော်တွင်းသို့ဝင်ရောက်၍ဆီအလှူ ခံတော်မူ၏။

ထိုအခါ ပုရာဏဒီပင်္ကရာမြတ်စွာဘုရား၏ ဘတူမိကဲ့ဖြစ် သော နှစ်မတော် သန္တသုမိတ္တာမင်းသမီးကလေးသည် ပစ္ဆိမ ဒီပင်္ကရာမြတ်စွာဘုရား၏ အလောင်းတော်ဖြစ်သော ရဟန်း တော်အား သိဒ္ဓတ္ထတေလခေါ် မုန်ညင်းဆီ တစ်သပိတ် လှူ ဒါန်းပြီးလျှင်—

> ယထာ မမဘာတာ သဗ္ဗသတ္တဟိတတ္ထာယ -ဗုဒ္ဓေါ
> ဟောတိ တထာ ဗာမပိ အနာဂတေ သဗ္ဗသတ္တ-
> ဟိတတ္ထာယ ဗုဒ္ဓေါ ဘဝိဿာမိ

မယ့ံ ဗုဒ္ဓဘူတကာလေ ဣမံ သိရိ သိဒ္ဓတ္ထ တေလ နာမံ လဘိဿံ။

ဟု စိတ်အကြံပြုကာ ဆုပန်ခဲ့လေပြီ။

ဆိုလိုသည်မှာ အရှင်ဘုရား၊အရှင်မြတ်သည့်၊ ဘုရားတပည့်တော်မ လှူဒါန်းလိုက်သော ဤဆီဖြင့် တပည့်တော်မ၏ မောင်တော်ဖြစ်သော ပုရာဏဒီပင်္ကရာ မြတ်စွာဘုရားအား အလိုရှိသလို လှူဒါန်းတော်မူပါ၊ ဘုရားတပည့်တော်မ အတွက်မှာမူကား သိဒ္ဓတ္ထတေလခေါ် ဤ မုန်ညင်းဆီကို လှူဒါန်းရသော ကောင်းမှုကံကြောင့် ဘုရားတပည့်တော်မ ၏ မောင်တော်ဖြစ်သော ပုရာဏဒီပင်္ကရာ မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်နိုင်သကဲ့သို့ ဘုရား တပည့်တော်မသည်လည်း နောင်သောအခါ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်နိုင်သော ဘုရားစင်စစ်ဖြစ်ရပါလို ၏။ ဘုရားတပည့်တော်မ ဘုရားအဖြစ်သို့ရောက်ရသောဘဝ တွင်လည်း ဘုရားတပည့်တော်မ၏ အမည်သည် သိဒ္ဓတ္ထဟူ သောအမည်သည် ဖြစ်ပါစေသတည်းဟု ကြံစည် စိတ်သန် အဓိဋ္ဌာန်ဖြင့် မနှောကံပါရမီကောင်းမှုကို ဆည်းပူးစုဆောင်း ခဲ့လေပြီ။

ထို့နောက် တစ်ဖန် လျှောက်ထားပြန်သည်မှာ အရှင် ဘုရား၊ တပည့်တော်မသည် ဤသို့ သိဒ္ဓတ္ထတေလခေါ် မုန် ညင်းဆီကို လှူဒါန်းရသော ကောင်းမှု ကုသိုလ်ကံအတွက်

ဘုရားဆုကိုရရှိဖို့ရန် တောင့်တပန်ဆင်ကြောင်းနှင့် ဘုရားအဖြစ်သို့ရရောက်ရသောဘ၀မှာလည်း သိဒ္ဓတ္ထဟူသောအမည်ကို ရလိုပါကြောင်း ဆုတောင်းလိုက်ပါသည်။ ဘုရားတပည့်တော်မ၏ ဆုတောင်းပြည့်စုံမည်၊ မပြည့်စုံမည်ကိုဘုရားတပည့်တော်မ၏ မောင်တော်ဖြစ်သော ပုရာဏဒီပင်္ကရာမြတ်စွာဘုရားအား လျှောက်ထား၍ မြတ်စွာဘုရားက ပြန်လည်မိန့်ကြားတော်မူသည်ကို ဘုရားတပည့်တော်မအား တစ်ဖန်ပြန်၍ မိန့်ကြားတော်မူပါဘုရားဟု လျှောက်ထားလေပြီ။ ပစ္ဆိမဒီပင်္ကရာ ဘုရားအလောင်းတော် ဖြစ်သော ရဟန်းတော်သည် ပုရာဏဒီပင်္ကရာ မြတ်စွာဘုရား၏ နှမတော်ဖြစ်သော သန္တသုမိတ္တာမင်းသမီးကလေး၏ လျှောက်ထားချက်ကို ပုရာဏဒီပင်္ကရာမြတ်စွာဘုရားအား လျှောက်ထားသောအခါ ပုရာဏဒီပင်္ကရာ မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ ချစ်သားရဟန်း၊ သင်ချစ်သားသည် ဤကမ္ဘာမှ နောက်ကမ္ဘာပေါင်း တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက်ရောက်သောအခါ ငါဘုရား၏ အမည်တော်ကဲ့သို့ ဒီပင်္ကရာဟူသောအမည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်။ ငါဘုရား၏ နှမတော်ဖြစ်သော သန္တသုမိတ္တာ မင်းသမီးသည်ကားနောင်လာလတ္တံ့သောဘ၀တို့၌ ဤဝေဘင်းမှုအထောက်အပံ့နှင့် အခြားသောကောင်းမှု အထောက်အပံ့တို့ကို ရရှိသောကြောင့် ယောက်ျားစင်စစ် အမှန်ဖြစ်ကာလူနတ်စည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ် လှည့်လည်ခံစားပြီးလျှင် ဤကမ္ဘာမှနောက်တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းမြောက်

ရောက်သောအခါ၌ သင်ချစ်သားကိုယ်တိုင် ဒီပင်္ကရာဟူသော အမည်တော်ဖြင့် ဘုရားအဖြစ်သို့ရောက်သော အခါတွင် ငါ ဘုရား၏ နှမတော်ဖြစ်သော သန္တသုမိတ္တာ မင်းသမီးသည် သုမေဓာဟူသောအမည်ဖြင့် ဧျာန်အဘိညာဥ်ရ ရသေ့ဖြစ်၍ သင်ချစ်သား၏ထံမှောက်တွင် ဘုရားဖြစ်ရန် နိယတဗျာဒိတ်ကို ကောန်အမှန်ရရှိလတ္တံ့ ဟု မိန့်တော်မူလိုက်လေပြီ။ သန္တသုမိတ္တာ မင်းသမီးကလေးသည် ပုရာဏဒီပင်္ကရာ မြတ်စွာဘုရားရှင်က ဤသို့မိန့်ကြားတော်မူသည်ကို ပစ္ဆိမဒီပင်္ကရာ ဘုရားအလောင်းဖြစ်သော ရဟန်းတော်၏ထံမှတစ်ဆင့် ပြန်လည်ကြားသိရသောကြောင့် ကျွန်ုပ်တို့၏ ဘုရားလောင်းလျာဖြစ်သော သန္တသုမိတ္တာမင်းသမီးလေးသည် အလွန့်အလွန် နှစ်သက်ရွှင်လန်းဝမ်းသာကြည်နူးစွာဖြင့် ဘုရားဖြစ်ရန် မနေသာကုံ ပါရမီ ကုသိုလ်တို့ကို ဆက်ခါဆက်ခါ ဆည်းပူးစုဆောင်းတော် မူခဲ့လေပြီ။

အတိဒေဝမင်းကြီးဝတ္ထု—သက်သေ

သန္တသုမိတ္တာ မင်းသမီးကလေးသည် ဘုရားဖြစ်ရန်စိတ်ရည်သန်၍ဒါနစသောပါရမီ ကုသိုလ်ကံတရားတို့ကို ဆက်ခါဆက်ခါဆည်းပူးစုဆောင်းလျက်ထိုဘဝမှ စုတေခဲ့သော်ကျက်သရေရှိသော မုန့်ညင်းဆီကို လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်ကံကြောင့် ငါးဆယ့်ခုနစ်ကုဋေ့ခြောက်သန်း အသက်ရှည်သော တုသိတာနတ်ပြည်၌အလွန်ဘုန်းတန်ခိုးအာနုဘော်ကြီးသော နတ်သားဖြစ်ခဲ့လေပြီ။

ထိုတုသိတာနတ်ပြည်၌ အသက်ထက်ဆုံး တည်နေ၍ နတ်စည်းစိမ်တစ်ခုမှ နတ်စည်းစိမ်တစ်ခုသို့၊ လူစည်းစိမ်တစ်ခုမှလူ့စည်းစိမ်တစ်ခုသို့ အကြိမ်ကြိမ် လှဲလှယ်ခံစားစံစားလျက် နန္တအသင်္ချေတွင် တစ်ခုသောသာရကမ္ဘာ၌ တုသိတာနတ်ပြည်မှစုတေခဲ့၍ကရကဏ္ဍမြို့တွင်မင်းမျိုး၌ဖြစ်ခဲ့လေပြီ။ ခမည်းတော်နတ်ရွာစံ၍ ဘုရားအလောင်းတော်မင်းသားကို မင်းအဖြစ်ဘိသိက်သွန်း၍ မင်းမြောက်သောအခါ အတိဒေဝမင်းဟုအမည် တံဆိပ်ခတ်နှိပ်ကြလေပြီး ကျွန်ုပ်တို့၏ ဘုရားလောင်းလျာဖြစ်သော ထိုအတိဒေဝမင်းကြီး၏အထံ၌ ခစားရသောပညာရှိအမတ်ကြီးကားအရိမေတ္တေယျဘုရားအလောင်းတော်သီရိဂုတ္တပညာရှိ အမတ်ကြီးဖြစ်ခဲ့လေပြီ။

အတိဒေဝမင်းကြီးသည် ကရကဏ္ဍမြို့၌ စကြာမင်းကဲ့သို့သောမင်းကြီး စည်းစိမ်ဖြင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဒါနစသော ပါရမီကံတရားတို့ကိုပြည့်အောင် ဖြည့်ကျင့်တော်မူလေပြီး နန္တသင်္ချေတွင် သာရကမ္ဘာ၌ ဗြဟ္မဒေဝဟူသောအမည်တော်ဖြင့် ဘုရားတစ်ဆူပွင့်တော်မူခဲ့လေပြီ။ ထိုဗြဟ္မဒေဝဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူရန် ကရကဏ္ဍမြို့အနီး ဥယျာဉ်ကြီးသို့ ကြွတော်မူသည်ရှိသော် ဗြဟ္မဒေဝဘုရားရှင်၏ ကိုယ်တော်အရောင်တို့သည် ကရကဏ္ဍ တစ်မြို့လုံးကို နေတစ်ထောင် ထွက်သကဲ့သို့ ထွန်းလင်းတောက်ပ လွှမ်းခြုံဖုံးလွှမ်းလေသောကြောင့် အတိဒေဝမင်းကြီးသည် ထိတ်သန့်တုန်လှုပ်လျက် ရာဇပလ္လင်ထက်မှ

ဆင်းသက်ခုန်ချမည်အပြုတွင် အရိမေတ္တေယျဘုရားအလောင်း တော် သိရိကုတ္တ ပညာရှိအမတ်ကြီးသည် အတိဒေဝမင်းကြီး ၏ အမူအရာကိုတွေ့မြင်ရ၍ ခြသေ့ံခံသော လေသာပြတင်း ပေါက်ဖြင့်ကြည့်သည်ရှိသော် သုံးဆယ့်နှစ်ပါးသောလက္ခဏာ တော်ကြီး ရှစ်ဆယ်သောလက္ခာတော်ငယ်တို့ဖြင့် တင့်တယ် သပ္ပာယ်တော်မူလှသော ဗြဟ္မဒေဝ ရှင်တော်မြတ်ဘုရား၏ အသရေတော်နှင့် ရောင်ခြည်တော်တို့ကို ဖူးတွေ့ရ၍ရှေးရှေး သော ကမ္ဘာတို့က ဘုရားရှင်တို့ကို ဖူးတွေ့ခဲ့ဖူးသောကြောင့် ဖူးမြင်ရလျှင် ဖူးမြင်ရချင်း သတ္တဝါတို့၏ ကောင်းကျိုးကို ဆောင်နိုင်သော ဘုရားရှင်စင်စစ် ကေန်ဖြစ်သည်ဟု အသိ ဉာဏ်ရောက်၍ အရှင်မင်းကြီး ဤပုဂ္ဂိုလ်သူမြတ်ကား ဘုရား စင်စစ် ကေန်ဖြစ်တော်မူ၏ဟု သံတော်ဦးတင်ကာ ရှင်တော် ဗုဒ္ဓ၏ အရဟံစသော ဂုဏ်တော်တို့ကို ရွတ်ဆိုလျှောက်ကြား လိုက်ပါသည်။

ထိုခဏ၌ပင် ဆိုက်ရောက်တော်မူလာသော ဗြဟ္မဒေဝ မြတ်စွာဘုရားကိုဖူးမြင်ရ၍ ရှင်တော်မြတ်ဘုရားကို ခရီးဦးကြို ဆိုရန် သံတော်ဦးတင်လိုသဖြင့်—

သတံဟတ္ထီ သတံ အဿာ သတံ အဿတရီရထာ
သတံ ကညာသဟဿာနိ အာမုတ္တာ မဏိကုဏ္ဍလာ
ဧကဿ ပဒဝီတိဟာရဿ ကလံနာဂ္ဃန္တိ သောဠသိံ

ဆိုသော ဂါထာကို ရွတ်ဆိုလျှောက်တင်ခဲ့လေသည်။ ဆိုလို သည်မှာ ဆင်တစ်သိန်းတို့သည်လည်းကောင်း၊ မြင်းတစ်သိန်း

တို့သည်လည်းကောင်း အသားတိုရှိမြင်းကသော ရထားတစ်သိန်းတို့သည်လည်းကောင်း၊ ဝတ်ဆင်အပ်သော ပတ္တမြားနားတောင်းရှိကုန်သော သတို့သမီးကညာ တစ်သိန်းတို့သည်လည်းကောင်း ဘုရားဖူးရန်စိတ်အကြံဖြင့် နင်း၍သွားသော ခြေဖဝါးတစ်လှမ်း၊ တစ်လှမ်း၏တန်ဖိုးကို နှစ်ရာ့ငါးဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမမှီနိုင်ပါဟု ဘုရားဖူးသွားထိုက်သော အကျိုးကို ညွှန်ပြသည်နှင့်တစ်ပြိုင်နက် အတိဒေဝမင်းကြီးသည် ဘုရားရှင်ကိုကြည်ညို၍ပီတိငါးမျိုးဖြစ်ပြီးလျှင် နန်းတော်လှေကား စသည်တို့ကို အမှတ်မရတော့ဘဲ ပြတင်းပေါက်ကခုန်ချလိုက်လေပါတော့သည်။

အတိဒေဝမင်းကြီး၏ သဒ္ဓါအစွမ်းကြောင့် လှည်းဘီးရောက်ရှိသော ပဒုမ္မာကြာဖြူပွင့်ကြီးသည် မြေမှခွဲကာပေါ်ထွက်လာ၍ အတိဒေဝမင်းကြီး ကြာပွင့်ပေါ်သို့ ကျရောက်ခံရလေပြီးလျှင် ကြာပွင့်ထက်မှဆင်းသက်၍ သိရိကုတ္တအမတ်ကြီးနှင့်အတူ ဗြဟ္မဒေဝ ဘုရားရှင်၏အထံတော်သို့ခြေဖြင့်သွား၍ ဘုရားရှင်၏ခြေတော်စုံကို ဦးတိုက်ပူဇော်ခဲ့လေပြီ။

ထို့နောက် ကျွန်ုပ်တို့ ရှင်တော်ဗုဒ္ဓ၏အလောင်းတော်ဖြစ်သော အတိဒေဝမင်းကြီးသည် အရိမေတ္တေယျ ဘုရားအလောင်းတော်ဖြစ်သော သိရိကုတ္တပညာရှိ အမတ်ကြီးနှင့်အတူ ဗြဟ္မဒေဝ မြတ်စွာဘုရားအား မြလေးပန်းတို့နှင့်ရတနာပန်းဆိုင်းကို လှူဒါန်းပြီးလျှင် ဗြဟ္မဒေဝဘုရားရှင်ကဲ့သို့သစ္စာလေးပါး မြတ်တရားကို အမှန်သိရပါလို၏။ သိစေရပါလို၏။

ဗြဟ္မဒေဝဘုရားကဲ့သို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရပါလို၏။ သတ္တဝါတို့အားလည်း သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်စေရပါလို၏ စသည်တို့ဖြင့် ဗြဟ္မဒေဝဘုရားရှင်၏ အဖြစ်တော်မျိုးကို စိတ်တော်ဖြင့်သာ ထက်သန်အားကျ၍ ဘုရားဖြစ် မနောကံကုသိုလ် မြတ်ငလေးပန်း ရတနာပန်းဆိုင်းတို့ဖြင့် လှူဒါန်းခဲ့သော ဒါနကုသိုလ်ရှင်တော်ဗုဒ္ဓ၏ခြေတော်စုံတို့ကို ရှိခိုးဦးတိုက်ရသော အပစာယနကုသိုလ်ကံ ပါရမီကောင်းမှုတို့ကို ဘုရားဖြစ်ရန်စိတ်ရည်သန်၍ ကျင့်ကြံဆည်းပူးစုဆောင်းတော်မူခဲ့လေပြီ။ ဤနည်းအတူ နန္ဒသင်္ချေတွင်း၌ ပွင့်တော်မူကြကုန်သော လေးသောင်းကိုးရာကိုးဆယ့်ကိုးဆူသောဘုရားရှင်တို့၏ထံတော်မှောက်တွင်လည်း ဘုရားဖြစ်ရန် စိတ်အကြံဖြင့် ပါရမီကုသိုလ်ကံတရားတို့ကို ဆည်းပူး စုဆောင်းတော်မူခဲ့ပါသည်။

သုနန္ဒအသင်္ချေ အတွင်းမှာလည်း ဘုရားရှင်ပေါင်း ကိုးသောင်းတို့ ပွင့်တော်မူခဲ့ကြရာ ထိုဘုရားရှင်တို့ထံတော်မှောက်တွင်လည်း ဘုရားဖြစ်ရန် စိတ်အကြံဖြင့် ပါရမီကုသိုလ်-ကံတရားတို့ကို ဆည်းပူးစုဆောင်းတော် မူခဲ့ရပါသည်။

ပထဝီအသင်္ချေတွင် ဘုရားရှင်ပေါင်း တစ်သောင်းတို့ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင်လည်းကောင်း၊

မဏ္ဍအသင်္ချေတွင် ဘုရားရှင်ပေါင်း တစ်သောင်း တစ်သောင်းတို့ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင် လည်းကောင်း၊

ဝရကပ်အသင်္ခေျတွင် ဘုရားရှင်ပေါင်း နှစ်သောင်းတို့ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင်လည်းကောင်း၊

သာဂရအသင်္ခေျတွင် ဘုရားရှင်ပေါင်း သုံးသောင်းတို့ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင်လည်းကောင်း။

ပုဏ္ဏာရိကအသင်္ခေျတွင် ဘုရားရှင်ပေါင်း လေးသောင်းတို့ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင်လည်းကောင်း၊

ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာလောင်းလျာသည် ဘုရားဖြစ်ရန်စိတ်အကြံဖြင့် ပါရမီကုသိုလ်ကံ ကောင်းမှုများကို ဆည်းပူးစုဆောင်းတော်မူခဲ့ရပါသည်။

အထက်ပါ ခုနစ်အသင်္ခေျအတွင်း၌ ပွင့်တော်မူခဲ့ကြကုန်ပြီးသော ဗြဟ္မဒေဝ ဘုရားရှင်မှစ၍ တစ်သိန်းနှစ်သောင်းငါးထောင် (၁၂၅၀၀၀) ကုန်သော ဘုရားရှင်တို့၏ထံတော်မှောက်တွင် ဘုရားဖြစ်ရန်စိတ်အကြံဖြင့် ဒါနစသော ကုသိုလ်ပါရမီကံတရားတို့ကို ဆည်းပူးစုဆောင်း၊တော်မူခဲ့ရပါသည်။

ဤသို့လျှင် ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာလောင်းလျာသည်ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီကုသိုလ်ကံ တရားတို့ကြောင့် လူနတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို လှည့်လည်ခံစား

ခဲ့ရ၍ တစ်ခုသောဘဝတွင် ဤလူ့ပြည်၌ဖြစ်ရပြန်သောအခါ ရသေ့ရဟန်းပြုပြီးလျှင် ကုသိုလ်စျာန်တရားတို့ကို ပွားများ အားထုတ်သဖြင့် စုတေသောအခါတွင် ပဌမစျာန်ဗြဟ္မာ ဘုံ၌ တစ်ကမ္ဘာပတ်လုံး အသက်ရှည်သော မဟာဗြဟ္မာကြီး ဖြစ်ခဲ့ရပြန်လေပြီ။ ထိုဗြဟ္မာဘုံမှစုတေခဲ့ပြန်သော် ရှေးရှေး ဘဝတို့က ဆည်းပူးခဲ့သော ပါရမီကုသိုလ်ကံတရားတို့ကြောင့် သဗ္ဗဘဒ္ဒအသချေ၌တွင် ဘုရားလေးဆူတို့ဖြင့် တန်ဆာဆင် အပ်သော သာရမဏ္ဍကမ္ဘာ၌ ဓညဝတီမြို့တော်တွင်မင်းမျိုး၌ ဖြစ်ခဲ့ရပြန်လေပြီ။

ထိုမင်းသားကို အမည်မှည့်သောနေ့၌ သာဂလမင်းသား ဟု အမည်မှည့်ကြလေပြီး သာဂလ မင်းသားသည် ခမည်း တော် နတ်ရွာစံသော် ဓညဝတီပြည်၌ သာဂလမင်းဖြစ်ခဲ့၍ မင်းကျင့်တရားနှင့်ညီညွတ်စွာ မင်းပြုခဲ့လေပြီ။

တစ်ချိန်တွင် ပုရောဟိတ်ပုဏ္ဏားပညာရှိ၏ ညွှန်ကြားချက် အရ စကြာမင်းတို့ကျင့်ဝတ်ကိုကျင့်ခဲ့၍ သာဂလစကြာမင်း အဖြစ်ကို ရရှိခဲ့လေပြီ။ သာဂလစကြာမင်းကြီးသည် တရား နှင့်အညီ မင်းပြု၍နေသော သဗ္ဗဘဒ္ဒအသချေ၌ ဘုရားရှင် ပေါင်း ငါးသောင်းတို့ ပွင့်တော်မူခဲ့ကြရာတွင် ရှေးဦးစွာ ပွင့်တော်မူသော ဘုရားရှင်ကား ပုရာဏသကျမုနိဂေါတမ ဘုရားရှင်ဖြစ်တော်မူခဲ့၏။

ထို ပုရာဏသကျမုနိဂေါတမ ဘုရားရှင်သည် တစ်ဆယ့် ခြောက်သချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကောင်းမှုကံ

တရားတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီး၍ ထိုသဗ္ဗဘဒ္ဒအသင်္ချေတွင် တစ်ခုသော သာရမဏ္ဍကမ္ဘာတွင် မင်းမျိုး၌ဖြစ်ခဲ့၍ အနှစ်ငါးထောင်ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားပြီးလျှင် ကာမဂုဏ်တို့၌ အပြစ်မြင်၍ နိမိတ်ကြီးလေးပါးတို့ကိုတွေ့မြင်ရသဖြင့် တောထွက်တော်မူကာ တစ်ဆယ့်ငါးရက်တိုင်တိုင် ဒုက္ကရစရိယအကျင့်ကိုကျင့်၍ သမ္မာသမ္ဗောဓိဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ကို ရရှိရောက်ရှိပြီးလျှင် ဘုရားအဖြစ်သို့ ရောက်သောအခါ ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာအတိုင်း ဓမ္မစက္ကပဝတ္တနသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူရန် ဓညဝတီမြို့တော်၏အနီး မိဂဒါဝန်ဥယျာဉ်သို့ကြွတော်မူကာ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောကြားတော်မူခဲ့လေပြီ။

ထိုအခါ သာဂလစကြာမင်းကြီးသည် ပုရာဏသကျမုနိဂေါတမဘုရားရှင်၏ အရဟံစသော ဂုဏ်တော်တို့ကို ကြားသိရသဖြင့် မိဂဒါဝန်ဥယျာဉ်သို့ အခြံအရံ တစ်ဆယ့်နှစ်ယူဇနာရှိသောပရိသတ်ဖြင့်ထွက်တော်မူ၍ ပုရာဏသကျမုနိဂေါတမရှင်တော်ဘုရား၏ ခြေတော်စုံကိုဦးခိုက်၍ ပန်းနံ့သာအမျိုးမျိုးတို့ဖြင့် ရှိခိုးပူဇော်ပြီးလျှင် ရှင်တော်ဗုဒ္ဓကို အလွန်အလွန်ကြည်ညိုလှသဖြင့် ပုရာဏသကျမုနိဂေါတမဘုရားရှင်အမှူးပြုသော သံဃာတော်မြတ်တို့အား အဖိုးများစွာထိုက်တန်သော စန္ဒကူးနီတို့ဖြင့် ဆောက်လုပ်အပ်သော ပြာသာဒ်တစ်သိန်း၊ ဂန္ဓကုဋိတစ်သိန်း၊ နေ့သန့်ရာ ညဉ့်သန့်ရာ ဆွမ်း

စားကျောင်း၊ စကြံစသည်တို့ကိုလည်း တစ်သိန်းစီတစ်သိန်းစီ ဆောက်လုပ်ပြီး၍ သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ် ခြံရံလျက် ဘုရားအမှူးရှိသော သံဃာတော်အားလှူဒါန်း ပြီးလျှင်—

ဘန္တေ ဣမိနာ ပုညကမ္မေန ယထာတုံ ဂေါတမ သကျ ပုင်္ဂဝေါ နာမ ဗုဒ္ဓေါ အဟောသိ တထာဟမပိ ဂေါ တမော သကျပုင်္ဂဝေါ နာမ ဟောမိ—ဟု နှုတ်တော်မြွက် ၍ ဘုရားဆုကိုပန်ဆင်ကာ ဒါနစသော ကောင်းမှုပါရမီကို ဘုရားတို့ကို ဆည်းပူးစုဆောင်းတော်မူခဲ့ရပါသည်။

ယင်းဆုတောင်း၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဗုဒ္ဓမြတ်စွာ ရှင်တော်မြတ်ကြီးဘုရား၊ဘုရားတပည့်တော်သည် ဤကောင်း မှုများကြောင့် အရှင်မြတ်ဘုရားသည် ဂေါတမသကျ ပုင်္ဂဝ ဟူသော အမည်တော်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်သကဲ့သို့ ဘုရားတပည့်တော်သည်လည်း ဂေါတမသကျပုင်္ဂဝဟူသော အမည်ရသော ဘုရားစင်စစ်ဧကန်ဖြစ်ရပါလို၏ဟု နှုတ်မြွက် ဆိုဆုတောင်း၍ကောင်းမှုကုသိုလ်ပါရမီကံတရား တို့ကို ဆည်း ပူးခဲ့လေပြီ။

ထိုအခါ ပုရာဏသကျမုနိဂေါတမရှင်တော်ဗုဒ္ဓက အနာ ဂတံသ ဉာဏ်တော်ဖြင့်ကြည့်တော်မူ၍ အန္တရာယ်မရှိ ပကတိ ဘုရားအဖြစ် ရရှိမည်ကို မြင်တော်မူသဖြင့် မင်းကြီး သင်သည် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်ဆယ့်သုံး

သင်္ချေတို့ကိုလွန်၍ ဘုရားငါးဆူပွင့်တော်မူသော ဘဒ္ဒကမ္ဘာ၌ တွင် လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ရှိသောဘုရား ဖြစ်လတ္တံ့။ ယင်းသို့ ဘုရားဖြစ်လိုသော် သင်မင်းကြီးသည် ခပ်သိမ်းသောဘုရားအလောင်းတော်တို့သည် မစွန့်အပ်မသော ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီး ငါးပါးစရိယ တရားတို့ကိုပြည့်အောင် ဖြည့်ကျင့်ရပေလိမ့်မည်။ ယင်းသို့ဖြည့် ကျင့်နိုင်သော် သင်မင်းကြီးသည် ဘုရားဖြစ်နိုင်ပေလိမ့်မည်ဟု အနိယတဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့လေပြီ။

ထိုသို့ ပုရာဏသကျပုင်္ဂဝ ဂေါတမမြတ်စွာ ဘုရားရှင်၏ မိန့်ကြားတော်မူသည်ကို နှစ်သက် အားရတော်မူလှသဖြင့် ကျွန်ုပ်တို့၏ဗုဒ္ဓလောင်းလျာဖြစ်သော သာဂလစကြာမင်းကြီး သည် ထိုဘဝမှစ၍ သင်္ချေအသင်္ချေအတွင်း ပွင့်တော်မူကြ ကုန်သော ပုရာဏသကျမုနိဂေါတမဘုရားရှင်နှင့်တကွ ဘုရား ရှင်ပေါင်း ငါးသောင်းတို့၏ထံတော်မှောက်တွင် ကောင်းမှု ကုသိုလ်ကံပါရမီတရားတို့ကို ဘုရားဖြစ်ရန် နှုတ်မြွက်ဆုပန်၍ ကျင့်ကြံဆည်းပူး စုဆောင်းတော်မူ ခဲ့ရပါသည်။

သင်္ချေပုလ္လအသင်္ချေတွင်လည်း ဘုရားရှင်ပေါင်း ခြောက် သောင်းတို့ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ထံ တော်မှောက်တွင်လည်းကောင်း။

သင်္ချေရတန အသင်္ချေတွင်လည်း ဘုရားရှင်ပေါင်း ခုနစ် သောင်းတို့ ပွင့်တော်မူခဲ့ကြပါသည်။ ထို ဘုရားရှင်တို့၏ထံ တော်မှောက်တွင် လည်းကောင်း။

ဥသာဘက္ကန္ဒ—အသခေါ်ချိအတွင်းမှာလည်း ဘုရားရှင်ပေါင်း ရှစ်သောင်းတို့ ပွင့်တော်မူခဲ့ကြပါသည်။ ထို ဘုရားရှင်တို့၏ ထံတော်မှောက်တွင် လည်းကောင်း။

မာနိဘဒ္ဒအသခေါ်ချိအတွင်းမှာလည်း ဘုရားရှင်ပေါင်း ကိုးသောင်းတို့ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင် လည်းကောင်း။

ပဒုမ အသခေါ်ချိအတွင်းမှာလည်း ဘုရားရှင်ပေါင်း နှစ်သောင်းတို့ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင်လည်းကောင်း။

ဥသာဘအသခေါ်ချိအတွင်းမှာလည်း ဘုရားရှင်ပေါင်း တစ်သောင်းတို့ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင် လည်းကောင်း။

ခဒ္ဒုတ္တမ အသခေါ်ချိအတွင်းမှာလည်း ဘုရားရှင်ပေါင်း ငါးထောင်တို့ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ထံတော်မှောက်တွင် လည်းကောင်း။

သဗ္ဗမာလအသခေါ်ချိ အတွင်းမှာလည်း ဘုရားရှင်ပေါင်း နှစ်ထောင်တို့ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ ထံတော်မှောက်တွင် လည်းကောင်း။

ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာ လောင်းလျာသည် ဘုရားအဖြစ်သို့ ရောက်ရှိဖို့ရန်အတွက် ဒါနစသော ပါရမီကောင်း

မှုကုသိုလ်ကံတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းတော်မူရခဲ့ပါသည်။

ယခု ညွှန်ပြခဲ့သည့်အတိုင်းကိုးအသင်္ချေအတွင်း၌ ပွင့်တော်မူကြကုန်ပြီးသော သုံးသိန်းရှစ်သောင်း ခုနစ်ထောင်ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ထံတော်မှောက်တွင် ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာလောင်းလျာသည် ဒါနစသော ပါရမီ ကုသိုလ်ကံတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းတော်မူရာတွင်—

ရှင်တော်ဗုဒ္ဓတို့က ဘုရားဖြစ်ဖို့ရန် ခဲယဉ်းလှကြောင်း၊ ပြာပူတို့ဖြင့် ပြည့်လျက်ရှိသော စကြဝဠာ တိုက်တစ်သောင်းကိုလည်းကောင်း၊ မီးကြီးစုတို့ဖြင့်ပြည့်လျက်ရှိနေသောစကြဝဠာ တိုက်တစ်သောင်းကို လည်းကောင်း၊ မီးတောင်ကြီး တွေပြည့်လျက်ရှိနေသော စကြဝဠာ တိုက်တစ်သောင်းကို လည်းကောင်း၊ မိမိ၏ ခြေဖြင့်ဆုံးအောင်သွားသော်သာ သွားနိုင်ရာ၏။ ဘုရားဖြစ်ဖို့ရန် ပို၍ခဲယဉ်းလှ၏ဟု လည်းကောင်း။

ထက်လှစွာသော သင်ဓုန်းခါးသွားတို့ဖြင့် အပြည့် ဖုံးလွှမ်း၍ထားသော စကြဝဠာတိုက် တစ်သောင်းကို မိမိခြေဖြင့်ဆုံးအောင် သွားသော်သာ သွားနိုင်ရာ၏။ ဘုရားဖြစ်နိုင်ဖို့ရန်ပိုလွန်၍ ခဲယဉ်းလှ၏ဟူ၍လည်းကောင်း။

ရေသဖန်းပွင့်ကိုရှာဖွေလို့ရလျှင်သာ ရနိုင်ရာ၏၊ ဘုရားဖြစ်ဖို့ရန် ခဲယဉ်းလှကြောင်း၊ သင်္ချေများစွာ ဒါနစသော ပါရမီ

များကို ဖြည့်ကျင့်ရကြောင်း၊ များစွာသော ဇနီးမယား၊ သမီးသားနှင့် စီးပွားဥစ္စာ အင်္ဂါခြေလက် ကိုယ်နှင့်အသက် တို့ကို စွန့်လွှတ်ရကြောင်း စသည်တို့ဖြင့် စိတ်ပျက်လောက် အောင် ပြောကြားလာပါသော်လည်း စိတ်ထားတော်မပျက် ထက်သန်လျက်သာ အဝီစိငရဲအောက်မှာသဗ္ဗညုတဉာဏ်တော် ရှိသည် ဆိုဦးတော့ အဝီစိငရဲအောက်သို့သာ သွားရောက်၍ သဗ္ဗညုတဉာဏ်တော်မြတ်ကို အရယူမည်သာဖြစ်ကြောင်းကို ပြောဆိုလျက် ဘုရားအဖြစ်တစ်ခုတည်းကိုသာ ရရှိဖို့ရန် ရည် စူး၍ ဒါနစသော ပါရမီကောင်းမှုကုသိုလ်ကံတို့ကို ကျင့်ကြံ ဆည်းပူး စုဆောင်းတော်မူခဲ့ရပါသည်။

ယင်းသို့လျှင် ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာလောင်းလျာသည် ခုနစ်သင်္ချေအတွင်း၌ ပွင့်တော်မူခဲ့ပြီးကြကုန်သော တစ်သိန်း နှစ်သောင်းငါးထောင်ကုန်သော ဘုရားရှင်တို့၏ ထံတော် မှောက်တွင် လည်းကောင်း၊

ကိုးသင်္ချေအတွင်း၌ ပွင့်တော်မူခဲ့ပြီးကြကုန်သော သုံး သိန်း ရှစ်သောင်း ခုနစ်ထောင်ကုန်သော ဘုရားရှင်တို့၏ ထံတော်မှောက်တွင် လည်းကောင်း၊

နှစ်ရပ်ပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့၏ ထံတော်မှောက်တွင် ဘုရားဖြစ်ဖို့ရန် တစ်ခု တည်းကိုသာရည်သန်၍ ဒါနစသော ပါရမီကုသိုလ်ကံဘုရား တို့ကို ဆည်းပူးစုဆောင်းတော်မူခဲ့ရပါသည်။

သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရုစိရအသင်္ချေဟူဆိုအပ်သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထွင်းမှာ ကျွန်ုပ်တို့၏ရှင်တော်ဗုဒ္ဓ ပွင့်တော်မမူမီက ဘုရားရှင်ပေါင်း နှစ်ဆယ့်ခုနစ်ဆူ ပွင့်တော်မူခဲ့ကြပါသည်။ ထိုဘုရားရှင်တို့၏ထံတော်မှောက်တွင်လည်း ဘုရားအဖြစ် တစ်ခုတည်းကိုသာ ရည်သန်တောင့်တတော်မူခဲ့၍ ဒါနစသော ပါရမီကောင်းမှု ကုသိုလ်ကံတရားတို့ကို ဆည်းပူးစုဆောင်းတော်မူခဲ့ရပါသည်။

ဤသို့လျှင် ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာလောင်းလျာသည် ဒါနစသော ပါရမီကုသိုလ်ကံ တရားတို့ကို ပြည့်စုံအောင် ဖြည့်ကျင့်တော်မူပြီး၍ ယင်းပါရမီ ကုသိုလ်ကံ တရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချနိုင်ဖို့ရန်အတွက် တုသိတာနတ်ပြည်တွင် သေတကေတု နတ်သားအဖြစ်ဖြင့် ဘုရားဖြစ်ရန်အချိန်ကို ငံ့လင့်၍ဖြစ်ရှိနေခဲ့ပါသည်။

ဤသို့သောအချက်ကိုရည်ရွယ်၍ ကျွန်ုပ်တို့၏ရှင်တော်ဗုဒ္ဓနှင့်တကွ ညွှန်ခဲ့ပြီးသော ပွင့်တော်မူပြီး ဘုရားရှင်တို့ကို ရည်မှန်းလျက် ကြည်ညိုမြတ်နိုးစွာ လက်စုံမိုး၍ ရှိခိုးပူဇော်နိုင်ရန် ရည်သန်လျက် ယနေ့ မျက်မှောက်ခေတ်တွင် ဗုဒ္ဓဘာသာဝင်တို့၏နှုတ်များမှာ အန္တရာယ်ကင်းဂါထာအဖြစ် ရွတ်ဆိုနေကြသော—

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ—

ဆိုသော နာမက္ကာရ ဒေသနာဘုရားရှိခိုးဂါထာကို ရှေး ဆရာတော်ဘုရားကြီးများ ရေးသားသီကုံး၍ ထားတော်မူခဲ့ သည်မှာ လွန်စွာမှကုသိုလ်တန်ဖိုး ကြီးလှပါပေသည်ဟု နှစ် သက်ဝမ်းမြောက်စွာဖြင့်ရွတ်ဆိုကြ၍ ထိုဘုရားရှင်များ၏ ဂုဏ် တော်တို့ကို ရှိခိုးပူဇော်ကြပါလေ။

ကျွန်ုပ်တို့၏ဗုဒ္ဓမြတ်စွာလောင်းလျာသည် ဘုရားအဖြစ်သို့ ရောက်ဖို့ရန်အတွက် သင်္ချေများစွာ ဖြည့်ကျင့်တော်မူခဲ့ သော ပါရမီကောင်းမှုကုသိုလ်ကံတရားတို့ကိုဉာဏ်ဖြစ်အောင် အသုံးချတော်မူဖို့ရန် အချိန်သို့ကျရောက်တော်မူသောအခါ တွင် တုသိတာနတ်ပြည်မှ စုတေခဲ့၍ သက္ကတိုင်း ကပိလဝတ္ထု နေပြည်တော်တွင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မင်္ဂလာမဟာ မာယာဒေဝီ မဟေသီမိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေကိန်းဝပ်တော်မူပြီးလျှင် ကိုးလလွန်မြောက် ဆယ်လမြောက်တွင် ကောင်းမွန်စွာဖွားမြင်တော်မူခဲ့လေပြီ။ ဘုရားလောင်းလျာသည် ဖွားမြင်ပြီးလျှင်ပြီးချင်း မြောက် အရပ်သို့ ခြေလှမ်း ခုနစ်လှမ်း လှမ်းကြွတော်မူ၍ နောက် ဆုံး ခြေလှမ်းတွင် ရပ်တည်လျက်—

အဂ္ဂေါဟမသ္မိ လောကဿ — ငါသည် လူနတ်ဗြဟ္မာ
သတ္တဝါ တို့ထက် ပါရမီ
တော်အားဖြင့်အမြတ်ဆုံး
ဖြစ်၏။

ဇေဋ္ဌောဟသ္မိလောကဿ – ငါသည် လူနတ် ဗြဟ္မာ သတ္တဝါတို့ထက် ပါရမီတော် အားဖြင့် အကြီး အကဲဆုံးဖြစ်၏။

သေဋ္ဌောဟမသ္မိလောကဿ – ငါသည် လူနတ် ဗြဟ္မာ သတ္တဝါ တို့ထက် ပါရမီတော်အားဖြင့် အချီးမွမ်း အပ်ဆုံးဖြစ်၏။

အယမန္တိမာ ဇာတိ – ဤယခု ပဋိသန္ဓေ တည်နေရခြင်းကား ငါ့အတွက် နောက်ဆုံး ပဋိသန္ဓေတည် နေရခြင်းဖြစ်၏။

နတ္ထိဒါနိ ပုနဗ္ဘဝေါ – ယခုအခါ၌ ငါ၏အတွက် တစ်ဖန်ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ– ဟူ၍ စကြဝဠာတိုက်ပေါင်း တစ်သောင်းလုံးကြားနိုင်သောအသံတော်ဖြင့် ရဲရဲတောက်စကားကို ကြုံးဝါးကျူးရင့်တော်မူလေ၏။

အလောင်းတော် သတို့သားသည် ဖွားမြင်ပြီးစတွင်ပင် လွန်ခဲ့သော တစ်ဆယ့်ခြောက်သင်္ချေကမ္ဘာတစ်သိန်းအခါတွင် ပုရာဏဒီပင်္ကရာ မြတ်စွာဘုရား၏ ဘတူမိကွဲ နှမတော်သန္တသု

မိတ္တာ မင်းသမီးကလေးဖြစ်စဉ်မှန်ညင်းဆီတစ်သပိတ်ကိုပစ္စိမဒီပကရာ ဘုရားအလောင်းရဟန်းတော် အရှင်သူမြတ်အား လှူဒါန်းခဲ့စဉ်က ဆုတောင်း ပတ္ထနာပြုခဲ့သော တောင့်တချက်ဖြင့် ယခုဘုရားဖြစ်ရမည့်ဘဝတွင် သိဒ္ဓတ္ထဟူသောအမည်ကိုပင် ရရှိခေါ်တွင်ကြလေပါသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထ သတို့သားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်တော်တွင် ယသော်ဓရာဒေဝီနှင့်လက်ထပ်ခဲ့၍ ရမ္မ-သုဘ- သုရမ္မဆိုသော နန်းသုံးဆောင်တွင် ယသော်ဓရာဒေဝီအမှူးရှိသော မိဖုရား ပေါင်း လေးသောင်းတို့နှင့်အတူ ရွှေနန်းစည်းစိမ်ကို တစ်ဆယ့်သုံး နှစ်တိုင်တိုင်စံစားတော်မူ၍ ရာဟုလာအမည်ရှိသော သားတော် တစ်ပါး ဖွားမြင်တော်မူ ပြီး သော အခါ သက်တော် နှစ်ဆယ့်ကိုးနှစ်အရွယ်တော်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟုဆိုအပ်သော ထိတ်လန့်စရာ နိမိတ်ကြီး လေးပါးတို့ကို ဥယျာဉ်တော်သို့ထွက်စဉ် တွေ့မြင် ရသောကြောင့် ကာမဂုဏ်စည်းစိမ်တို့ကို အပြစ်မြင်ကာ ပါရမီကောင်းမှု ကုသိုလ်ကံတရားတို့ကို ညက်ဖြစ်အောင် အသုံးချဖို့ရန်အတွက် ဝိဝေကတောသို့ ထွက်တော်မူ၍ ရဟန်းပြုတော် မူခဲ့လေသည်။

အလောင်းတော် အရှင်သူမြတ်သည် ဝိဝေကတောသို့ ထွက်တော်မူပြီး၍ ပါရမီကံတရားတို့ကို ညက်ဖြစ်ရန်အတွက် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူခဲ့လေသည်။

အလောင်းတော်သည် ထိုဒုက္ကရစရိယာအကျင့်ဖြင့် ဉာဏ်ထူးမပေါ်ထွက်သည်ကို သိရှိတော်မူသောကြောင့် ဆင်းရဲပင်ပန်းစွာ ကျင့်ရသော ဒုက္ကရစရိယာအကျင့်မှထွက်တော်မူ စွန့်ခွာတော်မူခဲ့၍ သုဇာတာ သူဌေးကတော်ကလေးလှူဒါန်းသော ကဏ္ဍာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ဗောဓိမဏ္ဍိုင်သို့ ကြွချီတော်မူခဲ့လေသည်။

ဗောဓိမဏ္ဍိုင်သို့မရောက်မီ လမ်းခရီးအကြားတွင်မောင်စင်ဆိုသူ ဒါယကာလှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့၍ ဗောဓိပင်ရင်းသို့ ရောက်သောအခါ အဆိုပါမြက်ရှစ်ဆုပ်ကို ဖြန့်ခင်းပြီးလျှင် ဉာဏ်အထူးကို မရရှိသေးသမျှ အသားတွေ အသွေးတွေ ကုန်ခန်းချင်ကုန်ခန်းပါစေ၊ အကြောနှင့်အရေပြားသာကျန်ချင် ကျန်ပါစေ၊အရိုးတွေကြေချင်ကြေပါစေ။ ဤမြက်ခင်းပေါ်မှ ငါမထတော့ပေအံ့ဟု အားကြီးသော လုံ့လဝီရိယဖြင့်ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူခဲ့လေပြီ။

## ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူခြင်း

ထိုအချိန်တွင် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်ကြီးသည် ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာ အမည်ရှိသော ဆင်ကြီးကိုစီး၍ လက်ရုံးပေါင်းတစ်ထောင် ဖန်ဆင်းလျက် (ဝါ) မိမိလက်ရုံးသဖွယ် အားထားထိုက်သော နတ်စစ်

ဗိုလ်ချုပ်တစ်ထောင်တို့ကို စီမံဖန်တီးလျက် အလောင်းတော်သူမြတ်ရှိရာ ဗောဓိပင်သို့ ချီတက်လာပါတော့သည်။

စစ်သည်အင်အားမှာ မာရ်နတ်၏အရှေ့က တစ်ဆယ့်နှစ်ယူဇနာ၊လက်ယာဖက်ကတစ်ဆယ့်နှစ်ယူဇနာ၊လက်ဝဲဖက်မှတစ်ဆယ့်နှစ်ယူဇနာ၊အထက်အဖို့ကကိုးယူဇနာ၊နောက်အဖို့ကစကြဝဠာတိုက်အဆုံးသို့ရောက်အောင် များပြားလှစွာသောစစ်သည်အင်အားတို့ဖြင့်လည်းကောင်း၊လက်နက်အမျိုးမျိုးတို့ဖြင့်လည်းကောင်း ချီတက်တိုက်ခိုက်လေတော့သည်။

အလောင်းတော်အရှင်သူမြတ်သည် မာရ်နတ်ကြီးနှင့်၎င်း၏စစ်သည်များကို သင်္ချေများစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ဒါနစသည့် ပါရမီလက်နက်တို့ဖြင့် ပြိုပျက်စေတော်မူ၍ နေမဝင်မီပင် ဒေဝပုတ္တမာရ်ခေါ်သော မာရ်နတ်ကြီးကို အောင်ပွဲရတော်ခဲ့လေပြီ။

ရှင်တော်ဗုဒ္ဓ၏အလောင်းတော်သူမြတ်သည် မာရ်နတ်ကိုအောင်ပွဲရတော်ပြီးသောအခါ ဘဝပေါင်း အသင်္ချေအနန္တတို့က ဘုရားဖြစ်ဖို့ရန် တစ်ခုတည်းကိုသာ ရည်သန်ဖြည့်ကျင့်တော်မူခဲ့သော ကောင်းမှုကုသိုလ် ပါရမီကံတရားတို့ကို ဉာဏ်အထူးဖြစ်ပေါ်လာအောင် အသုံးချတော် မူပါလေတော့သည်။

အသုံးချတော်မူပုံမှာ ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်အရှင်သူမြတ်သည် သင်္ချေများစွာ စုဆောင်းဆည်းပူးတော်

မှုခဲ့သော ဝါနစသော ပါရမီကုသိုလ်ကံတရားတို့နှင့် ၎င်းတို့၏ အကျိုးတရားတို့ကို သုံးသပ်ဆင်ခြင်တော်မူ၍ ပါရမီကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတရားတို့ကို ဈာန်အဘိညာဉ် ဖြစ်အောင် အသုံးချတော်မူပါသည်။

ဤသို့ အသုံးချရာ၌ အလောင်းတော် အရှင်သူမြတ်သည် ကာယဂတာသတိ၌ ပါဝင်သော အာနာပါန သတိခေါ် ဝင်လေထွက်လေ အာရုံပေါ်သို့ (၁) ကိုယ်တော်မြတ်၏ စိတ်အစဉ်ကို ရှေးရှုဘင်ထားပြီးလျှင်၊ (၂) ဝင်လေ ထွက်လေ အာရုံကို အဖန်ဖန် သုံးသပ် ဆင်ခြင်သည် ရှိသော် အလောင်းတော်အရှင်သူမြတ်၏ စိတ်တော်အစဉ်သည် ထို ဝင်လေ ထွက်လေအာရုံပေါ်၌ (၃) လွန်စွာ နှစ်သက်မွေ့လျော်သည်ဖြစ်၍ အာရုံ၏အရသာကို ခံစားရသော (၄) ချမ်းသာအေးမြမှုဖြစ်လျှင် ကာမဂုဏ်အာရုံတို့သို့ မပြန့်မလွင့်မူ၍ (၅) ထို ထွက်လေ ဝင်လေ အာရုံ၌သာ ကောင်းစွာ တည်နေပါတော့သည်။

ထိုအချိန်တွင် အလောင်းတော်၏စိတ်အစဉ်မှာ အကုသိုလ်တရားတို့မှဆိတ်သုဉ်း၍ (၁) ကာမဂုဏ်တို့ကို လိုလားတောင့်တခြင်း၊ (၂) စိတ်ပျက်ခြင်း ဖျက်ဆီးလိုခြင်း၊ (၃) တွေဝေထိုင်းမှိုင်းခြင်း၊ (၄) ပျံ့လွင့်ပူပန်ခြင်း။ (၅) တိကျမှန်ကန်အောင် မဆုံးဖြတ်နိုင်ခြင်းဆိုသော သဘောတရားငါးပါးတို့မှ ကင်းကွာ၍ အင်္ဂါငါးတန် ခွာရန်ငါးမျိုးနှင့် ပြည့်စုံသော ပထမဈာန်စိတ် ဖြစ်ပေါ်သပါတော့သည်။

ယင်း ဝင်လေထွက်လေ အာရုံကိုပင်ဆက်၍ တစ်ဖန် ဆင်ခြင်ပြန်သော် ပထမစျာန်စိတ်၌ ကောင်းစွာတည်နေသော သမာဓိကြောင့် စိတ်ကို အာရုံပေါ်သို့ ရှေးရှုမတင်ရတော့ဘဲ အာရုံကို သုံးသပ်ဆင်ခြင်မှုလည်း ကင်းကွာ၍ စိတ်အစဉ် အလွန်ကြည်လင်လျက် အာနာပါနအာရုံကို နှစ်သက်စွာ ခံစားရ၍ ကောင်းစွာတည်ကြည်သော ဒုတိယစျာန်စိတ်ဖြစ် ပေါ်လာပါသည်။

တစ်ဖန် အာနာပါန အာရုံကို နှစ်သက်လွန်းသော သဘောကို အပြစ်မြင်ကာ ပယ်ခွာခဲ့၍ လျစ်လျူရှုလျက် တည်နေကာ ထင်သောသတိ ရှင်သောပညာဖြင့် ချမ်းသာ သက်သက်ကိုသာ နာမကာယဖြင့် ခံစားသော တတိယစျာန် စိတ် ဖြစ်ပေါ်လာပါသည်။

ထို့နောက် အာရုံ၏အရသာကိုခံစားသော ချမ်းသာသုခ ကိုပင် ပယ်စွန့်ကာ ကိုယ်ပင်ပန်းမှု၊ စိတ်ပင်ပန်းမှုတို့ကိုလည်း ပယ်စွန့်၍ ဝမ်းမြောက်မှု၊ ဝမ်းနည်းမှုတို့ကို ချုပ်ငြိမ်းစေ လျက် လျစ်လျူရှုမှု၌ဖြစ်သော ထင်သောသတိ၏ စင်ကြယ် ခြင်းသို့ရောက်၍ စတုတ္ထစျာန်စိတ် ဖြစ်ပေါ်လာပါသည်။

ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သူမြတ်သည် ထို စျာန် လေးရပ်တို့ကို အကြိမ်ကြိမ်အထပ်ထပ် ဝင်စားတော်မူ၍ အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်သည်ရှိသော် ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစသော တရားတို့နှင့် ယှဉ်တွဲလျက်ရှိ

သော အာနာပါန စတုတ္ထဈာန်စိတ်သည် စိတ်ကိုညစ်နွမ်းစေတတ်သော ဥပက္ကိလေသတရားတို့မှကင်းစင်လျက် အညစ်အကြေးကင်းစင် အလွန်ပင်သန့်ရှင်းစင်ကြယ်လှ၍၊ အလောင်းတော်သူမြတ်၏ အလိုအကြိုက်လိုက်ပါနိုင်အောင် နူးညံ့ပျော့ပျောင်းလျက် ရှိပါပေသည်။

ဤသို့စင်ကြယ်သန့်ရှင်းနူးညံ့ခြင်းရှိသော အလောင်းတော်သူမြတ်၏ စိတ်တော်သည်အသိဉာဏ်ထူးဖြင့်မျက်မှောက်ပြု၍ သိရမည့်တရားတို့ကို အသိဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍ သိဖို့ရန် ရှေးရှုဆောင်နိုင်ရေးအတွက် စိတ်တော်ကညွတ်လိုက်ရုံသာ ညွတ်ရ၏။ လွန်စွာလွယ်ကူလျက်ရှိပေသည်။ စိတ်တော် ၁ အသိဉာဏ်ထူး၏အာရုံသို့ ညွတ်တော်မူလိုက်လျှင် လွယ်လွယ်နှင့်ပင် အသိဉာဏ်ဇောစိတ် ဖြစ်ပေါ်လာပါတော့သည်။

## ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကို ရတော်မူခြင်း

ရှင်တော်ဗုဒ္ဓ အလောင်းတော်သည် ဆို အပ်ခဲ့ပြီးသော အဘိညာဏ်စိတ်ကို ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ဖူး တွေ့မြင်ခဲ့ရဖူးသော အာရုံတို့ကို အောက်မေ့သိမြင်နိုင်သည်။ ပုဗ္ဗေနိဝါသအဘိညာဏ်ဖြစ်ပေါ်၍လာရန်ညွတ်တော်မူလိုက်လေသည်။ထိုအခါ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ထူး ဖြစ်ပေါ်၍လာပါတော့သည်။ ထိုပုဗ္ဗေနိဝါသနုဿတိဉာဏ်ဖြင့် လွန်ခဲ့သောဘဝမှ

စ၍ ဘဝများစွာ ကမ္ဘာအဆက်ဆက်တို့ကို လည်းကောင်း၊ တစ်ဖန် ဘုရားဖြစ်သည့် ယခုဘဝသို့ မရောက်မီ သေတကေတု နတ်သားဘဝတိုင်အောင် လည်းကောင်း၊ ထိုထိုဘဝတို့၌ဖြစ်ခဲ့ရသမျှ တွေ့ကြုံ ရှိခဲ့ရသမျှတို့ကို အမည်အားဖြင့်လည်းကောင်း၊ အမျိုးအနွယ်အားဖြင့်လည်းကောင်း၊ အဆင်းလှ မလှအားဖြင့်လည်းကောင်း၊ စားသောက်ခဲ့ရသော အစား အစာအားဖြင့် လည်းကောင်း၊ တွေ့ကြုံခဲ့ရသော ချမ်းသာ ဆင်းရဲတို့ကို လည်းကောင်း၊ နေခဲ့ရသော အသက်အပိုင်း အခြားတို့ကိုလည်းကောင်း ဤသို့သောအခြင်းအရာအားလုံး တို့ကို ဟုတ်မှန်စွာ သိမြင်တော်မူလေသည်။

ဤသို့ ပုဗ္ဗေနိဝါသာနုဿတိ ဝိဇ္ဇာဉာဏ်ဖြင့် ဘဝအဆက် ဆက်တို့ကို ဆင်ခြင် သိမြင်တော် မူသောရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သူမြတ်သည်—

အနမတဂ္ဂသံသရာ ဘဝအဆက်ဆက်တို့၌ ဖြစ်ခဲ့သမျှတရား တို့သည်နာမ်ရုပ်တရားနှစ်ပါးတို့သည်သာလျှင် ဖြစ်ကြကုန်၏။

ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၊ စုတိအခါ သုံးမျိုးတို့မှာပင် နာမ်ရုပ်တရားနှစ်ပါးတို့သာ ဖြစ်ကြကုန်၏။

အလုံးစုံသော ဘုံဌာန၊ အလုံးစုံသော ကာလတို့၌ပင် ထိုရုပ်နာမ်တရားနှစ်ပါးတို့သည် ဆီမီးလျှံ ရေယဉ်တို့ကဲ့သို့ ရှေ့နောက်မပြတ် သန္တာန်စပ်ကာ အကြောင်းအကျိုးအဆက်

ဆက်ဖြင့် နာမ်ရုပ်အဆက်ဆက်တို့သာလျှင် မျက်စိ နား နှာ လျှာ ကိုယ်စိတ်ဟူသော ဒွါရ ခြောက်ပါးတို့၌ရူပါရုံ၊သဒ္ဒါရုံ တို့ကို မြင်ခြင်း ကြားခြင်းစသော မိမိတို့ဆိုင်ရာ ကိစ္စတို့ကို ပြီးစေကြ၊ ပြုလုပ်ကြကုန်လျက် ကိုယ်လှုပ်ရှားမှု စိတ်လှုပ်ရှား မှုစသော အထူးထူးသော ဝိညာဏ်တို့ကို ဖြစ်စေကြကုန်၏။

အကယ်စင်စစ် ပုဂ္ဂိုလ်သတ္တဝါ-ငါသူတစ်ပါး၊ယောကျ်ား မိန်းမဟူ၍ လားလားမျှမရှိကုန်စွတကား၊ ထိုပုဂ္ဂိုလ်သတ္တဝါ ကို ဖန်ဆင်းသော နတ်မင်း ဗြဟ္မာမင်းဟူ၍ တစ်ဦးတစ် ယောက်မျှ မရှိကုန်စွတကားဟု ထိုးထွင်း၍သိမြင်ကာ မဂ် ဖိုလ်သို့ ရရောက်ဖို့ရန် ကောန်စိတ်ချရသည့်၊ အသိဉာဏ်ထူး များကိုလည်း ရရှိတော်မူလေသည်။ သို့ဖြစ်၍ ဤရုပ်နာမ် တို့သည် အတ္တတို့တည်းဟုလည်းကောင်း၊ အတ္တသည်ရုပ်နာမ် ရှိ၏ဟုလည်းကောင်း၊ အတ္တ၌ ရုပ်နာမ်တို့သည် တည်ရှိ၏ဟု လည်းကောင်း၊ အတ္တသည် ရုပ်နာမ်တို့၌ တည်ရှိ၏ဟုလည်း ကောင်း စွဲယူသော အတ္တဒိဋ္ဌိတရားကို ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သူမြတ်သည် ဗုဗ္ဗေနိဝါသာနုဿတိ ဉာဏ် တော်ဖြင့် ဝိက္ခမ္ဘနအနေ ပယ်စွန့်ပြီးဖြစ်လေ၏။ ထို့အတူ အတိတ်ကာလဖြစ်သော မောဟကိုလည်း ပယ်စွန့်ပြီးဖြစ် ပေသည်။

## ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရတော်မူခြင်း

ရှင်တော်ဗုဒ္ဓအလောင်းတော်သူမြတ်သည် ပုဗ္ဗေနိဝါသာနု ဿတိ အဘိညာဉ်ဖြင့်အတိတ်ဖြစ်သောဘဝဇာတ်တို့ကိုဆင်ခြင်

တော်မူ၍ အတ္တဒိဋ္ဌိနှင့်တကွ အတိတ်ကာလကိုဖုံးလွှမ်းသော မောဟတရားကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားပြီးသော် အလွန်သန့်ရှင်းနူးညံ့သော အာနာပါန စတုတ္ထဈာန်စိတ်ကို သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို သိမြင်နိုင်သော စုတူပပါတ ဝိဇ္ဇာဉာဏ် ကံအားလျော်စွာ လားရောက်ရသောသတ္တဝါတို့၏ အကြောင်းရင်း အခြေခံ ကုသိုလ်ကံအကုသိုလ်ကံတို့ကို ဖေဖန်သိမြင်နိုင်သော ယထာကမ္မူပဂဝိဇ္ဇာဉာဏ်များ ဖြစ်ပေါ်လာရန် ညွှတ်တော်မူလေသည်။

ထိုသို့ စုတူပပါတ ဝိဇ္ဇာဉာဏ်ခေါ်သော ဒိဗ္ဗစက္ခု ဉာဏ်ဖြစ်ပေါ်လာရန် ညွှတ်လိုက်သောအခါ အလွယ်တကူပင် ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာပါသည်။ ဤဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ဖြင့် သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကိုလည်းကောင်း၊ အမျိုးအနွယ်ဇာတ်စသည်တို့ဖြင့် အောက်တန်းကျသူ အထက်တန်းကျသူ တို့ကို လည်းကောင်း၊ အဆင်းလှသူ မလှသူ တို့ကိုလည်းကောင်း၊ ကောင်းသော သုဂ္ဂတိ ဘုံဘဝသို့ ရောက်သူ မကောင်းသောဒုဂ္ဂတိဘုံဘဝသို့ရောက်သူတို့ကိုလည်းကောင်း၊ ဒိဗ္ဗစက္ခုအသိဉာဏ်ဖြင့် သိမြင်တော်မူပါသည်။

ထိုဒိဗ္ဗစက္ခုအသိဉာဏ်ဖြင့် အပါယ်ဘုံသတ္တဝါတို့ ဆင်းရဲခံရပုံကို မြင်တော်မူပြီးလျှင် ထိုသတ္တဝါတို့သည် အဘယ်သို့သောကံကိုပြုကြ၍ ဤမျှဆင်းရဲကိုခံရသနည်းဟု ဆင်ခြင်

တော်မူသည်။ ထိုအခါ ထိုသတ္တဝါတို့၏ အကုသိုလ်ကံကို သိမြင်သော ယထာကမ္မူပဂ အဘိညာဉ် အသိဉာဏ်ထူး ဖြစ်ပေါ်လာပါသည်။

လူ့ရပ်နတ်ပြည်ဗြဟ္မာပြည်တို့၌ ချမ်းသာသုခအမျိုးမျိုးတို့ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူပြီးလျှင် ဤသတ္တဝါတို့သည် လူ့ရပ်နတ်ပြည် ဗြဟ္မာပြည်တို့၌ ဤမျှကြီးကြယ်လှစွာသော စည်းစိမ်ချမ်းသာတို့ကို အဘယ်သို့သောကံကြောင့် ရရှိခံစားကြရပါသနည်းဟု ဆင်ခြင်တော်မူပါသည်။ ထိုအခါ ထိုသတ္တဝါတို့၏ ကုသိုလ်ကံကိုသိမြင်သော ယထာကမ္မူပဂ အဘိညာဉ်အသိဉာဏ်ထူးဖြင့် အပါယ်ဘုံသား သတ္တဝါများသည် ရှေးရှေးဘဝတို့က ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို ပြုမှား ပြောမှား ကြံမှားခဲ့ကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲဆဲရေး ခဲ့ကြကုန်၏။ မှားသော မိစ္ဆာအယူ ရှိခဲ့ကြကုန်၏။

ထိုမိစ္ဆာအယူဖြင့် အမျိုးမျိုးသော အကုသိုလ်ကံတို့ကို ကိုယ်တိုင်လည်း ပြုမှားခဲ့ကြ၏။ သူတစ်ပါးတို့ကိုလည်း ပြုမှားစေခဲ့ကြကုန်၏။ ထိုသူတို့သည် စုတေသောအခါ အပါယ်လေးပါးတို့သို့ ကျရောက်ကြရကုန်၏လည်းကောင်း။

သုဂတိဘုံသား သတ္တဝါများသည်ကား ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်များကို ကောင်းစွာပြုလုပ်ပြော-

ဆို ကြံစည်ခဲ့ကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့ကိုလည်း စွပ်စွဲ ဆဲရေးခြင်း မပြုကြကုန်၊ မှန်သောသမ္မာဒိဋ္ဌိအယူရှိ၍ အမျိုးမျိုးသော ကောင်းမှုကံတို့ကို ကိုယ်တိုင်လည်းပြုကျင့်၍ သူတစ်ပါးတို့ကိုလည်း ပြုကျင့်စေ၏။ 'ထိုသူတို့သည် ထိုကုသိုလ်ကံတို့ကြောင့် စုတေပြတ်ကြွေသေလွန်ပြီးနောက် ကောင်းသောသုဂတိဘုံဘဝတို့သို့ ကပ်ရောက်၍ ကောင်းကျိုးချမ်းသာတို့ကို ရရှိ ခံစားရ၏'ဟု လည်းကောင်း၊ သတ္တဝါတို့၏ ကုသိုလ်ကံ-အကုသိုလ်ကံတို့ကို အမှန်အတိုင်း သိမြင်တော်မူလေသည်။

ထိုဒုတိယဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ဖြင့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ၊ မှောင်ခေတ်ကင်း ပြတ်လေသည်။

ဤဒိဗ္ဗစက္ခုဉာဏ် အခြေခံရှိသော ယထာကမ္မူပဂအာဘိညာဉ်ဖြင့် ယုံမှားခြင်းကို လွန်မြောက်သော ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သည် ဆိုက်ရောက်တော်မူပါသည်။

## အာသဝက္ခယဉာဏ်တော်ကိုရ၍ ဘုရား ဖြစ်တော်မူခြင်း

အာသဝက္ခယဉာဏ်ဆိုရာ၌ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တရားသုံးပါး၊ ကမ္မသတ္တိခေါ် အကျိုးပေးတတ်သောစွမ်းရည်များကို ကုန်ခန်းစေတတ်သော အသိဉာဏ်စွမ်းရည်ထူးကို အာသဝက္ခယ ဉာဏ်ဟု မှတ်ယူခဲ့ပါ။

ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သုမြတ်သည်ကမ္ဘာပေါင်း သင်္ချေ များစွာစုဆောင်းတော်မူခဲ့သော ကောင်းမှုကုသိုလ် ပါရမီကံတရားတို့သည် လောဘစသော ကိလေသာတို့ကို ပယ်သတ်ခဲ့သော်လည်း ကုသိုလ်ကံပါရမီတရားတို့က တစ်ပြန် တဏှာစသော ကိလေသာတို့က တစ်ပြန်နှင့် သူတစ်ပြန်ကိုယ် တစ်ပြန်နှင့် အနိုင်မခံအရှုံးမပေး တိုက်ခိုက်ချေမှုန်းခဲ့ပါသည်။ ကုသိုလ်ကောင်းမှုပါရမီကံက ထက်သန်အားရှိ ပြည့်စုံလင် သော ယခုနောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝတွင် နောက်က ဆိုခဲ့သောစကားစဉ်အတိုင်း အသိဉာဏ်အဆင့်ဆင့် ဖြစ်ခဲ့၍ ယခုတစ်ဖန် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော ကမ္မသတ္တိကို အကြွင်းအကျန်မရှိ အမြစ်ပြတ်အောင် ပယ်သတ်နိုင်ဖို့ရန် အတွက် ပါရမီကုသိုလ်ကံအဆက်ဆက်တို့ကို အာသဝက္ခယ ဉာဏ်မြတ်အတွက် ဆက်လက်၍ အသုံးချတော်မူပါသည်။ အသုံးချတော်မူပုံမှာ-ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သည် အာနာပါနစတုတ္ထဈာန်ကို ဝင်စားပြီး၍ အာကာသခေတ်ဟု ဆိုအပ်သော စကြဝဠာတိုက်ပေါင်း ကုဋေ တစ်သိန်းအတွင်း ၌ရှိနေကြကုန်သော လူ၊ နတ်ပြဟ္မာ၊ သတ္တဝါတို့၏ ကာလ သုံးပါးတို့၌ တကယ်စင်စစ် ဖြစ်ပွားနေသော တရားအနှစ်ကို ဆင်ခြင်တော်မူသောအခါ သတ္တဝါတွေ အာဘယ်မျိုးများစေ ကာမူ ပရမတ္ထသဘာဝ၊ ဓမ္မအစစ်အနေဖြင့် အဝိဇ္ဇာ၊ သင်္ခါရ ဟူသော အတိတ်ကာလ အကြောင်းတရား-

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ပစ္စုပ္ပန် ကာလအကျိုးတရား၊ တဏှာ ဥပါဒါန် ကမ္မဘာ

ဟူသော ပစ္စုပ္ပန်ကာလ အကြောင်းတရားတို့နှင့် ဥပပတ္တိဘဝ ဖြစ်သော ဇာတိ၊ ဇရာ၊ မရဏဟူသောအနာဂတ်ကာလအကျိုးတရား၊ ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါတစ်ဆယ့်နှစ်ပါး တည်းဟူသော ပရမတ္ထ သဘာဝ၊ ဓမ္မတရားကိုယ်များကို ကောင်းစွာသိမြင်တော်မူလေသည်။

(ဤပဋိစ္စသမုပ္ပါဒ်တရားစု၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမဟူ၍ အသည်မျှပင် ခေါ်တွင်စရာ မပါမရှိသည်ကို မှန်ကန်စွာ အသိဉာဏ်ရောက်ပါ) ဤစကြဝဠာတိုက်၌ ရှိနေကြကုန်သော သတ္တဝါတို့၏ ကာလသုံးပါးတို့၌ ဖြစ်ရှိနေကြကုန်သောပရမတ္ထသဘာဝဓမ္မတရားသားတို့ကို ဆင်ခြင်တော်မူသောအခါ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဇာတိ၊ ဇရာ+မရဏ ဟူ၍ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ပါးတရားသား၊ (ဝိပဿနာရှုရမည့် တရားအစု) တို့ကို ကောင်းစွာ သိမြင်ကြသကဲ့သို့ ကျန်သော စကြဝဠာတိုက်တို့၌ ရှိနေကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ကာလသုံးပါးတို့၌ အကယ်စင်စစ် ဖြစ်ရှိနေသော ပရမတ္ထသဘာဝ ဓမ္မတရားသားတို့ကိုလည်း ဆင်ခြင်တော်မူ၏။ ဤသို့ ဆင်ခြင်တော်မူသောအခါ ဤစကြဝဠာ၌ ရှိနေကြကုန်သောသတ္တဝါတို့နည်းတူပင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တစ်ဆယ့်နှစ်ပါးတည်းဟူသော ဝိပဿနာဘင်ရမည့် တရားစုတို့ကို မှန်ကန်စွာ သိမြင်တော် မူလေသည်။

ဤသို့လျှင် စကြဝဠာ တိုက်အပေါင်း ကုဋေတစ်သိန်းအတွင်း ဖြစ်ရှိနေကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ခန္ဓာအစဉ်ဝယ် ကာလသုံးပါးတို့၌ ကျန် အမှန်ရှိနေသော ပရမတ္ထသဘာဝဓမ္မတရားသားတို့ကို စဉ်းစားဆင်ခြင်တော်မူသော အလောင်းတော်သူမြတ်၏ ဉာဏ်တော်ဖြင့်သိမြင်အပ်သော ဝိပဿနာတင်ရမည့်တရားအစုတို့မှာ အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း၊ သင်္ခါရပေါင်း ကုဋေတစ်သိန်း၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ဘဝ၊ ဇာတိ၊ ဇရာ+မရဏ ပေါင်းလည်း ကုဋေတစ်သိန်းစီဖြစ်ရကား တစ်ဆယ့်နှစ်ရပ်ပေါင်းလျှင် အလောင်းတော် သူမြတ်၏ဝိပဿနာစာရခေါ်သောဝိပဿနာတင်ရမည့်တရားတို့မှာ ကုဋေတစ်သန်းနှစ်သိန်းတို့ဖြစ်ကြလေသည်။

ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သူမြတ်သည် အာနာပါန စတုတ္ထဈာန်သမာပတ်ကို ဝင်စားပြီးလျှင် ကုဋေတစ်သန်းနှစ်သိန်းသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တရားအစုတို့ကို တစ်ခုစီတစ်ခုစီ အနိစ္စလက္ခဏာယာဉ်တင်၍ လည်းကောင်း၊ ဒုက္ခလက္ခဏာယာဉ်တင်၍ လည်းကောင်း၊ အနတ္တလက္ခဏာယာဉ်တင်၍လည်းကောင်း ဆင်ခြင်သုံးသပ် တော်မူပါသည်။

သို့ဖြစ်၍ ကုဋေတစ်သန်း နှစ်သိန်းသော ပဋိစ္စသမုပါဒ်အင်္ဂါတရားစုတို့၌တစ်ခုတစ်ခုလျှင် အနိစ္စနုပဿနာဉာဏ်၊ ဒုက္ခနုပဿနာဉာဏ်၊ အနတ္တနုပဿနာဉာဏ်ဟူ၍ ဝိပဿနာဉာဏ်သုံးပါးစီ ဖြစ်သောကြောင့် ကုဋေတစ်သန်းနှစ်သိန်းကို တည်

၍ ဝိပဿနာဉာဏ်သုံးပါးတို့ဖြင့် မြှောက်ပွားသော် မဟာဝဇီရဝိပဿနာဉာဏ်တော်ပေါင်းကုဋေ သုံးသန်းခြောက်သိန်း ဖြစ်ပါသည်။

ရှင်တော်ဗုဒ္ဓ၏ အလောင်းတော်သူမြတ်သည် ပဋိစ္စသမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ပါးတရားအစုတို့၌ ကုဋေပေါင်း သုံးသန်းခြောက်သိန်းသော မဟာဝဇီရဝိပဿနာသမ္မသနဉာဏ်တို့ ဖြစ်စေတော်မူပြီးသောအခါ အာနာပါန စတုတ္ထစျာန်ကို ဝင်စားတော်မူပြန်ပါသည်။ အာနာပါန စတုတ္ထစျာန်ကို တစ်ဖန်ဝင်စားတော်မူပြီးလျှင် ထိုစျာန်မှ ထတော်မူ၍ ခန္ဓာငါးပါးတရားအစုတို့၌ ဥဒယဗ္ဗယဉာဏ် အစရှိသော အထက်အထက် ဝိပဿနာဉာဏ်ပညာများကို ဖြစ်ပွားစေတော်မူကာ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးတို့ကို အဆင့်ဆင့်ဖြစ်စေ၍ အရဟတ္တမဂ်၏ အခြားမဲ့ဖြစ်သော အရဟတ္တဖိုလ် ဉာဏ်တော်သို့ ရောက်ရှိစေတော်မူလျှင်ပင် အလွန်စင်ကြယ်သောအသိဉာဏ်ဖြင့် ဘဝပေါင်း ကမ္ဘာသင်္ချေများစွာ ဆည်းပူးစုဆောင်းခဲ့သောကောင်းမှုကုသိုလ်ပါရမီကံတရားတို့၏ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော ကမ္မသတ္တိတို့ကို အကြွင်းအကျန်မရှိ အထုံဝါသနာနှင့်တကွ ဒ မြစ်ပြတ်အောင် ပယ်သတ်တော်မူပြီးသည့်အခါတွင် ပဋိသမ္ဘိဒါ ဉာဏ်တော်လေးပါး အသာဓာရဏဉာဏ်တော် ခြောက်ပါး၊ ဗုဒ္ဓ ဉာဏ်တော် တစ်ဆယ့်လေးပါး၊ အာဝေဏိကဂုဏ်တော် တစ်ဆယ့်ရှစ်ပါး၊ ဝေသာရဇ္ဇ ဉာဏ်တော်လေးပါး အစရှိသော ရှင်တော်ဗုဒ္ဓ၏

ဂုဏ်တော်များနှင့်တကွ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုပါ ရတော်မူ ရောက်တော်မူ၍ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညု ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေပြီ။

ဤသို့လျှင် သဗ္ဗညုဗုဒ္ဓအလောင်းတော်များသည် ဘာ ပေါင်း ကမ္ဘာသင်္ချေများစွာ ဆည်းပူး စုဆောင်း တော်မူခဲ့သော ကောင်းမှုကုသိုလ်၊ ပါရမီကံ ဘုရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချတော်မူကြ၍ ကုသိုလ်ကံဘုရား၏ ကမ္မသတ္တိခေါ်သော ဘဝပဋိသန္ဓေအမျိုးမျိုးတို့ကို ပေးစွမ်းနိုင်၊ ဖြစ်စေနိုင်သည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်မှုမ်းရည်များကို ဝါသနာနှင့်တကွ အမြစ်ပြတ်အောင်ပယ်သတ်နိုင်သော အရဟတ္တဖိုလ်ဉာဏ်သို့ ရောက်အောင်အသုံးချတော်မူသဖြင့် နောက်ထပ်တစ်ဖန် ဘဝသစ်၌ဖြစ်ခြင်းမရှိမူ၍ ဇာတိကုန်ခြင်းသို့ ရောက်တော်မူကာ ဘုံဘာဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်ငြိမ်း၍သန္တိသုခကိုရရှိ ရောက်ရှိတော်မူကြပါလေပြီ။

ဤသို့လျှင်သင်္ချေများစွာပွင့်တော်မူပြီးကြကုန်သောသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အလောင်းတော်သူမြတ် တို့သည်လည်း ကမ္ဘာပေါင်း သင်္ချေများစွာရအောင် ဆည်းပူးတော်မူခဲ့ကြကုန်သောကောင်းမှုကုသိုလ်ပါရမီ ကံတရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချတော်မူကြကုန်၍ ဘုံဘဝအသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်မြောက်တော်မူကြကုန်ပြီးလျှင် သန္တိသုခကို ရရှိရောက်ရှိတော်မူကြလေကုန်ပြီ။

# ပစ္စေကဗောဓိလောင်းလျာများ-ကုသိုလ်ကံနှင့် ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချပုံ ဝတ္ထုသက်သေ

နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဒါနစသော ကောင်းမှုကုသိုလ်ပါရမီကံတရားတို့ကို ဆည်းပူးစုဆောင်းရသော ပစ္စေကဗောဓိဆုပန် အမျိုးသားတစ်ဦးသည် ကဿပ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရှင်ရဟန်း ပြုခဲ့ရ၍ အနှစ် နှစ်သောင်းတိုင်တိုင် အသွားအပြန် ကမ္မဋ္ဌာန်းပါသော 'ဂတပစ္စာဂတ' ဝတ်ကို ဖြည့်ကျင့်တော် မူခဲ့လေသည်။ ထိုကောင်းမှုကုသိုလ်ပါရမီ ကံတရားကြောင့် ထိုရဟန်းဘဝမှ စုတေကွယ်လွန်သောအခါ ကာမာဝစရ နတ်ပြည်၌ ဖြစ်ခဲ့ရလေပြီ။

ထိုကာမာဝစရ နတ်ပြည်မှ စုတေ ကွယ်လွန်ပြန်သော် ဖြည့်ကျင့်ခဲ့သောကံပါရမီတရားတို့ကြောင့်ဗာရာဏသီမင်းကြီး၏ တစ်ဦးတည်းသော သားတော်ဖြစ်ခဲ့ရပြန်လေပြီး နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ကောင်းမှုကုသိုလ်ပါရမီ ကံတရားတို့ကိုပြည့်အောင် ဖြည့်ကျင့်စုဆောင်းပြီးသော ထိုဗာရာဏသီမင်းသားသည် တစ်ဆယ့်ခြောက်နှစ်သားအရွယ်တို့ ရောက်ရှိသောအခါ ရာဇဘိသိက်ကိုခံယူ၍ မြို့ပေါင်းနှစ်သောင်း အခြံအရံရှိသော ဗာရဏသီပြည်တွင် ဗြဟ္မဒတ္တဟူသောအမည်ဖြင့် တရားနှင့်အညီ မင်းပြုခဲ့လေပြီ။

ထိုဗြဟ္မဒတ္တမင်းကြီးသည် မင်းအဖြစ်နှင့်ပင် ကသိဏ်းပရိကံကိုပြုလျက် အားထုတ်တော်မူရာ အဘိညာဥ်ငါးပါးတို့နှင့် သမာပတ်ရှစ်ပါးတို့ကို ရရှိခဲ့လေပြီ။ ဘိသိက်ခံယူထားသော မင်းတို့သည် တရားစီရင်ရာဌာန ရှိနေရမည်မှာဓမ္မတာပင်ဖြစ်၏။

ထို့ကြောင့် ဗြဟ္မဒတ္တမင်းသည် တရားစီရင်ရာဌာထိုင်နေခဲ့ရာ ဆူညံလှသောအသံတို့ကိုကြားရ၍ ဤအသံသည် မိမိရရှိထားသော အဘိညာဥ် သမာပတ်၏ အညစ်အကြေးဖြစ်၏ဟု နှလုံးသွင်း၍ ပြာသာဒ်အထက်သို့တက်ပြီးလျှင် သမာပတ်တရားကိုဝင်စားသောအခါ ရရှိပြီးသောသမာပတ်မှ ဆုတ်ယုတ်သောကြောင့် စဥ်းစားဆင်ခြင်သည်မှာ ပြည်စည်းစိမ်နှင့် သမာပတ်စည်းစိမ်သည် အလွန်ကွာခြားလှ၏။

မင်းစည်းစိမ်ချမ်းသာသည် အလွန်နည်းပါးလှ၍ ဘေးအန္တရာယ်အလွန်များလှ၏။ သမာပတ်စည်းစိမ်ချမ်းသာသည် ကား အလွန်ချမ်းသာလှ၏။ မြတ်သောသူတို့သာမှီဝဲရာလည်း ဖြစ်၏ဟု နှစ်လုံးသွင်း၍ ယုံကြည် စိတ်ချ ရလောက် သော အမတ်ကြီးတစ်ဦးအား ဤတိုင်းပြည်ကိုတရားနှင့်အညီစောင့်ရှောက်ပါ၊ မတရားသောအမှုကိုမပြုပါနှင့်ဟု မှာထား၍ ပြာသာဒ်ထက်သို့တက်ပြီးလျှင် သမာပတ် ချမ်းသာဖြင့်သာစံနေခဲ့လေပြီ။

ထို့နောက် တစ်ဆယ့်ငါးရက်လောက် ကြာသောအခါ အဂ္ဂဒေဝီမဟေသီ မိဖုရားခေါင်ကြီးက မင်းကြီးသည်ဥယျာဥ်

တော်ထွက်ခြင်း၊ညီလာခံသဘင်ခံခြင်း စသည်တို့၌ မတွေ့မြင် ပါတကား၊ အဘယ်အရပ်သို့ ထွက်ကြွသွားပါသနည်းဟု မေးမြန်းတော်မူရာ မင်းတရားကြီး ပြာသာဒ်ထက်၌ သမာပတ် ဝင်စားနေကြောင်း၊ တိုင်းပြည်ကို ဤမည်သောအမတ်ကြီး အား လွှဲအပ်ထားခဲ့ကြောင်းများကို လျှောက်တင်ကြ၍ ကြားသိရသောအခါ တိုင်းပြည်ကို တာဝန် ယူထားသော အမတ်ကြီးအား သင်သည် တိုင်းပြည်ကို တာဝန်ယူသည်ဆို လျှင် မိမိကိုလည်း တာဝန်ယူရာသို့ရောက်၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ပေါင်းသင်းဆက်ဆံရမည်ဟု မိဖုရားကြီးကအမိန့် ထုတ်ပါလေတော့သည်။

အမတ်ကြီးသည် နားနှစ်ဖက်ကိုပိတ်၍ မကြား မနာ ကောင်းသော ဤစကားမျိုးကို မိန့်တော်မမူသင့်ပါဟု ပစ် ပယ်စကားလျှောက်ထားလိုက်လေပြီး မိဖုရားကြီးသည် နှစ် ကြိမ်၊ သုံးကြိမ်တိုင်မိန့်ကြား၍ မိမိ၏အလိုကို မလိုက်လျော သောအမတ်ကြီးအား သင်သည် ကျွန်ုပ်၏အလိုသို့ မလိုက် သည်ရှိသော် သင့်ကို ရာထူးမှတုတ်ပယ်၍ အသေသတ်မည် ဟု ခြိမ်းခြောက်သောအခါ အလွန်ကြောက်လှသည်ဖြစ်၍ ပုန်းလျှိုးကွယ်လျှိုးနှင့် မိဖုရားကြီး၏အလိုသို့လိုက်ရလေတော့ သည်။

မိဖုရားကြီး၏ ကိုယ်အတွေ့သည် အလွန်နူးညံ့လှ၍ ရာဂ ဖြင့်တပ်မက်လှသောကြောင့် ထိုအမတ်ကြီးသည်တဖြည်းဖြည်း

နှင့်အတင့်ရဲလာကာ ပေါ်ပေါ်ထင်ထင် ရွှေနန်းရှင်ကဲ့သို့ အမြဲမပြတ် မိဖုရားကြီးနှင့် မွေ့လျော် နေပါလေတော့သည်။

ထိုသို့သောအဖြစ်အပျက်တွေကို ရွှေနန်းတော်သားအမတ်ကြီးများ တွေ့မြင်သိရှိရသောအခါ ဗြဟ္မဒတ် မင်းကြီးအား ဖြစ်ပုံပျက်ပုံအလုံးစုံတို့ကို သံတော်ဦး တင်ကြရလေတော့သည်။ ထိုသို့ သံတော်ဦးတင်ပါသော်လည်း ဗြဟ္မဒတ်မင်းကြီးက ယုံကြည်တော်မမူပေ။ အကြိမ်များစွာ သံတော်ဦး တင်ပါများလာတော့ ဗြဟ္မဒတ်မင်းကြီးသည် ကိုယ်တိုင်သိအောင် စုံစမ်း၍ ကိုယ်တိုင်သိရှိရသောအခါ အမတ်ကြီးများကိုစည်းဝေးစေ၍ ဤအပြစ်ကိုလွန်ကျူးနေသော အမတ်ကြီးအား မည်သို့အပြစ်ပေးထိုက်ပါသနည်းဟု မိန့်ကြားတော်မူရာ—

အချို့သောအမတ်ကြီးတို့က လက်ဖြတ်သင့်ပါသည်၊ ခြေဖြတ်သင့်ပါသည်။ တံကျင်လျှိုသင့်ပါသည် စသည်တို့ဖြင့် သံတော်ဦးတင်ကြသောအခါ ဗြဟ္မဒတ်မင်းတရားက ဤသူအား ဤသို့အပြစ်ပေးသဖြင့် မိမိမှာ သူတစ်ပါးအားညှဉ်းဆဲသော ဝိဟေသ အကုသိုလ်ဖြစ်လိမ့်မည်။ သေဒဏ်ပေးလိုက်ပါလျှင်လည်း မိမိမှာ ပါဏာတိပါတ အကုသိုလ်ဖြစ်လိမ့်မည်။ သူပိုင်သောဥစ္စာပစ္စည်းတို့ကို သိမ်းယူပါကလည်း အဒိန္နာဒါန အကုသိုလ်ဖြစ်ပါလိမ့်မည်။ ဤသို့အပြစ်မျိုးကို မပေးသင့်ပေ။

ထို့ကြောင့် အပြစ်ကိုလွန်ကျူးသော အမတ်ကြီးအား မိမိတိုင်းပြည်မှ နှင်ထုတ်ကြကုန်ဟု အမိန့် ချမှတ်လိုက်လေပြီ။

ထို့ကြောင့် အမတ်ကြီးသည် မိမိ၏ ဇနီးသားမယားနှင့် စည်းစိမ်ဥစ္စာတို့ကို ယူဆောင်၍ တိုင်းတစ်ပါးမင်းထံ ခိုလှုံခစားလေတော့သည်။

ထိုအမတ်ကြီးသည် တိုင်းတစ်ပါးမင်းအား ရင်းနှီးခင်မင်အောင်ပြု၍ ကုန်းတိုက်စကား ပြောကြားလေပါတော့သည်။

အရှင်မင်းကြီး၊ ကျွန်ုပ်သည် ပျားကောင်မရှိသောပျားအုံကြီးတစ်ခုကို တွေ့ထားပါသည်။ ၎င်းပျားအုံကြီးကို စားမည့်သူမရှိ ဖြစ်နေပါသည်ဟု လျှောက်တင်လေတော့သည်။

မင်းကြီးသည် ပထမတော့ မကြားယောင်ပြု၍ ထပ်ခါထပ်ခါလျှောက်ပါများလာသောအခါ အဲဒီပျားကောင်မရှိသောပျားအုံကြီးဆိုတာ ဘာကိုဆိုလိုတာလဲဟု မေးမြန်းတော်မူလေသည်။

ထိုအခါ အမတ်ကြီးက အရှင်မင်းကြီး၊ ပျားကောင်မရှိသောပျားအုံကြီးဆိုတာ ဗာရာဏသီပြည်ကြီးပေါ့၊ တိုက်ခိုက်၍ ယူပါလျှင် အလွယ်ကလေးနှင့် ရရှိနိုင်ပါသည်ဟုလျှောက်တင်သောအခါ မင်းကြီးက ဟုတ်ကဲ့လားကွာ၊ တော်ကြာသင်သည် ငါ့ကိုလှည့်ပတ်၍ အသက်သေအောင် လုပ်မှုဖြင့်မခက်ဘူးလားဟု မိန့်တော်မူသောအခါ အရှင်မင်းကြီးယုံတော်မမူပါလျှင် အသင်မင်းကြီး၏ လူယုံတော်များကို စေလွှတ်၍ စုံစမ်းကြည့်တော်မူပါဘုရားဟု လျှောက်တင်လေပါတော့သည်။

တိုင်းတစ်ပါးမင်းသည် မိမိ၏လူယုံတော်များကိုစေလွှတ်၍ ဥမင်လိုဏ်ခေါင်းတူးစေကာ ဗာရာဏသီနန်းတော်တွင်းသို့ ဝင်စေလျက် ဗြဟ္မဒတ်မင်း၏ စက်တော်ခေါ်ရာ တိုက်ခန်းအတွင်းသို့ ဝင်ရောက်စုံစမ်းစေလေသည်။

သူလျှိုတို့သည် ဗြဟ္မဒတ်မင်း၏တိုက်ခန်းသို့ ဝင်ရောက်ကြသောအခါ ဗြဟ္မဒတ်မင်းကြီးက သင်းတို့ ဘာအလို့ရှိလို့ လာကြတာလဲဟုမိန့်တော်မူရာ ကျွန်တော်မျိုးတို့သည် ခိုးသူများဖြစ်ကြပါသည်၊ ဥစ္စာကိုလိုသောကြောင့် လာခဲ့ကြပါသည် သို့ လျှောက်ထားသောအခါ ဗြဟ္မဒတ်မင်းက ဥစ္စာကိုပေးစေ၍ နောင် ဒါမျိုးမလုပ်ကြနှင့်ဟု ဆုံးမသြဝါဒပေး၍လွှတ်လိုက်လေသည်။

တိုင်းတစ်ပါးမင်းသည် ဤသို့ နှစ်ကြိမ်၊ သုံးကြိမ် စုံစမ်းပြီးသော်၊ သီလကိုယ်ကျင့်ကောင်းစွာရှိသော မင်းဖြစ်သည်ဟု ဆုံးဖြတ်ပြီးလျှင် စစ်အင်္ဂါလေးပါးတို့ဖြင့် ချီတက်၍ ဗာရာဏသီပြည်၏ပိုင်နက်ဖြစ်သော နယ်စပ်မြို့ကိုဝိုင်းရံပြီးလျှင် မြို့ကိုပေးမလား၊ စစ်တိုက်မလားဟု မြို့စားထံ သဝဏ်လွှာပို့လေတော့သည်။

မြို့စားအမတ်ကြီးသည် ဗာရာဏသီမင်းကြီးထံသို့ ကျွန်ုပ်တို့ စစ်တိုက်ရမည်လား၊ မြို့ကို ပေးလိုက်ရမည်လားဟု အမိန့်ခံလေပြီ၊

ဗာရာဏသီမင်းကြီးက စစ်မတိုက်ပါနှင့်၊ မြို့ကိုပေး၍ သင် ဗာရာဏသီသို့ ပြန်ခဲ့ရမည်ဟု အမိန့် ပေးလိုက်လေသည်။

မြို့စား အမတ်ကြီးသည် တိုင်းတစ်ပါးမင်းအား မြို့ကို အပ်နှင်း၍ ဗာရာဏသီသို့ ပြန်သွားလေတော့သည်။

တိုင်းတစ်ပါးမင်းသည် မြို့ကိုသိမ်းယူပြီးလျှင် အခြားမြို့ များကိုလည်း ဤသို့ပင် တမန်စေလွှတ်၍ စစ်ကြေညာခြင်း ကိုပြု၏။ ဗာရာဏသီမင်းကြီးကလည်း စစ်မတိုက်ပါနှင့် မြို့ကို သာပေး၍ ဗာရာဏသီသို့သာ သင်တို့ ပြန်လာကြရမည်ဟု အမိန့်ထုတ်သဖြင့် မြို့ပေါင်းနှစ်သောင်းတို့မှ မြို့စားအမတ် ကြီးများ ဗာရာဏသီမြို့သို့ စုညီစွာ ရောက်ရှိကြသောအခါ အမတ်ကြီးများက ဗြဟ္မဒတ်မင်းကြီးကို သံတော်ဦးတင်ကြ သည်မှာ အရှင်မင်းကြီး ကျွန်ုပ်တို့သည် ထိုတိုင်းတစ်ပါး ရန်သူမင်းနှင့် စစ်ဖက်ပြိုင်၍တိုက်ကြပါမည်။အခွင့်အမိန့် ပေး တော်မူပါဘုရားဟု သံတော်ဦးတင်ကြလေသည်။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက မိမိမှာ ပါဏာတိပါတ အကုသိုလ်ဖြစ်ပါလိမ့်မည်။ စစ်မတိုက်ကြပါနှင့်ဟု တားမြစ် ပိတ်ပင်လိုက်လေသည်။

အမတ်ကြီးများက ကျွန်ုပ်တို့သည် ထိုတိုင်းတစ်ပါးမှ ရန်သူဖြစ်သောမင်းကို အသက်နှင့်တကွ ဖမ်းယူ၍ အရှင် မင်းကြီးအား ဆက်သပါမည်ဟု လျှောက်တင်ကြ၍ အထူးထူး

သော နည်းပရိယာယ်တို့ဖြင့် လျှောက်တင်ကာ စစ်မြေပြင်သို့ ထွက်ကြွတော်မူပါဟု အတင်းအကျပ် လျှောက်ထားသံတော်ဦး တင်ကြလေတော့သည်။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက သင်တို့သည် သတ္တဝါတို့ကိုသတ်ဖြတ်ခြင်း၊ ပုတ်ခတ်ခြင်း၊ နှိပ်စက်လုယက်ခြင်းတို့ကိုမပြုမလုပ်ပါဟု ဝန်ခံကြလျှင် စစ်မြေပြင်သို့ ထွက်ကြွလိုက်ပါမည်ဟု မိန့်တော်မူလိုက်လေသည်။

အမတ်တို့ကလည်း အသင်မင်းကြီးစိတ်သာချ၊ သတ္တဝါတို့ကို သတ်ဖြတ်နှိပ်စက် လုယက် ပုတ်ခတ်ခြင်းကို မပြုမလုပ်ပါ၊ နည်းပရိယာယ်ဖြင့်သာ ရန်သူဖြစ်သော တိုင်းတစ်ပါးမင်းကို လက်နက်ချစေပါအံ့ဟု လျှောက်တင်ကြ၍ စစ်အင်္ဂါလေးပါးတို့ကို ဖွဲ့စည်းပြီးလျှင် အိုးအတွင်း၌ ဆီမီးတို့ကိုသည့်သွင်းကြလျက် ညအချိန်တွင်စစ် မြေပြင်သို့ထွက်ခဲ့ကြလေသည်။

ရန်သူဖြစ်သော တိုင်းတစ်ပါးမင်းသည် မြို့ပေါင်းနှစ်သောင်းတို့ကို လွယ်ကူစွာသိမ်းယူခဲ့၍ ဗာရာဏသီ မြို့တော်အနီး၌ စစ်တပ်ချကာ စစ်ဝတ်တန်ဆာစသည်တို့ကို ချွတ်ထားပြီးလျှင် စစ်သည်ဗိုလ်ပါတို့နှင့်အတူမေ့လျော့လျက် အိပ်ပျော်ခြင်းသို့ ရောက်ရှိနေကြလေသည်။

ထိုအချိန်တွင် ဗာရာဏသီပြည်သား အမတ်တို့သည်ဗြဟ္မဒတ္တမင်းကြီးနှင့်အတူ စစ်သည်ပေါင်း မြောက်မြားစွာတို့နှင့် ရန်

သူဖြစ်သော တိုင်းတစ်ပါးမင်း၏ တပ်ကိုဝိုင်းရံ၍ အလုံးစုံသော အိုးတို့၏အတွင်းမှ ဆီမီးတို့ကိုထုတ်၍ ညှိတွန်းကာ တခဲနက်သောအလင်းရောင်တို့ကိုဖြစ်စေ၍ ဝစ်သည်တို့အောင်သံကို တစ်ပြိုင်တည်း ဟစ်အောင်ကြွေးကြော်ကြ လေကုန်ပါတော့သည်။

ရန်သူဖြစ်သော တိုင်းတစ်ပါးမင်းတို့၏ စစ်သည်တို့သည် ဗြဟ္မဒတ္တမင်းကြီး၏ ကြီးမားလှစွာသော စစ်သည်အင်အားတို့ကိုတွေ့မြင်ရ၍ အလွန်တရာ ကြောက်လန့် တုန်လှုပ်လျက် မိမိတို့အရှင်သခင်မင်းကြီးကို ချဉ်းကပ်ပြီးလျှင် မြတ်သော မင်းကြီး စက်တော်ခေါ်ရာမှ ထတော်မူ၍ ပျားဂကောင်မရှိသော ပျားအုံကြီးကို စားသုံးတော်မူပါလောဟုတစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်ပါတော့သည်။

ရန်သူဖြစ်သော တိုင်းတစ်ပါးမင်းသည် ထိုအသံကိုကြားသဖြင့် စက်တော်ခေါ်ရာမှ လန့်နိုးပြီးလျှင် အလွန်အလွန်ကြောက်ရွံ့ထိတ်လန့်လျက် သူတစ်ပါး၏စကားကို ယုံကြည်မိသဖြင့် ငါသည် ရန်သူ၏လက်သို့ရောက်ရပေသည် တကားဟု နောင်တရကာ တရားစောင့်သော ဗြဟ္မဒတ္တမင်း၏ခြေအစုံကို ဦးတိုက်၍ မိမိ၏အပြစ်ကို သည်းခံခွင့်လွှတ်တော်မူပါဟုရှားဟု တောင်းပန် ဝန်ချပါလေတော့သည်။

ဗြဟ္မဒတ်မင်းကြီးသည် ရန်သူဖြစ်သော တိုင်းတစ်ပါးမင်းကို ကြင်နာယုယစွာဖြင့် သာယာချေငံသောစကားကို

ပြောဆိုပြီးလျှင် အသင်မင်းတရား ထတော်မူပါ၊ သင်၏ချို့ယွင်းသောအပြစ်ကို ကျွန်ုပ် သည် ခံပါ၏ဟု မိန့်တော်မူ၍ ဗာရာဏသီမြို့၏ အနီးဖြစ်သော ဇနပုဒ်တစ်ခု၌ ရန်သူမင်းကို မင်းအဖြစ်ဖြင့် အုပ်ချုပ်ခွင့်ပေးတော်မူ၍ မိတ်ဆွေအဖြစ်ဖြင့် ဆက်ဆံပေါင်းသင်းတော် မူလေသည်။

စစ်ပြေငြိမ်းပြီးသောအခါ ဗြဟ္မဒတ် မင်းကြီးသည် မိမိတစ်ဦးတည်း၏စိတ်ကို နိုင်နင်းအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်သဖြင့် ညှိမျှမျှားပြားသော နှစ်ဖက် စစ်သည် ဗိုလ်ပါအပေါင်း၌ ယင်ငယ်တစ်ကောင် သေကျေလောက်ရုံမျှ သွေးတစ်စက်မကျမူ၍ ငြိမ်းချမ်းရေးကို ရရှိမိပေပြီ။ဪ— ကောင်းလေစွ၊ ကောင်းလေစွဟု ဝမ်းမြောက်သောမနသ ဖြစ်ကာ အလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေသတည်း။ အလုံးစုံသောသတ္တဝါတို့သည် ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေကုန်သတည်း။ အလုံးစုံသောသတ္တဝါတို့သည် ဗျာပါဒခပ်သိမ်း ကင်းငြိမ်းကြပါစေကုန်သတည်းဟု မေတ္တာဈာန်ကို ပွားများလျက် ထိုမေတ္တာဈာန်ကုသိုလ်နှင့် သည်းခံခွင့်လွှတ်ခြင်း သီလကုသိုလ်၊ စွန့်လွှတ်ခြင်း ဒါနကုသိုလ်ကံတရားတို့ကိုကျေမ္မသာဘာဘာဉာဏ်၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်၊ ဝုဋ္ဌာနဉာဏ် အဆင့်ဆင့်ဖြစ်အောင် အသုံးချတော်မူ၍ စစ်မြေပြင်တွင် စီးဆင်တော်ထက်၌ပင် ပစ္စေကဗောဓိဉာဏ်တော်ကို ရရှိ၍ ဘုံဘဝအသီးသီးသံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွှတ်ငြိမ်း၍ သန္တိသုခကိုရရှိတော် မူခဲ့ဖူးလေပြီ။

## မဟာပဒုမပစ္စေကဗုဒ္ဓါအကြောင်း ဝတ္ထုသက်သေ

နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီကံတရားတို့ကို ဖြည့်ကျင့် ဆည်းပူးစုဆောင်းရသော တစ်ဦးသော ပစ္စေကဗုဒ္ဓါအလောင်းတော်သည်လည်း ကဿပ မြတ်စွာဘုရား၏ လက်ထက်သာသနာတော်၌ ယောဂါဝစရ အကျင့်ကိုကျင့်၍ ထိုဘဝမှစုတေကွယ်လွန်သောအခါ ဗာရာဏသီပြည်တွင် စည်းစိမ်ဥစ္စာပေါများကြွယ်ဝသော သူဌေးမျိုး၌ အလွန်ရုပ်အဆင်းလှပသော သူဌေးသားဖြစ်ခဲ့လေပြီ၊ အပြောအဆိုလည်း သိမ်မွေ့နူးညံ့လျက် နားဝင်ချိုအောင် ပြောတတ်ပါသတဲ့။

ထိုသူဌေးသားသည် ပရဒါရကံကို လွန်ကျူးမိသဖြင့် ထိုဘဝမှစုတေကွယ်လွန်သော် ငရဲသို့ကျရောက်၍ ငရဲသက်ကုန်သောအခါ ထိုငရဲမှ လွတ်ခဲ့ပြီးလျှင် ပရဒါရကံ၏ အကြွင်းအကျန် ကံ၏အစွမ်းဖြင့် ဗာရာဏသီပြည် သူဌေးကတော်တစ်ဦး၏ဝမ်း၌ မိန်းမအဖြစ် ပဋိသန္ဓေကို ယူခဲ့လေပြီ။

ဤနေရာ၌အထူးမှတ်ယူရန်မှာငရဲမှလာသောသူတို့၏ကိုယ်သည် အလွန်ပူလောင်လှ၏။ ထို့ကြောင့် ထိုသူဌေးကတော်သည် အလွန်ပူလောင်လှသော ဝမ်းရေဖြင့် ဆင်းရဲပင်ပန်းလှစွာ ကိုယ်ဝန်ဆောင်ရလျက် ဖွားသင့်သောအချိန်သို့ ရောက်သောအခါ အမျိုးသမီးကလေး ဖွားမြင်ခဲ့လေပြီ။ ဖွားမြင်

လာသော ထိုအမျိုးသမီးကို ဖွားတဲ့နေ့မှစ၍ မိခင်ဖခင်တို့၏ လည်းကောင်း၊ ဆွေမျိုးဉာတိတို့၏ လည်းကောင်း အလွန်မုန်းစရာကောင်းသော အမျိုးသမီးကလေး ဖြစ်ခဲ့လေပြီ။

ထိုအမျိုးသမီးသည် အရွယ်ရောက်သောအခါ သူဌေးသားတစ်ဦးနှင့်လက်ထပ်၍ ခင်ပွန်းသည်အိမ်သို့လိုက်ပါသွားခဲ့လေပြီ။

ခင်ပွန်းသည်၏အိမ်မှာလည်း ထိုအမျိုးသမီးကိုခင်ပွန်းနှင့် တကွယောက္ခမမိဘဆွေမျိုးဉာတိတို့မှစ၍မြင်သမျှလူအပေါင်းတို့က အလွန်တရာမုန်းစရာသာ ဖြစ်ခဲ့လေသည်။

တစ်နေ့သောအခါ နက္ခတ်ပွဲသဘင် ကြုံလာသောနေ့၌ ခင်ပွန်းသည် ယောကျ်ားသည် ထိုအမျိုးသမီးနှင့် နက္ခတ်ပွဲသို့ အတူမသွားလိုသဖြင့်ပြည်တန်ဆာတစ်ဦးကိုခေါ်ဆောင်၍ နက္ခတ်ပွဲတွင် ကစားပျော်မြူးနေတော့သည်။

ထိုအခါ သူဌေးသမီးကလေးက ခင်ပွန်းသည်သူဌေးသားကို ပြောဆိုသည်မှာ အရှင့်သား အမျိုးသမီးတို့မည်သည်မှာ မင်းပေါင်းဆယ်ယောက်၏ နှမတော်ပင်ဖြစ်ပါစေ။ စကြာမင်းကြီး၏သမီးတော်ပင်ဖြစ်ပါစေခင်ပွန်းသည်၏အစေအပါးသာ ဖြစ်ပါသည်။ ခင်ပွန်းသည်က မခေါ်မပြော သုန်မှုန်နေပါလျှင် တံကျင်လျှိုခံရသကဲ့သို့ ပင်ပန်းကြီးစွာသောဒုက္ခကျိုးကို ခံစားရပါသည်။ အကျွန်ုပ်ကို ချီးမြှောက်သင့်လျှင်လည်း

ချီးမြှောက်တော်မူပါ၊ မချီးမြှောက်သင့်ဟု ယူဆလျှင်လည်း ကျွန်ုပ်ကိုစွန့်လွှတ်လိုက်ပါတော့။ ကျွန်ုပ်မိဘအိမ်သို့ ပြန်ပါတော့မည်ဟု ပြောကြားလိုက်ပါသည်။

ခင်ပွန်းသည် သူဌေးသားက ရှိပါစေတော့ ရှင်မရယ်။ မငိုးရိမ်ပါနှင့်၊ နက်ဖြန်ခါ နက္ခတ်ပွဲသဘင်တွင် ပျော်ပွဲစားထွက်ရန် ပြုပြင်စီမံပါတော့၊ သင်နှင့်အတူ နက္ခတ်ပွဲဆင်နွှဲပါမည်ဟု ပြောကြားလိုက်သည်ကို သူဌေးသမီးကလေးသည် အလွန်ဝမ်းသာလျက် များစွာသော ခဲဖွယ်ဘောဇဉ် စားသောက်စရာများပြုပြင်စီမံ၍ နက္ခတ်ပွဲသွားရန်စောင့်လျက် မျှော်နေရှာလေတော့သည်။ နောက်တစ်နေ့၌ သူဌေးသားကလေးသည် သူဌေးသမီးကိုမေ့လျော့၍ အခြားသူနှင့်တွဲကာ နက္ခတ်ပွဲသို့ ထွက်သွားပါလေတော့သည်။

သူဌေးသမီးကလေးသည် လာခဲ လာခဲနှင့် ခင်ပွန်းသည်ကို စောင့်မျှော်နေရာ အစေခံတစ်ယောက်က အရှင်မသူဌေးသားသည် နက္ခတ်ပွဲ သွားလေပြီဟုပြောကြားချက်ကြောင့် ခဲဖွယ်ဘောဇဉ်တို့ကို လှည်းယာဉ်ပေါ်သို့တင်၍ နက္ခတ်ပွဲရှိရာဉယျာဉ်သို့ လိုက်သွားလေတော့သည်။

ထိုအချိန်တွင် နန္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါ တစ်ဆူသည် နိရောဓသမာပတ် ဝင်စားရာမှ ခုနစ်ရက် မြောက်သောနေ့တွင် နိရောဓသမာပတ်မှ ထသော်မူ၍ အနောတတ်အိုင်၌ မျက်နှာတော်သန့်စင်ပြီးလျှင် ငါသည် ယနေ့အဖို့ အဘယ်

အရပ်၌ ဆွမ်းခံရပါမည်နည်းဟု ဆင်ခြင်သည်ရှိသော် ရွှေဉာဏ်တော်ဖြင့် ထိုသူဌေးကတော်ကလေးကို မြင်တော်မူ၍ ဤသူဌေးကတော်ကလေးသည် ငါ့အား ပူဇော်သက္ကာရကို ပြုလုပ်ရသောကြောင့် နောက်ဘဝကပါလာသော အကုသိုလ်ကံအကြွင်းသည် ကုန်ခြင်းသို့ ရောက်လိမ့်မည်ဟု ရွှေဉာဏ်တော်ဖြင့်သိတော်မူ၍ သင်္ကန်းတော်ကိုရုံပြီးလျှင် သပိတ်သင်္ကန်းကိုယူလျက် အဘိညာဉ်ပါဒကစျာန်ကိုဝင်စားပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီး၍ ထိုသူဌေးကတော်ကလေးနှင့် ခရီးရင်ဆိုင် လမ်းမ၌ သက်ဆင်းတော်မူကာ ဗာရာဏသီဥယျာဉ်သို့ ရွှေရှုလျက် ကြွလာတော်မူခဲ့လေသည်။

သူဌေးကတော်ကလေးသည် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၍ ယာဉ်ထက်မှသက်ဆင်းပြီးကာ အလွန်ရှိသေစွာရှိခိုး၍ သပိတ်တော်ကိုယူပြီးလျှင် အထူးထူးသော အရသာတို့နှင့် ပြည့်စုံသော ခဲဖွယ်ဘောဇဉ်တို့ကို သပိတ်အပြည့် ထည့်စေလျက် ပဒုမ္မာ ကြာပန်းတို့ဖြင့် ဖုံးလွှမ်းပြီးလျှင် သပိတ်တော်၏အောက်မှလည်း ပဒုမ္မာကြာပန်းပွင့်တို့ကို ပန်းကလင်ပြု၍ မိမိ၏လက်ဖြင့် သပိတ်တော်ကိုပွေ့ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆက်ကပ်လှူဒါန်းပြီးလျှင် မိမိ၏လက်ရှိ ပဒုမ္မာကြာပန်းစည်းတစ်ခုကိုကိုင်ပြီးကာ ရှိခိုးလျက်—

အရှင်ဘုရား တပည့်တော်မသည် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ ဤပဒုမ္မာကြာပန်းကဲ့သို့ မြင်သမျှလူအပေါင်းတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ရရှိရပါလို၏။

အရှင်ဘုရား အမိ၏ဝမ်း၌ ပဋိသန္ဓေနေရခြင်းသည်အလွန် ဆင်းရဲပင်ပန်းလှပါ၏။ ထို့ကြောင့် အမိဝမ်းသို့ မကပ် မရောက်ရမူ၍ ပဒုမ္မာကြာတိုက်အတွင်း၌သာလျှင် ပဋိသန္ဓေ စွဲမှီတည်နေရပါလို၏။

အရှင်မြတ်ဘုရား မိန်းမတို့၏အဖြစ်သည် အလွန်စက်ဆုပ် ဖွယ်ဖြစ်ရှိရပါသည်။ ထို့ကြောင့် ဘုရားတပည့်တော်မသည် ဖြစ်လေရာဘဝတို့၌ ယောကျ်ားစင်စစ် ကောန်ဖြစ်ရပါလို၏။

အရှင်မြတ်ဘုရား ဤကောင်းမှုကြောင့် ဘုရားတပည့် တော်မသည် ဤသံသရာဝဋ္ဋဒုက္ခကို လွန်မြောက်၍ နောက် ဆုံး အရှင်မြတ်တို့သည် သိအပ်ရောက်အပ်သော သေခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်ရပါလို၏ဟု ဆုလေးမျိုးတောင်း ပြီးလျှင် ရှင်ပစ္စေကဗုဒ္ဓါအား ပဒုမ္မာပန်းစည်းဖြင့် ပူဇော်ပြီး ငါးပါးသောတည်ခြင်းဖြင့် ရှိခိုး၍ ဤပဒုမ္မာပန်းအနံ့နှင့်တူ သော အနံ့ရှိ၍ ဤပဒုမ္မာပန်းနှင့်တူသော အဆင်းရှိရပါလို ၏ဟု ငါးခုမြောက်ဆုကို တောင်းယူ ပန်ဆင်သောအခါ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်က—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု
သဗ္ဗေပူရေန္တု သင်္ကပ္ပါ စန္ဒောပန္နရသော ယထာ။

ဟူသော ဂါထာဖြင့် သူဌေးကတော်ကလေးအား အနုမော ဒနာ ပြုတော်မူပြီးလျှင် သူဌေးသမီးကလေးသည် ငါ့ကို မြင်ပါစေသားဟု အဓိဋ္ဌာန်ပြု၍ နန္ဒမူလိုဏ်သို့ ကြွတော်မူ လေပြီ။

သူဌေးသမီးကလေးသည် ပစ္စေကဗုဒ္ဓါအား ဖူးမြင်ရ၍ လှန်စွာအားရနှစ်သက်ခြင်းဖြစ်သည်နှင့်တစ်ပြိုင်နက် နောက် ဘဝကပါလာသော အကုသိုလ်ကံ အကြွင်းအကျန်တို့သည် ချက်ချင်းကုန်ပျောက်ခြင်းသို့ ရောက်ရှိပါလေတော့သည်။

ထိုခဏမှာပင် မိဘဆွေမျိုး ဉာတိ များနှင့် တွေ့မြင်သူ အပေါင်းတို့က အလွန်တရာချစ်ခင်မြတ်နိုးစုံမက်ကြ၍ သခင် မကလေး ဘာလုပ်ပေးရမှာလဲဘုရား၊ ဘာလုပ်ပေးရမှာလဲ ဘုရားနှင့် အလွန်အရေးပါကြလေပါတော့သည်။

ခင်ပွန်းသည်ဖြစ်သောသူဌေးသားကလေးကလည်း အမျိုး သားတစ်စုကို စေလွှတ်၍ သူဌေးသမီးကလေးကို ခပ်မြန်မြန် ခေါ်ဆောင်ခဲ့ကြပါ။ ခပ်မြန်မြန် ခေါ်ဆောင် ခဲ့ကြ ပါဟု အရေးတကြီးဖြစ်ပါလေတော့သည်။

ထိုနေ့မှစ၍ သူဌေးသားကလေးသည် သူဌေးသမီးကလေး အပေါ်၌ မျက်စိအောက်က အပျောက်မခံနိုင်တော့ဘဲ ရင် မှာဆွဲထားသော ပုလဲသွယ်ကဲ့သို့လည်းကောင်း အမြဲပန်ဆင် သော ပန်းကလေးကဲ့သို့လည်းကောင်း အလွန်တရာ မြတ်နိုး ယုယပါလေတော့သည်။

သူဌေးကတော်ကလေးသည် ထိုဘဝ၌ စည်းစိမ်ချမ်းသာ တို့ကို အစိုးတရသုံးဆောင်စံစားပြီး၍ ထိုဘဝမှစုတေသည်ရှိ သော် နတ်ယောကျ်ားအဖြစ်ဖြင့် နတ်ပြည်လောက၌ ပဒုမ္မာ

ကြာတိုက်တွင်းဖြစ်ခဲ့သေပြီ။ ထိုနတ်သား၏ သွားရာ လာရာ ထိုင်ရာ လျောင်းရာ ရပ်တည်ရာတို့၌ ပဒုမ္မာပန်းတို့သည် အသင့်ခံလာကုန်၏။ ထို့ကြောင့် ထိုနတ်သားကို မဟာပဒုမ နတ်သားဟု ခေါ်ဆိုကြရလေသည်။

ထိုပဒုမနတ်သားသည်နတ်ပြည်ခြောက်ထပ်၌ အစုန်အဆန် နတ်တို့၏စည်းစိမ်ချမ်းသာတို့ကို စံစား၍နေစဉ်–

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမှာ မိဖုရားပေါင်း နှစ်သောင်းတို့ရှိကြသော်လည်း တစ်ဦးတစ်ယောက်မျှ သား သမီး မထွန်းကားကြပေ။

ထိုအခါအမတ်ကြီးတို့က ပြည့်ရှင်မင်းကြီးအား အရှင် မင်းကြီး မင်းမျိုးမင်းနွယ်ကို စောင့်ရှောက်ရန် သားတော် တစ်ပါးကို အလိုရှိအပ်ပါသည်။ မိမိချင်၌ဖြစ်သော သား ရတနာမရှိသော်လည်း ခေတ္တရဇ သားတော်မျိုးသည်လည်း မင်းမျိုးမင်းနွယ်ကို အစဉ်မပျက်အောင် ဆောင်ရွက်ခွင့်ရှိပါ သည်။ ထို့ကြောင့် မိဖုရားများကို သားတော်ရရှိမှုန် သား ဆုပန်စေတော်မူပါဘုရားဟု လျှောက်တင်ကြလေသည်။

မင်းကြီးက အဂ္ဂဒေဝီမဟေသီ မိဖုရားခေါင်ကြီးကိုဖယ် ထား၍ ကျန်သောမောင်းမမိဿံ နှစ်သောင်းတို့သည် ခုနစ် ရက်ပတ်လုံး သားရစေသောငှာ ဓမ္မနာဋကအမှုကိုပြုကြကုန် လောဟု အမိန့်တော်ထုတ်ပြန်လိုက်ပါလေသည်။

ထိုသို့ပြုလုပ်ကြပါသော်လည်း တစ်ဦးတစ်ယောက်မှာမှ သားမရခဲ့ကြပါကုန်။ ထို့ကြောင့် အမတ်ကြီးများက ပြည့်ရှင်မင်းကြီးကို လျှောက်တင်ကြပြန်သည်မှာ အရှင်မင်းမြတ်ဘုရား၊ အဂ္ဂဒေဝီမဟေသီ မိဖုရားခေါင်ကြီးဆိုတာ အခြားသောမိန်းမတို့ထက် ဘုန်းကံအားဖြင့် လည်းကောင်း၊ အသိအလိမ္မာပညာဉာဏ်အားဖြင့်လည်းကောင်း ပိုလွန်မြင့်မြတ်ပါသည်။ အရှင်မင်းမြတ်သည် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးထံမှလည်း သားမြတ်ရတနာ ရနိုင်ရာပါသည်။ ထို့ကြောင့် အဂ္ဂမဟေသီမိဖုရားခေါင်ကြီးကိုလည်း ဓမ္မနနာဋကအမှုပြုစေတော်မူပါဘုရားဟု လျှောက်သားကြပြန်လေပြီ။

မင်းကြီးသည် ထိုအကြောင်းကိုမဟေသီမိဖုရားခေါင်ကြီးအား မိန့်တော်မူလိုက်သောအခါ မဟေသီ မိဖုရားခေါင်ကြီးက အရှင်မင်းကြီး အကြင်မိန်းမသည် သစ္စာလည်းရှိ၏။ ကိုယ်ကျင့်သီလနှင့်လည်း ပြည့်စုံ၏။ ထိုအမျိုးသမီးမျိုးသာ ဘုန်းကံရှိသော သားရတနာကို ရရှိနိုင်ပါသည်။

အရှက်အကြောက်ကင်းကွာ၍ ကိုယ်ကျင့်တရား ဖောက်ပြားသော အမျိုးသမီးမျိုးမှာ အဘယ်မှာလျှင် သားရတနာ ရနိုင်ပါမည်နည်းဟု လျှောက်ထား၍ မိဖုရားကြီးကိုယ်တိုင် ပြာသာဒ်ထက်သို့တက်ပြီးလျှင် ငါးပါးသီလသို့ဆောက်တည်၍ မိမိ၏သီလကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်၍ နေလေသည်။ မိဖုရားကြီးသည်မိမိ၏သီလကိုဆင်ခြင်လျက်သားဆုပန်

သောစိတ်ကိုဖြစ်စေကာမျှပင် သိကြားမင်း၏ နေရာသည် မိဖုရားကြီး၏ သီလအာနုဘော်ကြောင့် သွက်သွက်ခါအောင် တုန်လှုပ်ပါလေတော့သည်။

ထိုအခါသိကြားမင်းကြီးသည်မိမိနေရာ၏ပူလောင်လှုပ်ကြွ သည်ကို စူးစမ်းဆင်ခြင်သော် သီလရှိသော မိဖုရားကြီး၏ သားဆုပန်သည်ကိုသိရှိရ၍ သီလရှိသော မိဖုရားကြီးအား သားဆုကိုပေးအံ့ဟုကောင်းကင်ခရီးဖြင့်မိဖုရားကြီးထံသို့ဆိုက် ရောက်လာပြီးလျှင် မိဖုရားကြီးသင်သည် အဘယ်ကိုတောင့်တလို လာပါသနည်းဟု မေးမြန်းပါသည်။ မိဖုရားကြီးက ကျွန်ုပ် သည် သားဆုကိုအလိုရှိပါ၏ဟု ပြောကြားလေသော် မစိုး ရိမ်ပါနှင့်မိဖုရားကြီး ကျွန်ုပ်သည် သင့်အား သားဆုကိုပေးပါ အံ့ဟု ဝန်ခံစကားပြောကြားပြီးလျှင် တာဝတိံသာသို့ ပြန် ကြွသွားလေပြီ။

သိကြားမင်းသည် တာဝတိံသာနတ်ပြည်၌ အသက်တန်း ကုန်ခါနီး ဖြစ်သောနတ်တို့ကို ကြည့်ရှုတော်မူသောအခါ မဟာပဒုမနတ်သားသည် ယာမာနတ်ပြည်၌ဖြစ်ရန် တာဝတိံ သာနတ်ပြည်မှ စုတေမည်ကိုမြင်တော်မူ၍ အမောင်ပဒုမ နတ်သား သင်သည် လူ့ပြည်သို့သွားရောက်ပါဟု တိုက်တွန်း စကားပြောကြားလေသည်။ မဟာပဒုမနတ်သားက အရှင် သိကြားမင်း ဒီလိုမပြောပါနှင့် လူ့ပြည်လောကသည် စက် ဆုတ်ရွံရှာဖွယ်ကောင်းလှပါသည်ဟုပြောသောအခါ သိကြား

မင်းက သင်သည် လူ့ပြည်လောကသို့ တည်နေ၍ ကောင်းမှု ကုသိုလ်များကိုပြုပြီးလျှင် ဤသို့သောနတ်စည်းစိမ်မျိုးရရှိသည် မဟုတ်ပါလော။ ထိုလူ့ပြည်လောကသို့တည်နေ၍ ကောင်းမှု ပါရမီကံတရားတို့ကို ဆည်းပူးသင့်ပါသည်။

လူ့ပြည်လောကသို့သာ သွားရောက်ဖြစ်အောင် သွားပါ ဟု သိကြားမင်းက ပြောဆိုသောအခါ အရှင်သိကြားမင်း လူ့ပြည်လောကတွင် အမိ၏ဝမ်း၌ပဋိသန္ဓေတည်နေရခြင်းသည် အလွန်ဆင်းရဲလှပါသည်။ အကျွန်ုပ်သည် အမိ၏ဝမ်းတိုက်၌ တည်နေကိန်းအောင်းခြင်းငှာ မတတ်နိုင်ပါဟု မဟာပဒုမ နတ်သားက ပြောဆိုလေသည်။

ထိုအခါသိကြားမင်းက ချစ်သား မဟာပဒုမ၊ သင်သည် အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေ ကိန်းအောင်းခွင့်မရှိပါ၊ ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေတည်နေဖို့ရန် ကောင်းမှုကုသိုလ် ကံကို ထည်းပူးခဲ့သူဖြစ်ပါသည်။ လူ့ပြည်လောကသို့သာသွား ရောက်ဖြစ်အောင်သွားပါဟု အခါခါတိုက်တွန်းသဖြင့် လူ့ လောကသို့ သက်ဆင်းဖို့ရန် ဝန်ခံလိုက်လေသည်။

ထို့နောက် မဟာပဒုမနတ်သားသည် တာဝတိံသာ နတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီမင်းကြီး၏ ဥယျာဉ်တော် အတွင်းရှိရေကန်အတွင်း ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေတည် နေပါလေတော့သည်။

မဟေသီမိဖုရားခေါင်ကြီးသည် ထိုနေ့ညဥ့်မိုးသောက်ယံ အချိန်တွင် အမျိုးသမီးနှစ်သောင်းခြံရံလျက် မင်္ဂလာဥယျာဉ် သို့ထွက်၍ မင်္ဂလာရေကန်တော်အတွင်းရှိ ပဒုမ္မာကြာတိုက် အတွင်းမှ သားရတနာကိုရရှိသည်ဟု အိပ်မက်မြင်မက်ခဲ့လေသည်။ မဟေသီ မိဖုရားခေါင်ကြီးသည် နံနက်မိုးသောက် ရောက်သောအခါ ဥယျာဉ်တော်သို့ အခြံအရံများနှင့်အတူ ထွက်ကြွတော်မူရာ ကြီးမားလှသော ပဒုမ္မာကြာဖူးကြီး အတွင်းမှ သားရတနာကို ရရှိလေတော့သည်။

ထိုသားတော်ကို မိမိတို့၏ပိုင်ဆိုင်ရာ ဥယျာဉ်အတွင်းမှရရှိ သောကြောင့် ခေတ္တရဇသားဟု ခေါ်ပါသည်။ အမည်တော် ကိုလည်း ပဒုမ္မာကြာဖူးထဲမှ ရရှိသောကြောင့် မဟာပဒုမ မင်းသားဟု ခေါ်တွင်စေပါသည်။

မဟာပဒုမမင်းသားအား နှစ်သောင်းသောအပျိုတော်တို့ ကို နို့ထိန်းကိစ္စဆောင်ရွက်စေ၍ အထူးထူးသောခဲဖွယ်တို့ကို စားသောက်စေပါသည်။

အပျိုတော်များက ဤခဲဖွယ်ကိုသုံးဆောင် စားသောက် တော်မူပါ၊ ဤစားသောက်ဖွယ်ကို သုံးဆောင်စားသောက် တော်မူပါနှင့် အမျိုးမျိုးသော အာဟာရတို့ကို ဆက်သကြ သဖြင့် မဟာပဒုမမင်းသားကလေးသည် မိမိကိုဝိုင်းနှိပ်စက် နေသည်ဟု အထင်ရောက်၍ ငိုညည်းကစားရာ၌ ငိုညည်း ကစား၍သာ နေပါလေတော့သည်။

ထိုအခါတွင် ဗာရာဏသီပြည်အနီး ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူသော ရှင်ပစ္စေကဗုဒ္ဓါတစ်ဆူသည် နံနက်ခင်းတွင် သေနာသနဝတ်ကိုဆောင်ရွက်တော်မူပြီး၍ ယနေ့အဖို့ အဘယ်အရပ်၌ ဆွမ်းခံလှည့်လည်ရပါမည်နည်းဟုဆင်ခြင်တော်မူရာ ပဒုမမင်းသားကလေးကိုမြင်တော်မူ၍ ထိုမင်းသား၏ ရှေးကောင်းမှုကံကို ဆင်ခြင်တော်မူပြန်သောအခါ ရှေးအခါက ပစ္စေကဗုဒ္ဓါတစ်ဆူအား ဆွမ်းနှင့်တကွ ကြာပန်းတို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် လေးမျိုးသော ဆုများ တောင်းခဲ့သည်ကို မြင်တော်မူကာ ဆုသုံးမျိုးပြည့်ပြီး၍ တစ်မျိုးသောဆုပြည့်စုံရန် ကျန်ရှိနေသည်ကိုတွေ့မြင်ရသောကြောင့် ကျန်နေသော ဆုတောင်းတစ်မျိုးပြည့်စုံစေရန် ဥပါယ်တံမျဉ်ဖြင့် အာရုံတစ်မျိုးကို ညွှန်ပြပေအံ့ဟု နှလုံးသွင်းတော်မူပြီးလျှင် မဟာပဒုမ မင်းသားရှိရာသို့ ဆွမ်းခံသောအသွင်ဖြင့် ကြွလာတော်မူခဲ့လေသည်။

မဟာပဒုမ မင်းသားကလေးသည် ရှင်ပစ္စေကဗုဒ္ဓါကိုမြင်သည်နှင့်တစ်ပြိုင်နက် အရှင်ဘုရား၊ ဤအရပ်ကို ကြွလာပါနှင့်၊ ဤသူတို့သည် အရှင်ဘုရားအား ဒီခဲဖွယ်ကိုစားသောက်သုံးဆောင်ပါ၊ ဟိုခဲဖွယ်ကို စားသောက်သုံးဆောင်ပါဟုဆို၍ နှိပ်စက်ကြပါလိမ့်မည်ဟု လျှောက်ထားလိုက်လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းသား၏စကားတစ်ခွန်းတည်းနှင့်ပင် ပြန်လည်ကြွသွားတော်မူခဲ့လေသည်။

မင်းသားကလေးသည် မိမိအပေါ်၌ အရှင်မြတ်စိတ်ဆိုးသွားသည်ဟုထင်မှတ်၍ ပစ္စေကဗုဒ္ဓါအား တောင်းပန်ဝန်ချကန်တော့မည်ရန် မိမိဒါဝန်တော်သို့ မင်္ဂလာဆင်တော်ကိုစီး၍ များစွာသောအခြံအရံပရိသတ်တို့နှင့်ထွက်တော်မူခဲ့လေသည်။

လမ်းခရီး၌ သားသမင်များ၏ အနှောင်အဖွဲ့မရှိ ပကတိလွတ်လပ်ပုံကိုလည်း အာရုံယူခဲ့ပါသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းသားကလေးလိုက်လာမည်ကို သင့်စွာသိရှိ၍ ကျောင်းသို့ဝင်သော လမ်းကိုလည်းကောင်း၊ စင်္ကြံကိုလည်းကောင်း တံမြက်လှည်းကာ အပြေအပြစ်ပြုပြီးလျှင် တစ်ကြိမ်နှစ်ကြိမ် စင်္ကြံကြွပြီး ခြေရာတို့ကို ညွှန်ပြသိစေလျက် ပစ္စေကဗုဒ္ဓါသီတင်းသုံးသော သင်ရှုက်မိုးကျောင်းကလေး၏ ပတ်ဝန်းကျင်တွင် ဝင်သောခြေရာကိုသာပြ၍ ထွက်သောခြေရာကို ပြတော်မမူဘဲ အရပ်တစ်ပါးသို့ ကြွသွားလေတော့သည်။

မင်းသားကလေးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ကျောင်းအတွင်း၌ သန့်ရှင်းပြေပြစ်စွာ တံမြက်လှည်းထားသည်ကိုမြင်ရ၍ နံနက်တုန်းကလည်း အရှင်မြတ်သည် စိတ်ဆိုးသွား၏။ ယခုတစ်ဖန် အခြံအရံနှင့်တကွ ကျောင်းထဲသို့ဝင်သော် သန့်ရှင်းသော ဤနေရာသည် ဆင်မြင်းဗိုလ်ပါတို့ကြောင့် မသန့်မရှင်းဖြစ်ခဲ့သော် ပို၍ပင်စိတ်ဆိုးရာ၏ဟု နှလုံးသွင်း၍ ဆင်မြင်း ဗိုလ်ပါတို့မပါဘဲ ပစ္စေကဗုဒ္ဓါ၏ကျောင်းအတွင်းသို့ မိမိတစ်ဦးတည်းသာ ဝင်ရောက်၍သွားခဲ့လေပြီ။

ကျောင်းအတွင်းသို့ရောက်သောအခါ စင်္ကြံလမ်း၌ ခြေရာတို့ကို တွေ့မြင်ရ၍ ဤအရှင်မြတ်သည် ဤစင်္ကြံပေါ်၌ လမ်းလျှောက်လျက် ကုန်သွယ်ရောင်းဝယ်ခြင်းစသော လောကီကိစ္စတို့ကို ကြံစည်စဉ်းစားတော်မူမည်မဟုတ်ချေ။ ဧကန် မိမိ၏ တဝ လွတ်မြောက်ရေး အကျိုးစီးပွားရှိမည်ကိုသာကြံစည်စဉ်းစားတော်မူလျက်သာ တရားအားထုတ်နေသည် ဖြစ်ရမည်ဟု နှလုံးသွင်းကာ သစ်ရွက်မိုးကျောင်းကလေးအတွင်းသို့ ဝင်ကြည့်ပြန်လေသည်။

ထိုအခါ ဝင်သောခြေရာသာတွေ့ရ၍ ထွက်သောခြေရာကိုလည်း မတွေ့ရ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုလည်း မတွေ့ရသဖြင့် အရှင်ပစ္စေကဗုဒ္ဓါထိုင်သော ကျောက်ဖြာပေါ်၌ထိုင်နေလျက် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းက ဖြည့်ကျင့်ဆည်းပူး စုဆောင်းခဲ့သော ကောင်းမှုကုသိုလ်ပါရမီကံတရားတို့ကိုလည်းကောင်း၊ ထိုကံများ၏ အကျိုး တရား များ ကိုလည်းကောင်း၊ ကဿပမြတ်စွာသာသနာတွင် အားထုတ်ခဲ့သော ယောဂါဝစရ ကုသိုလ်ကံကို လည်းကောင်း၊ ထိုကံကြောင့်ဖြစ်သောနတ်စည်းစိမ်အကျိုးတရားကိုလည်းကောင်း၊ ဗာရာဏသီသူဌေးသားဖြစ်စဉ်က ပရဒါရ၊ ပရဒါရအကုသိုလ်ကံကိုလည်းကောင်း၊ ငရဲ၌ဖြစ်ရသော အကုသိုလ်ကံ၏အကျိုးကိုလည်းကောင်း၊ ပရဒါရအကုသိုလ်ကံ အကြွင်းကြောင့်၊ အမျိုးသမီးဘဝရောက်ရသော အကုသိုလ်ကံ၏ အကျိုးဆက်ကိုလည်းကောင်း၊ အမျိုးသမီးဘဝက ပစ္စေကဗုဒ္ဓါအား

သွမ်း ကြာပန်းတို့ဖြင့် လှူဒါန်းခဲ့သော ကုသိုလ်ကံကိုလည်း ကောင်း၊ ထိုကုသိုလ်ကံကြောင့် ကာမာဝစရ နတ်ပြည်ခြောက်ထပ်၌ နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ် လှည့်လည် ခံစားခဲ့ရသော ကုသိုလ်ကံ၏ အကျိုးတရားများနှင့် မဟာပဒုမမင်းသားဖြစ်သော ဤဘဝဝယ်ခံစားစံစားရသော မင်းစည်းစိမ်ချမ်းသာကိုရရှိခံစားရသော ကုသိုလ်ကံ၏အကျိုးတရားတို့ကိုလည်းကောင်း၊ ကံ-ကံ၏အကျိုးတရားတို့ကိုအထပ်ထပ်အခါခါဆင်ခြင်နှလုံးသွင်းသောယောနိသောမနသိကာရကြောင့် ကုသိုလ်ကံ-ကုသိုလ်ကံ၏ အကျိုးတရားတို့ကို ပိုင်းခြား၍သိသော ကမ္မဿကတာဉာဏ်၊ ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ကံတို့၏အကျိုးတရားတို့ကို ပိုင်းခြား၍သိသော ကမ္မဿကတာဉာဏ်၊ ကုသိုလ်ကံ—အကုသိုလ်ကံတို့နှင့် ကံတို့၏အကျိုးတရားတို့၌အကျုံးဝင်ပါရှိသော ရုပ်နာမ်ခန္ဓာတို့ကို လက္ခဏာတင်၍ ဆင်ခြင်သုံးသပ်သော ယထာဘူတဉာဏ်၊ ရုပ်နာမ်ခန္ဓာတို့ကို လက္ခဏာတင်၍ ဆင်ခြင်သုံးသပ်သော ယထာဘူတဉာဏ်၊ ရုပ်နာမ်ခန္ဓာတို့ကို ငြီးငွေ့လာသော နိဗ္ဗိဒါဉာဏ်၊ ရုပ်နာမ်ခန္ဓာတို့၌ ငါ—ငါ၏ဥစ္စာဟု စွဲယူခြင်းကင်းသော ဝိရာဂဉာဏ်၊ ရုပ်နာမ်ခန္ဓာတို့မှ လွတ်မြောက်သော ဝိမုတ္တိဉာဏ်တို့ဖြစ်အောင် ကုသိုလ်ကံ-ကံ၏အကျိုး၊ အကုသိုလ်ကံ-ကံ၏အကျိုးတို့ကို အသုံးချသဖြင့် ပစ္စေကဗောဓိဉာဏ်သို့ရောက်ပြီးကာ ဘုံဘဝအသီးသီးသံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက်၍ သန္တိသုခကို ရရှိခံစားခဲ့ဖူးလေသည်။

ဤသို့စသည်ဖြင့် သင်္ချေသင်္ချာများစွာကုန်သော ပစ္စေကဗောဓိဉာဏ်ပိုင်ရှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ဖြည့်ကျင့် ဆည်းပူးစုဆောင်းတော်မူခဲ့ကြရသော ကောင်းမှုကုသိုလ်ပါရမီကံတရားတို့ကို ညဏ်ဖြစ်အောင်အသုံးချတော်မူကြကုန်၍ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှအပြီးတိုင်လွတ်မြောက်တော်မူကြကုန်လျက် သန္တိသုခကို ရရှိခံစားတော် မူခဲ့ကြလေကုန်ပြီ။

# အဂ္ဂသာဝက–ဗောဓိလောင်းလျာများ ကုသိုလ်ကံနှင့်ကုသိုလ်ကံ၏အကျိုးတရားတို့ဉာဏ်ဖြစ်အောင် အသုံးချတော်မူကြပုံ ဝတ္ထုသက်သေ

တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ကောင်းမှုကုသိုလ်ပါရမီကံတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းတော် မူခဲ့ကြ၍ ထိုပါရမီကံတရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချတော်မူကြကုန်သော အဂ္ဂသာဝကအရှင်မြတ်ကြီးတို့၏ ဝတ္ထုသက်သေများမှာ ကျွန်ုပ်တို့ ရှင်တော်ဗုဒ္ဓ၏ လက်ယာတော်ရံ၊လက်ဝဲတော်ရံ ဖြစ်တော်မူကြကုန်သော အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန်၊ထေရ်မြတ်ကြီး နှစ်ပါးတို့သည် ကြိကမ္ဘာမှရှေးလွန်ခဲ့သော တစ်သင်္ချေကမ္ဘာတစ်သိန်းထက်တွင် ပွင့်တော်မူခဲ့ပြီးသော အနောမဒဿီ ရှင်တော်ဗုဒ္ဓ၏လက်ထက်တော်အခါတွင် သာရဒရသေ့နှင့် သိရိဝဍ္ဎနသူကြွယ်တို့ဖြစ်ခဲ့ကြလေပြီ။

သာရဒရသေ့နှင့်သိရိဝဍ္ဎနသူကြွယ်တို့သည်အလွန်ချစ်ကျွမ်းဝင်ကြသော ငယ်သူငယ်ချင်းများဖြစ်ကြပါသည်။ တစ်နေ့သောအခါတွင် အနောမဒဿီ မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်နိသဘမထေရ်နှင့် လက်ဝဲတော်ရံအရှင်အနောမမထေရ်တို့ကို ဖူးမြင်ကြရသဖြင့် သာရဒရသေ့က လက်ယာ

တော်ရံ အဂ္ဂသာဝကဆုကို ပန်ဆင်၍ သိရိဝဍ္ဎန သူကြွယ်က လက်ဝဲတော်ရံ အဂ္ဂသာဝကဆုကို ပန်ဆင်ကြပြီးလျှင် အနောမဒဿီဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တို့၏ ထံတော်မှောက်၌ ဒါနစသော ကောင်းမှုကုသိုလ်ပါရမီကံဘာရားတို့ကို ပြုလုပ်အားထုတ်ဆည်းပူးခဲ့ကြပါသည်။

ထိုဘဝမှစ၍ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင်ဒါနစသော ကောင်းမှု ကုသိုလ်ပါရမီကံဘာရားတို့ကို ဆည်းပူးစုဆောင်းတော်မူခဲ့ပြီး၍ ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက် ပွင့်တော်မူသော ကျွန်ုပ်တို့၏ ရှင်တော် ဗုဒ္ဓလက်ထက်တော် အခါတွင် သာရဒရသေ့ဖြစ်ခဲ့သော အရှင်သာရိပုတ္တရာ၏ အလောင်းတော်သည် ရာဇဂြိုဟ်ပြည်အနီးရှိ ဥပတိဿရွာ၌ ရူပသာရိပုဏ္ဏားမ၏ဝမ်းဗိုက်ဝယ် ပဋိသန္ဓေတည်နေခြင်းဖြစ်ပွားခဲ့လေပြီ။

သိရိဝဍ္ဎန သူကြွယ်ဖြစ်ခဲ့ဖူးသော အရှင်မောဂ္ဂလာန်၏ အလောင်းတော်သည်လည်း ရာဇဂြိုဟ်ပြည်အနီးရှိ ကောလိတရွာ၌မောဂ္ဂလီအမည်ရှိသော ပုဏ္ဏားမ၏ဝမ်းတိုက်ဝယ် ပဋိသန္ဓေတည်နေဖြစ်ပွားခဲ့လေပြီ။ဖွားမြင်ပြီးကြသောအခါ ၎င်းတို့၏အမည်များကို ဥပတိဿရွာ၌ အကြီးအကဲမျိုးမှ ဖွားမြင်သောကြောင့် ဥပတိဿဟူ၍လည်းကောင်း၊ ကောလိတရွာ၏ အကြီးအကဲမျိုးမှ ဖွားမြင် သောကြောင့် ကောလိတဟူ၍လည်းကောင်း၊ အသီးသီးအမည်မှည့်ခေါ်ကြလေသည်။

ဥပတိဿနှင့်ကောလိတတို့သည် ငယ်သူငယ်ချင်းများဖြစ်ကြ၍ အရွယ်ရောက်သောအခါတွင် ပွဲအတူကြည့်ရာမှ သံဝေဂရကြ၍ လူတို့ဘောင်ကို စွန့်ခွာကြကုန်ပြီးလျှင် သိဉ္စည်းဆရာကြီး၏ထံ၌ ပရိဗိုဇ်ရဟန်းပြုကြ၍ သံသရာမှလွတ်မြောက်ရေးတရားထူးကို ရှာမှီးကြလေကုန်တော့သည်၊

၎င်းတို့သည် သိဉ္စည်းဆရာကြီးထံ၌ သံသရာမှလွတ်မြောက်ရေးတရားထူးကို မရရှိကြသောကြောင့် တစ်ဦးနှင့်တစ်ဦး ရှေးဦးစွာတရားထူးတွေ့သူက ကျန်တစ်ဦးအားပြောကြားကြစတမ်းဟု ကတိကဝတ်ပြုကြပြီးလျှင် သံသရာမှ လွတ်မြောက်ရေးတရားထူးကို ဆက်လက်ရှာဖွေကြလေသည်။

ထိုအချိန်တွင် ရှင်တော်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သံဃာတော်များနှင့်အတူသီတင်းသုံးတော်မူနေဆဲ ဖြစ်ပါသည်။

ပဉ္စဝဂ္ဂီငါးဦးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော အရှင်အဿဇိမထေရ်မြတ်သည် ကြည်ညိုဖွယ်ရာ ကောင်းလှသောသွားခြင်း၊ ရပ်ခြင်းစသောဣရိယာပုထ်ဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၍ နေစဉ် ဥပတိဿပရိဗိုဇ်သည် ရာဇဂြိုဟ်မြို့အတွင်း ဆွမ်းခံလှည့်သည်ရာမှ အရှင်အဿဇိမထေရ်မြတ်၏ ဣန္ဒြေတော်တို့ကို ဖူးမြင်ရသောကြောင့် အရှင်မြတ်၏နောက်သို့လိုက်သွားပြီးလျှင် မထေရ်မြတ်ထိုင်နေ သီတင်း

သုံးရာငှာနှ၌ မထေရ်မြတ်ကိုရှိသေစွာချဉ်းကပ်ပြီးစုလုပ်ကျွေး ပြီးလျှင် မထေရ်မြတ်အား ဤသို့လျှောက်ထားလေသည်။

အရှင်၊ အရှင်၏ မျက်စိ၊ နား၊ နှာ စသော ဣန္ဒြေတို့သည် အလွန်ကြည်လင် လှပါပေ၏။ အရှင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း။ အရှင်၏ ဆရာသည် အဘယ်သူ ဖြစ်ပါသနည်း၊ အရှင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်းဟု မေးမြန်းလျှောက်ထားလေသည်။

ထိုအခါ အရှင်အဿဇိမထေရ်မြတ်က ငါ့ရှင်၊ ငါသည် သာကီဝင်မင်းမျိုးမှ တောထွက်တော်မူကာ ရဟန်းပြုတော်မူသော မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ရဟန်း ပြုခဲ့ပါသည်။ ထိုမြတ်စွာဘုရားသခင်သည် ငါ၏ဆရာတော် ဖြစ်တော်မူပါသည်။ ငါသည် ထိုမြတ်စွာဘုရားရှင်၏တရားတော်ကိုနှစ်သက် မြတ်နိုးသူ ဖြစ်ပေ၏ဟု မိန့်တော်မူသောအခါ ဥပတိဿပရိဗိုဇ်က အရှင်၏ဆရာတော်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်အယူဝါဒရှိပါသနည်း၊ အဘယ်သို့သောတရားများကို ဟောကြားတော်မူလေ့ရှိပါသနည်းဟူ၍ တစ်ဖန် မေးလျှောက်ပြန်ပါတော့သည်။

ထိုအခါအရှင်အဿဇိမထေရ်မြတ်ကစဉ်းစားတော်မူသည်မှာ ဤပရိဗိုဇ်တို့သည် သာသနာနှင့်ဆန့်ကျင်သော အယူဝါဒရှိကြကုန်၏။ ဤ ဥပတိဿပရိဗိုဇ်အား သာသနာတော်၏

နက်နဲသိမ်မွေ့ပုံကို ထင်ရှားစွာပြပေအံ့ဟု စဉ်းစားပြီးလျှင် ငါ့ရှင်ငါသည် သိတင်းငယ်မျှသာ ဖြစ်ပါသေးသည်။ ရဟန်းပြုသည်မှာ မကြာလှသေးပါ၊ ထို့ကြောင့် ငါသည် သင့်အားအကျယ်အားဖြင့် တရားဟောခြင်းငှာ မစွမ်းနိုင်ပါ၊ သို့သော်ငါသည်သင့်အား အနက်အဓိပ္ပါယ်လိုရင်းကိုအကျဉ်းအားဖြင့် ဟောပြနိုင်ပါလိမ့်မည်ဟု မိန့်တော်မူလိုက်လေသည်။

ထိုအခါ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က အရှင်မြတ်ဘုရား၊ အရှင်မြတ် စွမ်းနိုင်သလောက် အကျဉ်းဖြစ်စေ၊ အကျယ်ဖြစ်စေ ဟောကြားတော်မူပါ၊ ထိုသို့ဟောရာမှာလည်း အနက် အဓိပ္ပါယ်လိုရင်းကိုသာ ဟောကြားတော်မူပါ၊ အကျွန်ုပ်သည် အနက်အဓိပ္ပါယ် လိုရင်းကိုသာ နာယူလိုပါသည်။ များလှစွာသော ပုဒ်ပါဌ်အက္ခရာ သဒ္ဒါတွေကို ဟောနေသဖြင့် တပည့်တော်အတွက် အကျိုးမရှိပါ၊ ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ နည်းပေါင်းမြောက်မြားစွာတို့ဖြင့် တန်ဆာဆင်၍ နားလည်နိုင်ဖို့ရန်မှာ အကျွန်ုပ်၏ တာဝန်သာဖြစ်ပါသည်ဟု လျှောက်ထား လိုက်ပါလေသည်။

ထိုအခါ ႏအရှင်အဿဇိမထေရ်မြတ်ကဥပတိဿပရိဗိုဇ်ကို- ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံဟေတုံ တထာဂတောအာဟ တေသဉ္စ ယောနိရောဓော-ဧဝံဝါဒီ မဟာသမဏော။

ငါ့ရှင်၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားတို့သည် သမုဒယသစ္စာ၊ တဏှာ၊ လောဘသာလျှင် အခြေခံ အကြောင်းရင်းရှိကြကုန်၏။ ထိုခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားတို့ကိုလည်းကောင်း၊ ထိုခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး ဒုက္ခသစ္စာတရားတို့၏ အကြောင်းဖြစ်သော သမုဒယ သစ္စာ တဏှာလောဘကိုလည်းကောင်း ထိုဒုက္ခသမုဒယသစ္စာ တရားနှစ်ပါးတို့၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော နိရောဓ သစ္စာ၊ မဂ္ဂသစ္စာတရားနှစ်ပါးတို့သည် ထင်ရှားရှိပေ၏။ ထို နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တရားနှစ်ပါးတို့ကို ငါတို့ ဆရာဖြစ် တော်မူသော လယ်းမှန်ရောက်သခင် ဘုရားရှင်သည် ဤသို့ သစ္စာလေးပါး အမှန်တရားကို ခွဲခြားဖော်ပြဝိဘဇ္ဇဝါဒီအယူ ရှိတော်မူ၏ဟု သစ္စာလေးပါးတရား အချက်အနက် အဓိပ္ပါယ် ပြည့်စေသည့် ဓမ္မဒေသနာတော်ကို ဟောကြားတော် မူလိုက် ပါပေသည်။

တရားဒေသနာ ပြီးဆုံးသောအခါ အရှင်သာရိပုတ္တရာ၏ အလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် ဩွန်ပြပါဂါထာ ပုဒ်၏ ဒုတိယပါဒ ရှေ့ထက်ဝက်၏အဆုံးသို့ ရောက်သောအခါ တွင် တစ်ထောင်နှင့် ကမ္ဘာတစ်သိန်းက ဆည်းပူး စုဆောင်းခဲ့ သော ကောင်းမှုကုသိုလ်ကံ ပါရမီတရားတို့ကို အကြောင်း တရား သမုဒယသစ္စာဟုလည်းကောင်း၊ ယင်းကောင်းမှု ကုသိုလ်ပါရမီကံတရားတို့၏ အကျိုးဝိပါက်တရားတို့ကို ဒုက္ခ သစ္စာဟု လည်းကောင်း အသိဉာဏ်ရောက်အောင် အသုံးချ

နိုင်သဖြင့် ဝဋ္ဋသစ္စာနှစ်ပါးကို ကိုးနည်းပေါင်း ပြောက်ပြားစွာ တို့ဖြင့် ပိုင်းခြားကာထင် ဉာဏ်သက်ဝင်၍ သောတာပတ္တိမဂ် ဉာဏ် ဖိုလ်ဉာဏ်တို့သို့ ရောက်ရှိရရှိခဲ့ပါလေပြီ။ ဂါထာပုဒ်၏ နောက်တစ်ဝက်ကို သောတာပန် ဖြစ်ပြီးသောအခါမှ နာယူ ပြီးဆုံးပါလေတော့သည်။

အရှင်သာရိပုတ္တရာခေါ် ဥပတိဿ ပရိဗိုဇ်သည် အထက် မဂ်ဖိုလ်တို့သို့ မရမရောက်သေးမီပင် ဤ လောကုတ္တရာ၌ အကြောင်းထူးရှိရဦးမည်ဟုကြံစည်စဉ်းစားပြီးလျှင်ရှင်အဿဇိ မထေရ်မြတ်ကို အရှင်ဘုရား ဤမျှဖြင့် ရပ်တော်မူပါ။ ထို ထက်အလွန် တရားဒေသနာတော်ကို ဆက်၍ မဟောကြား ပါနှင့်ဦး။

ယခု ကျွန်ုပ်တို့၏ဆရာမြတ်စွာဘုရားသည် အဘယ်အရပ်၌ သီတင်းသုံးတော်မူပါသနည်းဟု လျှောက်သောအခါ အရှင် အဿဇိမထေရ်မြတ်က ငါတို့ဆရာ မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိပါသည်။

ဤသို့ဖြစ်လျှင် အရှင်မြတ်ရှေးဦးစွာ ကြွတော်မူနှင့်ပါ၊ ဘုရားတပည့်တော်မှာ သူငယ်ချင်းတစ်ယောက်နှင့် ရှေးဦးစွာ တရားထူးတွေ့ရှိသူက ကျန်တစ်ဦးအားပြောကြားကြစတမ်းဟု ကတိသစ္စာပြုထားကြပါသည်။ တပည့်တော်၏ သူငယ်ချင်း အား ထိုတရားတို့ကို ကျေပွန်စေ၍ ဘုရားတပည့်တော်၏ သူငယ်ချင်းကိုခေါ်ဆောင်လျက် ရှင်တော်ဗုဒ္ဓ၏ထံတော်မှောက်သို့

လိုက်လာခဲ့ပါမည်ဟု လျှောက်ထားပြီးလျှင် အရှင်အသျှင် မထေရ်မြတ်အား ထိခြင်းငါးမျိုးတို့ဖြင့် ရှိသေလုစွာရှိခိုး၍ ပရိဗိုဇ်အရံသို့ ပြန်ခဲ့လေသည်။

ကောလိတပရိဗိုဇ်ကလည်း ဥပတိဿပရိဗိုဇ် လာသည်ကို မြင်လျှင် ငါ၏သူငယ်ချင်းသည် သွားပုံလာပုံနှင့် အဆင်းဣန္ဒြေများကြည်လင်၍ ကြည်ညိုစရာအသွင်ဖြင့် ပြန်လာခဲ့ပေသည်။ ဧကန် တရားထူးတရားမြတ်ကို သိမြင်ရရှိလာခဲ့သည်ဖြစ်ပေရာ၏ဟု နှလုံးသွင်း၍ ဘယ်လိုလဲငါ့ရှင်သင်သည်တရားထူးတရားမြတ်ကို သိမြင်ရရှိခဲ့ပြီမဟုတ်ပါလားဟု မေးမြန်းလေပါတော့သည်။

ဥပတိဿပရိဗိုဇ်က ဟုတ်ပါတယ်ငါ့ရှင်၊ ငါသည် မသေရာမှန် နိဗ္ဗာန်တရားတော်ကို ရရှိခဲ့ပေပြီဟု ပြောကြား၍ အရှင်အသျှင် မထေရ်မြတ်၏ထံမှ နာယူရရှိခဲ့သော ယေဓမ္မာ ဟေတုပ္ပဘဝါအစရှိသော တရားတော်ကိုပင် ပြန်လည်၍ ဟောကြားတော်မူသည်တွင်ကောလိတပရိဗိုဇ်သည်လည်းတစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းက ဖြည့်ကျင့်ဆည်းပူး စုဆောင်းခဲ့သော ကောင်းမှုကုသိုလ်ပါရမီကံများနှင့် ထိုကံတို့၏အကျိုးတရားတို့ကို ကမ္မဿကတာဉာဏ်၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်၊ ဝိမုတ္တိဉာဏ် အဆင့်ဆင့်ရောက်အောင်ဖြစ်အောင် အသုံးချတော်မူ၍ သောတာပတ္တိမဂ်ဖိုလ်သို့ဆိုက်ရောက်ခဲ့လေပြီ။

ကောလိတပရိဗိုဇ်သည်၊ သောတာပတ္တိဖိုလ်၌တည်ပြီးသော် ဥပတိဿပရိဗိုဇ်ကို အဆွေတော် ဥပတိဿ၊ ကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံး နေပါသနည်းဟု မေးမြန်းသော် ဥပတိဿပရိဗိုဇ်က အဆွေ တော် ကောလိတ၊ ကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် ယခု အခါ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရှိကြောင်း ကျွန်ုပ်တို့ဆရာ အရှင်အဿဇိမထေရ်မြတ်က မိန့် ကြားတော်မူခဲ့ပါသည်ဟု ပြန်ကြားပြောဆိုသော အခါ အဆွေတော်၊ ထိုသို့ဖြစ်ခဲ့လျှင် မြတ်စွာဘုရားရှင်၏ထံတော်သို့ သွားကြပါစို့၊ ရွှေဘုန်းတော်သခင်ဘုရားရှင်ကိုယ်တော်မြတ် ကြီးသည် ကျွန်ုပ်တို့၏ဆရာသခင် ကျေးဇူးရှင်ကြီးဖြစ်ပါပေ သည်ဟု ပြောဆိုကာ တပည့်များဖြစ်ကြသော ပရိဗိုဇ်နှစ်ရာ ငါးဆယ်တို့နှင့်အတူ ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ်တို့ သည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်း တော်သို့ သွားရောက်ကြ၍ မြတ်စွာဘုရားရှင်၏ ထံတော် မှောက်တွင် ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ရှိကြပါလေ ကုန် တော့သည်။

ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်၍ ခုနစ်ရက်မြောက် သောနေ့၌ ကောလိတပရိဗိုဇ်သည် ရှင်တော်ဗုဒ္ဓ ဟောကြား တော်မူသော ဓာတ်ကမ္မဋ္ဌာန်းတရားတို့ကို နာယူရ၍ အထက် မဂ်သုံးပါးတို့ကိုရရှိပြီးလျှင် သာဝကပါရမီဉာဏ်၏ အထွတ် အထိပ်သို့ ရောက်ရှိတော်မူကာမြတ်စွာဘုရား၏လက်ဝဲတော်ရံ

အဂ္ဂသာဝကနှင့် အဖြစ်သို့ရောက်၍ မောဂ္ဂလိမယ်တော်၏ သားတော်ဖြစ်သောကြောင့် အရှင်မောဂ္ဂလာန်ဟု အမည်တွင်ခဲ့လေပြီ။

ကောလိတပရိဗိုဇ်မှာမူကား ဟေဝိဘိက္ခုရဟန်းဖြစ်ပြီးနောက် တစ်ဆယ့်ငါးရက်မြောက်သောနေ့၌ မိမိ၏တူတော်ဖြစ်သော ဒီဃနခပရိဗိုဇ်အား ရှင်တော်ဗုဒ္ဓက ဟောကြားတော်မူသော ဝေဒနာပရိဂ္ဂဟ သုတ္တန်ခေါ်သော ဒီဃနခသုတ္တန် ဒေသနာတော်ကို နာယူရသဖြင့် အထက်မဂ်သုံးပါးတို့ကို ရရှိတော်မူပြီးလျှင် ရဟန္တာဖြစ်၍ သာဝကပါရမီဉာဏ်တော်၏ အထွတ်အထိပ်သို့ရောက်ရှိတော်မူကာ မြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝကအဖြစ်သို့ရောက်ရှိ၍ သာရိပုဏ္ဏေးမမယ်တော်၏သားဖြစ်သောကြောင့် အရှင်သာရိပုတ္တရာဟု အမည်တွင်ခဲ့လေပြီ။

ဤသို့လျှင် အဂ္ဂသာဝကမဟာမိလောင်းလျာကို့သည်လည်း တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ဒါနစသောကောင်းမှု ကုသိုလ်ပါရမီကံတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းတော်မူကြရကုန်၍ မိမိတို့ဖြည့်ကျင့်ဆည်းပူး စုဆောင်းတော်မူခဲ့ကြသော ကောင်းမှုကုသိုလ်ပါရမီကံတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချတော်မူကြကုန်ပြီးလျှင် အို နာ သေ စဉ်ဆက် သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက်တော်မူကြ၍ သန္တိသုခကို ရရှိခံစားတော်မူကြရလေကုန်ပြီ။

# မဟာသာဝက ဗောဓိလောင်းလျာများ ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချပုံ ဝတ္ထုသင်္ခေပ

ကမ္ဘာပေါင်း တစ်သိန်းတိုင်အောင် ကောင်းမှုကုသိုလ် ပါရမီကံတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းခဲ့ကြရကုန်သော မဟာသာဝကလောင်းလျာတို့၏ သက်သေများမှာ–

ကျွန်ုပ်တို့ ရှင်တော်ဗုဒ္ဓ၏ လက်ထက်တော်တွင် ရှေးဦးစွာ တရားသိမြင် ကျွတ်တန်းဝင်သော အရှင်ကောဏ္ဍည မထေရ်မြတ်ကြီး၏ အလောင်းတော်သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူခဲ့သော ပဒုမုတ္တရဘုရားရှင်၏ မျက်မှောက်တော်တွင် ဟံသာဝတီမင်းနေပြည်ဝယ် စီးပွားဥစ္စာ ကြွယ်ဝချမ်းသာသော ဂဟပတိမဟာသာလ အမျိုး၌ဖြစ်ရှိခဲ့လေသည်။

ပဒုမုတ္တရမြတ်စွာဘုရားရှင်သည် ဟံသာဝတီမင်းနေပြည်သို့ သံဃာတော်တစ်သိန်း ခြံရံလျက် ကြွရောက်တော်မူကာ ခမည်းတော် အာနန္ဒာမင်းကြီးအား တရားဟောတော်မူရာတွင် အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ကြလေကုန်ပြီ။

ပဒုမုတ္တရဘုရားရှင်သည် ဟံသာဝတီမင်းနေပြည်တော်၌ သတ္တဝါတို့၏ ကောင်းကျိုးအတွက် တရားတော်မှန်ကို ညွှန်ပြတော်မူလျက် သီတင်းသုံးတော်မူစဉ် ဟံသာဝတီပြည်သူ လူအများတို့သည် တရားမှန်ကိုနာယူရန် ပန်းနံ့သာလက်စွဲလျက် ရှင်တော်ဗုဒ္ဓ၏ထံတော်မှောက်သို့ သွားရောက်ကြလေကုန်၏။

ထိုသို့ လူအများတို့သည် ရှင်တော်ဗုဒ္ဓပဒုမုတ္တရဘုရားရှင်၏ထံတော်မှောက်သို့ တရားနာယူကြရန် ပန်းနံ့သာစသည်တို့ကို ယူဆောင်လျက် သွားကြသည်ကို အရှင်ကောဏ္ဍည၏ အလောင်းတော်သည် တွေ့မြင်ရ၍ ၎င်းတို့နှင့်အတူတကွ ရှင်တော်ဗုဒ္ဓ တရားဟောရာအရပ်သို့ လိုက်ပါသွားခဲ့လေပြီ။

ဤတရားပွဲ၌ ပဒုမုတ္တရဘုရားရှင်သည် ကိုယ်တော်မြတ်၏ သာသနာတော်ဝယ် ရှေးဦးစွာ သစ္စာလေးပါးတရား သိမြင်ကျွတ်တန်းဝင်သော ရဟန်းတော် မထေရ်တစ်ပါးကို ရဟန်း

ဝါအကြီးဆုံး ရတ္တညူအရာ၌ ဧတဒဂ်ထားတော်မူသည်ကို ကြားသိရ၍ အရှင်ကောဏ္ဍညမထေရ်၏အလောင်းသည် နှစ်သက်အားကျပြီးက ထိုထေရ်မြတ်ကဲ့သို့ တစ်ဆူဆူသော ဘုရားရှင်၏ သာသနာတော်ဝယ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးမှတစ်ပါး အခြားအခြားသော သူတို့ထက် ရှေးဦးစွာ သစ္စာလေးပါး တရားအထူးကို ရယူဖို့ရန် ရည်သန်တောင့်တ၍ ပဒုမုတ္တရဘုရားရှင် အမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်လှစွာသော ဆွမ်းခဲဖွယ် ဘောဇဉ်တို့နှင့်တကွ သင်္ကန်းအလျာတို့ကို ခုနစ်ရက်တိုင်တိုင် မဟာဒါန အလှူတော်ကြီးကို ပေးလှူပူဇော်ခဲ့၍ နောက်ဆုံးနေ့တွင် သင်္ကန်း ပရိက္ခရာတို့ဖြင့် လှူဒါန်းပူဇော်ပြီးလျှင် ဆုပန်ဆင်ခဲ့သည်မှာ ဘုန်းတော်ကြီးမြတ်တော်မူသော ရှင်တော်မြတ်ကြီးဘုရား၊ ဘုရားတပည့်တော်သည် ဤကောင်းမှုကြောင့် နောင်သော အခါဝယ် လွန်ခဲ့သောခုနစ်ရက်က ရတ္တညူဧတဒဂ်ထား တော်မူသော အရှင်မြတ်ကဲ့သို့ တစ်ဆူသော ဘုရားရှင်၏ ထံတော်မှောက်တွင် ရတ္တညူဧတဒဂ်ရ မဟာသာဝက ပုဂ္ဂိုလ် ဖြစ်ရပါလို၏-ဟု ပတ္ထနာပြုခဲ့လေပြီ။ ပဒုမုတ္တရဘုရားရှင်က ဥပါသကာ၊ သင်သည် ဤကောင်းမှု အဓိကာရကြောင့် ဤကမ္ဘာမှ နောက် ကမ္ဘာတစ်သိန်းမြောက်၌ ပွင့်တော်မူသော ဂေါတမ မြတ်စွာဘုရား၏ ထံတော်မှောက်တွင် ရှေးဦးစွာ သစ္စာလေးပါးတရားသိမြင် ရဟန်းဝါတို့တွင် အကြီးဆုံး ဖြစ်သော ရတ္တညူ ဧတဒဂ်ကို ရရှိပေလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေပြီ။

ထိုအခါမှစ၍ ကောင်းမှုကုသိုလ်ပါရမီ ကံတရားတို့ကို အနှစ်တစ်သိန်းတိုင်တိုင် ဆည်းပူးစုဆောင်းခဲ့၍ ထိုဘဝမှ စုတေသော် ကာမာဝစရနတ်ပြည်၌ ဖြစ်သွားခဲ့ရလေပြီ။

ထိုဘဝမှ စ၍ အရှင်ကောဏ္ဍည မထေရ် မြတ် ကြီး ၏ အလောင်းတော်သည် အပါယ်လေးပါးတို့သို့ တစ်ကြိမ် တစ်ခါမျှ မလားမရောက်ရဘဲ လူပြည် နတ်ပြည်တို့၌ စည်းစိမ် ချမ်းသာတို့ကို လှည့်လည်ခံစား စံစားခဲ့ရ၏။ ကိုးဆယ့်တစ် ကမ္ဘာထက်တွင် ပွင့်တော်မူသော ဝိပဿီ မြတ်စွာဘုရား၏ လက်ထက်တော်တွင် ဗန္ဓုမတီ မင်းနေပြည်၏ တံခါးအနီး ရွာဝယ် သူကြွယ်မျိုး၌ဖြစ်၍ မဟာကာဠဟု အမည်တွင်ခဲ့ လေပြီ။

မဟာကာဠ သူကြွယ်သည် ဝိပဿီ မြတ်စွာဘုရား အမှူး ရှိသော သံဃာတော် အရှင်မြတ်တို့အား ကောက်ဦးဒါန ကိုးကြိမ်တိုင် လှူဒါန်းခဲ့၍ ကောင်းမှုကုသိုလ်ပါရမီကံ တရား တို့ကို ဆည်းပူးစုဆောင်းခဲ့ပါသည်။ ထိုဘဝမှ စုတေသော် နတ်ပြည်၌ပင် ဖြစ်ပွားရပြန်လေပြီ။ ဤနည်းဖြင့် ကိုးဆယ့်တစ် ကမ္ဘာတိုင်တိုင် အပါယ်လေးပါးတို့သို့ မလားမရောက်ရဘဲ လူပြည် နတ်ပြည်တို့၌သာ လူနတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို အလှည့်အလည် ခံစားစံစားခဲ့ပြီး၍ နောက်ဆုံးဘဝဝယ် ကျွန်ုပ်တို့ မြတ်စွာဘုရား ပွင့်တော်မူခါနီး ကာလတွင် ကပိလဝတ်နေပြည်တော်အနီး ဒေါနဝတ္ထုပုဏ္ဏားရွာ၌ ဥစ္စာစီးပွား ပေါများကြွယ်ဝသော ဗြာဟ္မဏမဟာသာလ

ပုဏ္ဏားအမျိုး၌ ဖြစ်ခဲ့လေပြီး ထိုပုဏ္ဏားလုလင်ကို အမည်မှည့်သော နေ့၌ ကောဏ္ဍညလုလင်ဟု အမည်မှည့်ကြလေကုန်၏။

ကောဏ္ဍညလုလင်သည် အရွယ်ရောက်သော အခါတွင် ဗေဒင်သုံးပုံတို့ကို သင်ကြား၍ မဟာပုရိသ လက္ခဏာတော် ကျမ်း၌ တစ်ဖက်ကမ်းခတ် တတ်မြောက်လေ၏။

ကျွန်ုပ်တို့၏ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဘုရားစင်စစ် ကေန်ဖြစ်မည်ဟု ဟောကြားသော ပုဂ္ဂိုလ်သည် ကောဏ္ဍည ပုဏ္ဏားပင်ဖြစ်သည်။

ကောဏ္ဍညပုဏ္ဏားသည် အလောင်းတော် တောထွက်တော်မမူမီကပင်ဝပ္ပဘဒ္ဒိယ မဟာနာမ် အဿဇိပုဏ္ဏားလေးယောက်တို့နှင့်အတူ လောကီ ကာမဂုဏ်ဘို့ကို ပယ်စွန့်၍ ပရိဗိုဇ်ရဟန်းပြုကာသိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည့် အချိန်ကိုသာ စောင့်မျှော်ခဲ့လေသည်။

သိဒ္ဓတ္ထမင်းသားသည် တောထွက်တော်မူပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါတွင် ဣသိပတနမိဂဒါဝုန်တော၌ ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနာမ် အဿဇိ ဟူသော ပဉ္စဝဂ္ဂီရဟန်းတို့အား သစ္စာလေးပါး ဓမ္မစက္ကပဝတ္တနသုတ္တန်တရားဒေသနာတော်ကို ဟောကြားတော်မူသည်တွင် အရှင်ကောဏ္ဍညမထေရ်သည် သစ္စာလေးပါး တေပရိဝဋ္ဋ ဒေသနာတရားတော်အစဉ်ကို ဆင်ခြင်နှလုံးသွင်း၍ ကမ္ဘာတစ်သိန်း

တိုင်တိုင် ဖြည့်ကျင့်ဆည်းပူး စုဆောင်းခဲ့သော ကောင်းမှု ကုသိုလ်ပါရမီကံတရားတို့နှင့် ၎င်းတို့၏ အကျိုးတရားတို့ကို ကမ္မဿကတာဉာဏ် ယထာဘူတဉာဏ် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ် ဝိမုတ္တိဉာဏ်အဆင့်ဆင့်တို့သို့ရောက်အောင် အသုံးချတော်မူ၍ သစ္စာလေးပါးမြတ်တရားတို့ကို ရှေးဦးစွာ အသိဉာဏ်ရောက် သော သောတာပတ္တိမဂ်ဉာဏ်သို့ ရရောက်တော်မူပြီးလျှင် ပါဆိုလပြည့်ကျော် ငါးရက်နေ့၌ အနုတ္တလက္ခဏာ သုတ္တန် ဒေသနာတော်ကို နာကြားရသောအခါ ကုသိုလ်ကံတရား တို့၌ ပါရှိသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော ကမ္မ သတ္တိ အကြွင်းအကျန်မရှိ အမြစ်ပြတ်ကုန်ခန်း၍ ဘုံဘဝအသီး သီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်ငြိမ်းသော သန္တိ သုခကို ရရှိခံစားတော်မူရလေပြီ။

ရှင်တော်ဗုဒ္ဓ၏သာသနာတော်တွင် တတိယ သာဝကဖြစ် တော်မူသောအရှင်မဟာကဿပမထေရ်မြတ်ကြီး၏အလောင်း တော်ဖြစ်သော သတိုးသားသည်လည်း လွန်ခဲ့သောကမ္ဘာ တစ်သိန်းတက်၌ ပွင့်တော်မူခဲ့သော ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်အခါတွင် ဝေဒေဟ အမည်ရှိသော ကုဋေ ရှစ်ဆယ်ကြွယ်ဝသူ သူဌေးတစ်ဦး ဖြစ်ခဲ့လေပြီ။ (ဝေဒေဟ သူကြွယ်ဝတ္ထု)

ဝေဒေဟသူကြွယ်သည် နံနက်အခါတွင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စားသုံးပြီးလျှင် ဥပုသ်ဆောက်တည်၍

နှံ့သာပန်း စသည် ယူဆောင်လျက် ကျောင်းတော်သို့သွား ရောက်ကာ မြတ်စွာဘုရားရှင်ကို ပူဇော်ရှိခိုးပြီးလျှင် အပြစ် လွတ်ရာအရပ်၌ ထိုင်နေလေ၏။

ထိုအခါ ပဒုမုတ္တရဘုရားရှင်သည် မဟာနိသဘမထေရ် မြတ်ကို ဓုတင်ဆောင်းတောဒင်ရ တတိယသာဝကရာထူးဖြင့် ချီးကျူး မြှောက်စားတော်မူသည်ကို ဖူးမြင်အားကျလှ၍ ပဒုမုတ္တရ ဘုရားရှင် အမှူးရှိသော သံဃာတော် အရှင်မြတ် ခြောက်သန်းရှစ်သိန်းတို့ကို ခုနစ်ရက်တိုင်တိုင် ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်းဆက်ကပ်၍ ခုနစ်ရက်မြောက်သော နေ့၌ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား တိစီဝရိတ်သင်္ကန်းအစုံတို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် ဆု တောင်းပတ္ထနာပြုသည်မှာ အရှင်မြတ်ဘုရား၊ ဘုရားတပည့် တော် ဤယခုပြုရသော ဒါန၊ သီလ စသောကောင်းမှုကုသိုလ် ကံ စေတနာတို့ကြောင့် အရှင်နိသဘမထေရ်မြတ်ကဲ့သို့ နောင် သောအခါတွင် ဘုရားရှင် သာသနာတော်၌ ဓုတင်ဆောင် တောဒင်ရ တတိယသာဝက ဖြစ်ရပါလို၏ဟု ဆုတောင်း ပတ္ထနာ ပြုခဲ့လေသည်။

ထိုအခါပဒုမုတ္တရဘုရားရှင်ကိုယ်တော်မြတ်က ဥပါသကာ ဒါယကာ၊သင်သည် နောင်သောအခါ ကမ္ဘာတစ်သိန်းအဆုံး၌ ဂေါတမ အမည်ရှိတော်မူသော မြတ်စွာဘုရားပွင့်ထွန်း တော်မူလိမ့်မည်။ထိုဂေါတမမြတ်စွာဘုရား သာသနာတော်၌

ခုတင်ဆောင် တေဇဂ်ရ တတိယသာ၀က ကဿပမထေရ် အမည်ရှိသူ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

(ကောသာဋ္ဌကဝတ္ထု) = ဝေဒေဟာသူကြွယ်သည် ထိုနေ့မှစ၍ ကောင်းမှုကုသိုလ် ပါရမီကံတရားတို့ကို အဆက်ထက်ဆုံး ဆည်းပူးစုဆောင်း၍ ထိုဘဝမှစုတေသော် နတ်ပြည်၌ဖြစ်ခဲ့ရလေပြီ။ အရှင်မဟာကဿပအာလောင်း ဝေဒေဟာသူကြွယ်သည် လူစည်းစိမ် နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်လှည့်သည် ခံစားလျက်ရှိနေစဉ် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာသက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူ၍ ဗန္ဓုမတီပြည်ကို အမှီပြုလျက်သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပ၏အာလောင်းသူတော်ကောင်းသည် နတ်ပြည်မှစုတေခဲ့၍ မထင်မရှား ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့ရပြန်လေသည်။

ဘယ်လောက် ဆင်းရဲသလဲဆိုရင် ဇနီးမောင်နှံ နှစ် ဦးမှာ အပေါ်ရုံအဝတ်တစ်ထည်သာရှိပါသတဲ့။ ထို့ကြောင့် ၎င်းကို ကောသာဋ္ဌက ပုဏ္ဏားဟုပင် ခေါ်ဆိုကြလေသည်၊ ဘယ်လိုပင် ဆင်းရဲပါသော်လည်း ဒါနပါရမီ ဖြည့်ဝတ်ကိုတော့ မချွတ်စေခဲ့ပါ။

ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ်၊ ခုနစ်နှစ် တစ်ကြိမ် အထူးတရားပွဲကြီး ဟောကြားတော်မူသောအခါ

တွင် အရှင်မဟာကဿပ၏ အလောင်းတော် ကောသာဋ္ဌက ပုဏ္ဏားသည် ညချမ်းအချိန်၌ အပေါ်ရုံအဝတ်တစ်ထည်ကို ကိုယ်ပေါ်၌လွှမ်းရုံလျက် တစ်ညလုံး တရားနာယူလေသည်။

အရှင်မဟာကဿပ၏အလောင်း ကောသာဋ္ဌကပုဏ္ဏားသည် ရှင်တော်ဗုဒ္ဓ၏ တရားတော်ဒေသနာအစဦးပိုင်း ကြားရသဖြင့် ညဦးယံအချိန်တွင် မိမိ၏အပေါ်ရုံအဝတ်ကိုရှင်တော်ဗုဒ္ဓအား လှူဒါန်းပူဇော်ရန် သဒ္ဓါတရားဖြစ်ခဲ့ပါသည်။ သို့ရာတွင် မစ္ဆရိယတရားဝင်၍ နှောင့်ယှက်သဖြင့် မလှူဒါန်းဖြစ်ပါ။

သန်းခေါင်ယံအချိန်တွင် လှူဒါန်းပူဇော်လိုရာ သဒ္ဓါတရား တစ်ကြိမ်ဖြစ်ပြန်ပါသည်။ ၎င်းအချိန်မှာလည်း မစ္ဆရိယတရားဝင်၍နှောင့်ယှက်ပြန်သဖြင့် မလှူဒါန်းဘဲဖြစ်ခဲ့ရပြန်ပါသည်။

မိုးသောက်ယံအချိန်ကျတော့ မစ္ဆရိယတရားကို အလောဘ တရားက အနိုင်ယူ၍ မိမိ၏အပေါ်ရုံအဝတ်ကို ရှင်တော်ဗုဒ္ဓအား လှူဒါန်းပူဇော်၍ ဒါနစသော ကုသိုလ်ကောင်းမှု ပါရမီကံတရားကို ဆည်းပူးစုဆောင်းခဲ့ပါသည်။

အရှင်မဟာကဿပအလောင်း ကောသာဋ္ဌကပုဏ္ဏားသည် အသက်ထက်ဆုံး ကောင်းမှုပါရမီကံ တရားတို့ကို ဆည်းပူး

စုဆောင်း၍ ထိုဘဝမှစုတေကွယ်လွန်ခဲ့ပြန်သော် နတ်ပြည်၌ ဖြစ်ရပြန်ပါသည်။

သူကြွယ် တစ်ဦးဝတ္ထု

အရှင်မဟာကဿပ၏ အလောင်းတော်သည် ဤဘဒ္ဒကမ္ဘာ ၌ပွင့်တော်မူပြီးကြကုန်သော ကောဏာဂုဏ်မြတ်စွာဘုရား နှင့် ကဿပမြတ်စွာဘုရားတို့၏အကြား ကာလဗုဒ္ဓန္တရခေတ် အချိန်၌ နတ်ပြည်မှစုတေခဲ့၍ ဗာရာဏသီပြည်တွင် ပစ္စည်း ဥစ္စာကြွယ်ဝချမ်းသာသောသူကြွယ်တစ်ဦးဖြစ်ခဲ့ပြန်လေသည်။

အရှင်မဟာကဿပအလောင်း ထိုသူကြွယ်သည် တော လည်သွားရင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးသည် မြစ်ကမ်း အနီး၌ သင်္ကန်းချုပ်နေစဉ် အနားပတ်မလောက်သည်ဖြစ်၍ ချုပ်လက်စသင်္ကန်းကို ခေါက်၍ထားရန် စီမံအားထုတ်တော် မူသည်ကို တွေ့မြင်လိုက်ရပါသည်။

ထိုသူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်လတ်၍ အရှင်မြတ်ဘုရား၊ အဘယ့်ကြောင့် သင်္ကန်းလျာကို ခေါက်၍ ထားပါသနည်းဘုရားဟု လျှောက်ထားလေသည်။ ပစ္စေက ဗုဒ္ဓါအရှင်မြတ်က ဒါယကာ၊ အနားပတ်မလောက်၍ခေါက် ထားရ၏ဟု မိန့်တော်မူသောအခါ အရှင်မြတ်ဘုရား၊ ဤ အဝတ်ဖြင့် အနားပတ်ချုပ်လုပ်တော်မူပါဘုရားဟု လျှောက် ထား၍ မိမိ၏အဝတ်ကို ဆက်ကပ်လှူဒါန်းပြီးလျှင် ဖြစ်လေ ရာရာ သံသရာဘဝတို့၌ ငါ၏အတွက် တစ်စုံတစ်ခုသောအသုံး

အဆောင်ဖြင့်မျှ ယုတ်လျော့ခြင်းမည်သည် မဖြစ်ပါစေသား ဟု ပတ္ထနာမှုပြုခဲ့လေသည်။

ထို့နောက် ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးရာ နောက်အခါ၌ တစ်ယူဇနာရှိသော ကဿပမြတ်စွာဘုရား၏ ဓာတုရွှေစေတီတော်ကြီးကိုကတ္တီပါဝတ်ရုံတို့ဖြင့်ဝန်းသိုင်းခြုံရုံ ပြီးလျှင် ထိုထိုနေရာတို့၌ ရထားလှည်းဘီး ပမာဏရှိသော ရွှေပဒုမ္မာကြာပန်းတို့ဖြင့် အဆန်းတကြယ် ကြည်ညိုဖွယ်ဖြစ် အောင်တန်ဆာဆင်၍ ဒါနကောင်းမှု ကုသိုလ်ကံပါရမီတရား တို့ကို ဆည်းပူးစုဆောင်းရလေပြီ။ ထိုသူကြွယ်သည်အသက် ထက်ဆုံးပါရမီကုသိုလ်ကံတရားတို့ကိုဆည်းပူးစုဆောင်းတော် မူ၍ ထိုဘဝမှစုတေပြန်သော် နတ်ပြည်၌ဖြစ်ခဲ့ပြန်လေပြီ။

နန္ဒသတိုးသား ဝတ္ထု

နတ်ပြည်မှတစ်ဖန် စုတေပြန်သော် အရှင်မဟာကဿပ ၏ အလောင်းသူဌေးသားသည် ဗာရာဏသီပြည်မှ ယူဇနာ တစ်ရာဝေးသောအရပ်၌ နဝယ် အမတ်မျိုး၌ဖြစ်ခဲ့ရပြန်လေ ပြီ၊ ထိုသူကြွယ်၏ဇနီး သူဌေးကတော်သည်လည်း ဗာရာဏသီ မင်းကြီး၏ တစ်ဦးတည်းသော မင်းသမီးဖြစ်ခဲ့လေ၏။

အမတ်၏သားသည် အမည်အားဖြင့် နန္ဒဖြစ်၏၊ အမတ် ၏သား မောင်နန္ဒသည် နက္ခတ်ပွဲသွားဖို့ရန် မိခင်အားအဝတ်

စုံကိုတောင်းသောအခါ မိခင်က အဖိုးထိုက်တန်သော ဝတ်စုံကိုထုတ်၍ပေး၏။ ၎င်းဝတ်စုံ ကြမ်းတမ်းလှသည်ဟု မဝတ်ရဲလိုသဖြင့် အခြားဝတ်စုံကိုတောင်းပြန်သောအခါ မိခင်က ထိုထက်နူးညံ့သောဝတ်စုံကိုပေးပြန်၏။ ဤနည်းဖြင့် သုံးကြိမ် လေးကြိမ်တိုင်အောင် ဝတ်စုံများကိုထုတ်ပေးပါသော်လည်း ကြမ်းတမ်းလှသဖြင့် မဝတ်ရဲလိုပါဟု ငြင်းပယ်သောအခါ မိခင်က ချစ်သား ငါတို့သည် အမတ်မျိုး၌ဖြစ်ကြရ၏။ ဤငါတို့၏ အမတ်မျိုးအိမ်၌ ဤဝတ်စုံထက်သာလွန် နူးညံ့သော ဝတ်စုံမျိုး မရှိပါဟု ပြောဆိုလေ၏။

ထိုအခါ နန္ဒလုလင်သည် ဒီလိုဆိုလျှင်မိခင် ကျွန်ုပ်သည် နူးညံ့သောဝတ်စုံ ရနိုင်ရာအရပ်သို့ သွားပါတော့အံ့ဟု ပြောဆိုပြီးလျှင် မိခင်ကိုရှိခိုးပြီးလျှင် နေအိမ်မှထွက်ခွာခဲ့၍ ဗာရာဏသီသို့ ရှေးရှုထွက်သွားလေတော့သည်။

နန္ဒလုလင်သည် ဗာရာဏသီပြည်သို့ရောက်၍ ဥယျာဉ်တော်အတွင်း မင်္ဂလာကျောက်ဖျာပေါ်တွင် ဦးခေါင်းကိုပါ လွှမ်းခြုံလျက် လျောင်းစက်လာနေလေတော့၏။

ထိုအချိန်တွင် ဗာရာဏသီမင်းကြီး နတ်ရွာစံသဖြင့် သမီးတော်တစ်ပါးသာ ကျန်ရစ်ခဲ့သောကြောင့် အမတ်တို့သည် ခုနစ်ရက်မြောက်နေ့၌ မင်းလောင်းရှာသော မင်္ဂလာဖုဿရထားကို စေလွှတ်ကုန်၏။ မင်္ဂလာဖုဿရထားသည် ဥယျာဉ်

တော်သို့သွား၍ ကျောက်ဖျာပေါ်တွင်လျောင်းစက်နေသော နန္ဒလုလင်အား လက်ယာရစ်လှည့်ကာ ရပ်တည်လေ၏။

အမတ်ကြီးတို့သည် နန္ဒလုလင်အား ပြဟ္မဒတ်မင်း၏သမီးတော်နှင့်ထိမ်းမြားကြ၍ဗာရာဏသီပြည်၌ မင်းမြှောက်ကြလေသည်။ အိသိကဲခံသောနေ့၌ နန္ဒမင်းအားအဖိုးများစွာ ထိုက်တန်သော ဝတ်လဲတော်ကိုဆက်သကြသည်တွင် အမတ်ကြီးတို့ ဤဝတ်လဲတော်သည် ကြမ်းတမ်းလှ၏ဟု မိန့်တော်မူ၍ ရွှေကရားဖြင့် မျက်နှာတော် သစ်ပြီးလျှင် လက်တော်ကိုဆေးကြော၍ အရှေ့အရပ်သို့လက်ညှိုးညွှန်လိုက်ရာ နတ်ဝတ်ပုဆိုး အစုံပါသော ပဒေသာပင်ရှစ်ပင်တို့ မြေမှခွဲ၍ ပေါ်ထွက်လာပါတော့သည်၊

ဤနည်းအတူ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်တို့မှလည်း ပဒေသာပင်ပေါ်ထွက်၍ တိုင်းသူပြည်သားများပါ နန္ဒမင်း၏ဘုန်းကံဖြင့် နတ်ဝတ် နတ်ပုဆိုး တို့ကို ဝတ်ရုံသုံးဆောင်ကြရပေသည်။

ဤသို့လျှင် နန္ဒမင်းသည် ကြီးစွာသော မင်းစည်းစိမ်ကို ခံစားနေစဉ် ထစ်နေ့သောအခါ မိဖုရားကြီးက နောက်ဘဝ အတွက် ကုသိုလ်ပြုရန် တိုက်တွန်းသဖြင့် လူ... တွေတို့ကို စိမ့်ပြီးလျှင် အရှေ့အရပ်၊ တောင်အရပ်၊ အန...က်အရပ်တို့သို့ အလှူခံရန် အလှူခံပုဂ္ဂိုလ်တို့ကို မိဖုရားကြီး... အမိန့်ဖြင့်

ပင့်လျှောက်သောအခါတွင် မြတ်သော အလှူခံပုဂ္ဂိုလ်များ မရှိသောကြောင့် ကြွရောက်မလာကြပါကုန်။ မြောက်အရပ်သို့ အဓိဋ္ဌာန်ပြု၍ပင့်လျှောက်သောအခါ ပဒုမ္မာဒေဝီ၏သားတော်များဖြစ်ကြသောသာ ပစ္စေကဗုဒ္ဓါငါးရာတို့ ကြွရောက်တော်မူလာကြ၍ နန္ဒမင်းကြီး၏ အလှူကို ခံယူတော်မူကြလေကုန်၏။

အရှင်မဟာကဿပ၏ အလောင်းတော် နန္ဒရာဇ်မင်းကြီးသည် ပစ္စေကဗုဒ္ဓါငါးရာတို့အား မိမိ၏ဥယျာဉ်တော်အတွင်းဝယ် သခ်မ်းကျောင်းငါးရာ၊ စင်္ကြံကျောင်းငါးရာ စသည်တို့ကို စီမံတော်မူ၍ သိတင်းသုံးစေတော်မူပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းရလေအောင် ထောက်ပံ့ပြုစုတော်မူ၏။

တစ်ချိန်တွင် နန္ဒရာဇ်မင်းကြီးသည် တိုင်းစွန်ပြည်နားနယ်ခြားအရပ်သည် လှုပ်ရှားထကြွ၍ နှိပ်နင်းရန်အတွက် ကြွတော်မူရာ မိဖုရားကြီးအား ပစ္စေကဗုဒ္ဓါတို့ကို မမေ့လျော့ပါနှင့်ဟု မှာထားတော်မူခဲ့လေသည်။

မိဖုရားကြီးသည် ပစ္စေကဗုဒ္ဓါတို့အား ပြုစုလေ၏၊ အတန်ကြာသောအခါ မင်းကြီးပြန်မလာမီပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန်ပြုတော်မူကြလေကုန်ပြီ။

အရှင်မဟာကဿပ၏ အလောင်းတော် နန္ဒရာဇ်မင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန် ပြုတော်မူကြရသည်ကို

သံဝေဂဖြစ်တော်မူ၍ နန်းတော်သို့ ပြန်လည်ဝင်ရောက်တော် မမူတော့ဘဲ သားတော်ကြီးအား ထီးနန်းကိုလွှဲအပ်၍ ဥယျာဉ် တော်တွင်းမှာ မိဖုရားကြီးပါ ရသေ့ရဟန်းပြုကြ၍ ဈာန် သမာပတ်တရားတို့ကို ဖြစ်စေကြကုန်ပြီးလျှင် ထိုဘဝမှ စုတေကြသည်ရှိသော် မင်းမိဖုရား နှစ်ဦးလုံးပင် ဗြဟ္မာပြည်၌ ဖြစ်ကြလေကုန်ပြီ။

## နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း

ကျွန်ုပ်တို့၏ ရှင်တော်ဗုဒ္ဓ ပွင့်တော်မူသောအချိန်သို့ ရောက် သောအခါ အရှင်မဟာကဿပ ဖြစ်မည့် ပိပ္ပလိလုလင်သည် ဗြဟ္မာပြည်မှ စုတေခဲ့၍ မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာဝယ် ကပိလမည်သော ပုဏ္ဏားသူဌေး၏သား ဖြစ်ခဲ့ပြန်လေသည်။

ရှင်မဘဒ္ဒါကာပိလာနီ၏ အလောင်းဖြစ်သော အမျိုးသမီး သည်လည်း မဒ္ဒတိုင်း သာဂလမြို့ဝယ် ကောသိယအနွယ်ဖြစ် သော ပုဏ္ဏားသူဌေးကြီး၏သမီး ဖြစ်ခဲ့လေပြီး အရှင်မဟာ ကဿပဖြစ်မည့် ပိပ္ပလိသတိုးသားနှင့် ရှင်မဘဒ္ဒါကာပိလာနီ တို့သည် ပိပ္ပလိသတိုးသားက အသက်နှစ်ဆယ်အရွယ် ဘဒ္ဒ ကာပိလာနီက အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက် သောအခါတွင် မိဘများ၏ စေ့စပ်ကြောင်းလမ်းမှုကို လက် မခံကြဘဲ အချင်းချင်း အပြန်အလှန် ရဟန်းပြုမည် ကေန်ဖြစ် ကြောင်း စာရေးကြ၍ လက်ထပ်ပွဲကို ပျက်အောင် ဖျက်ကြ

သော်လည်း ကြား၊က စာပေးခိုင်းသူတို့၏ လိမ်လည်လှည့်စားမှုကြောင့် ပိပ္ပလိသတိုးသားနှင့် ဘဒ္ဒကာပိလာနီတို့နှစ်ဦး အချင်းချင်း မသိမမြင်ဖူးကြဘဲ မလွဲမရှောင်သာ၍ လက်ထပ်လိုက်ကြရပါသည်။

လက်ထပ်ပြီးကြသောအခါတွင် ရာဂစိတ်ပေါ်သူဘက်က ပန်းကုံးသည် ညှိုးပါစေသား-ဟု အဓိဋ္ဌာန်ပြုကာ ပန်းကုံး ခြားထားကြလေသည်။

အကြမ်းစား ကာမဂုဏ်ကို မဆိုထားဘိ၊ တစ်ဦးနှင့်တစ်ဦး ရာဂစိတ်ဖြင့် ပြုံးရယ် ပြောဆိုခြင်းကိုမျှ မပြုကြပေ။

ပိပ္ပလိ သူဌေးသည် တစ်နေ့သောအခါ လယ်အမှုလုပ်သူများရှိရာ လယ်တောသို့ တန်ဆာဆင်ထားသော မြင်းကိုစီး၍ သွားသည်ရှိသော် လယ်လုပ်သားများ ထွန်ယက်ထားသော လယ်တော၌ ထယ်စာခဲ ထွန်စာခဲတို့တွင် ပေါ်ပေါက်လာသော တီကောင်, ပိုးကောင် ကလေးများကို ကျီးငှက်တွေ စားကြသည်ကို တွေ့မြင်ရ၍ ဤကျီးငှက်တို့သည် ဘာတွေကို စားနေကြပါသနည်းဟု လယ်လုပ်သားတို့ကို မေးမြန်းရာတွင် လယ်လုပ်သားများက တီကောင်, ပိုးကောင် များကို စားနေကြပါသည်ဟု ပြန် ကြားကြ လေ သည်။ ဤမျှ ကြီးကျယ်သော အကုသိုလ်တွေကို ဘယ်သူခံရမှာလဲဟုမေး မြန်းပြန်သော် အရှင်သားများ ပိုင်ဆိုင်သော ပစ္စည်းများ

ဖြစ်၍ ဤအကုသိုလ်၏ အပြစ်တွေကို အရှင်သားတို့သာခံကြရပါလိမ့်မည်ဟု ပြန်လည်ပြောဆိုကြလေသည်။ ထိုအခါ ပိပ္ပလိသူဌေးကြီးသည် အလွန်ထိတ်လန့်တုန်လှုပ်၍ ဤကျီးငှက်တို့ပြုအပ်သော မကောင်းမှု အကုသိုလ်ကံသည် ငါ၏အတွက်ဖြစ်ခဲ့သော် ဤသူဌေးစည်းစိမ်သည် ငါ့အတွက် အဘယ်မှာနှစ်သက်ဖွယ် ရှိအံ့နည်း၊ ရှိသမျှပစ္စည်းအားလုံးတို့ကို မယ်ဘဒ္ဒါအား အပ်နှင်းခဲ့၍ ယနေ့ပင် ရဟန်းပြုကာ တောထွက်ပေတော့အံ့ဟု နှလုံးသွင်းကာ လယ်တောမှ ပြန်ခဲ့လေသည်။

ဘဒ္ဒကာပိလာနီ သူဌေးကတော်ကလည်း အိမ်ဝိုင်းအတွင်းဝယ် အမှုလုပ်သူများက နှမ်းအိုးတွေအတွင်းမှ နှမ်းများကိုဖြန့်ခင်းနေလှန်း၍ နေကြစဉ် နှမ်းပိုးတွေကို ကျီးငှက်များထိုးဆွ ကိုက်စားကြသည်ကို မြင်တွေ့ရ၍ သမီးတို့၊ ဤကျီးငှက်တွေသည် အဘယ်ကို ထိုးသတ်၍ စားနေကြပါသလဲဟု အမှုလုပ်သူများအား ဂမေးမြန်းရာတွင် အမှုလုပ်သူများက နှမ်းများထဲက နှမ်းပိုးတွေကို စားနေကြပါသည်ဟု ပြန်ကြားပြောဆိုကြလေသည်။ ဤမျှ ကြီးကျယ်သော အကုသိုလ်၏အပြစ်တွေကို ဘယ်သူခံရမှာလဲဟု မေးမြန်းပြန်သော် အရှင်သခင်မတို့၏ ပစ္စည်းတွေကို ပြုလုပ်ရသောကြောင့် သခင်မတို့ပင် ခံရပါလိမ့်မည်ဟု ပြန်ကြားပြောဆိုလေသည်။ ထိုအခါဘဒ္ဒကာပိလာနီသူဌေးကတော်သည် ဩော်– မိမိအတွက်ဆိုလျှင် ဝတ်ရေးအတွက် လေးတောင်လောက်ရှိသော အဝတ်ကို ရရှိပါလျှင် လုံလောက်ပါ၏။ စားရေးအတွက်ဆိုလျှင်

တစ်ခွက်ချက်မျှသောထမင်းကိုရရှိပါလျှင် လုံလောက်မျှတနိုင်ပါ၏။ ဤစည်းစိမ်ဥစ္စာတွေ ပေါများသလောက် ကျခရောက်လာသော အကုသိုလ် အပြစ်များသည် ငါ၏အပေါ်သို့သာ ကျရောက်ပါလျှင် ငါသည် သံသရာဝဋ္ဋ်ဆင်းရဲ အပါယ်ငရဲမှ တက်ရတော့မည် မဟုတ်ချေ၊ အရှင်သား ပြန်လာလျှင် ပစ္စည်းဥစ္စာ အလုံးစုံတို့ကို အရှင်သားအား အပ်နှင်းခဲ့၍ ယနေ့ပင် ရဟန်းပြုကာ တောထွက်ပါတော့အံ့ဟု ကြံစည်လျက် ပိပ္ပလိသူဌေး ပြန်အလာကိုစောင့်မျှော်၍ နေခဲ့လေ၏။

ပိပ္ပလိသူဌေးသည် နေအိမ်သို့ပြန်ရောက်လာပြီးလျှင် ရေမိုးချိုး၍ ပြာသာဒ်ထက်သို့တက်ရောက်ကာ သူမြတ်တို့နှင့်သာ ထိုက်တန်သော သူဌေးပလ္လင်၌ ထိုင်နေပြီးလျှင်စကြာမင်းတို့အား သင့်လျော်လျောက်ပတ်သည့် စားပွဲကိုပြင်ဆင် ဆက်သကြ၍ သူဌေးကတော်နှင့်အတူ စားသောက် သုံးဆောင်ကြပြီးလျှင် ဆိတ်ငြိမ်ရာ၌ သူဌေးနှင့်သူဌေးကတော် တိုင်ပင်ပြောဆိုကြသည်မှာ—

ပိပ္ပလိ။ ။ရှင်မဘဒ္ဒါဆင်သည့်ဤအိမ်သို့ သာရောက်စဉ်က ရွှေငွေဥစ္စာ အဘယ်မျှ ယူဆောင်လာခဲ့သနည်း။

ဘဒ္ဒါ။ ။လှည်း အစီးပေါင်း ငါးသောင်း ငါးထောင် တိုက်ရှိသောရွှေ၊ ငွေဥစ္စာတို့ကိုယူဆောင်လာခဲ့ပါသည်အရှင်။

ပိပ္ပလိ။ ။အဲဒီ သင့်ယူဆောင်လာခဲ့သော ရွှေ ငွေ၊ ဥစ္စာ ပစ္စည်းတို့ကိုလည်းကောင်း၊ ဤအိမ်မှာရှိရင်းစွဲဖြစ်သည့် ရှစ်ဆယ်ခုနစ်ကုဋေ သာ ရွှေ၊ ငွေ၊ ဥစ္စာ စက်တ္တရားတပ်ဆင်ပြီး

သည့် တစ်ဖက်ဆည်ကန်ကြီး အလုံးခြောက်ဆယ် အစရှိသော စည်းစိမ်ဥစ္စာအားလုံးတို့ကိုလည်းကောင်း သင့်အားသာလျှင် ငါအပ်နှင်းပါ၏။

ဘဒ္ဒါ။ ။အိုအရှင် အရှင်တို့ကမူ အဘယ်အရပ်သို့ သွားရောက်ကြပါမည်နည်း။

ပိပ္ပလိ။ ရှင်မ ဘဒ္ဒါ ငါသည်မူကား ယခုပင်ရဟန်းပြုပေတော့အံ့။

ဘဒ္ဒါ။ ။အိုအရှင် အကျွန်ုပ်သည်လည်း အရှင်တို့ ပြန်လာချိန်ကိုသာ စောင့်မျှော်လျက် အသင့်နေထိုင်ပါသည်။ အရှင်တို့ပြန်ရောက်လာပါလျှင် ရှိသမျှသော ပစ္စည်း ဥစ္စာတို့ကို အရှင်အားအပ်နှင်းခဲ့၍ယခုနေပင် "ရဟန်းမ" ပြုပါတော့အံ့ဟု ကြံစည်လျက်ရှိနေပါသည်။ ယခုပင်ပစ္စည်းဥစ္စာအားလုံးတို့ကို အရှင်အား အပ်နှင်းပါ၏။ အကျွန်ုပ်ကို "ရဟန်းမ" ပြုခွင့်ပေးတော်မူပါဟု ပြန်ကြားပြောဆိုလိုက်ပါသည်။

ပါရမီရှင်နှစ်ဦးတို့သည် အကြံညာဏ်တူညီကြ၍ဈေးအတွင်းမှ သင်္ကန်းပရိက္ခရာတို့ကို ပယ်ဆောင်စေကြပြီးလျှင် တစ်ယောက်တစ်လဲခေါင်းရိတ်ဆံပယ်ကြလျက်ဤလောက၌ပူဇော်အထူးကို ခံယူတော်မူထိုက်ကြကုန်သော ရဟန္တာသခင်အရှင်မြတ်တို့ကို ရည်စူး၍ ကျွန်ုပ်တို့၏ ရဟန်းပြုခြင်းသည် ဖြစ်ပါ၏ဟု နှုတ်ကမြွက်ဆိုကြ၍ ရဟန်းအသွင်ဖြင့် ဝတ်ဆင်ကြပြီး

လျှင် သပိတ်များကိုလွယ်ကြလျက် ပြာသာဒ်ထက်မှဆင်းသက်ကာ တောထွက်တော်မူကြလေသည်။

အရှင်မဟာကဿပအမည်ရမည့် ပိပ္ပလိရဟန်းနှင့် ဘဒ္ဒါရဟန်းမတို့သည် နှစ်ဦးအတူ ရှေ့နောက်ခရီးဆက်ခဲ့ကြရာတွင် ပိပ္ပလိရဟန်းတော်က စဉ်းစားသည်မှာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံး တန်ဖိုးနှုန်း ထိုက်တန်သူရဟန်းမဘဒ္ဒါနှင့်အတူရှေ့နောက်သွားနေသဖြင့် အများသောသူတို့က ဩဝါဒ်သူတို့သည်ရဟန်းဖြစ်သည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး မခွဲခွာနိုင်ကြသေးပါကလားဟု အထင်မှားစရာ ဖြစ်ပေလိမ့်မည်ဟု စဉ်းစား၍ ပိပ္ပလိအရှင်မြတ်သည် လက်ဝဲလက်ယာလမ်းနှစ်ဖြာသို့ ရောက်သောအခါတွင်လမ်းဆုံမှရပ်၍နောက်ကပါလာသော အရှင်မဘဒ္ဒါကို စောင့်လင့်၍နေတော်မူ၏။ အရှင်မဘဒ္ဒါသည်အရှင်အနီးသို့ရောက်သောအခါ ရှိမသေစွာ ပုဆစ်တုပ်ထိုင်လျက် အရှင်မြတ်၏အမိန့်ကို နာခံလေသည်။

အရှင်မြတ်က ရှင်မဘဒ္ဒါ၊ သင်နှင့်ကျွန်ုပ်အတူသွားနေ၍ မလျောက်ပတ်ချေ။ ဤအရပ်မှသင်သည်ကြိုက်ရာလမ်းကိုယူ၍ သွားပါဟု မိန့်တော်မူလေသည်။

ထိုအခါ ရှင်မဘဒ္ဒါက မှန်လှပါသည်ဘုရား၊ မာတုဂါမတို့သည် အရှင်မြတ်များ၏ အညစ်အကြေး ဖြစ်ပါသည်။ အရှင်မြတ်နှင့် နှမတော်တို့သည် ကမ္ဘာတစ်သိန်းတိုင် အတူ

ပေါင်း၍လာခဲ့ကြရာ ယနေ့ နောက်ဆုံး ကွဲရပါတော့မည်၊ သို့ကြောင့် ရှည်လျားလှစွာသော ကမ္ဘာတို့မှစ၍ယနေ့တိုင်အောင် ဘုရားတပည့်တော်မ၏အပေါ်၌ သတိလွတ်ကင်း၍ ချွတ်ယွင်းသောအပြစ်များရှိခဲ့ပါလျှင် သည်းခံ ခွင့်လွှတ်ကျေနပ်တော်မူပါဘုရားဟု သောင်းပန်ဝန်ချ၍ အရှင်မြတ်များမှာ လက်ယာလမ်းဖြင့် သင့်လျော်ပါသည်၊ ဘုရားတပည့်တော်မ အတွက် လက်ဝဲလမ်းဖြင့် သင့်လျော်ပါသည်ဟုလျှောက်ထား၍လက်ဝဲလမ်းကိုယူကာ ဖယ်ခွာ သွားပါလေတော့သည်။

အရှင်မဟာကဿပ ဖြစ်မည့် ပိပ္ပလိ ရဟန်းတော်သည် လက်ယာလမ်းကိုယူ၍ ဖယ်ခွာကြွသွားတော်မူလေသည်။

ဤအချိန်တွင် နှစ်သိန်းလေးသောင်း အတုရှိသော ဤမြေကြီးသည် ပြင်းစွာ တုန်လှုပ်လေပါတော့သည်။

ထိုအချိန်တွင် ရှင်တော်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက် နေတော်မူဆဲ ဖြစ်ပါသည်။

ရှင်တော်ဗုဒ္ဓသည် မြေလှုပ်ခြင်း၏ အကြောင်းကို ဆင်ခြင်တော်မူရာတွင် အရှင်မဟာကဿပတို့ မိမိကိုရည်မှန်း၍ တောထွက်လာကြသည်ကို မြင်တော်မူသဖြင့် ထိုအရှင်တို့အား ချီးမြှောက်တော်မူရန် ဝေဠုဝန်ကျောင်းတိုက်မှ ထွက်တော်မူခဲ့၍ ရာဇဂြိုဟ်မြို့နှင့် နာလန္ဒာမြို့အကြားရှိ ဗဟုပုတ္တကရ အမည်ရှိသော ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူလျက် ဆီးကြိုတော်မူလေသည်။

ဤသို့ ဆီးကြိုတော်မူရာတွင် မထင်ရှားသော အသွင်ဖြင့် ဆီးကြိုတော်မူသည် မဟုတ်၊ ရောင်ခြည်တော် ခြောက်ပါး ကွန့်မြူးလျက် ဗဟုပုတ္တရ ညောင်ပင်တစ်ပင်လုံး ရွှေရောင်ဖြင့် ဖုံးလွှမ်းစေလျက် ဆီးကြိုတော်မူသည်။

အရှင်မဟာကဿပသည် အရောင်တို့ကို မြင်ရသဖြင့် ငါ ရည်ရွယ်၍ ရဟန်းပြုသော ဘုရားရှင်ဖြစ်ရမည်ဟု ဆုံးဖြတ်၍ အရောင်တော်ကို ဖူးမြင်ရရာအရပ်မှ လက်အုပ်ချီကာ ကြွလာ တော်မူခဲ့ပေသည်။

အရှင်မဟာကဿပသည် ရှင်တော်ဗုဒ္ဓထံတော်မှောက်သို့ ရောက်သောအခါ ရှင်တော်ဗုဒ္ဓအား သုံးကြိမ်တိုင်တိုင် ရှိခိုး မြွတ်နိုးရှိခိုးပြီးလျှင် "သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကော ဟမသ္မိ" မြတ်စွာဘုရား ရှင်တော်ဗုဒ္ဓသည် အကျွန်ုပ်၏ ဆရာ ဖြစ်တော်မူပါပေ၏။ ဘုရား တပည့်တော်သည် တပည့် သာဝကဖြစ်ပါ၏ဟု သုံးကြိမ်တိုင်အောင် နှုတ်မြွက်၍ တပည့် အဖြစ်ကို ခံယူလေတော့၏။

ရှင်တော်ဗုဒ္ဓ က ချစ်သားကဿပ ထိုင်လော၊ သင်ချစ်သား အား ငါဘုရားသည် အမွေကို ပေးပေတော့အံ့-ဟု မိန့်တော် မူပါသည်။

[ ဤယခု ညွှန်ပြခဲ့သော အရှင်မဟာကဿပ၏ ဝတ္ထု သက်သေများ၏ အကျယ် စကားရပ်တို့ကို အင်္ဂုတ္တိုရ်အဋ္ဌ

ကထာ ဧတဒဂ္ဂဝဂ်တွင် လည်းကောင်း၊ ထေရဂါထာ၊ အဋ္ဌကထာ မဟာကဿပ ထေရဂါထာ အဖွင့်တွင်လည်းကောင်း၊ နိဒါနဝဂ္ဂ ကဿပသံယုတ်၌ လာသော စီဝရသုတ် ပါဠိတော်တို့၌လည်းကောင်း ကြည့်ရှုနိုင်ပါသည်။]

ထိုနောက် ရှင်တော်ဗုဒ္ဓက— (၁) ချစ်သားကဿပ၊ သင်သည် ငါဘုရား၏ သာသနာတော်၌ ထေရ်ကြီး ထေရ်လတ် ထေရ်ငယ်တို့၌ ငါ့အား ထက်သန်သော ဟိရိဩတ္တပ္ပကို ရှေ့ရှု ထင်သည် ဖြစ်လတ္တံ့ပါဟု ဤသို့ ကျင့်ရမည်။

(၂) ချစ်သား ကဿပ၊ သင်သည် ငါဘုရား၏ သာသနာတော်၌ ကုသိုလ်နှင့်စပ်သော တရားအားလုံးကို နာယူအံ့၊ ထိုတရားအားလုံးကို အရိုအသေပြုကာ နှလုံးသွင်းလျက် မိမိစိတ်ကို မပျံ့လွင့်စေမူ၍ အစ- အလယ်- အဆုံး သုံးဌာန မှာပင် ပညာနား-ပသာနား နှစ်ပါးစိုက်ထောင်လျက် ရိုသေစွာ နာယူအံ့ဟု ကျင့်ရမည်။

(၃) ချစ်သားကဿပ၊ သင်သည် ငါဘုရား၏ သာသနာတော်၌ ကာယဂတာ သတိ အာနာပါန အာရုံတို့၌ ဖြစ်သည့် သုခ ဝေဒနာယှဉ်ဖက်ပါသော ပဌမဈာန်ကို မိမိသန္တာန်၌ စွန့်ခွာ၍ မသွားအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည်ဟု ဤ အဆုံးအမ ဩဝါဒ သုံးပါးတို့ကို ပေးတော်မူလေသည်။

ထို ဩဝါဒ သုံးပါးတို့ကို အရှင်မဟာကဿပမထေရ်သည် ရိုသေစွာ ခံယူလေသည်။ ဤဩဝါဒ အဆုံးအမသည်ပင် အရှင်မဟာကဿပအတွက် ရှင်ပြု ပေး ခြင်း လည်း ဖြစ်၏။

ရဟန်းခံပေးခြင်းလည်း ဖြစ်၏။ ဤသို့ ရဟန်းခံခြင်းမျိုးကို ဤသာသနာတော်၌ အရှင်မဟာကဿပမထေရ် တစ်ပါးသာ ရတော်မူပါသည်။

အရှင်မဟာကဿပမထေရ်သည် ရှင်တော် ဗုဒ္ဓ၏ ထံမှ ဩဝါဒ ပဋိဂ္ဂဟ ဏူပသမ္ပဒါ ရဟန်းအဖြစ်ဖြင့် ရှင်ရဟန်းဖြစ်ပြီးသော် ရှင်တော်ဗုဒ္ဓထံမှ ဓုတင်အကျင့် တစ်ဆယ့်သုံးပါးတို့ကို ကောင်းစွာကြည်ဖြူ ခံယူဆောက်တည်ပြီးလျှင် မိမိ၏ ကမ္ဘာတစ်သိန်းအတွင်းက ဖြည့်ကျင့် ဆည်းပူး စုဆောင်းခဲ့သော ကောင်းမှုကုသိုလ်ပါရမီ ကံတရားတို့နှင့် ၎င်းကုသိုလ်ကံတရားတို့၏ အကျိုးတရားတို့ကို ဆင်ခြင်သုံးသပ်၍ ဉာဏ်ဖြစ်အောင် အသုံးချတော်မူသောအခါ ရှေးဦးစွာ ကမ္မဿကတာဉာဏ်ဖြစ်တော်မူ၍ ကုသလကမ္မ ကုသလဝိပါက ခေါ် ကုသိုလ်ကံ ကုသိုလ်ကံ၏ အကျိုးတရားတို့၌ မဖောက်မပြန် ပရမတ္ထ သဘာဝကို ဟုတ်မှန်စွာ သိသောဉာဏ်နှင့် လက္ခဏာ သမ္မသနဉာဏ်ဟူသော ယထာဘူတဉာဏ်သို့ အသိဉာဏ်ရောက်ပြီးလျှင် ထိုကုသိုလ်ကံ ကုသိုလ်ကံ၏ အကျိုးတရားတို့၌ မီးဟုန်းဟုန်းတောက်နေသော ဌာနကြီးကဲ့သို့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ဖြစ်လျက် ထိုကုသိုလ်ကံ ကုသိုလ်ကံ၏ အကျိုးတရားတို့ကို ငါ ငါ၏ဥစ္စာဟု စွဲယူခြင်းကင်းသော ဝိရာဂအသိဉာဏ်ဖြစ်သည်၏ အခြားမဲ့၌ ထိုကုသိုလ်ကံ ကုသိုလ်ကံ၏ အကျိုးတရားတို့မှ လွတ်သော ဝိမုတ္တိဉာဏ်တို့ အဆင့်ဆင့် ဖြစ်ကာ ရဟန်းဖြစ်၍ ခုနစ်ရက်အလွန် ရှစ်ရက်မြောက်သော

နေ့၌ ပဋိသမ္ဘိဒါဉာဏ် လေးပါးနှင့်တကွ အရဟတ္တဖိုလ် ဉာဏ်သို့ ရောက်၍ ကုသိုလ်ကမ္မ ကုသလမိပါကတို့မှ လွတ်မြောက်တော်မူပြီ လျှင် သန္တိသုခကို ရရှိတော်မူခဲ့ပါသည်။

ဤသို့လျှင် ကမ္ဘာတစ်သိန်းတိုင်တိုင် ကောင်းမှုကုသိုလ် ပါရမီကံတရားတို့ကို ဖြည့်ကျင့်ဆည်းပူး စုဆောင်းခဲ့ရသော မဟာသာဝက မထေရ်လောင်းလျာတို့သည် မိမိတို့ဆည်းပူး စုဆောင်းခဲ့၍ မိမိတို့သန္တာန်မှာ ထင်ရှား ရှိနေကြသော ကုသိုလ်ကံတို့ကို ဉာဏ်ဖြစ်အောင် အသုံးချတော်မူကြသော ကြောင့် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက်တော်မူကြကုန်၍ သန္တိသုခကို ရရှိခံစားတော် မူကြရလေကုန်ပြီ။

ထို့အတူ ကမ္ဘာတစ်သိန်းတိုင် ကောင်းမှုကုသိုလ်ပါရမီကံ တရားတို့ကိုဆည်းပူးစုဆောင်းခဲ့ရသော ရှင်တော်ဗုဒ္ဓ၏ အလုပ် အကျွေးဖြစ်သည့် ရှင်အာနန္ဒာစသော မထေရ်တို့သည်လည်း ကောင်း၊ ရက္ခညတေဒဂ်ရ မိထွေးတော် ဂေါတမီမထေရီ ဘိက္ခုနီ အမျိုးသမီးတို့သည်လည်းကောင်း၊ ရှင်တော်ဗုဒ္ဓ၏ လက်ယာတော်ရံ ပညာအရာဧတဒဂ်-ရ၊ ခေမာထေရီဘိက္ခုနီ နှင့် ရှင်တော်ဗုဒ္ဓ၏ လက်ဝဲတော်ရံ တန်ခိုးအရာ ဧတဒဂ်ရ ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီစသော အမျိုးကောင်းသမီးတို့သည် လည်းကောင်း စိတ္တသူကြွယ် ဟတ္ထာဠဝက သုဒတ္တမည်သော အနာထပိဏ် သူဌေးစသော ဥပါသကာဒါယကာတို့သည် လည်းကောင်း။

ဝိသာခါ၊ နန္ဒမာတာ၊ ခုဇ္ဇုတ္တရာ၊ သာမာဝတီ စသော ဥပါသိကာ အမျိုးသမီးကောင်းတို့သည် လည်းကောင်း ကမ္ဘာတစ်သိန်းတိုင်အောင် မိမိတို့ဖြည့်ကျင့် ဆည်းပူး၍စုဆောင်းခဲ့ကြကုန်သော ကောင်းမှုကုသိုလ် ပါရမီကံ တရားတို့ကို ညက်ဖြစ်အောင် အသုံးချကြကုန်သောကြောင့် မိမိဘို့ ကံတရားတို့၌ ပါရှိသော ကမ္မသတ္တိတို့ကို ကုန်ခန်းစေလျက် ကမ္မသတ္တိတို့နှင့်ဆိုင်ရာ ဘုံဘဝတို့မှ လွတ်မြောက်ကြကုန်၍ သန္တိသုခ ဖြစ်သောချမ်းသာကို ရရှိခံစားကြရလေကုန်ပြီ။

## ပကတိသာဝကဗောဓိလောင်းများ၏ ဝတ္ထုသက်သေ

နှစ်ဘဝ သုံးဘဝ စသည်ဖြင့် သည်းကောင်း၊ ဘဝ ရာထောင် စသည်ဖြင့်လည်းကောင်း ကောင်းမှု ကုသိုလ်ကံကို ဖြည့်ကျင့်ဆည်းပူးရသော ပကတိသာဝက ဗောဓိလောင်းလျာများ၏ဝတ္ထုသက်သေတို့မှာ လွန်စွာ များလှပါပေသည်။ ဤရှင်ဂေါတမဗုဒ္ဓ၏ သာသနာတော်၌ ကျွတ်တမ်း ဝင်ကြကုန်သောဧတဒဂ်ရ အရှင်တို့မှတစ်ပါး ကျန်သော သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ် မှန်သမျှတို့သည် ပကတိသာဝကဗောဓိညက်ပိုင်ရှင် ပုဂ္ဂိုလ်တို့ချည်းသာ ဖြစ်ကြပါသည်။

ဤအရာ၌ ပကတိသာဝက ဗောဓိလောင်းတို့၏ ပါရမီဖြည့်ရာ ကာလအပိုင်းအခြားကို ဗုဒ္ဓကျမ်းစာတို့၌ နှစ်ဘဝ

သုံးဘာဝ စသည်တို့ဖြင့်လည်းကောင်း၊ ဘာဝ ရာထောင် စသည် တို့ဖြင့်လည်းကောင်း၊ တစ်ကမ္ဘာ နှစ်ကမ္ဘာစသည်တို့ဖြင့်လည်း ကောင်း အဆိုအမိန့်အမျိုးမျိုးရှိကြပါသည်။ ထေရဂါထာ အဋ္ဌကထာများတွင် ပုရိမဗုဒ္ဓေသု ကတာဓိကာရော စသည် ဖြင့် ရှေးဘုရားရှင်တို့ မျက်မှောက်တော်၌ ပြုအပ်သော ကောင်းမှုကုသိုလ်ကံ ပါရမီအဓိကာရ ရှိသူဟု မိန့်ဆိုတော်မူ ကြပါသည်။

ရှင်တော်ဗုဒ္ဓ၏ ဗုဒ္ဓကိစ္စကိုပြဆိုရာ အဋ္ဌကထာများ၌လည်း တတိယကောဋ္ဌာသေ ပစ္စုဋ္ဌာယ နိသိဒိတွာ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါနသီလာဒိဝသေန ကတာဓိကာရ ပုဂ္ဂလဒဿနတ္ထံ-ဗုဒ္ဓ စက္ခုနာ လောကံ ဩလောကေတိ။

တတိယကောဋ္ဌာသေ၊ ညဉ့်၏တတိယအဖို့အစု၌။ ပစ္စုဋ္ဌာယ၊ စောစောထတော်မူ၍။ နိသိဒိတွာ၊ ထိုင်တော်မူ၍။ ပုရိမဗုဒ္ဓါနံ၊ ရှေးရှေးသော ဘုရားရှင်တို့၏။ သန္တိကေ၊ အဦးတံမှောက် ရောက်၍ပြီးကာ သာသနာတော်အတွင်း၌၊ ဒါနသီလာဒိဝသေန၊ ဒါနသီလစသည်တို့၏ အစွမ်းဖြင့် ကတာဓိကာရ ပုဂ္ဂလဒဿနတ္ထံ၊ ပြုအပ်ပြီးသော အဓိကာရရှိသော ကျွတ်ထိုက်သော ပုဂ္ဂိုလ်များကို မြင်တော်မူခြင်းငှာ။ ဗုဒ္ဓစက္ခုနာ၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော် အာသယာနုသယ ဉာဏ်တော်ဟု ဆိုအပ်သော ဗုဒ္ဓစက္ခုဖြင့် ဝါ သတ္တဝါတို့၏သဒ္ဓါ-ဝီရိယ- သတိ-သမာဓိ-ပညာဟူသော ဣန္ဒြေအနုအရင့်ကို သိနိုင်သော

ဉာဏ်တော် သတ္တဝါတို့၏စိတ်ထား တည်နေ ကိန်းအောင်းရာတို့ကိုသိစွမ်းနိုင်သော ဉာဏ်တော်ဟုဆိုအပ်သော ဗုဒ္ဓစက္ခုဖြင့်။ လောကံ၊လောကဓာတ် တစ်သောင်းအတွင်းရှိ သတ္တဝါအပေါင်းကို။ ဝေါ-လောကေတိ၊ ကြည့်ရှုတော်မူမြဲဖြစ်၏ဟု မိန့်ဆိုတော်မူပါသည်။

ဇိနလင်္ကာရဋီကာတွင်လည်း— ကတသုတဇနတန္တိ—ပုဗ္ဗဗုဒ္ဓါနံ သန္တိကေ ကတပုညဇနသမောဟံ ကတသုဘဇနသန္တိ-ကတသုဘဇနတံ ဟူသည်ကား ပုဗ္ဗဗုဒ္ဓါနံ—ရှေးရှေးသော ဘုရားရှင်တို့၏၊ သန္တိကေ-အထံတော်၌၊ ကတပုညဇနသမောဟံ—ပြုပြီးသောကုသိုလ်ကမ္မာရရှိသောသတ္တဝါအပေါင်းကို ကြည့်တော်မူ၏ဟု မိန့်ဆိုပါသည်။

ဤအဋ္ဌကထာဋီကာများအရ ဆိုလျှင် ပကတိ သာဝကဗောဓိလောင်းတို့၏ ပါရမီဖြည့်ကျင့်ရာကာလကို ဗုဒ္ဓန္တရဖြင့်သာ ပိုင်းခြားရန်ရှိပါသည်။

ဤသို့လျှင် သဗ္ဗညုဘုရားရှင်တို့၏ သာသနာတော်၌ ပါရမီကုသိုလ်ကံ အဓိကာရကို ရရှိခဲ့၍ အကြားအကြား၌လည်း သပ္ပုရိသူပနိဿယကို ရရှိသဖြင့် တစ်ဘဝထက် တစ်ဘဝ တစ်ကမ္ဘာထက် တစ်ကမ္ဘာ ပါရမီသမ္ဘာရ ဒါနစသော အဆောက်အဦးတို့ပွား၍ တစ်သန်တစ်ဖြောင့်တည်း ပါရမီဖြည့်ကျင့် ဆည်းပူးလာသူ ဖြစ်ပါမူကား တတိယဘုရား၊

စတုတ္ထဘုရားရှင်တို့၏ သာသနာ၌ အကျွတ်တရားရခြင်းငှာ တတ်ကောင်းရာသည်ဟု မှတ်ယူရန် ဆုံးဖြတ်ကြပါသည်။

ဤ ပကတိ သာဝကဗောဓိလောင်းတို့၏ ပါရမီ ဖြည့်ရာ ကာလအပိုင်းအခြားကို သဗ္ဗညုဗုဒ္ဓတို့၏အရာသာ ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ပကတိ သာဝက ဗောဓိဉာဏ်ပိုင်ရှင် ရဟန္တာ၊ အနာဂါမ်၊သကဒါဂါမ် သောတာပန်ပုဂ္ဂိုလ်အရိယာ သာဝကတို့သည်လည်း မိမိတို့ ဆည်းပူးစုဆောင်းခဲ့သော ကောင်းမှု ကုသိုလ် ပါရမီကံတရားတို့နှင့် ကုသိုလ်ပါရမီကံ တရားတို့၏ အကျိုးတရားတို့ကို ရှင်တော်ဗုဒ္ဓနှင့်ရှင်တော်ဗုဒ္ဓ၏ တပည့် သာဝကတို့ထံမှ လမ်းမှန်သော တရားများကို နာကြားကြရသဖြင့် မှန်ကန်စွာ နှလုံးသွင်း ဆင်ခြင်တော်မူကြကုန်၍ ကမ္မဿကတာဉာဏ်ဖြစ်အောင်အသုံးချတော်မူကြကုန် ပြီးလျှင် ထိုကမ္မဿကတာဉာဏ်၌ ပါဝင်သော ကုသလကမ္မ၊ ကုသလဝိပါကတို့ကို ပရမတ္ထသဘာဝ လက္ခဏာသမ္မသနဒေါ ယထာဘူတဉာဏ်ဖြစ်အောင် အသုံးချတော်မူကြပါသည်။

ယထာဘူတဉာဏ်မှတစ်ဆင့်တက်၍ ကုသလကမ္မ ကုသလ ဝိပါကတို့၏ မပြတ်ဖြစ်ရာဌာနတို့ကို မီးဟုန်းဟုန်း တောက် လောင်နေသော အိမ်ကြီးပေါ်၌ နေရဘိသကဲ့သို့ ငြီးငွေ့လှသော နိဗ္ဗိဒါဉာဏ်သို့ရောက်အောင် အသုံးချတော်မူကြ ကုန်လျက် ထိုကုသလကမ္မ ကုသလဝိပါကတို့ကို ငါ ငါ၏

ဥစ္စာဟု စွဲယူခြင်းကင်းသော ဝိရာဂ ဉာဏ်အဖြစ် အသုံးပြုကာ ဝိရာဂ ဉာဏ်၏ အခြားမဲ့၌ ကုသလကမ္မ၊ ကုသလဝိပါကတို့မှ လွတ်မြောက်သော ဝိမုတ္တိဉာဏ်အဖြစ်သို့ရောက်အောင် အသုံးချတော်မူကြကုန်ပြီး၍ ဆိုင်ရာဆိုင်ရာ ဘုံဘဝ အသီးသီး သံသရာဝဋ်ဆင်းရဲကြီးမှ အပြီးတိုင် လွတ်မြောက်တော်မူကြကုန်ပြီးလျှင် သန္တိသုခကို ရရှိခံစားတော်မူကြလေပြီ။

"မိမိတို့သန္တာန်၌ထင်ရှားရှိနေသော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဉာဏ်ဖြစ်အောင် အသုံးချခြင်း"

ဤကမ္ဘာလောကရှိ သတ္တဝါမှန်သမျှတို့တွင် မည်သည့် သတ္တဝါ၏ သန္တာန်မှာမဆို ကုသိုလ်ကံ အကုသိုလ်ကံများ ထင်ရှားရှိနေကြပါသည်။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးတရားများလည်း ထင်ရှားရှိနေကြပါသည်။

ထိုကုသိုလ်ကံ ကုသိုလ်ကံ၏အကျိုးတရား၊ အကုသိုလ်ကံ-အကုသိုလ်ကံ၏အကျိုးတရားများ သတ္တဝါများ၏ သန္တာန်တွင် ထင်ရှားရှိနေကြပါသော်လည်း သတ္တဝါတိုင်း ကံ ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိနိုင်ပါ။ ဒုဂ္ဂတိဘဝခေါ် အပါယ်လေးဘုံ၌ ဖြစ်ရှိနေကြကုန်သော သတ္တဝါတို့သည် မိမိတို့၏သန္တာန်၌ ထင်ရှားဖြစ်ရှိကြကုန်သော ကံ ကံ၏အကျိုးတရားတို့ကို ဒုဂ္ဂတိဘဝ၌ တည်ရှိနေစဉ် ကာလနည်းနှင့်မျှ ဉာဏ်ဖြစ်အောင် အသုံးချခွင့် မရရှိနိုင်ပါ။

သုဂ္ဂတိဘုံဘဝ၌ ဖြစ်ရှိနေကြကုန်သော သတ္တဝါတို့သည် သာ မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေကြကုန်သော ကုသိုလ် ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏အကျိုးတရားများကို ညာဏ် ဖြစ်အောင် အသုံးချနိုင်ခွင့် ရရှိနိုင်ကြပါသည်။

သုဂ္ဂတိဘုံဘဝ၌ ဖြစ်ရှိနေပါသော်လည်း ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏အကျိုးတရားတို့တို့ ညာဏ် ဖြစ်အောင် အသုံးချခွင့် အချိန်ကာလ မဟုတ်ခဲ့ပါလျှင်လည်း မိမိတို့၏ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏အကျိုးတို့ကို ညာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိနိုင်သေးပါ။

ကံ-ကံ၏အကျိုးတရားတို့ကို ညာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် အချိန်ကာလသို့ ရောက်ပါသော်လည်း မိမိတို့ နေထိုင်ရာ အရပ်ဒေသတို့က ကံ-ကံ၏အကျိုးတရားတို့ကို ညာဏ် ဖြစ်အောင် အသုံးချနိုင်ခွင့်ရသော အရပ်ဒေသမျိုး မဟုတ်ခဲ့ပါလျှင်လည်း မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကံ-ကံ၏အကျိုးတရားတို့ကို ညာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိနိုင်သေးပါ။

ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏ အကျိုးတရားတို့ကို ညာဏ်ဖြစ်အောင်အသုံးချနိုင်သော အရပ်ဒေသမျိုး၌ပင် ဖြစ်ရှိပါသော်လည်း ကံ ကံ၏ အကျိုးတရားတို့ကို ညာဏ်ဖြစ်အောင် လုပ်နည်းလုပ်ထုံးတို့ကိုမရရှိဘဲ တလွဲဆံပင်ကောင်းဆို သလို လုံ့လဝီရိယ ကြိုးစားအားထုတ်ပုံ မမှန်ကြလျှင်လည်း

ကံ-ကံ၏အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချခွင့်မရ ရှိနိုင်သေးပါ။

ထို့ပြင် သုဂတိဘုံဘဝ၊ အချိန်ကာလ ဒေသတို့၌ဖြစ်ရှိနေ ပါသော်လည်း မိမိတို့ရရှိနေသော မျက်စိ၊ နား စသော အင်္ဂါအစိတ်အပိုင်းတို့က ၎င်းတို့၏ကိစ္စကို မဆောင်ရွက်နိုင် လောက်အောင် ချို့တဲ့နေပြန်လျှင်လည်း မိမိတို့ သန္တာန်မှာ ထင်ရှားရှိနေသော ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏ အကျိုးတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိ နိုင်သေးပါ။

သုဂတိ ဘုံဘဝ၊ အချိန်ကာလ ဒေသတို့၌ ဖြစ်ရှိရပြန်ပါ သော်လည်း မိခင်၏ဝမ်းအတွင်းမှာပင် မျက်စိ၊ နားစသော အင်္ဂါတို့ဖြစ်ပေါ်ချိန်တွင် မျက်စိ၊ နားစသောအင်္ဂါတို့မဖြစ် ခဲ့သောသူ။

မိခင်၏ဝမ်းတွင်းမှပင် ရူးသွပ်လာခဲ့သူ။ ဆွံ့အလာခဲ့သူ၊ ယောကျ်ားအင်္ဂါ၊မိန်းမအင်္ဂါမပေါ်ခဲ့သူနှစ်မျိုးစလုံးတစ်လှည့် စီ ဖြစ်ပေါ်နေသူ ယောကျ်ား၊ မိန်းမ မပီသသူ ယောကျ်ားဖြစ်လျက် မိန်းမတို့၏အမှုအရာကိစ္စတို့ကို ပြုလုပ် ဆောင်ရွက်သူ၊ မိန်းမဖြစ်လျက် ယောကျ်ားတို့၏ အမှုအရာ ကိစ္စမျိုးကို ဆောင်ရွက်ပြုလုပ်သူ စသည်တို့သည်လည်း မိမိတို့ ၏သန္တာန်၌ ထင်ရှားရှိနေသော ကုသိုလ်ကံ-အကုသိုလ်ကံတို့

နှင့်၎င်းတို့၏အကျိုးတရားတို့ကို အထက်တန်းညာဏ်ဖြစ်အောင် အသုံးချခွင့် မရရှိနိုင်သေးပါ။

အထက်ပါအချက်စုတို့မှကင်းလွတ်သန့်ရှင်း၍ ယောကျ်ား ကောင်းစင်စစ်၊ အမျိုးသမီးကောင်းစင်စစ် ကေန်္ပင်ဖြစ်ပါ သော်လည်း အမိကိုသတ်မိသူ၊ အဖကိုသတ်မိသူ၊ သက်တော် ထင်ရှားရှိတော်မူသော မြတ်စွာဘုရားကို ပြစ်မှားလိုသော စိတ်ဖြင့် ယင်ငယ်တစ်ကောင်သောက်လောက်ရုံမျှ သွေးတစ် စက်ကျအောင် ပြုလုပ်ပြစ်မှားမိသူ၊ ကိလေသာကင်းစင် ရဟန္တာအရှင်မြတ်ကို အသက်သေအောင် သတ်ဖြတ်နှိပ်စက် ညှဉ်းဆဲမိသူ၊ ညီညွတ်သင့်တင့်နေသော သံဃာတော်များကို မညီမညွတ်အောင် သံဃာ—ကံ ကို သင်းခွဲမိသူ။

ကံ-ကံ၏အကျိုးတရားများနှင့်ဤဘဝ၊ နောင်ဘဝရှိသည် အမိအဘတို့၌ ပြုအပ်သောကောင်းကျိုးဆိုးပြစ်ရှိသည်၊ အရိ ယာပုဂ္ဂိုလ်များရှိသည် စသည်တို့ကို အမြဲတမ်းအယုံအကြည် မရှိသူ၊ အရိယာသူတော်စင်ပုဂ္ဂိုလ်များကို အပြစ်တစ်ခုခုဖြင့် စွပ်စွဲသူများ ဖြစ်ခဲ့ပါလျှင်လည်း မိမိတို့သန္တာန်၌ ထင်ရှား ဖြစ်ရှိနေသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့နှင့် ၎င်းတို့၏ အကျိုးတရားများကို အထက်တန်းသို့ ရောက်သောညာဏ်ဖြစ် အောင် အသုံးချနိုင်စွမ်း မရရှိနိုင်သေးပါ။

သမ္မာသမ္ဗောဓိ – သဗ္ဗညုဗောဓိ လောင်းလျာများနှင့် ပစ္စေက ဗော လောင်းလျာတို့မှ တစ်ပါး သာဝက ဗောဓိ

 လောင်းမှန်သမျှရှင်တော်ဗုဒ္ဓနှင့်ရှင်တော်ဗုဒ္ဓ၏သာဝကတို့ထံမှ

လမ်းစဉ်မှန် ညွှန်ပြချက်တရားတော်များကို မကြားမနာရ ပါလျှင်လည်းမိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသောကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် ၎င်းတို့၏အကျိုးတရားတို့ကို အထက်တန်းသို့ရောက်သော ဉာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိသေးပါ။

ရှင်တော်ဗုဒ္ဓနှင့် ရှင်တော်ဗုဒ္ဓ၏ တပည့်သာဝကများ၏ ထံမှ လမ်းစဉ်မှန်ညွှန်ပြချက် တရားတော်များကို ကြားနာရပါသော်လည်း မိမိက နှလုံးသွင်း စိတ်ထား မမှန်ကန် မကောင်းမွန်ပါလျှင်လည်း မိမိတို့သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံ-အကုသိုလ်ကံ များနှင့် ၎င်းတို့၏အကျိုးတရားများကို အထက်တန်းသို့ ရောက်သောဉာဏ် ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိနိုင်သေးပါ။

ထို့မှတစ်ပါး ရှင်တော်ဗုဒ္ဓ၏ အာဏာဒေသနာတော်ကို လွန်ကျူးမိ၍ ဆိုင်ရာအပြစ်မျိုးကို ပြေပြောက်အောင် ဖြေဖျောက်ခြင်း မပြုရသေးလျှင်လည်း မိမိတို့၏ သန္တာန်၌ ထင်ရှားဖြစ်ရှိနေသော ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏ အကျိုးတရားတို့ကို အထက်တန်းသို့ ရောက်သော ဉာဏ် ဖြစ်အောင် အသုံးချနိုင်ခွင့် မရရှိနိုင်သေးပါ။

သဗ္ဗညုဗောဓိ လောင်းများနှင့် ပစ္စေကဗောဓိ လောင်း များသည်ပင် မိမိတို့၏သန္တာန်၌ ဖြစ်ရှိ နေကြကုန်သော ကံ ပါရမီတရားတို့ကို အချိန်ကာလ၊ ဒေသစသည်တို့ကို ကြည့်ရှု

ငံ့လင့်တော်မူကြကုန်၍ နှလုံးသွင်းစိတ်ထား မှန်ကန်စွာဖြင့် အထက်တန်းဉာဏ်သို့ ရောက်အောင် အသုံးချတော်မူကြရပါသည်။

အို .... သူတော်ကောင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီး အပေါင်းတို့ မိမိတို့သည် ယခုအခါ သုဂတိဘုံဘဝ၌ ဆိုခဲ့သောအချက်တို့မှကင်းလွတ်ကြကုန်လျက် စင်ကြယ်သန့်ရှင်းသော အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြကုန်၍ စင်ကြယ်သန့်ရှင်းသော ရှင်တော်ဗုဒ္ဓ၏ အယူဝါဒကို လိုက်နာကျင့်သုံးနေကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြပါသည်။ ဤဗုဒ္ဓ သာသနာတော် ခေတ်အတွင်း၌ မိမိတို့သန္တာန်၌ ထင်ရှားဖြင့်ရှိနေကြကုန်သော ကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့် ၎င်းတို့၏ အကျိုးတရားများကို အထက်တန်းဉာဏ်ဖြစ်အောင် အသုံးချနိုင်ခွင့်ကို ရရှိနေကြပါသည်။

မိမိတို့သည် မိမိတို့သန္တာန်၌ ထင်ရှား ဖြစ်ရှိနေကြကုန်သော ကံ,ကံ၏ အကျိုးတရားတို့ကို အဘယ်သို့ အသုံးချနေကြပါသနည်းဟု မိမိတို့ကိုယ်တိုင် စုံစမ်း စစ်ဆေးကြည့်ရန် ဘဝကောင်း၊ ကာလကောင်း၊ အချိန်အခါ ကောင်းတို့ကို တွေ့ကြုံ ရရှိနေကြပါသည်။ မိမိတို့သည် မိမိတို့၏ ကံ-ကံ၏ အကျိုးတရားတို့ကို အဘယ်သို့ အသုံးချ နေကြပါသနည်းဟု စုံစမ်းစစ်ဆေးကြည့်ကြပါကုန်။ ဤသို့ စုံစမ်း စစ်ဆေးကြည့်လျှင် ဤကမ္ဘာလောက၌ ရှိနေကြကုန်သော သတ္တဝါတို့ကို

အမျိုးအစား ခွဲခြားသည် ရှိသော် ဒုဂ္ဂတိသတ္တဝါ၊ သုဂ္ဂတိသတ္တဝါဟု နှစ်မျိုးနှစ်စား ခွဲခြား၍ရပါသည်။

ဒုဂ္ဂတိသတ္တဝါတို့သည် ကံ-ကံ၏အကျိုးတရားတို့ကို အသုံးချရာ၌ ကံတရား၏ အစွမ်းသတ္တိ၊ အကျိုးတရား၊ ကာယဗလအားကိုသာ တွင်တွင်ကြီး အသုံးချကြလေသည်။ ၎င်းတို့၏ ဉာဏဗလအားကို အသုံးချနိုင်ခွင့်မရှိပါ။ သုံးလည်း မသုံးတတ်ပါ။ ထို့ကြောင့် ကာယဗလအားကိုသာ အသုံးချနိုင်ခြင်းသည် ဒုဂ္ဂတိသတ္တဝါတို့၏ ကံ, ကံ၏ အကျိုးတရားတို့ကို အသုံးချနည်းဟု မှတ်ယူရန်ဖြစ်ပါသည်။

သုဂ္ဂတိသတ္တဝါတို့သည် ကုသိုလ်ကံ ကုသိုလ်ကံ၏အကျိုးတရားတို့ကို အသုံးချရာ၌ ကံတရား၊ ကံတရား၏ အစွမ်းသတ္တိ အကျိုးတရား ကာယဗလအား၊ ဉာဏဗလအား နှစ်မျိုးစလုံးတို့ကို အသုံးချနိုင်စွမ်း ရှိကြပါသည်။

ထို့ကြောင့် သုဂ္ဂတိသတ္တဝါတို့သည် ကုသိုလ်ကံတရား၊ အကုသိုလ်ကံတရား၏ အစွမ်းသတ္တိအကျိုးတရား ကာယဗလအား ဉာဏဗလအားတို့ကို အရာဌာနအားလျော်စွာ အသုံးပြုကြရာတွင် ကာယဗလအားကို အသုံးချသင့်ရာ၌ ကာယဗလအားကို အသုံးချ၍ ဉာဏဗလအားကို အသုံးချသင့်ရာ၌ ဉာဏဗလအားကို အသုံးချကြရလေသည်။

ကာယဗလအား၊ ဉာဏဗလအား နှစ်မျိုးစလုံးကို အသုံးချသင့်ရာတို့၌ ကာယဗလအား ဉာဏဗလအား နှစ်မျိုးစလုံးတို့ကို အသုံးချကြလေသည်။

အချို့သောသူတို့သည် ကုသိုလ်ကံတရား၏ အစွမ်းသတ္တိအကျိုးတရား၊ ကာယဗလအားကို သတ္တဝါတို့ကို သတ်ဖြတ်နှိပ်စက် ညှဉ်းဆဲမှု၊ သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းတို့ကို ခိုးယူလုယက်တိုက်ခိုက်ယူမှု၊ ကာမအရာလွန်ကျူးမှုစသည်တို့၌အသုံးချကြပါလေသည်။

အချို့သူတို့ကတော့ ကုသိုလ်ကံတရား၏ အစွမ်းသတ္တိအကျိုးတရား ကာယဗလအားကို သူတစ်ပါး တို့အတွက် အကျိုးရှိအောင်ကူညီခြင်း၊ ကိစ္စကြီးငယ်တို့ကို ကူညီဆောင်ရွက်ပေးခြင်း၊ အများအတွက် ဆောင်ရွက်ဖွယ် ကိစ္စကြီးငယ်တို့ကို ကာယဗလအားဖြင့် ဆောင်ရွက်ပေးခြင်း စသည်တို့ဖြင့်မိမိတို့၏ကာယဗလအားကိုအများအကျိုးရှိအောင် အသုံးချကြပါလေသည်။

အချို့သူတို့သည် ကုသိုလ်ကံ တရား၏ အစွမ်းသတ္တိ အကျိုးတရား ဉာဏဗလအားကို တခဏုပ္ပတ္တိ ဉာဏ်ခေါ် ထိုခဏ၌ ရုတ်တရက် ဖြစ်ပေါ် လာသည့် လှည့်စားတတ်သော မာယာဉာဏ်၊ ဉာဏဗလ အားအတုဖြင့်တစ်ပါးသောသူတို့ အားကျလောက်အောင် လိမ်သည်ပြောဆိုခြင်း၊ လှည့်စားခြင်း၊ တစ်ပါးသူတို့အား ညီညွတ်ရေးပျက်ပြားအောင် ကုန်းတိုက်ခြင်း၊ ခြိမ်းခြောက် ကြိမ်းမောင်းခြင်း၊ ပျော်ဖွယ် ရွှင်ဖွယ်

ဖြစ်သောအကျိုးမရ၊ အနက်မထင်သော စကားမျိုးတို့ကို ပြောဆိုခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းစသည်တို့မှာ အသုံးချကြပါသည်။

အချို့သောသူများသည် ကုသိုလ်ကံတရား၏ အစွမ်းသတ္တိအကျိုးတရား ဉာဏဗလအားကို မိမိအတွက်ဖြစ်စေ၊ တစ်ပါးသောသူတို့အတွက်ဖြစ်စေ၊ လောကီ လောကုတ္တရာ အကျိုးစီးပွား တိုးပွားရာ တိုးပွားကြောင်းဖြစ်သော စကားမျိုးဖြင့် မှန်မှန်ကန်ကန်ပြောဆိုဆက်ဆံခြင်း၊ကတိတည်ခြင်း၊ကိုယ်ချင်းစာနာ ထောက်ထားခြင်း၊ အသိပညာ အတတ်ပညာတို့ကို ဖြန့်ဝေ သင်ကြားပေးခြင်း၊ အချင်းချင်း ညီညွတ်အောင် စေ့စပ်ပေးခြင်း၊ တစ်ပါးသူတို့အား ချစ်ခင်နှစ်သက်ဖွယ် စကားကို ပြောကြားခြင်း၊ သိမ်မွေ့နူးညံ့စွာ အများနှင့် ပြောဆိုဆက်ဆံခြင်း၊တရားတော် လမ်းစဉ်မှန်ကို ဟောပြော သင်ကြားပို့ချရေးသားခြင်းစသည်တို့၌ အသုံးချကြပါသည်။

အချို့သောသူများသည် ကုသိုလ်ကံတရား၏ အစွမ်းသတ္တိအကျိုးတရား ကာယဗလအား၊ ဉာဏဗလအား နှစ်မျိုးစလုံးတို့ကို မကောင်းမှုမှန်သမျှမှာ အသုံးချကြ၍ အချို့သူများက ကုသိုလ်ကံ၏ အစွမ်းသတ္တိ အကျိုးတရား ကာယဗလအား ဉာဏဗလအား နှစ်မျိုးစလုံးတို့ကို ကောင်းမှု မှန်သမျှမှာ အသုံးချကြပါသည်။

အချို့ကျတော့ ကောင်းမှု၊ မကောင်းမှု နှစ်မျိုးစလုံး ရောနှောရာ၌ အသုံးချကြပါသည်။ မနုဿတ္တဘာဝေါ ဒုလ္လ

ဘောဆိုသည်မှာ ယခုလို ဗုဒ္ဓသာသနာခေတ် ရှိနေချိန်တွင် သုဂတိဘုံဘဝ လူ့ဌာနဌ် ကုသိုလ်ကမ္မသတ္တိ စွမ်းရည်ကြောင့် လူဖြစ်လာသည်ကို ဆိုပါသည်။

ကုသိုလ်ကမ္မသတ္တိ စွမ်းရည်ကြောင့် လူဖြစ်လာသူသည် ကုသိုလ်ကံကြောင့်ဖြစ်သော လူတို့၏ ကာယဗလအား၊ ဉာဏဗလအားတို့ကို သတ္တဝါတို့ကိုဖျက်ဆီးစေတတ်သောလက်နက် အမျိုးမျိုး ထုတ်လုပ်ရာမှာ လည်းကောင်း၊ သတ္တဝါတို့ကို ကျန်းမာ ချမ်းသာ ပျော်ရွှင် စေနိုင်သော ဆေးပစ္စည်း ထုတ်လုပ်ရာမှာသော်လည်းကောင်း၊ နှုတ်မှုပညာရပ်ဆိုင်ရာ လက်မှုပညာရပ်ဆိုင်ရာအမျိုးမျိုးတို့ ပြုလုပ်ပြောဆိုရာတို့မှာ လည်းကောင်း၊ ကောင်းမှု ပြုရာမှာလည်းကောင်း၊ မကောင်းမှုပြုရာမှာလည်းကောင်း၊ ကောင်း မကောင်း ရော၍ ပြုရာမှာ လည်းကောင်း၊ ကောင်းမှု မကောင်းမှု မဖြစ်သည်ကို ပြုကျင့်ရာမှာသော်လည်းကောင်း အသုံးချကြလေသည်။

ကောင်းမှုပြုရာ၌ အသုံးချသော် ကောင်းကျိုး အဆက်ဆက်ဖြစ်၍ အိုနာသေ ဒုက္ခသို့ရောက်မည်။ မကောင်းမှုပြုရာ၌ အသုံးချသော် မကောင်းကျိုးအဆက်ဆက်ဖြစ်၍ ဒုက္ခသို့ ရောက်မည်။ ကောင်းမကောင်းရော၍ပြုရာမှာအသုံးချသော် ကောင်းကျိုး မကောင်းကျိုး အဆက်ဆက်ဖြစ်၍ အိုနာသေ ဒုက္ခသို့ ရောက်မည်။

ကောင်းမှုမကောင်းမှု မဖြစ်သည်ကို ပြုကျင့်ရာ၌အသုံးချသော် ကောင်းကျိုးမကောင်းကျိုး၊ ကောင်းမကောင်း ရော

သော အကျိုးအဆက်ဆက်မဖြစ်မူ၍ ဒုက္ခ၏အဆုံးသို့ရောက်ရမည်။

အချို့သောသူတို့သည် ကုသိုလ်ကမ္မသတ္တိကြောင့် ဖြစ်ပေါ်လာသော မိမိတို့၏အဆင်းလှမှုကို ကချေသည်နေရာ၌ အသုံးချကြ၍ အချို့က ကုသိုလ်ကမ္မသတ္တိကြောင့် ရရှိလာသော အသံကောင်းမှုကို သာချင်းသည်နေရာ၌ အသုံးချကြသည်။

ပဋာစာရီမိခေါ်သော အမျိုးသမီးသည် ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသည့် ဖောဋ္ဌဗ္ဗအတွေ့ဓာတ်ကို မိဖုရားပြုလုပ်ရာ၌ အသုံးချပါသည်။

အင်္ဂုလိမာလသည် ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသော ကာယဗလအား၊ ဉာဏဗလအား တို့ကို ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကိုသတ်ရာ၌ အသုံးချခဲ့ပါ သည်။

ဒေဝဒတ်သည်လည်း ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသော ကာယဗလအား ဉာဏဗလအား တို့ကို ရှင်တော်ဗုဒ္ဓအား ကျောက်မောင်းဆင်၍ဂိဇ္ဈကုဋ်တောင်ပေါ်မှ လိမ့်ချကာ သွေးကြောင်းကြိုစည်မှု၊ နာဠာဂီရိဆင်နှင့် တိုက်၍ သွေးကြောင်းကြိုစည်မှု၊ သံဃာ ကွဲသင်းခွဲမှုတို့၌ အသုံး ချခဲ့ပါ သည်။

နန္ဒလုလင်သည် ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ် ပေါ်လာသော ကာယဗလအား၊ ဉာဏဗလအားတို့ကို ဥပ္ပလ

ဝဏ်ထေရိဘိက္ခုနီအားဖျက်ဆီးကျူးလွန်စော်ကားမှု၌ အသုံးချခဲ့ပါသည်။

စေတီယမင်းသည် ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသော ကာယဗလအား၊ ဉာဏဗလအားတို့ကို မုသာဝါဒစကားပြောဆိုရာ၌အသုံးချခဲ့ပါသည်။ ဝေဿကာဝရပုဏ္ဏားကြီးသည် ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသော ကာယဗလအား၊ ဉာဏဗလအားတို့ကို ဝေသာလီပြည်ပျက်စီးအောင်ပြုလုပ်ပြောဆိုရာ၌ အသုံးချခဲ့ပါသည်။

ဤသို့စသည်ဖြင့် ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့်ရရှိဖြစ်ပေါ်လာသောလူနှင့်လူ၏ကာယဗလအား၊ဉာဏဗလအားတို့ကို ကိုယ်ထင်သလိုကိုယ်ကြိုက်သလို အသုံးချပါသည်။ လူနှင့်လူ၏ ကာယဗလအား ဉာဏဗလအားတို့သည် ကိုယ်တိုင်ပြုလုပ်ထားသော ဝတ္ထုပစ္စည်းတို့ မဟုတ်ကြသည်ကိုကား မသိမမြင်ကြကုန်။

ဘုရားပစ္စေကဗုဒ္ဓါတို့နှင့်ရဟန္တာအရိယာသာဝကတို့သည်ကား ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသောလူ၊ လူ၏ကာယဗလအား ဉာဏဗလအားတို့ကိုသမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်ဘို့ဖြစ်အောင် ပြုကျင့်ရာ၌ အသုံးချတော်မူကြပါသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များအတွက်နှင့်ကမ္ဘာ့သူကမ္ဘာသားတို့အတွက် ရှင်တော်ဗုဒ္ဓ၏ ဟောညွှန်တော်မူချက်မှာကား–

ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ရရှိဖြစ်ပေါ်လာသောလူသည် စွန့်လွှတ်ရဲသူဖြစ်ရမည်။

၎င်းသည်ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့်ရရှိဖြစ်ပေါ်လာသော ဝိပါက်နာမ်၊ခန္ဓာကံကြောင့်ဖြစ်သော ရုပ်တရားနှစ်ခုတို့၌ ပါဝင်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ကိုယ်စေတသိက်တရားတို့ကို အလွဲသုံးစားမလုပ်ရ၊ ဘာကြောင့်နည်း။ ၎င်း မျက်စိ၊ နား၊ လျှာ ကိုယ် စိတ်စေတသိက်တို့သည် ကုသိုလ်ကမ္မ စွမ်းရည်ကြောင့်သာ ဖြစ်ရှိနေကြသည်။ ၎င်းတို့တွင် မိမိကိုယ်တိုင် ပြုလုပ်ထားသော (ဝါ) မိမိတို့၏မိဘနှစ်ပါးတို့က ပြုလုပ်ပေးထားသော ဝတ္ထုပစ္စည်းတစ်ခုမှမဟုတ်သောကြောင့် ဖြစ်၏။ ကုသိုလ်ကမ္မသတ္တိစွမ်းရည်ကြောင့် ဖြစ်ပေါ်ရရှိလာသော ကုသိုလ်ကံ၏ပစ္စည်းဝတ္ထုတို့ကို မပျန်မကန်အသုံးချပါလျှင် သူတစ်ပါး၏ပစ္စည်းဝတ္ထုကို အလွဲသုံးစားပြုလုပ်ရာရောက်၏။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓက ကုသိုလ်ကံ၏ဥစ္စာပစ္စည်းဖြစ်သော မိမိ၏လက်ရှိ မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ် စိတ်စေတသိက်တရားစုတို့ကို လိုချင်နှစ်သက် စုံမက်မြတ်နိုး အားကိုး

ဖွယ်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အကြံ အစည်တို့အတွက် အသုံးမချပါနှင့်၊ အပျော်အပါး နှစ်သက် စုံမက်မှုတွေ တိုးပွားစရာအလုပ်အကိုင် အပြောအဆို အရေး အသား လူအများတို့ နှစ်သက်နှောင်ဖွဲ့စရာတွေကို ပြောဆို ပြောင်လှောင် ကပြ သီဆို ရေးသားညွှန်ပြမှု တို့အတွက် ကုသိုလ်ကံ၏ ဥစ္စာဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်စေတသိက်တရားစုတို့ကိုအသုံးမချပါနှင့်။ အသုံးချ နေလျှင်လည်း ရပ်ပစ်ပါ။ပယ်ဖျက်ပစ်ပါဟု မိန့်ဆိုညွှန်ကြား ခဲ့ပါသည်။

၎င်းတို့သည် ယုတ်ညံ့သိမ်ဖျင်း၍ ဖြူစင်သန့်ရှင်းသော သူတို့၏အလုပ်အကိုင် အပြောအဆို အကြံအစည်တို့ မဟုတ် သည့်အပြင် မအို၊ မနာ၊ မသေရသော အကျိုးမရှိအချည်း အနှီး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ထို့ပြင် ကုသိုလ်ကံ၏ဥစ္စာပစ္စည်းဖြစ်သောမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်စေတသိက် တရားစုတို့ကို ပင် ပန်းနွမ်းနယ်ညှိုးနွမ်းသွားအောင်လည်း အသုံးမချပါနှင့်။ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲအောင် အကြာကြီးသွား၊ အကြာကြီးရပ်၊ အကြာကြီးထိုင်၊ အကြာကြီး လျှောင်းမှုများ နှင့် ဆူးပေါ်မှာအိပ်ခြင်း၊ မီးငါးမျိုးလှုံမြိုက်ခြင်း စသည့် လုပ်ငန်းမျိုးတို့အတွက် ဤကုသိုလ်ကံ၏ ဥစ္စာဖြစ်သောမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊စိတ်စေတသိက်တရားစုတို့ကို

အသုံးမချပါနှင့်။ အသုံးချနေလျှင်လည်း ရပ်ပစ်ပါ။ ပယ်ဖျက်ပစ်ပါဟု မိန့်ဆို ညွှန်ကြားခဲ့ပါသည်။

၎င်းတို့သည်လည်းဆင်းရဲပင်ပန်း၍ ဖြူစင်သန့်ရှင်းသောသူတို့၏အလုပ်မျိုးမဟုတ်သည့်အပြင် မအို၊ မနာ၊ မသေရသော အကျိုးမပြီးအချည်းအနှီးဖြစ်သောကြောင့် ဖြစ်ပါသည်။

ဤညွှန်ပြခဲ့သောနှစ်မျိုးသောလမ်းစဉ်တို့ကို မကပ်မရောက် မကျင့်မူ၍ ကုသိုလ်ကံ၏ဥစ္စာဖြစ်သော မိမိလက်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်စေတသိက်တရားစုတို့ကို အသိ အမြင် အယူအစွဲမှန်ကန်မှု လွတ်မြောက်မှုကို ကြံစည်မှု၊ သတ္တဝါတို့အား မညှဉ်းဆဲရန် ကြံစည်မှု၊ မဖျက်ဆီးရန် ကြံစည်မှု၊ သတ်ဖြတ်နှိပ်စက်ခြင်း၊ ခိုးယူခြင်း၊ ကာမတို့ကို လွန်ကျူးခြင်းတို့မှ ရှောင်ကြဉ်မှု၊ မုသားပြောဆိုခြင်း၊ ကုန်းတိုက်စကားပြောဆိုခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း အပြိန် အဖျင်း ပြောဆိုခြင်းတို့မှ ရှောင်ကြဉ်မှု၊ မှန်ကန်သော ဆွဲကိုင်မှီတွယ်ရာကို ထင်ရှားစွာ အသိဉာဏ်ရောက်မှု၊ မိမိစိတ်ကိုမပျံ့လွင့်ရန် ထိန်းထားမှု၊ အာရုံမှန်၌ ကောင်းစွာ တည်ရှိမှုတို့ဖြစ်ရန် ပွားများအားထုတ်ရာ၌အသုံးပြုရန် မိန့်ဆို ညွှန်ကြားတော်မူခဲ့ပါသည်။

၎င်းတို့သည် အမြင်မှန်၊ အသိမှန်တို့ကိုဖြစ်စေ၍ အညစ်အကြေး အပူအပင် ကင်းမြောက်ရန်၊ အသိဉာဏ်အထူးကိုရရှိရန် နက်နဲခက်ခဲသောတရားမှန်တို့ကို ဟုတ်တိုင်းမှန်စွာ သိရှိ

ရန်၊ ဘုံဘဝအသီးသီးတို့မှလွတ်မြောက်ရန် ဒုက္ခမီးအားလုံး အဆုံးသတ်ငြိမ်း၊ရာသို့ ရောက်ဖို့ရန် ကေန်အမှန် ဖြစ်သော ကြောင့်ပင် ဖြစ်ပါသည်။

ဤသို့လျှင် ကုသိုလ်ကံနှင့်ကုသိုလ်ကံ၏ ဥစ္စာအကျိုးတရား တို့ကို ဉာဏ်ဖြစ်အောင်အသုံးချရာ၌—

ကုသိုလ်ကံအားကောင်းလျှင်ဉာဏ်အားကောင်းပါသည်။
ကုသိုလ်ကံအားနည်းလျှင်ဉာဏ်အားလည်းနည်းပါသည်။
ကုသိုလ်ကံ သန့်ရှင်းလျှင် ဉာဏ်လည်း သန့်ရှင်းပါသည်။
ကုသိုလ်ကံညစ်နွမ်းလျှင် ဉာဏ်လည်း ညစ်နွမ်းပါသည်။
ကုသိုလ်ကံ ထက်မြက်သလောက် ဉာဏ်လည်း ထက်မြက်ပါသည်။
ကုသိုလ်ကံမထက်မြက်လျှင် ဉာဏ်လည်းမထက်မြက်နိုင်ပါ။

သို့ကြောင့် ကုသိုလ်ကံအားကောင်း ထက်မြက်သန့်ရှင်း ဖြူစင်အောင် ပွားများအားထုတ်ကြကုန်၍ အားကောင်း ထက်မြက်သန့်ရှင်း ဖြူစင်သောဉာဏ်ဖြစ်အောင် အသုံးချကုန်လျက် အားကောင်းထက်မြက်သန့်ရှင်းဖြူစင်သောအသိဉာဏ်အထူးထူးတို့ကို ရရှိကြကုန်ပြီးလျှင် ဘုံဘဝအသီးသီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင် လွတ်မြောက် နိုင်ပါစေ သတည်း။

# "ကံ-အကြောင်း"

ကုသိုလ်ကံ အကုသိုလ်ကံတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချဖို့ရန်အတွက် ညွှန်ပြရေးသားခဲ့ရာ၌ ကံအကြောင်းကို နားလည်ထားသင့်ပါသည်။

ထို့ကြောင့် ကံအကြောင်းကို အနည်းငယ်မျှ ညွှန်ပြရေးသားပါဦးအံ့။ ကံဆိုသည်မှာ မိမိ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်မှုတို့ကို ကံဟုခေါ်ဆိုရပါသည်။

မိမိတို့နေ့စဉ် ပြုလုပ် ပြောဆို ကြံစည်မှု အားလုံးတို့ကို ကံဟု မှတ်ယူပါ။ သို့ကြောင့် မိမိတို့သန္တာန်တွင် ပြုလုပ်ပြောဆို ကြံစည်တိုင်း ကံတွေဖြစ်နေရပါသည်။ ခြေလက်စသော ကိုယ်အမူအရာတို့ဖြင့် တစ်စုံတစ်ခုကို ပြုလုပ်တိုင်း ကံဖြစ်ပါသည်။ နှုတ်အမူအရာဖြင့် တစ်စုံတစ်ခုသော အကြောင်းအရာကို ပြောဆိုတိုင်း ကံဖြစ်ပါသည်။ ကိုယ်လည်းမလှုပ်၊ နှုတ်လည်း မပါဘဲ တစ်စုံတစ်ရာကို ကြံစည်စိတ်ကူးတိုင်း ကံဖြစ်ပါသည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်စိတ်ကူးမှုတွေ ဖြစ်ပေါ်လာအောင် မည်သူက ဖန်ဆင်း ပြုလုပ်ပါသနည်းဆိုသော် မိမိ၏အတွင်း သန္တာန်၌ အာရုံရှိရာသို့ အမြဲညွတ်ကိုင်းနေသော စိတ် စေတသိက် တရားတို့တွင် အခြားသော စေတသိက်တို့ထက် ကြောင်းကြမှု ဗျာပါဒ ပိုမိုအားကြီးသော (ဝါ) ဗျာပါများမှု ပိုမိုအားကြီးသော လှုံ့ဆော်မှု တိုက်တွန်းမှု အားကြီးပြင်း ထန်သော စေတနာ စေတသိက်သည် ပါဝင်လျက် ရှိ၏။

ထိုစေတနာစေတသိက်က ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်စိတ်ကူးမှုတို့ကို မဖြစ်ဖြစ်အောင် လှုံ့ဆော်တိုက်တွန်းမှုကြောင့် ကိုယ်အမူအရာ၊နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်စိတ်ကူးမှုတို့ကို ဖြစ်ပေါ်လာကြရ၏။

သို့ကြောင့် စေတနာ စေတသိက်သည် ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်စိတ်ကူးမှုတို့ကို မဖြစ် ဖြစ်အောင် လှုံ့ဆော် တိုက်တွန်း နှိုးဆော် တတ်သော အကြောင်းရင်းကြောင့် အကျိုးဖြစ်သောကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်စိတ်ကူးမှုတို့၏ ကံဆိုသော အမည်ကို အကြောင်းရင်း ဖြစ်သော စေတနာ စေတသိက် ပေါ်မှာ တင်စား၍ စေတနာ စေတသိက်ကိုလည်းကောင်း၊ အချို့သော စေတနာနှင့်ယှဉ်သောတရားတို့ကိုလည်းကောင်း၊ ကံတရားဟု ခေါ်ဆိုရပါသည်။

သို့ကြောင့် "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတ-ယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" ဟု ရှင်တော်ဗုဒ္ဓကိုယ်တော်တိုင် ညွှန်ပြတော်မူခဲ့ပါသည်။ ဘိက္ခဝေ၊ ချစ်သားတို့။ စေတနာ၊ စေတနာစေတသိက်ကိုလည်းကောင်း၊ စေတနာနှင့်ယှဉ်သော တရားတို့ကိုလည်းကောင်း။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ စေတယိတွာ၊ စေတယိတွာ – စေတနာ စေတသိက်က တိုက်တွန်းစေ့ဆော်မှုကြောင့်။ ကာယေန-ဝါစာယ-မနသာ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့်။ ကမ္မံ-အမှုပြုလုပ်ခြင်းကို။ ကရောတိ၊ ပြုလုပ် ပြောဆို ကြံစည် စိတ်ကူး၏ဟု ညွှန်ပြတော်မူချက် ရှိသောကြောင့် စေတနာ စေတသိက်နှင့် ၎င်းနှင့်ယှဉ်တွဲသော တရားစုတို့ကို ကံဟု ခေါ်ဆိုရပါသည်။

စေတနာခေါ် ကံတရားသည် ကောင်းကျိုးဆိုးပြစ်တို့ကို ဖြစ်စေတတ်သော နာနက္ခဏိက-ကမ္မခေါ် ကုသိုလ်ကံနှင့် အကုသိုလ်ကံ အကျိုးဝိပါက်ကြိယာစိတ်တို့ ပါရှိသော သဟဇာတကံဟု နှစ်မျိုးတို့ရှိခဲ့ရာ နာနက္ခဏိကကမ္မ ဆိုသော ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုသာ ခွဲခြား၍ ညွှန်ပြပါအံ့။

### ကံ-အမျိုးအစား

ညွှန်ပြခဲ့သော ကံတရားသည် အချုပ်အားဖြင့် ကုသိုလ်ကံ-အကုသိုလ်ကံဟု နှစ်မျိုးပြားပါသည်။ ကုသိုလ်ကံ ဆိုရာ၌

ကုသိုလ်နှင့်ကံကို တွဲထားပါသည်။ အကုသိုလ်ကံဆိုရာ၌လည်း အကုသိုလ်နှင့်ကံကို တွဲထားပါသည်။

ကျွန်ုပ်တို့သည် ကံဆိုသည်ကို သိရှိခဲ့ကြပြီးကြပါပြီ။ ကုသိုလ်နှင့် အကုသိုလ် ဆိုသည်တို့ကိုသိရှိဖို့ရန် လိုလာပြန်ပါသည်။

ကုသိုလ် ဆိုသည်မှာ စက်ဆုတ်ဖွယ်ရာ ရွံရှာဖွယ်ရာ မကောင်းတာမှန်သမျှတို့ကို ဖျက်ဆီးတတ်သောသဘောကို-ကုသိုလ်ဟု ခေါ်ဆိုရပါသည်။

ကုသိုလ်၏သဘောသည် စိုးရိမ်ပူဆွေး ညစ်ထေးပူလောင်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်းစသော ကိလေသာရောဂါ စိတ်မချမ်းသာမှု ပုံ့လွင့်မှုစသော စိတ်ရောဂါတို့ကို ပျောက်ကင်းစေတတ်သောသဘော၊ ကိလေသာညစ်ကြေး အပြစ်ဘေးရန်အမျိုးမျိုး စသည်တို့မရှိသောကြောင့် ဖြူစင်သန့်ရှင်း အပြစ်ကင်းခြင်းသဘော၊ အသိဒလိမ္မာ ဉာဏ်ပညာတို့ကို ကောင်းစွာဖြစ်စေတတ်သော သဘောတို့ကြောင့် ကုသိုလ်ဟု ခေါ်ဆိုရပါသည်။

ထိုကုသိုလ်တရားသည် အပြစ်မရှိ ဖြူစင်သန့်ရှင်း ကောင်းကျိုးချမ်းသာကိုသာ ဖြစ်စေတတ်ပါသည်၊ အပြစ်ရှိသော မကောင်းကျိုးကို ဘယ်အခါမှမဖြစ်စေတတ်ပါ။ ထိုကုသိုလ်

တရားသည် အပြစ်ရှိသောမကောင်းကျိုးမှန်သမျှကို ဖျက်ဆီးတတ်သော လုပ်ငန်းကိုသာ ဆောင်ရွက်တတ်ပါသည်။

မိမိသန္တာန်၌ ထိုကုသိုလ်တရား ဖြစ်ခဲ့ပါလျှင် ဖြူစင်သန့်ရှင်းသောတရားဟု အသိဉာဏ်ရောက်ပါသည်၊ ထိုကုသိုလ်တရားသည် အာရုံမှန်ကို နှလုံးသွင်းမှု၊ စိတ်ထားရောက်မှုကြောင့်သာဖြစ်ပါသည်။

ထိုကုသိုလ်တရားများကို ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ဖြင့် ဖြစ်ပေါ်လာအောင် ပြုလုပ်ပြောဆိုကြံစည်စိတ်ကူးမှုတို့နှင့် တွဲစပ်ပါလျှင် ကုသိုလ်ကံဖြစ်ပါသည်။ ညွှန်ပြခဲ့ပြီးသော ကုသလဓမ္မတို့၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတရားတို့ကို အကုသိုလ်ဟု ခေါ်ဆိုရပါသည်။ ၎င်းအကုသလတရားသည် အပြစ်နှင့်တကွဖြစ်၍ မဖြူစင်မသန့်ရှင်းသော မကောင်းကျိုးမှန်သမျှတို့ကို ဖြစ်ပေါ်စေတတ်ပါသည်။ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော ကောင်းကျိုးမှန်သမျှတို့ကို ဖျက်ဆီးခြင်းကိစ္စကို ဆောင်ရွက်ပါသည်။ ၎င်းသည် အာရုံမှန်ကို မမှန်မကန် နှလုံးသွင်း၊ စိတ်ထားမှုကြောင့်သာ ဖြစ်ပါသည်။

ထိုအကုသလဓမ္မအစုတို့ကို ကိုယ်နှုတ်စိတ်အမူအရာတို့ဖြင့် ဖြစ်ပေါ်လာအောင် ပြုလုပ်ပြောဆို ကြံစည်စိတ်ကူးမှုတို့နှင့် တွဲစပ်ပါလျှင် အကုသိုလ်ကံဖြစ်ပါသည်။ အချုပ်အားဖြင့် မှတ်ယူရန်မှာ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော သဘောကို

ကုသိုလ်ဟုခေါ်ဆိုရ၏၊ မဖြူစင်မသန့်ရှင်း အပြစ်မကင်းသော သဘောကို အကုသိုလ်ဟု ခေါ်ဆိုရပါသည်။

ဖြူစင်သန့်ရှင်း အပြစ်ကင်းသော ကိုယ်၊ နှုတ်၊ စိတ် အမူအရာတို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်စိတ်ကူးမှုတို့ကို ပြုလုပ်ပြောဆိုကြံစည်စိတ်ကူးခြင်းသည်ကုသိုလ်ကံ၊မဖြူစင်မသန့်ရှင်း အပြစ်မကင်းသော ကိုယ်နှုတ်စိတ်အမူအရာတို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်စိတ်ကူးမှုတို့ကို ပြုလုပ်ပြောဆို ကြံစည်စိတ်ကူးခြင်းသည် အကုသိုလ်ကံဟု မှတ်ယူနိုင်ပါသည်။ ထိုကုသိုလ်ကံ အကုသိုလ်ကံတို့သည် ဇနက–ကံ–ဥပထမ္ဘက–ကံ စသည်တို့ဖြင့် ကိစ္စကာလ အားလျော်စွာ အမျိုးအစားများစွာ ရှိပါသည်။ ထိုကံအမျိုးအစားတို့ကို အနည်းငယ်ညွှန်ပြပါဦးအံ့။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ဆောင်ရွက်ဖွယ် ကိစ္စအားဖြင့် အကျိုးဝိပါကတို့ကိုဖြစ်စေမှု၊ထောက်ပံ့မှု၊နှိပ်စက်မှု၊ ဖြတ်တောက်မှုဟု လေးမျိုးလေးစားရှိပါသည်။

တစ်နည်းအားဖြင့် အကျိုးဝိပါကတို့ကို ဖြစ်စေတတ်သောကံ၊ကံနှင့် ကံ၏အကျိုးဝိပါကတို့ကိုထောက်ပံ့တတ်သောကံ၊ကံနှင့် ကံ၏အကျိုး ဝိပါကတို့ကို နှိပ်စက်တတ်သောကံ၊ ကံနှင့်ကံ၏အကျိုးဝိပါကတို့ကို ဖြတ်တောက်တတ်သောကံဟု လေးမျိုးလေးစားရှိပါသည်။

## "ဇနက-ကံ"

အကျိုးဝိပါကတို့ကို ဖြစ်တတ်သောကံကို ဇနက-ကံဟု ခေါ်ပါသည်။ ၎င်းသည် ဘဝတစ်ခု၌ ရှေးဦးစွာဖြစ်သော ဝိပါက်စိတ် ဝိပါက်စေတသိက်တို့ကိုလည်းကောင်း၊ ၎င်းတို့နှင့် အတူ တစ်ပြိုင်တည်းဖြစ်သော ကံကြောင့်ဖြစ်သည့် ရုပ်တရားတို့ကိုလည်းကောင်း၊ ဘဝတစ်လျှောက်လုံးအတွက် မြင်မှု၊ ကြားမှု၊ အနံ့နံမှု၊ စားမှု၊ တွေ့ထိမှုစသော ဝိပါက်နာမ် ခန္ဓာတို့နှင့် မျက်စိ၊နား၊နှာ၊လျှာ ကိုယ်ဝတ္ထုရုပ်စသောကံကြောင့် ဖြစ်သည့် ရုပ်ခန္ဓာအစဉ်တို့ကိုလည်းကောင်း၊ ကံတရားလျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သည့် ရုပ်တရား ရဖို့ကိုလည်းကောင်း ဖြစ်စေတတ်ပါသည်။

သိစေပါဦးအံ့။ ယခုအခါ သုဂ္ဂတိဘုံဘဝတို့၌ဖြစ်ရှိနေကြ ကုန်သော လူ၊ နတ်၊ဗြဟ္မာတို့၏ လူ၏အဖြစ်၊ နတ်၏အဖြစ်၊ ဗြဟ္မာ၏အဖြစ်တို့သို့ ရှေးဦးစွာ ရောက်ရှိလာခြင်း၊ ဘဝတစ် လျှောက်လုံး လူနတ်တို့၏ ရုပ်နာမ်ခန္ဓာအစဉ်တို့ ဖြစ်ရှိနေ ခြင်း၊ လူ၊ နတ်တို့၏ စည်းစိမ်ချမ်းသာ ဘုံနန်း ဗိမာန်တိုက် တာ- ရွှေ၊ ငွေ၊ ရတနာ အသုံးအဆောင်တွေကို ဖြစ်ပေါ် ရရှိနေခြင်းတို့သည် ကုသိုလ်ဇနက ကံကြောင့် ဖြစ်ပါသည်။ ကုသိုလ်ဇနကကံ၏ ကိစ္စလုပ်ငန်းဖြစ်ပါသည်။

ဒုဂ္ဂတိ—ဘုံဘဝတို့၌ဖြစ်ရှိနေကြကုန်သောတိရစ္ဆာန်စသော သတ္တဝါတို့၏ တိရစ္ဆာန်အဖြစ်၊ အသူရကာယ်အဖြစ်၊ ပြိတ္တာ

အဖြစ်၊ ငရဲကောင်အဖြစ်တို့သို့ ရှေးဦးစွာ ရောက်ရှိလာခြင်း၊ ဘဝတစ်လျှောက်လုံး တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲ၊ အသူရကာယ်တို့၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ အစဉ်တို့ဖြစ်ရှိနေခြင်း၊ ၎င်းတို့၏ ဆင်းရဲဒုက္ခ ငရဲမီးတောက် ပြိတ္တာပုံဟန်-သင်ခုန်းစက်၊ မီးလျှံထွက်နေသော အဝတ်တန်ဆာ စသည်တို့ကိုရရှိဖြစ်ပေါ်နေခြင်းတို့သည် အကုသိုလ်ဇနကကံကြောင့် ဖြစ်ပါသည်။ အကုသိုလ်ဇနကကံ၏ ကိစ္စလုပ်ငန်း ဖြစ်ပါသည်။

ဤနေရာ၌ ဘုံဘဝအသီးသီးတို့၌ ရှေးဦးအစရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ဖြစ်ခြင်းကို ပဋိသန္ဓေအခါ ဘဝတစ်လျှောက်လုံးတည်ရှိနေသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအစဉ်တို့ကို ပဝတ္တိအခါဟု မှတ်ယူပါ။ ဇနကကံ၏ ကိစ္စလုပ်ငန်းတို့သည် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ နှစ်မျိုးစလုံး၌ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ဖြစ်ပေါ်မှု၊ ဖြစ်ပေါ်နေမှုတို့ကို ပြုလုပ်ဆောင်ရွက်ပါသည်။ သို့ရာတွင် ပဋိသန္ဓေအခါ ရုပ်နာမ်ခန္ဓာတို့၏ရှေးဦးအစဖြစ်ပေါ်မှုကို ကုသိုလ်ကံ၊အကုသိုလ်ကံ အထမြောက်မှ ပြုလုပ်နိုင်ပါသည်။ ပဝတ္တိအခါ ဘဝတစ်လျှောက်လုံးမှာတော့ ကုသိုလ်ကံ အကုသိုလ်ကံ အထမြောက်သည် ဖြစ်စေ၊ အထမမြောက်သည်ဖြစ်စေ ကုသိုလ်ကံ၊အကုသိုလ်ကံတို့၏ကိစ္စကို ပြုလုပ် ဆောင်ရွက်နိုင်ပါသည်။

ထို့ကြောင့်ပင် အကုသိုလ်ဇနကကံကြောင့် တိရစ္ဆာန်ဘုံဘဝ၌ နဂါး၊ ဂဠုန်၊ ဆင်၊ မြင်းစသော သတ္တဝါဖြစ်ရပါသော်လည်း ပဝတ္တိအခါ–ဘဝတစ်လျှောက်လုံးတွင် လူ့ပ

တင့်တယ်သော ရုပ်အဆင်းနှင့် ဘုံဗိမာန် စသည်တို့ကိုရရှိနိုင်အောင် ပဝတ္တိ ကုသိုလ်ဇနကကံက ပြုလုပ်စီမံရပါသည်။ ကုသိုလ်ဇနကကံကြောင့် သုဂ္ဂတိဘုံဘဝ၊ လူ့ဘုံ၊ နတ်ဘုံတို့၌ ဖြစ်ရပါသော်လည်း ပဝတ္တိအခါ- ဘဝတစ်လျှောက်လုံးတွင် ရုပ်အဆင်းမလှမပ အစစအရာရာ အောက်တန်းနောက်တန်းကျအောင် ဝေမာနိကပြိတ္တာတို့လို နေ့၌ သုခကိုစံစား၍ ညဉ့်အခါ၌ ဒုက္ခအမျိုးမျိုးခံရလေအောင် ပဝတ္တိအကုသိုလ်ဇနကကံက စီမံပြုလုပ်ပါသည်။

## "ဥပထမ္ဘကကံ"

ကံနှင့်ကံ၏အကျိုး ဝိပါကတို့ကို ထောက်ပံ့တတ်သောကံကို ဥပထမ္ဘကကံဟု ခေါ်ဆိုရပါသည်။ ဥပထမ္ဘကကံသည် တစ်ပါးသောကုသိုလ်ဇနကံ၊ အကုသိုလ်ဇနကကံ၊ ကုသိုလ်ဇနကံ၏အကျိုး၊ အကုသိုလ်ဇနကကံတို့၏ အကျိုးတရားတို့ကို အကျိုးပေးခွင့်ရအောင်၊ အကျိုးပေးထက်သန်အောင် ကြာရှည်စွာ အကျိုးပေးခွင့်ရအောင် ထောက်ပံ့ခြင်းကိစ္စတို့ကို ဆောင်ရွက်ပါသည်။

သတ္တဝါတို့ သေခါနီးသောအခါတွင် ကုသိုလ်အရှိန်အဟုန် အားကောင်းပါလျှင် နောက်ဘဝ၌ ကုသိုလ်ကံ အကျိုးပေးခွင့်ရပါသည်။ အကုသိုလ်အရှိန် အားကောင်းပါလျှင် နောက်ဘဝ၌ အကုသိုလ်ကံ အကျိုးပေးခွင့် ရပါ

သည်။ ဤနေရာ၌ သေခါနီးမှာဖြစ်သောကုသိုလ်ကံ အရှိန်အဟုန်၊အကုသိုလ်ကံအရှိန်အဟုန်တို့သည် ကိုယ်တိုင်အကျိုးမပေးဘဲ အခြားကုသိုလ်ကံ၊အကုသိုလ်ကံများ အကျိုးပေးခွင့်သာလာအောင်၊အကျိုးပေးခွင့်ရလာအောင် ထောက်ပံ့သောကုသိုလ်အကုသိုလ် ဥပထမ္ဘကကံများဖြစ်ပါသည်။

ဘဝတစ်ခု၌ ကုသိုလ်အကုသိုလ်ဇနကကံကြောင့် အစဦးစွာ ရုပ်နာမ်ခန္ဓာအစဉ်တို့ဖြစ်ပြီးလျှင် နောင်ဘဝတစ်လျှောက်လုံးမှာလည်း ကုသိုလ်တွေကို များစွာပြုနေပါလျှင် ထိုကုသိုလ်တွေက အကျိုးပေးခွင့်သာအောင် ထောက်ပံ့မှုကြောင့် ရှေးရှေးကပြုခဲ့သောကုသိုလ်များ ကောင်းကျိုးပေးခွင့် ရကြပါသည်။

ဘဝတစ်လျှောက်လုံး အကုသိုလ်တွေကို များစွာပြုနေလျှင်လည်းရှေးရှေးက ပြုခဲ့သောအကုသိုလ်ကံများ မကောင်းကျိုး တွေကို ပေးခွင့်ရကြလေအောင် ထောက်ပံ့ကြပြန်ပါသည် ။

ကုသိုလ် အကုသိုလ်ဇနကကံတို့ အကျိုးပေးခွင့်သာသောအခါ အကျိုးပေးထက်သန်အောင် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတိုင်းမှာလည်း ကုသိုလ်အကုသိုလ် ဥပထမ္ဘကကံက ထောက်ပံ့ပြန်လေသည်။

ကုသိုလ် အကုသိုလ်ဇနကကံတို့က အကျိုးပေးထားသော အလိုရှိအပ်၊ တောင့်တမြတ်နိုးနှစ်သက်အပ်သော စိတ်စေတ

သိက် ရုပ်တရားများနှင့်သာ အလိုမရှိအပ်၊ မမြတ်နိုးအပ်၊ မနှစ်သက်အပ်သော စိတ်စေတသိက် ရုပ်တရားများဟုဆိုအပ်သော တစ်ဘဝလုံးအတွက် ဖြစ်ရှိနေသည့် ရုပ်နာမ် ခန္ဓာအစဉ်များတို့ကို ကြာရှည်စွာတည်ရှိနေနိုင်အောင် ကုသိုလ် အကုသိုလ် ဥပထမ္ဘကကံက ထောက်ပံ့ထား၏။

ကုသိုလ်ဇနကကံကြောင့် လူဘဝ၊ နတ်ဘဝတို့ကို ရရှိဖြစ်ပေါ်လာသောအခါတွင် ထိုလူ့ဘဝတို့၌ ကြာရှည်စွာ တည်နေနိုင်အောင်၊ဘေးရန်အန္တရာယ် ကင်းအောင်၊ မကောင်းမှုန်သမျှ မဖြစ်ပေါ်အောင် ကုသိုလ်ဥပထမ္ဘကကံက ထောက်ပံ့ပါသည်။

အကုသိုလ်ဇနကကံကြောင့် အပါယ်ဘုံဘဝ၊ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်အဖြစ်မျိုးတို့ကို ရရှိ ဖြစ်ပေါ်လာသော အခါတွင် ထိုသို့ငရဲဘဝ အဖြစ်၊ တိရစ္ဆာန်အဖြစ်၊ ပြိတ္တာအဖြစ်၊ အသုရကာယ်အဖြစ်ဖြင့် ကြာရှည်စွာ ဖြစ်ရှိနေအောင် အန္တရာယ်ဘေးရန် အမျိုးမျိုးတို့နှင့် တွေ့ရလေအောင် မကောင်းတာ မှုန်သမျှတွေ ဖြစ်ပေါ်လာအောင် အကုသိုလ် ဥပထမ္ဘကကံက ထောက်ပံ့ ပါသည်။ (ဤ ဥပထမ္ဘက-ကံ အရာ၌ ကံအထမြောက်သည်ဖြစ်စေ၊ မမြောက်သည် ဖြစ်စေ ထောက်ပံ့မှုသည် သတ္တိစွမ်းရည် ရှိကြပါသည်)။

"ဥပပီဠကကံ"

တစ်ပါးသောကံနှင့် ကံ၏အကျိုးတရားတို့ကို အကျိုးပေးခွင့် မရလေအောင်၊ အကျိုးပေးခွင့် ရပြန်ပါသော်လည်း အကျိုးပေး မဆက်သန် မဖွံ့ဖြိုးအောင် ကံနှင့် ကံ၏အကျိုးတို့ကို နှောင့်ယှက် နှိပ်စက်တတ်သောကံကို ဥပပီဠကကံဟု ခေါ်ဆိုရပါသည်။ ဥပပီဠကကံသည် ရတနာမြတ် သုံးပါးတို့အား ရှိသေစွာ ရှိခိုးရသော ပဏာမကုသိုလ်စေတနာသည်လည်းကောင်း၊ အမိအဘ ဆရာသမားများနှင့် အသက် သိက္ခာ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံစွာရှိသော ပုဂ္ဂိုလ်တို့အား အရှိအသေပြုခြင်း၊ ခရီးဦးကြိုပြုခြင်း၊ နေရာပေးခြင်း၊ ရှိသေမြတ်နိုး ရှိခိုးပူဇော်ခြင်းစသော ကုသိုလ်စေတနာ စသည်တို့သည်လည်းကောင်း၊ အခြားသော အကုသိုလ်များကို အကျိုးပေးခွင့် မရှိအောင် ကာကွယ် နှောင့်ယှက် နှိပ်စက်နိုင်ပါသည်။

မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့ကို ကိုယ်နှုတ် စိတ်တို့ဖြင့် ကျူးလွန်စော်ကား ပြစ်မှားမှု၊ ဂုဏ်အားဖြင့် ကြီးမြတ်သူ၊ အသက်သိက္ခာအားဖြင့် ကြီးမြတ်သူတို့အား ကိုယ်နှုတ်စိတ်တို့ဖြင့် ကျူးလွန်စော်ကား ပြစ်မှားမှုစသော အကုသိုလ်ကံသည် ရှေးရှေးက ကုသိုလ်ကံများ အကျိုးပေးခွင့်မရအောင် ကာကွယ် နှောင့်ယှက် နှိပ်စက်တားဆီးနိုင်ပါသည်။

ဥပပီဠကကံသည်ကံတစ်ပါးတို့က အကျိုးပေးခွင့် ရရှိနေပါသော်လည်း အကျိုးပေး မထက်သန်အောင် အားသေး

သွားအောင်လည်း နှိပ်စက်နိုင်ပါသည်။ ကုသိုလ်ကံက အင်္ဂါ စုံသော လူ့ဘဝကိုအကျိုးပေးနိုင်ပါသော်လည်း အကုသိုလ် ကံက နှောင့်ယှက်သဖြင့် မျက်စိအင်္ဂါချို့တဲ့ခြင်း စသော ဘဝမျိုးကို ရောက်ရှိရခြင်း၊ အဇာတသတ်မင်း၏ ခမည်း တော်ကို သတ်သော အကုသိုလ် ကံကြီးသည် ဘုရားရှင်နှင့် ဘုရားရှင်၏ သာသနာတော်ကို ယုံကြည် သက်ဝင် ကြည်ညိုလှသော ကုသိုလ်ကံတွေ နှောင့်ယှက်သဖြင့် အဝီစိ ငရဲသို့ ကျရမည့်အစား အဝီစိငရဲ၏ အခြံအရံဖြစ်သော ဥဿဒငရဲငယ်၌သာ အကျိုးပေးခွင့် ရပါတော့သည်။

ကုသိုလ်ဇနကကံကြောင့် လူ့ဘဝသို့ ရောက်ရပါသော် လည်း လူ့ဘဝ တစ်လျှောက်လုံးဝယ် အကုသိုလ်ကံ၏ နှိပ်စက်မှု ကြောင့် ရောဂါထူပြောခြင်း၊ ပစ္စည်းဥစ္စာ အတတ်ပညာ ချို့တဲ့ခြင်း၊ ဆွေမျိုးစည်းစိမ် ဂုဏ်သိန်ပျက်ပြား ဆုတ်ယုတ် ခြင်း၊ အစွပ်အစွဲခံရခြင်း စသည်တို့သည် ကုသိုလ်ကံ၏အကျိုး တရားကို ရှေးရှေးဘဝ ယခုဘဝတို့၌ ပြုအပ်သော အကုသိုလ် ကံက နှိပ်စက်ခြင်းပင်ဖြစ်ပါသည်။

ဤသို့စသည်ဖြင့် ကုသိုလ်ကံနှင့် ကုသိုလ်ကံတို့၏အကျိုး တရားတို့ကို အကုသိုလ်ကံက နှိပ်စက်ခြင်း၊ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးတရားတို့ကို ကုသိုလ်ကံက နှိပ်စက် ခြင်းတို့ကို ဥပပီဠကကံဟု ခေါ်ဆိုရပါသည်။

## "ဥပဃာတက-ကံ"

နှိပ်စက်ရုံတွင်မကဘဲ ကံနှင့် ကံ၏အကျိုးတရားတို့ကို ပယ်ဖျက်သတ်ဖြတ်တတ်သောကံကို ဥပဃာတကကံဟု ခေါ်ဆိုရပါသည်။

ဥပပိဠကကံက ကံတစ်ပါးကို နှိပ်စက်ရာ၌ ယခုလတ်တလော အကျိုးမပေးနိုင်ရုံလောက်သာ နှိပ်စက်နိုင်ပါသည်။ နောင်အခါ လုံးလုံး အကျိုးမပေးနိုင်အောင် မတတ်နိုင်ပါ။

ဥပဃာတက ကံကတော့ နောင်အခါ လုံးလုံးအကျိုးမပေးနိုင်အောင် ကံတစ်ပါးကို သတ်ဖြတ်နိုင်စွမ်းရှိပါသည်။

သက်သေပြရန်မှာ အရှင်အင်္ဂုလိမာလ၏ ခိုးသားဖြစ်စဉ်က လူတွေကိုသတ်ခဲ့သော အကုသိုလ်ကံသည် မဂ်စေတနာခေါ် ကုသိုလ်ကံကြီး၏ ဖျက်ဆီးသတ်ဖြတ်မှုကြောင့် နောက်နောင် ဘဝအကျိုးပေးခွင့် မရတော့ဘဲ အကြွင်းအကျန်မရှိ ပျက်စီးသွားပါသည်။

အရှင်ဒေဝဒတ်၏ မဟာဂုတ်ကံ ကုသိုလ်စေတနာတရားစုတို့သည် အဇာတသတ် မင်းသားကလေးကို ဘုရားရှင်အား သတ်ဖို့ရန် သွေးဆောင် ဖြားယောင်းသည်မှစ၍ ဖြစ်ပွားသော အကုသိုလ်ကံတရားတို့က သတ်ဖြတ်မှုကြောင့် နာလန်မထူနိုင်တော့ဘဲ လုံးပျက်စီး၍သွားခြင်းတို့သည် ကံတစ်ပါးကို သတ်ဖြတ်သော ဥပဃာတကကံ၏ သတ္တိစွမ်းရည်ပင်ဖြစ်ပါသည်။

ယခုညွှန်ပြခဲ့သောအတိုင်း ကုသိုလ်အရာမှာဖြစ်စေ၊ အကုသိုလ်အရာမှာဖြစ်စေ အကျိုးဝိပါက် တရားတို့ကိုဖြစ်စေတတ်သော ဇနကကံနှင့်ကံ-ကံ၏အကျိုးတရားတို့ကို ထောက်ပံ့တတ်သော ဥပထမ္ဘကကံတို့ကတစ်ဖက်။ကံ-ကံ၏အကျိုးတရားတို့ကို နှိပ်စက်တတ်သော ဥပပီဠကကံနှင့် ကံတစ်ပါးကို အကျိုးပေးခွင့်မရအောင် သတ်ဖြတ်တတ်သော ဥပဃာတက ကံတို့က တစ်ဖက် ခွဲခြား၍ အဋ္ဌကထာဋီကာများ၌ ကံလေးမျိုး လေးစားရှိကြောင်းကို ညွှန်ပြခဲ့ကြပါသည်၊ အချုပ်မှတ်ယူရန်မှာ သုဂတိ၊ ဒုဂ္ဂတိဘုံဘဝတို့၌ ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဇနကကံဟု မှတ်ယူပါ။

သုဂတိဘုံဘဝတို့၌ ထောက်ပံ့တတ်သော ဥပထမ္ဘကကံကို ကုသိုလ်ကံဟု မှတ်ယူပါ။ သုဂတိဘုံဘဝတို့၌ နှိပ်စက်မှု ဥပပီဠကကံနှင့် သတ်ဖြတ်မှု-ဥပဃာတကကံ နှစ်ပါးတို့ကိုတော့ အကုသိုလ်ကံဟု မှတ်ယူပါ။

ဒုဂ္ဂတိဘုံဘဝတို့၌ ထောက်ပံ့တတ်သော ဥပထမ္ဘကကံကို အကုသိုလ်ကံဟု မှတ်ယူပါ၊ ဒုဂ္ဂတိဘုံဘဝတို့၏ အကျိုးပေးနေသော အကုသိုလ်ကံကို နှိပ်စက်မှု၊ဥပပီဠကကံနှင့် သတ်ဖြတ်မှု-ဥပဃာတက ကံနှစ်ပါးတို့ကို ကုသိုလ်ကံဟု မှတ်ယူပါ။ ထောက်ပံ့မှု၊ နှိပ်စက်မှု၊ သတ်ဖြတ်မှုဆိုသည်မှာလည်း သတ္တဝါကို ထောက်ပံ့မှု၊ နှိပ်စက်မှု၊ သတ်ဖြတ်မှုကို ဆိုလိုရင်းမဟုတ်ပါ။ကုသိုလ်ကံကိုအကုသိုလ်ကံကထောက်ပံ့နှိပ်စက်၊သတ်ဖြတ်မှု

အကုသိုလ်ကံကို ကုသိုလ်ကံက ထောက်ပံ့နှိပ်စက် သတ်ဖြတ်မှုတို့ကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ ထောက်ပံ့မှုဆိုရာ၌ပေါင်း၍ဆိုထားသော်လည်း ကုသိုလ်ကံက ကုသိုလ်ကံကို ထောက်ပံ့၍ အကုသိုလ်ကံကို နှိပ်စက်၊ သတ်ဖြတ်သည်ဟု မှတ်ယူပါ။

သို့ဖြစ်၍ ကုသိုလ်ကံ-အကုသိုလ်ကံတို့က ပြုလုပ်သောအမှုကိစ္စတို့သည်–

၁။ အကျိုးဝိပါက်ကိုဖြစ်စေမှု ဇနကကံ၊
၂။ ကံတစ်ပါးကို ထောက်ပံ့မှု ဥပတ္ထမ္ဘကကံ၊
၃။ ကံတစ်ပါးကို နှိပ်စက်ဖျက်ဆီးမှု ဥပပီဠကကံ၊
၄။ ကံတစ်ပါးကိုသတ်ဖြတ်မှု ဥပဃာတကကံ

ဟု ကံတရားတို့ကို ကိစ္စအားဖြင့် လေးမျိုး လေးစား ခွဲခြားပြဆိုရာ၌ ဇနကကံသည် ဖြစ်စေအပ်သော ကံ့-ကံ၏ အကျိုးတရားတို့ကို ဥပတ္ထမ္ဘကကံထောက်ပံ့သည် ဆိုရာဝယ် ကံတရားကို ပြုလုပ်စဉ်အခါမှာ အားနည်းလှပါသော်လည်း နောင်အခါ အားကြီးသော ကုသိုလ်ကံ၏ ထောက်ပံ့မှုကိုသည်းကောင်း၊ အကုသိုလ်ကံ၏ ထောက်ပံ့မှုကို လည်းကောင်း၊ ရရှိလာခဲ့သည်ရှိသော် အလွန်အား ရှိ၍လာနိုင်ပါသည်။ သိစေပါဦးအံ့၊ ကံတရား၏အကျိုးတရားသည် ဝိပါကဖလခေါ်သော အကျိုးရင်း နိဿန္ဒဖလခေါ် အကျိုးဆက်ဟု နှစ်မျိုးရှိပါသည်။ ကံကို ပြုလုပ်သောသူအတွက် ကျရောက်ဖြစ်ပွား၍ အကျိုးပေးသောအရာကို ဝိပါကဖလခေါ် အကျိုး

ရင်းဟု မှတ်ယူပါ။ ဝိပါကဖလခေါ် အကျိုးရင်းသည် အခြား သူတို့နှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း မရှိပါ။ နိဿန္ဒဖလ ခေါ် အကျိုးဆက် အကျိုးဖျားသည်ကား ကံကိုပြုသူ မိမိနှင့် ဆက်စပ်ပတ်သက်သော သူတစ်ပါးတို့နှင့်လည်း သက်ဆိုင် ဆက်စပ်နိုင်ပါသည်။

သက်သေပြရန်မှာ အရှင်မဟာကဿပ၏ အာလောင်း နန္ဒရာဇ်မင်း၏ ကုသိုလ် အရှိန်ကြောင့် တစ်တိုင်းပြည်လုံး ချည်ငင်ခြင်း၊ ရက်ကန်းယက်ခြင်း အလုပ်မျိုးကို မလုပ်မကိုင် ရဘဲ နန္ဒရာဇ်မင်း၏ ဘုန်းကံကြောင့် မြေမှပေါ်ထွက်လာ သော ပဒေသာပင်တို့မှ နတ်ဝတ်၊ နတ်ပုဆိုးတို့ကို ရရှိ သုံးဆောင်ရခြင်းမျိုး။

သူဌေးတစ်ဦး၏အိမ်၌ ရွှေငွေအားလုံး မီးသွေးခဲတွေဖြစ် ကုန်ရာ ပေဿကာရီခေါ် သူငယ်မလေး၏ ဘုန်းကံကြောင့် ပကတိ ရွှေတုံးရွှေခဲတွေ ပြန်၍ ဖြစ်ခြင်းမျိုး၊ လောသက တိဿ၏ ပြုခဲ့သော မကောင်းမှု အကုသိုလ်ကံ အစွမ်းကြောင့် အိမ်ခြေတစ်ထောင်ရှိသော တံငါရွာ၌ ငါးဖမ်း၍ မရခြင်း၊ ခုနစ်ကြိမ်တိုင်အောင် မီးလောင်ခြင်း၊ ခုနစ်ကြိမ်တိုင်အောင် မင်းဒဏ်သင့်ခြင်း၊ နောက်ဆုံး အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးသည်ပင် ၎င်းနှင့်အတူ ဆွမ်းခံဝင်မိသဖြင့် ဆွမ်း တစ်ဇွန်းမျှ မရခြင်းမျိုး၊ မိတ္တဝိန္ဒက တစ်ယောက်အတွက် သင်္ဘောသားငါးရာ ပင်လယ်ပြင်မှာ သင်္ဘောရပ်နေ၍ ဆင်းရဲ

ပင်ပန်းခြင်းသို့ ရောက်ရခြင်းမျိုးတို့သည် နိဿန္ဒဖလ အကျိုး ဆက် အကျိုးဖျားများ ဖြစ်ပါသည်။

ဥပပိဋကကံ၏ ကံတစ်ပါးတို့ နှိပ်စက်မှုဆိုရာဝယ် မိမိမှ တစ်ပါးသော ဇနကကံကို အနိုင်အထက် အားနည်းအောင် နှိပ်စက်မှုပြုခြင်းပင် ဖြစ်ပါသည်။

ကံတို့မည်သည်မှာ ပြုလုပ်စဉ်အခါက အလွန်ပင် အား ကောင်းထက်သန် လှပါသော်လည်း နောင် အခါတွင် ဆန့်ကျင်ဘက်ဖြစ်သော ကံတစ်ပါး၏ နှိပ်စက်မှုကို ခံယူရ သည်ရှိသော် အားအစွမ်း ကုန်ခန်းခြင်းသို့ ရောက်ရပြန်ပါ သည်။ ဤသို့ ကံတစ်ပါး၏ နှိပ်စက်မှုကိုခံရသော် အထက်ဘုံ ဘဝ၌ အကျိုးပေးလတ္တံ့သည် ဖြစ်ပါသော်လည်း အောက်ဘုံ ဘဝတို့၌သာ အကျိုးပေးရ၏။ ( ဗိမ္ဗိသာရ မင်းကြီးကို ထောက်ပါ)။

ဘုန်းတန်ခိုးကြီးမားသော ဌာန၊ အမျိုးမြတ်သော ဘဝ၊ အသက်ရှည်၍ ဥစ္စာစည်းစိမ် ပေါများ ကြွယ်ဝသော အမျိုး တို့၌ အကျိုးပေးလတ္တံ့သည် ဖြစ်ပါသော်လည်း ဘုန်းတန်ခိုး ငယ်သောဌာန၊ အမျိုးယုတ်သောဘဝ။အသက်တို၍ စည်းစိမ် ဥစ္စာ နည်းပါးသော အမျိုးတို့၌သာ အကျိုးပေးကြပါသည်။

ယောကျ်ားဘဝ အကျိုးပေးလတ္တံ့ ဖြစ်ပါသော်လည်း မိန်းမဘဝ နပုန်းပဏ္ဍုက်ဘဝတို့၌ လည်းကောင်း၊ အဆင်း

လှသောဘဝ၌ အကျိုးပေးလတ္တံ့ ဖြစ်သော်လည်း အဆင်း မလှသောဘဝ၌လည်းကောင်း၊ အင်္ဂါကြီးငယ် စုံလင်သော ဘဝ၌ အကျိုးပေးလတ္တံ့ ဖြစ်ပါသော်လည်း စက္ခုချို့တဲ့ သော သူကန်းဘဝ၊ ဆွံ့အသော ဘဝတို့၌ အကျိုးပေးကြ ပါသည်။

ထို့အတူ ကံကိုပြုလုပ်စဉ်အခါမှာ အဝီစိငရဲကြီး၌ အကျိုး ပေးလတ္တံ့သော အကုသိုလ်ကံပင် ဖြစ်သော်လည်း နောင် အခါတို့၌ အားကြီးသောကုသိုလ် ဥပပိဠကကံ၏ နှိပ်စက်မှုကို ခံယူရသည်ရှိသော် အဝီစိငရဲကြီး၌ အကျိုးမပေးတော့ဘဲ ဥဿဒငရဲငယ် အကျိုးပေးရသော အဖကိုသတ်၍ ပိတုဃာ- တကကံကြီး ထိုက်နေသော အဇာတသတ် မင်းကြီးကို ထောက်ထား၍ သိရာ၏။ ဥပပိဠကကံ၏ နှိပ်စက်ပုံသဘောမှာ ကုသိုလ်ဇနကကံကြောင့် သုဂတိဘဝ၊ လူ၏ခန္ဓာကိုယ် ရရှိပါ သော်လည်း ပဋိသန္ဓေ အခါမှစ၍ ဘဝတစ်လျှောက်လုံး ထိုသူ၏ခန္ဓာကိုယ်၌ ရောဂါအန္တရာယ် များခြင်း၊ ရာထူး ဌာနန္တရ ယုတ်နိမ့်ဆုတ်ယုတ်ခြင်း၊ လယ်ယာဥယျာဉ်၊ ကျွဲ၊ နွားများပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြားခြင်း၊ သားမယား ဆွေမျိုးမိတ်ဆွေများ ပျက်စီးခြင်း စသော မကောင်းကျိုးတွေကို ရရှိနိုင်ခြင်းတို့သည် ဥပပိဠကကံ၏ သဘောပင်ဖြစ်ပါသည်။

အကုသိုလ်ဇနကကံကြောင့် ဒုဂ္ဂတိ တိရစ္ဆာန်အဖြစ်မျိုးသို့ ရောက်ရပါသော်လည်းပဋိသန္ဓေအခါမှစ၍ဘဝတစ်လျှောက်

အစာရေစာ ပြည့်စုံလုံလောက်ခြင်း၊ အများတို့၏ အရေးပေးမှု ရစိုက်မှု၊ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဖြစ်အောင် ပြုစုပေးမှု၊ ယုယကြင်နာမှုစသည်တို့ကို ရရှိနေခြင်းသည်လည်း ဥပပိဋ္ဌကကံ ကုသိုလ်ကံ၏ အစွမ်းပင် ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဥပဃာတကကံ၏ ကံတစ်ပါးနှင့်တစ်ပါး၏ အကျိုးတို့ကို အတင်းသတ်ဖြတ်ရာ၌ သိမှတ်ရန်သဘောမှာ သေခါနီးအခါတွင် ဒုဂ္ဂတိဘဝသို့ လားရောက်ရမည့် အကုသိုလ်ကမ္မနိမိတ်များ ထင်လာဆဲတွင် မိတ်ဆွေကောင်းများကြောင့် ဘုရားမှာ ပန်း ရေချမ်း ဆီမီးတို့ဖြင့် ပူဇော်စေသောကြောင့် ဒုဂ္ဂတိနိမိတ်များ ကွယ်ပျောက်လျက် သုဂ္ဂတိနိမိတ်များ ထင်လာကာ နတ်ပြည်သို့ ရောက်စေခဲ့၏။ (သောဏမထေရ်၏ဖခင် ဦးပဥ္စင်းကြီးဝတ္ထုကို ထောက်ပါ။)

သေခါနီးအခါတွင် ကုသိုလ်ကံ၏အစွမ်းကြောင့် သုဂ္ဂတိဘုံဘဝသို့ လားရောက်ရမည့် ကုသိုလ်ကမ္မနိမိတ်များ ထင်လာဆဲတွင် အကုသိုလ်ကံသည် ထင်ရှားရှေ့ရှု ထင်နေသော သုဂ္ဂတိနိမိတ်အာရုံကို ငယ်ဖျက်မြစ်တား၍ ဒုဂ္ဂတိနိမိတ်ကို ထင်စေ၏။ ချက်ချင်း အပါယ်ဘုံသို့ ရောက်သည်လည်း ရှိနိုင်ပါသည်။ (ဒုဋ္ဌဂါမဏိမင်းကြီးဝတ္ထုကို ထောက်၍ သိနိုင်ပါသည်။)

ဥပဃာတကကံသည် ကံတစ်ပါးကြောင့်ဖြစ်သော ခန္ဓာ အစဉ်ကို ရရှိနေစဉ် ဘုံဘဝဇာတ်တို့၌ အသက်တမ်းသည်

လည်းကောင်း၊ ဇနကကံ၏အစွမ်းသည်လည်းကောင်း၊ မကုန်သေးဘဲ ထင်ရှားရှိနေစဉ်မှာပင် ဥပဃာတကကံစွမ်းကြောင့် ပဋိသန္ဓေအခါမှာဖြစ်စေ၊ ဘဝတစ်လျှောက်လုံး အတွင်းမှာဖြစ်စေ တစ်ခုခုသော ရောဂါကြောင့်လည်းကောင်း၊ ဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ သူတစ်ပါးတို့၏ ပယောဂကြောင့် သေကြေ ပျက်စီးရခြင်းတို့သည် ဥပဃာတကကံက ထပ်၍ ဖြတ်တောက်သည်ဟု ဆိုနိုင်ပါသည်။

ကံတို့သည် ကိစ္စအားဖြင့် လေးမျိုးလေးစား ရှိသည်ကို ညွှန်ပြပြီး၍ ယခု အခါ ကုသိုလ်ကံ - အကုသိုလ်ကံ တရားတို့၏ အကျိုးပေးပုံ အလှည့်အကြိမ်အားဖြင့် လေးမျိုးလေးစား ခွဲခြားထားရှိပုံများကို ဆက်၍ညွှန်ပြပါအံ့။

ကံတရားတို့၏ အကျိုးပေးပုံ အလှည့်အကြိမ် အားဖြင့် လေးမျိုးလေးစား ခွဲခြားထားရှိပုံမှာ ၁။ ဂရုကံ၊ ၂။ အာသန္နကံ၊ ၃။ အာစိဏ္ဏကံ၊ ၄။ ကဋတ္တာကံဟု လေးမျိုးလေးစား ခွဲခြားထားပါသည်။

ဂရုကံဆိုသည်မှာ ကံတစ်ပါးပါးက တားဆီး၍ မရနိုင်လောက်အောင်ကြီးလေးသော အကျိုးကို ပြုတတ် ပေးတတ်သော ကုသိုလ်-အကုသိုလ်ကံကို ဂရုကံဟုခေါ်ဆိုရပါသည်။ ကုသိုလ်ကံအရာ၌ မဟဂ္ဂုတ်ကုသိုလ်ကံခေါ်သောစျာန်ကုသိုလ်များကို ကုသိုလ်ဂရုကံဟုခေါ်ဆိုရ၍ အကုသိုလ်ကံအရာဝယ်

အပြစ်ကြီးမားလှသောအနန္တရိယကံများကို အကုသိုလ်ဂရုကံဟု ခေါ်ဆိုရပါသည်။

အခြားသော ကံတစ်ပါးပါးက မတားဆီးနိုင်သဖြင့် သေသည်၏အခြားဌ် မလွဲမသွေ အမြဲအကျိုးပေးသော ကံကို ဂရုကံဟု ခေါ်ဆိုရပါသည်။ မဟဂ္ဂုတ်ကံခေါ် ဈာန်ကုသိုလ် နှစ်ပါး သုံးပါး စသည်ရရှိသောအရာ၌ အထက် ဈာန်က အောက်ဈာန်များကို လွှမ်းမိုး၍ အကျိုးပေးပါသည်။

အကုသိုလ်ဂရုကံခေါ် အနန္တရိယကံများ နှစ်ခု သုံးခု လေးခု ငါးခု ပြုမိရာ၌ ထက်မြက်သော ဂရုကံ တစ်ခုခုက လွှမ်းမိုး၍ အကျိုးပေးပါသည်။

အကုသိုလ်ဂရုကံခေါ် အနန္တရိယကံများကား ၁။ အမိကို သတ်မှုစေတနာ၊ မာတုဃာတကကံ ၂။ အဘကို သတ်မှုစေတနာ၊ ပိတုဃာတကကံ ၃။ ရဟန္တာကို သတ်မှု စေတနာ၊ အရဟန္တဃာတကကံ ၄။ သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားကိုသွေးစိမ်းတည်အောင်ပြုလုပ်မှုစေတနာ၊ လောဟိတုပ္ပါဒကံ ၅။ သံဃာအချင်းချင်း သံဃာကိုသင်းကွဲအောင်သင်းကွဲကြောင်း စေတနာ၊ သံဃဘေဒကကံ ၆။ လျှုလျှင် အကျိုးမရှိ၊ နောင်ဘဝမရှိ စသည်ဖြင့် စွဲမြဲ၍ ယူအပ်သောအယူမျိုးရှိသည့် နိယတမိစ္ဆာဒိဋ္ဌိ မနောကံ။ ဤခြောက်မျိုးသောကံတို့တွင် တစ်ပါးပါးကိုလွန်ကျူးမိလျှင်သေသည်၏အခြားမဲ့၌

အခြား ကံတစ်ပါးပါးက မတားဆီးနိုင်ဘဲ ဒုတိယ ဘဝတွင် ကေန်ဝေ့ရဲ့ဥဖြစ်ရန် အကျိုးပေးမည်သာ ဖြစ်ပါသည်။

ပထမစျာန်·ဒုတိယစျာန်စသော မဟဂ္ဂုလ်ကုသိုလ် ဂရုကံ များသည်လည်း သေသည်၏ အခြားမဲ့၌ ကံတစ်ပါးပါးက မတားဆီးနိုင်ဘဲ ဒုတိယဘဝတွင် ကေန်ဆိုင်ရာ ဗြဟ္မာဘုံ၌ဖြစ် ရန်အကျိုးပေးမည်သာ ဖြစ်ပါသည်။

အာသန္နကံဆိုသည်မှာ သေခါနီးမှာပြုသော ကုသိုလ် အကုသိုလ်ကံနှင့် မသေမီကပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံ ကံတို့ကို သေခါနီးမှာ ပြန်လည်သတိရသော ကံမျိုးကို ခေါ် ဆိုပါသည်။

အာစိဏ္ဏကံဆိုသည်မှာ ဝါသနာစရိုက် အထုံလိုက်၍ နေ့ ရှည်လများ အမြဲမပြတ် ပြုအပ်သော ဒါန၊ သီလ စသော ကုသိုလ်ကံမျိုး၊ သူ့အသက်ကို သတ်၍ လည်းကောင်း၊ သူ့ဥစ္စာကိုခိုး၍လည်းကောင်း အမြဲမပြတ် အသက်မွေးမှုမျိုး တစ်ကြိမ်တစ်ခါမျှပင် ပြုဖူးသော်လည်း ထိုမိမိပြုမိသည်ကို ထပ်ခါထပ်ခါ သတိရကာ ဝမ်းမြောက်မှုကို ဖြစ်စေတတ် သော ကံမျိုးကိုလည်းကောင်း၊ နောင်တစ်ဖန် ပူပန်မှုကို ဖြစ် စေတတ်သောကံမျိုးကိုလည်းကောင်း အာစိဏ္ဏကံဟု ခေါ် ဆိုပါသည်။

ကဋတ္တာကံဆိုသည်မှာ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ သုံးမျိုးတို့မှ လွတ်မြောက်သော ရှေးရှေးဘဝတို့က ကမ္မပထ

မြောက်အောင် ပြုခဲ့သောကံများနှင့် ယခုဘဝတွင် အမှတ်တမဲ့ပြုမိသော ကမ္မပထမြောက်သော ကံများသည် ဂရုကံလည်း မဟုတ်၊ အာသန္နကံလည်း မဟုတ်၊ အာစိဏ္ဏကံလည်း မဟုတ်သောကံများကို ကဋတ္တာကံဟု ခေါ်ဆိုပါသည်။

သနုပြဆိုပြီးသော ကံလေးမျိုးတို့သည်ပုဂ္ဂိုလ်တစ်ယောက်၌ ကံလေးမျိုးစလုံး ရှိနေပါလျှင် ဂရုကံသည် အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးပါသည်။ ထိုဂရုကံ မရှိခဲ့ပါလျှင် အာသန္နကံသည် အကျိုး ပေးခွင့် ရပါသည်။ ထိုအာသန္နကံမရှိပါလျှင် အာစိဏ္ဏကံက အကျိုးပေးခွင့် ရပါသည်။ ထိုအာစိဏ္ဏကံမရှိပါလျှင် ကဋတ္တာကံက အကျိုးပေးခွင့် ရပါသည်။

ထိုကံလေးမျိုးတို့တွင် ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ သုံးမျိုးတို့သည် ယခုလက်ရှိဘဝ၌ ပြုအပ်သော ကံများဖြစ်ပါသည်။ ကဋတ္တာကံကတော့ ယခုလက်ရှိဘဝ၌ အမှတ်တမဲ့ပြုမိ၍ ဂရုက၊ အာသန္န၊ အာစိဏ္ဏအဖြစ်သို့ မရောက်သောကံနှင့် ရှေးရှေးဘဝတို့၌ ပြုခဲ့ပြီးသောကံများကို ခေါ်သည်ဟု မှတ်ယူပါ။ သို့ကြောင့် မည်သူမဆို ကဋတ္တာကံနှင့် မကင်းနိုင်ကြပေ။ သို့ကြောင့် ဂရုကံစသောရှေးကံသုံးပါးမရှိပါလျှင် ဤကဋတ္တာကံသည်ပင် ပဋိသန္ဓေအကျိုးကို ပေးလေသည်ဟု မှတ်ယူပါ။

သိစေလိုသည်မှာဒုတိယဘဝအတွက် လားရာဂတိကောင်းဖို့ရန်မှာ ယခုဘဝက အားရပါးရ ထူထောင်ထားသော ကံတို့၏ လက်ချက်သာ ဖြစ်ပါသည်ဟု သဘောကျ၍ ဒုတိယ

ဘဝ၌အားရကျေနပ်နိုင်မည့် ပဋိသန္ဓေကို ရရှိဖို့ရန် ယခုနှယ်က ကုသိုလ်တရား များများရရှိဖို့ ကြိုးစားကြပါလေ။ [ဘဝ ကောင်းစားရေး အတွက်သာ ပြဆိုချက် ဖြစ်ပါသည်။ ဘဝ လွတ်မြောက်ရေးအတွက်မဟုတ်ပါ။]

တစ်ဖန်–အကျိုးပေး ရာဌာန၏ အစွမ်းအားဖြင့်လည်း ကံ လေးမျိုးလေးစားရှိသည်ကို ခွဲခြား၍ ညွှန်ပြထားပါသည်။

အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံလေးမျိုးလေး စား ခွဲခြားထားရှိပုံမှာ—

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ၂။ ဥပပဇ္ဇဝေဒနီယကံ၊ ၃။ အပရာပရိယဝေဒနီယကံ၊ ၄။ အဟောသိကံဟု ကျမ်းစာ တို့၌ အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံလေးမျိုး လေးစား ခွဲခြားပြဆိုထားပါသည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ ဆိုသည်မှာ ယခုလက်ရှိ မျက်မှောက် ဘဝ၌ ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်သော ကုသိုလ် အကုသိုလ်စေတနာကို ခေါ်ဆိုပါသည်။

ပုဏ္ဏာအမည်ရှိသော ဆင်းရဲသား ဇနီးမောင်နှံ တို့သည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ဆွမ်းလှူဒါန်းရသော ကောင်းမှုကုသိုလ်ကံကြောင့် ချက်ချင်း သူဌေးကြီးဖြစ်အောင် အကျိုးပေးသော ကုသိုလ်ကံမျိုး၊ ကာကဝလ္လိယ ဇနီးမောင်နှံ

တို့သည် အရှင်မဟာကဿပမထေရ်မြတ်ကြီးကိုဆွမ်း လှူဒါန်းရသော ကောင်းမှုကုသိုလ်ကံကြောင့် ယခုဘဝ မျက်မှောက်တွင်ချက်ချင်းသူဌေးကြီးဖြစ်အောင်အကျိုးပေးသောကံမျိုး။

နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမကို မတရားပြုကျင့်မှုမကောင်းမှု အကုသိုလ်ကံကြောင့် ယခုဘဝမျက်မှောက်တွင်ချက်ချင်း မြေမျိုခံရသော အကုသိုလ်ကံမျိုး၊ စေတီယမင်းသည် မုသားစကားပြောဆိုမိသော ဝစီကံ အကုသိုလ်ကြောင့် မျက်မှောက်ဘဝတွင် ချက်ချင်း မြေမျိုခံရသော အကုသိုလ်ကံမျိုး၊ သုပ္ပဗုဒ္ဓမင်းသည် ရှင်တော်ဗုဒ္ဓကို ပြစ်မှားမိ၍ ချက်ချင်းမြေမျိုခံရသော အကုသိုလ်ကံမျိုး။

နန္ဒအမည်ရှိသောနွားသတ်သမားသည် အမြဲနွားကိုသတ်၍ အသက်မွေးပါသည်။ တစ်နေ့၌ ထမင်းပွဲတွင် အမဲသားဟင်းမပါသောကြောင့် အရှင်လတ်လတ် နွား၏လျှာကို လှီးဖြတ်၍ကင်စားနေတုန်းမှာပင် လျှာပြတ်ကျသောအကုသိုလ်ကံမျိုးတို့ကို ယခုမျက်မှောက်ဘဝတွင် ဒိဋ္ဌချက်ချင်း ကောင်းကျိုးမကောင်းကျိုးတို့ကို ပေးစွမ်းနိုင်သောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်ဆိုရပါသည်။

ဒိဋ္ဌဓမ္မဝေဒနီယ-ကံသည် ယခု မျက်မှောက် ဘဝ၌သာ ချက်ချင်းသူဌေးအဖြစ်မှ ချက်ချင်းမြေမျိုမှု လျှာပြတ်ကျမှုစသောအကျိုးအပြစ်တို့ကိုပေးစွမ်းနိုင်၍ နတ်ပြည် နတ်စည်းစိမ်မျိုး၊ ငရဲနှင့်ငရဲကျမှု ဒုက္ခမျိုးတွေကို ပေးစွမ်းနိုင်ခြင်းမရှိ

ပါ။ လူ့ဘဝသူဌေးအဖြစ်နှင့်နတ်ပြည်နတ်စည်းစိမ်တို့ကို ယှဉ်ကြည့်ပါလျှင် အလွန်အလွန် ကွာခြားလှပါသည်၊ ဤလူ့ဘဝတွင် မြေမျိုခံရမှု၊ လျှာပြတ်ကျမှုတို့နှင့် ငရဲဘဝနှင့်ငရဲကျ မှုဒုက္ခတို့ကို ယှဉ်ကြည့်ပါလျှင်လည်း အလွန်အလွန် ကွာခြား လှပါသည်။

ပဋိသန္ဓေအသစ်ထူထောင်၍ နတ်ပြည်၌ နတ်စည်းစိမ်တို့ကိုရရှိ ဖြစ်ပေါ်မှု၊ ငရဲ၌ငရဲဒုက္ခတို့ကို ရရှိဖြစ်ပေါ်မှု တို့သည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးမဟုတ်ပါ။ ဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံနှစ်မျိုးတို့တွင် ကံတစ်မျိုး-တစ်မျိုး၏အကျိုးသာဖြစ်ပါသည်။ သို့ကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယ ဝေဒနီယကံတို့ကဲ့သို့ ထက်သန်အားရှိသော သဟိတ်ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်ဘဲ မျိုးစေ့ရဖို့ရန်အသီးမသီးသော အပွင့်မျှသာပွင့်သကဲ့သို့အစွမ်းသတ္တိမရှိသောအဟိတ်ဝိပါက်ဖြစ်သည့် ပဝတ္တိကျိုးမျှကိုသာ ပေးစွမ်းနိုင်ပါသည်။

ဤ အဟိတ်ဝိပါက်ပဝတ္တိအကျိုး ကလေးမျှ ကိုပင် အထောက်အပံ့များစွာ ရရှိစုံညီမှ ဒိဋ္ဌဓမ္မ အကျိုးပေး နိုင်ပါသည်။

အနည်းငယ်ချဲ့ပါဦးမည် -

ကုသိုလ်ကံ-အကုသိုလ်ကံတို့ဖြစ်ရာ၌ စိတ်၏ အရှိန်အဟုန်သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ပါသည်။ ရေလှိုင်းဖြစ် ရာတွင်

ပထမရေလှိုင်းစသည်ဖြင့် ရေလှိုင်းခုနစ်ဆင့်ဖြစ်ရာ ပထမရေလှိုင်းသည် ရှေးဦးစွာ ဖြစ်ပေါ်ရ၍ အရှိန်အဟုန်အားမကောင်းလှပါ။ သတ္တမရေလှိုင်းသည် ပထမရေလှိုင်း၊ ဒုတိယရေလှိုင်း စသည်တို့၏ အရှိန်အဟုန်တို့ကို ရရှိသောကြောင့် ပထမရေလှိုင်း စသည်တို့ထက် ပိုမိုအားကောင်းသကဲ့သို့ ကုသိုလ်-အကုသိုလ်ကံတို့ဖြစ်ရာမှာလည်း စိတ်၏အရှိန်အဟုန်တို့သည် ခုနစ်ကြိမ်အတိုင်တိုင် ဖြစ်ပေါ်လာရာ ပထမစိတ်၏အရှိန်အဟုန်သည်ပထမဦးစွာစ၍ ဖြစ်ရသောကြောင့် အခြားသောစိတ်တို့၏ အရှိန်အဟုန်တို့ကို မရရှိနိုင်သည့်အတွက် အရှိန်အဟုန်အားမကောင်းလှပါ။ သတ္တမမြောက်ဖြစ်သော စိတ်၏အရှိန်အဟုန်သည် ပထမစိတ်၊ ဒုတိယစိတ်စသည်တို့၏ အရှိန်အဟုန်တို့ကိုရရှိသောကြောင့်ပထမစိတ် စသည်တို့ထက် အရှိန်အဟုန် ပိုမိုအားကောင်းပါသည်။

ကုသိုလ်စိတ်အကုသိုလ်စိတ်တို့ဖြစ်ရာ၌စိတ်၏အရှိန်အဟုန်တို့ ခုနစ်ကြိမ်ဖြစ်ရာတွင် ပထမစိတ်၏အရှိန်အဟုန်ကို ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်ဆိုရ၍ ထက်မြက်သော ပဋိသန္ဓေအကျိုးကို မပေးနိုင်ဘဲ ယခုမျက်မှောက်ဘဝတွင်သာ ကောင်းကျိုးဆိုးပြစ်ကို ဖြစ်စေပါသည်။

အားအကောင်းဆုံးဖြစ်သောသတ္တမစိတ်၏အရှိန်အဟုန်ကို ဥပပဇ္ဇဝေဒနီယကံဟု ခေါ်ဆိုရ၍ အခြားမဲ့ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးနှင့် ဘဝတစ်လျှောက် ကောင်းကျိုးဆိုးပြစ် တို့ကို ဖြစ်စေနိုင်ပါသည်။

ပထမစိတ်နှင့်သတ္တမစိတ်တို့မှတစ်ပါးသော ဒုတိယစိတ်မှ ဆဋ္ဌမစိတ်တိုင်အောင် ငါးကြိမ်သောစိတ်တို့၏ အရှိန်အဟုန်တို့ကို အပရာပရိယဝေဒနီယကံဟု ခေါ်ဆိုရ၍ တတိယဘဝမှစပြီးလျှင်နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင်ပဋိသန္ဓေ အကျိုးနှင့် ဘဝတစ်လျှောက်လုံး၊သံသရာတစ်လျှောက်လုံးကောင်းကျိုးဆိုးပြစ်တွေကို ဖြစ်စေနိုင်ပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာ၌ကား ကုသိုလ် အကုသိုလ်စိတ်တို့၏အရှိန်အဟုန် ခုနစ်ကြိမ်တို့ တွင် ပထမစိတ်၏အရှိန်အဟုန်မှစ၍ တတိယစိတ်၏ အရှိန်အဟုန် တိုင်အောင်တက်ခဲ့၍ပဉ္စမ၊ဆဋ္ဌမ၊သတ္တမ စိတ်၏ အရှိန်အဟုန် တို့သည် ကျသော အရှိန်အဟုန်တို့ဖြစ်သည်။အလယ်ဖြစ်သော စတုတ္ထစိတ်၏အရှိန်အဟုန်သည်အထွတ်အထိပ်သို့ရောက်သော ကြောင့်အားရှိ၏ဟုမိန့်တော်မူပါသည်။စိတ်၏အရှိန်အဟုန်တို့ အားရှိအားမဲ့ရာကိုပြရာ၌ ပထမစိတ်၏ အရှိန်အဟုန်သည်မှီရာ အရှိန်အဟုန်မရှိ၍ အားနည်းသည်။သတ္တမစိတ်၏အရှိန်အဟုန် သည် မှီရာအဟုန်တို့ကိုရရှိပါသော်လည်းအရှိန်အဟုန်ကုန်ဆုံး ပြတ်စဲရာဌာနတွင်ဖြစ်ရ၍ အားနည်းပြန်သည်။ အလယ်ဖြစ် သော စိတ်၏အရှိန်အဟုန်ငါးချက်တို့သည်သာအားရှိကြကုန် ၏ဟုမိန့်တော်မူပါသည်။

အကျိုးပေးရာ၌လည်း ပထမစိတ်၏ အရှိန်အဟုန်သည် အချင်းခပ်သိမ်းမှီရာအရှိန်အဟုန်ကို မရသောကြောင့်အကျိုး ပေး အားနည်း၏။ ယခုဘဝ၌သာ အကျိုးပေးနိုင်၏။

သတ္တမစိတ်၏အရှိန်အဟုန်သည် မိုရာအရှိန်အဟုန်များကို ရရှိပါသော်လည်း အဆုံးသတ်အားနည်းလှသော အရှိန်အဟုန်ကုန်ဆုံးပြတ်စဲရာတွင် ဖြစ်ရသောကြောင့် အားနည်းသဖြင့် ဒုတိယဘဝတွင်သာ အကျိုးပေးနိုင်၏။

အလယ်ဖြစ်သောစိတ်တို့၌ အရှိန်အဟုန်ငါးချက်တို့သည် အရှိန်အဟုန်မိုရာတို့ကို ကောင်းစွာရရှိသောကြောင့် တတိယဘဝမှစ၍ သံသရာတစ်လျှောက်လုံးနိဗ္ဗာန်ရသည့် တိုင်အောင် အမှတ်မရှိ တစ်ပါးပါးသောဘဝ၌ အကျိုးပေးနိုင်၏ဟု မိန့်ဆိုတော်မူသည်။

ယခု ညွှန်ပြခဲ့သည့် နည်းအတိုင်း ပထမစိတ်၏ အရှိန်အဟုန်ဖြစ်သော ဒိဋ္ဌဓမ္မဝေဒနီကကံသည် ရှေးရှေးစိတ်တို့၏ အရှိန်အဟုန်တို့ ကံကျေးဇူးပြုမှုကို မခံရသည့်အတွက် အလွန့်အလွန် အရှိန်အဟုန်အား သေးလေသောကြောင့် ကုသိုလ်အရာမှာ ဆန့်ကျင်ဘက် အကုသိုလ်တရားက မလွှမ်းမိုးမနှောင့်ယှက်၊ မနှိပ်စက်ပါမှ အကုသိုလ်အရာမှာ ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်တရားက မလွှမ်းမိုး မနှောင့်ယှက် မနှိပ်စက်ပါမှ—

အကြောင်း အထောက်အပံ့ ၁၂ထူးဖြင့် ရအပ်သော အကြောင်းထူးလည်းရှိပါမှ ကုသိုလ်အရာတွင် သမ္ပတ္တိတရား လေးပါး၊ အကုသိုလ်အရာတွင် ဝိပတ္တိတရား လေးပါး အထောက်အပံ့ကို ရပါမှဟု ဆိုလိုသည်။

ဆန္ဒ-ဝီရိယ-စိတ္တ-ပညာရှိလျှင် ဘယ်အရာမဆို ဖြစ်ရမည်ဟု နောက်စိတ်ထက်သန်အောင် ရှေ့စိတ်က ပြုပြင်ပေးမှု၏ အစွမ်းသတ္တိကြောင့် လွန်ကဲသော သတ္တိလည်း ရှိပါမှ၊ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုမျက်မှောက်ဘဝ၌ အကျိုးပေးနိုင်ပါသည်။ ထို့ပြင် ''ဂုဏ ဝိသေသ-ယုတ္တေသု-ဥပကာရပကာရ-ဝသပ္ပဝတ္တိယာ'' ဟု ဆိုသောကြောင့် ဂုဏ်အထူးနှင့် ယှဉ်သော ဘုရားရဟန္တာ အနာဂါမ်စသော ပုဂ္ဂိုလ်တို့၏ ကျေးဇူးပြုခြင်း ကျေးဇူးမဲ့ကိုပြုခြင်းအစွမ်းဖြင့်လည်းဖြစ်ပါမှ ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်များ၌ ကောင်းမှု၊ မကောင်းမှုကိုပြုတဲ့ စေတနာမျိုးသာ ဒိဋ္ဌဓမ္မအကျိုးကို ပေးပါသည်။

ဤသို့လျှင် ပဌမစိတ်၏ အရှိန်အဟုန်ဖြစ်သော ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုမျက်မှောက် ပဝတ္တိအကျိုး ကလေးကိုပင် အကြောင်းအထောက်အပံ့တွေ အတော်စုံညီမှ ပေးစွမ်းနိုင်ပါသည်။

ဓမ္မပဒအဋ္ဌကထာမှာလည်း ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးနိုင်လောက်သော အင်္ဂါတို့ကို ညွှန်ပြရာ၌=

၁။ ဝတ္ထုသမ္ပဒါခေါ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ အလှူခံပုဂ္ဂိုလ်ဟူသော ဝတ္ထုနှင့် ပြည့်စုံရခြင်း။

၂။ စေတနာသမ္ပဒါခေါ် အလှူရှင်က စေတနာသုံးတန် ထက်သန်ခြင်း။

၃။ ပစ္စယသမ္ပဒါခေါ် တရားသဖြင့်ရှာဖွေ၍ရအပ်သော လှူဖွယ်ဝတ္ထုဖြစ်သဖြင့် ပစ္စည်း၏ ပြည့်စုံခြင်း။

၄။ ဂုဏာတိရေကသမ္ပဒါခေါ် အလှူခံပုဂ္ဂိုလ်က နိရောဓ သမာပတ်မှ ထပြီးကာစဖြစ်၍ လွန်ကဲသော ဂုဏ်ထူးနှင့် ပြည့်စုံခြင်း–

ဟု ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်ဖို့ရန် အကြောင်းအင်္ဂါလေးမျိုးတို့ကို ပြဆိုပါသေးသည်။ ထို အကြောင်းအင်္ဂါ လေးမျိုးတို့သည် ဒါနကုသိုလ် စေတနာ၏ ဒိဋ္ဌဓမ္မအကျိုး ပေးရာ၌သာ သက်ဆိုင်ပါသည်။ အခြားသောကုသိုလ် အကုသိုလ်ကို ဒိဋ္ဌဓမ္မ အကျိုး ပေးရာ၌ မသက်ဆိုင်ဟု မှတ်ယူပါ။

ဥပပဇ္ဇဝေဒနီယကံ ဆိုသည်မှာ အထက်ကညွှန်ပြခဲ့သော ကုသိုလ် အကုသိုလ်စိတ်တို့၏ အရှိန်အဟုန် ခုနစ်ကြိမ်တို့တွင် သတ္တမမြောက်ဖြစ်သော စိတ်၏ အရှိန်အဟုန်ကို ဥပပဇ္ဇဝေဒနီယကံဟု ခေါ်ဆိုရပါသည်။ ထိုဥပပဇ္ဇဝေဒနီယကံသည် အခြားမဲ့ ဒုတိယဘဝတွင် အစဦးစွာဖြစ်သော ပဋိသန္ဓေအကျိုးနှင့် ထိုဘဝ တစ်လျှောက်လုံးအတွက် ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ဖြစ်စေနိုင်ပါသည်။

အပရာပရိယဝေဒနီယကံ ဆိုသည်မှာ အထက်က ညွှန်ပြခဲ့သော ကုသိုလ်၊ အကုသိုလ်စိတ်တို့၏အရှိန်အဟုန် ခုနစ်ကြိမ်တို့တွင် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမဖြစ်သော ကုသိုလ် အကုသိုလ် စိတ်တို့၏ အရှိန်အဟုန် ငါးကြိမ်ကို

အပရာပရိယာဝေဒနီယကံဟု ခေါ်ဆိုရပါသည်။ ထိုအပရာပရိယာဝေဒနီယကံသည် နောက်က ညွှန်ပြခဲ့သည့်အတိုင်း တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် ပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးတို့ကို ပေးစွမ်းနိုင်ပါသည်။ ဤနေရာ၌ ပဋိသန္ဓေအကျိုးကို တစ်ကြိမ်သာ ပေးစွမ်းနိုင်၍ ပဝတ္တိအကျိုးကိုကား နိဗ္ဗာန်ရသည်တိုင်အောင်ပေးစွမ်းနိုင်ပါသည်။ ကုသိုလ် အကုသိုလ် စေတနာတစ်ခုသည် တစ်ခုသောပဋိသန္ဓေကျိုးကိုသာ ဖြစ်စေပါသည်။ ပဝတ္တိအကျိုးကိုကား သံသရာတစ်လျှောက်လုံး ပေးစွမ်းနိုင်ခွင့် ရှိပါသည်။

ကုသိုလ်အကုသိုလ်ကံတို့၏အကျိုးပေးရာ နယ်အပိုင်းအခြားမှာ မျက်မှောက်ဘဝသည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ နယ်ဖြစ်ပါသည်။

ဒုတိယဘဝသည် ဥပပဇ္ဇဝေဒနီယကံ၏ နယ်မြေဖြစ်ပါသည်။

တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် သံသရာတစ်လျှောက်လုံးသော ဘဝတို့သည် အပရာပရိယဝေဒနီယကံ၏ နယ်ဖြစ်သည်။

ဤကံသုံးပါးတို့သည် ဌာနပြောင်းရွှေ့၍ အကျိုးပေးခြင်း မရှိကြပါ။ မိမိတို့ဆိုင်ရာ နယ်တို့၌သာလျှင် တည်ရှိကြ၏ဟု အဂ္ဂုတ္တိုရ်အဋ္ဌကထာ၌ မိန့်ဆိုပါသည်။ သို့ကြောင့် ထိုကံ

သုံးပါးတို့သည် မိမိတို့ဆိုင်ရာဌာန နယ်တို့၌သာ အကျိုး ပေးနိုင်သည်ဟု မှတ်ယူရန်ဖြစ်ပါသည်။

အဟောသိကံဆိုသည်မှာ....

အဟောသိ– ကမ္မံ– နာဟောသိကမ္မဝိပါကော– အဟော သိကမ္မံ– နတ္ထိကမ္မဝိပါကော– အဟောသိကမ္မံ– နဘဝိဿတိ ကမ္မဝိပါကော စသော ပဋ္ဌာနသမ္ဘိဒါမဂ် ပါဠိတော်ကိုအမှီပြု၍ အဋ္ဌကထာဆရာကြီးများ သုံးစွဲထားသောအမည်ဖြစ်ပါသည်။ ဤ အဟောသိကံသည် ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်သော ကံမဟုတ်ဟု ဆိုလိုပါသည်။

ပါဠိတော်၌ ကံတော့ဟုတ်ပါ၏၊ အကျိုးဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ မဟုတ်ဟုဆိုလိုပါသည်။ ကံတော့ဟုတ်ပါ၏။ ကံ၏ အကျိုးကိုအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကျိုးမဖြစ်ပါ။ ဘယ်တော့မှ အကျိုးမပေးသည်ကို အဟော သိကံဟု ခေါ်ဆိုရပါသည်။

ထင်ရှားစေရန်မှာ ပစ္စုပ္ပန်ဘဝ၌ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင် လောက်သော ဒိဋ္ဌဓမ္မဝေဒနိယကံတွေကို များစွာအားထုတ် ထားပါသော်လည်း ကံတစ်ခုက ဒိဋ္ဌဓမ္မအကျိုးကိုပေးပြီးလျှင် ကျန်တဲ့ဒိဋ္ဌဓမ္မဝေဒနိယကံတို့သည် ဒိဋ္ဌဓမ္မအကျိုးကိုမပေးနိုင် ကြတော့ဘဲ အဟောသိကံများ ဖြစ်သွားရပါသည်။

ဥပပဇ္ဇဝေဒနိယ ကံတွေကို များစွာအားထုတ်ထားပါ သော်လည်း ကံတစ်ခုက ဒုတိယဘဝမှာ အကျိုးပေးပြီးပါ

လျှင် ကျန်သောကံများက ပဋိသန္ဓေအကျိုးကို မပေးနိုင်တော့ပါ။ ပဝတ္တိအကျိုးကိုတော့ ပေးပါသေးသည်။ ပဝတ္တိအကျိုးကို မပေးတော့ပါလျှင် အဟောသိကံများ ဖြစ်သွားပါတော့သည်။

ပဥ္စာနန္တရိယ ကံကြီးငါးပါးစလုံးတို့ကို လွန်ကျူးမိရာ၌ သတ္တိအထက်မြက်ဆုံးဖြစ်သော သံဃာကိုခွဲခြားသော သံဃဘေဒကကံက အခြားမဲ့ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးပါသည်။ ကြွင်းသောကံများကား အဟောသိကံများ ဖြစ်သွားကြပါသည်။

ဈာန်သမာပတ်ရှစ်ပါးစလုံးတို့ကို ရရှိထားရာ၌ တစ်ပါးသောသမာပတ်ကုသိုလ်က ပဋိသန္ဓေအကျိုးကို ပေးပါလျှင် ကျန်သော သမာပတ်များအဟောသိကံ ဖြစ်ကြရပါသည်ဟု ဉာဏဝိဘင်းအဋ္ဌကထာ မိန့်ဆိုတော်မူချက်အရ အဟောသိကံကို မှတ်ယူရန်ဖြစ်ပါသည်။

အချုပ်ဆိုလိုရင်းမှာ ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝမှာ ဒိဋ္ဌဓမ္မအကျိုးကို မပေးပါလျှင် အဟောသိကံ ဖြစ်ပါသည်။

ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပဝတ္တိကျိုးများကိုပေးနိုင်ပါလျှင် အဟောသိကံ ဖြစ်ပါသည်။

အပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သံသရာတစ်ခွင်၌ အကျိုးပေးခွင့်ကို မရရှိခဲ့ပါလျှင် အဟောသိကံ ဖြစ်ပါသည်။

ယခုညွှန်ပြခဲ့သောကံအမျိုးအစားတို့တွင် အဟောသိကံမှ တစ်ပါးသော ကံတို့သည် မိမိတို့ဆိုင်ရာကိစ္စ ကာလ၊ ဌာနတို့အားလျော်စွာ ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်ကြရာ၌ ကံ၏ သတ္တိစွမ်းရည်ရှိမှသာ ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်ကြပါသည်။ ကံ၏သတ္တိစွမ်းရည် မရှိခဲ့သော် မိမိတို့၏ ကိစ္စကာလဌာနတို့၌ ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်ခြင်း မရှိကြတော့ပါ။ ကံတရားတို့သည် ဘုံဘဝအသီးသီးတို့၌ မိမိတို့၏ကိစ္စ ကာလ ဌာန အားလျော်စွာကောင်းကျိုး မကောင်းကျိုးတို့ကို ပေးစွမ်းနိုင်သော ကမ္မသတ္တိ ရှိကြပါသည်။ ထို ကမ္မသတ္တိတို့ကို ကုန်ခန်းအောင် ပြုလုပ် အားထုတ်ခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ အဓိက လုပ်ငန်း ဖြစ်ပါသည်။ ရှင်တော်ဗုဒ္ဓနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများသည် ညွှန်ပြခဲ့သောကံတို့၏ ကမ္မသတ္တိများကို ကုန်ခန်းအောင်အမြစ်ပြတ်အောင်လုပ်သောလုပ်ငန်းတို့ဖြင့် ကမ္မသတ္တိများ ကုန်ခန်းအောင် ပြုလုပ်သော လုပ်ငန်းကို ပြုလုပ်ကြသောကြောင့် ကမ္မသတ္တိများ အကြွင်းအကျန်မရှိ ကုန်ခန်းကြပြီးလျှင် ဘုံဘဝအသီး

သီး သံသရာဝဋ်စက်ကြီးမှ အပြီးတိုင်လွတ်မြောက် တော်မူကြ လေကုန်ပြီ။

နောက်တစ်နည်းအားဖြင့် ရှင်တော်ဗုဒ္ဓသည် ကံအမျိုး အစားတို့ကို—

မဖြူစင်၊ မသန့်ရှင်း အပြစ်မကင်းသော ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်မှု အကုသိုလ်ကံ။ စင်ကြယ် သန့်ရှင်း အပြစ်ကင်းသော ကိုယ် နှုတ် စိတ် တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်မှု ကုသိုလ်ကံ။ မဖြူစင် မသန့်ရှင်းမှု၊ ဖြူစင် သန့်ရှင်းမှု နှစ်မျိုး ရောနှောသော မိဿကကံ။ ကုသိုလ် အကုသိုလ် မဟုတ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ သတ္တိကို ကုန်စေတတ်သောကံဟု လေးမျိုး လေးစား ခွဲခြား၍ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော် မူခဲ့ ပြန်ပါသည်။

ဆိုလိုရင်းမှာ ကံတရားတို့သည် ၁၊ အကုသိုလ်ကံ၊ ၂။ ကုသိုလ်ကံ၊ ၃။ အကုသိုလ် ကုသိုလ်ရောနှောသော မိဿကကံ၊ ၄။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ သတ္တိကို ကုန်စေတတ် သော ကုသိုလ် အကုသိုလ်မဟုတ်သောကံဟု ကံ လေးမျိုး ပြားပါသည်။

ထိုကံလေးမျိုးတို့တွင် အကုသိုလ်ကံသည် မစင်ကြယ် မသန့်ရှင်း အပြစ်မကင်းသော အကျိုးကို ပေးပါသည်။

ကုသိုလ်ကံသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသောအကျိုးကို ပေးပါသည်။ မိဿကကံသည် ကောင်းကျိုး မကောင်းကျိုး နှစ်မျိုးရောနှောသော အကျိုးကို ပေးပါသည်။ ကုသိုလ် အကုသိုလ်မဟုတ်သောကံသည် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ သတ္တိတို့နှင့် ၎င်းတို့၏ ကောင်းကျိုး မကောင်းကျိုးတို့ကို ကုန်စေတတ်ပါသည်။

အကုသိုလ်ကံဆိုသည်မှာလောဘ-ဒေါသ-မောဟအရင်းခံရှိသော ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်မှု စေတနာတို့ကို ခေါ်ဆိုရပါသည်။

ကုသိုလ်ကံဆိုသည်မှာ အလောဘ-အဒေါသ-အမောဟ အရင်းခံရှိသော ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်ပြောဆိုကြံစည်မှု စေတနာကို ခေါ်ဆိုရပါသည်။

မိဿကကံဆိုသည်မှာ စေတနာကောင်းဆိုး နှစ်မျိုးရောနှောသောကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်မှုကို ခေါ်ပါသည်။ (ဥပမာ-မိမိ၏သားငယ်ကလေးကို ချစ်လွန်းလှ၍ နို့ချိုတိုက်ကျွေးရာ၌ သားငယ်ကိုချစ်ခြင်းသည် လောဘ အကုသိုလ်၊ သားငယ်ကလေးနို့ဝအောင်ချင်သော ကျန်းမာစေချင်သောစေတနာ၊ ကရုဏာတို့သည် ကုသိုလ်။ ဤသို့ စသည်ဖြင့် ကောင်းမကောင်း ရောနှောသောသဘောကို မိဿကကံဟု မှတ်ယူနိုင်ပါသည်။)

ကုသိုလ်ကံ- အကုသိုလ်ကံမဟုတ်သောကံ၏သတ္တိနှင့် ကံ၏ အကျိုးတရားတို့ကို ကုန်စေတတ်သောကံဆိုသည်မှာ မဂ္ဂင် ရှစ်ပါးတွင်ပါဝင်သော ပညာ-ဝိတက်- ဝိရတီ-ဝိရိယ- သတိ ဧကဂ္ဂတာ-စေတသိက် တရားစုတို့ကို ခေါ်ဆိုပါသည်။ တစ်နည်းအားဖြင့် ဗောဇ္ဈင် ခုနစ်ပါးတွင်ပါဝင်သော သတိ- ပညာ - ဝီရိယ - ပီတိ - ပဿဒ္ဓိ-ဧကဂ္ဂတာ တတြမဇ္ဈတ္တတာ စေတသိက်တရားစုတို့ကို ခေါ်ဆိုရပါသည်။

တစ်နည်းဆိုလျှင် အကုသိုလ်ကံစေတနာခေါ် အပုညာ ဘိသင်္ခါရဖြစ်သော ကံတစ်မျိုး၊ ကုသိုလ်ကံ စေတနာခေါ် ပုညာဘိသင်္ခါရဖြစ်သောကံတစ်မျိုး၊ ကုသိုလ်-အကုသိုလ်ရော နှောသောမိဿက စေတနာကံတစ်မျိုး ဤကံသုံးမျိုးတို့သည် စေတနာ၊စေတသိက်ချည်း ဖြစ်ကြပါသည်၊ စေတနာ စေ တသိက်ကို ကံဟုဟောတော်မူပါသည်။

ဤစေတနာ စေတသိက်မှတစ်ပါး မဂ္ဂင်ရှစ်ပါး ဗောဇ္ဈင်ခုနစ်ပါးဟူသော ကံတစ်မျိုးဟု ကံလေးမျိုးလေး စားရှိသည်ကိုခွဲခြား၍ ရှင်တော် ဗုဒ္ဓကိုယ်တော်တိုင်ဟောကြွန် တော်မူခဲ့ပါသည်။

ဤအရာ၌ "ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး"တို့ကို အရ ကောက်ပါလျှင်စေတနာစေတသိက်ကို မရပါ။

ဉာဏသမ္ပယုတ် ကုသိုလ်စိတ်နှင့် အတူတကွဖြစ်သော ပညာဝိဘင်္ဂ၊ ဝိရတီ၊ စေတသိက်သုံးပါး၊ ဝီရိယစေတသိက်၊ သတိစေတသိက်၊ ဧကဂ္ဂတာစေတသိက်ဟု ရှစ်ပါးသော အရကောက်ရပါသည်။ ပေါ်ဗျာချင်ခုနစ်ပါး၌လည်း ထို့အတူပင် စေတနာစေတသိက်ကို မှာပါ။

ဤမဂ္ဂင်ရှစ်ပါးဟူသောကံသည် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့နှင့်အတူတကွဖြစ်သော စေတနာစေတသိက်ခေါ် ကံနှင့်တွဲ၍ ဖြစ်သော ကမ္မသတ္တိတို့ကို ကုန်စေတတ်ပါသည်။ အကြောင်းနည်းတို့သော် မဂ္ဂင်ရှစ်ပါး၌ ပါဝင်သော ဝိပဿနာ-ပညာ-မဂ်ပညာဟူသည် ဝိဇ္ဇာဖြစ်ပါသည်။ စေတနာကံဖြစ်စေတတ်သော မောဟခေါ် အဝိဇ္ဇာကို ဤပညာဟူသော ဝိဇ္ဇာဖြင့် ကုန်မြောက်အောင် ဖျက်ဆီးနိုင်သောကြောင့်ဖြစ်ပါသည်။ စေတနာကံ၏အကြောင်းဖြစ်သော အဝိဇ္ဇာကုန်မြောက် ပျက်စီးပါလျှင် အကျိုးဖြစ်သော စေတနာကံလည်း ဖြစ်နိုင်ခွင့်မရှိတော့ပါ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်သောသူသည် စေတနာဆိုသော ကုသိုလ် အကုသိုလ်ကံကိုဘေးရန်ကဲ့သို့ စေတနာကံ၏ အကျိုးတရားကို သေမင်းနိုင်ငံကဲ့သို့မှတ်ယူပြီးလျှင် မဂ္ဂင်ရှစ်ပါးကံဘုရားကို အမြိုက်အရသာကဲ့သို့ စုံမက်မြတ်နိုးလျက် မဂ္ဂင်ရှစ်ပါးကို များများအားထုတ်ရာ၏။

ဤနေရာ၌ စေတနာဆိုသော ကုသိုလ် အကုသိုလ်ကံကို အာရုံနှင့်စိတ်၊ ဘဝတစ်ခုနှင့်ဘဝတစ်ခုတို့ကို စပ်တတ်သော

ကြောင့် စေတနာဟုလည်းကောင်း၊ ကံဖြစ်အောင်ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရ-အဘိသင်္ခါရဟု လည်းကောင်း၊ ဘဝသစ်ကို ဖြစ် အောင် ဆောင် ရွက် တတ် သော ကြောင့် အာဟာရဟုလည်းကောင်း ရှင်တော်ဗုဒ္ဓက ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။

ကုသိုလ်ကံအကုသိုလ်ကံစေတနာ၏ ကြောက်ဖွယ်ကောင်းလှသည်၏အဖြစ်ကိုလည်း အာဟာရ-လေးပါးတို့တွင် မနောသဉ္စေတနာဟာရခေါ် စေတနာသဘော ရှိသော ကုသိုလ်အကုသိုလ်ကံကို ကြောက်ဖွယ်ကောင်းလှသော မီးကျီးတွင်းကြီးနှင့်တူ၏ဟုနိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ဟောကြားတော်မူခဲ့ပါသည်။ မှန်ပါသည်။ ကုသိုလ်အကုသိုလ်ကံကြောင့် ဘုံဘဝတစ်မျိုးမျိုးသို့ ကျရောက်ပါလျှင် ခံကြရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် စေတနာသဘောရှိသောကုသိုလ်-အကုသိုလ်ကံကို ကြောက်ဖွယ်ကောင်းလှသော မီးကျီးတွင်းကြီးနှင့် တူလှသည်ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်။

စေတနာသဘောရှိသောကုသိုလ် အကုသိုလ်ကံကိုညာဏ်ဖြစ်စေရန်မဂ္ဂင်ရှစ်ပါးတည်းဟူသောတရားကို ကြိုးစား၍ပွားများအားထုတ်ရပါမည်။

မဂ္ဂင်ရှစ်ပါးအားထုတ်ရန်နည်းကို အနည်းငယ် ညွှန်ပြရသော် တစ်ခါက ရှင်တော်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်ပြီးခါစ နေရဉ္ဇရာမြစ်ကမ်းရှိ ဥရုဝေဠတောအတွင်း ဆိတ်

ကျောင်းညောင်ပင်အောက်၌ဆိတ်ငြိမ်စွာသီတင်းသုံးနေတော်မူစဉ် ငါသည်ဒုက္ကရစရိယာအကျင့်မှ ကောင်းစွာလွန်မြောက်၍ အကျိုးမရှိသော ကိလေသာအပေါင်းမှ လွတ်လပ်ပြီးလျှင် အရဟတ္တဖိုလ်ဉာဏ်တော်ကို ရလေပြီဟု စိတ်တော်အစဉ်ဖြစ်ပေါ်မူ၊ နေခိုက် မာရ်နတ်သည် ရှင်တော်ဗုဒ္ဓအား လုလင်ပျိုယောင်သည် ဤဒုက္ကရစရိယာအကျင့်ကိုမစွန့်ပါနှင့်ဦး သင့်မှာ ကိလေသာမှ မလွတ်လပ်သေးပါဟု ပြောဆိုလာရာ ရှင်တော်ဗုဒ္ဓက--

သီလံ သမာဓိ ပညဥ္စ-မဂ္ဂံ ဗောဓာယ ဘာဝယံ၊

ပတ္တောသ္မိ ပရမံ သုဒ္ဓိံ နိဟတော တွမသိအန္တက ဟု

ပြန်လည်မိန့်ဆိုတော်မူလိုက်ပါသည်။

အန္တက၊ လောကကို ဖျက်ဆီးတတ်သော မာရ်နတ်။ အဟံ၊ ငါသည်။ မဂ္ဂံအရိယာ၊ မဂ်ကို။ ဗောဓာယ၊ သိခြင်းငှာ။ သီလံစ၊ အဓိသီလကိုလည်းကောင်း။ သမာဓိံစ၊ အဓိစိတ္တဟူသော သမာဓိကိုလည်းကောင်း။ ပညဥ္စ၊ အဓိပညာဟူသော ဝိပဿနာပညာကိုလည်းကောင်း။ ဘာဝယံ၊ ပွားသည်ဖြစ်၍။ ပရမံ၊ အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ၊ ကိလေသာတို့၏ စင်ကြယ်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ တွံ၊ သင်သည်။ နိဟတော၊ ရှုံးသည် ဝါ သံသရာဝဋ်၌ ဆင်းရဲသည်။ အသိ၊ ဖြစ်၏။

ဤသို့လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်အောင် မဂ္ဂင်ရှစ်ပါးကို ကျင့်ဆောင် ပွားများအားထုတ်ရန် အစီအစဉ်ကို ဟောကြားတော် မူခဲ့ပါသည်။

ဆိုလိုသည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်အောင် ရှေးဦးစွာ မိမိ၏ ကိုယ်ကျင့်သီလကို စင်ကြယ်ရပါမည်။ ထို့နောက် သမာဓိကို ဖြစ်စေ၍ သမာဓိတရား၌တည်ပြီးလျှင် ဝိပဿနာ ပညာကို ဉာဏ်ကိုဖြစ်စေသဖြင့် မဂ်ဉာဏ်ကို ရရှိနိုင်ပါသည်။

အထူးသိစေလိုသည်မှာ မဂ္ဂင်ရှစ်ပါးဖြစ်အောင် မိမိ၏ ကိုယ်ကျင့်သီလကို လုံခြုံစွာ စင်ကြယ်အောင် စောင့်ရှောက်ပြီးလျှင် သမာဓိ၌ ရပ်တည်၍ ဝိပဿနာပညာကို ပွားများအားထုတ်ခြင်းသည် မဂ္ဂင်ရှစ်ပါးဖြစ်အောင် ပွားများနည်း ဖြစ်ပါသည်။

ဤနေရာ၌–

ကံအမျိုးအစားတို့ကို ညွှန်ပြနေသည်မှာ ကံတရားကို ဉာဏ်ဖြစ်အောင် အသုံးချနိုင်ရန်အတွက် ဖြစ်ပါသည်။

ညွှန်ပြခဲ့သော အမျိုးအစားတို့တွင် အကုသိုလ်ကံတရားမှ ဉာဏ်မထွက်ပေါ်နိုင်ပါ။ ကုသိုလ်ကံ တရားမှသာလျှင် ဉာဏ် ထွက်နိုင်ပါသည်။

ဉာဏ်ထွက်ပေါ်နိုင်သော ကုသိုလ်ကံ တရားသည်လည်း ၁။ ကာမ ကုသိုလ်ကံ၊ ၂။ ရူပ ကုသိုလ်ကံ၊ ၃။ အရူပ

ကုသိုလ်ကံဟု ခေါ်ဆိုရသော မဟဂ္ဂုတ်ကုသိုလ်ကံဟု နှစ်မျိုးရှိခဲ့ရာ မဟဂ္ဂုတ်ကုသိုလ်ကံသည် သလေးထမင်းနှင့် တူပါသည်။ ကာမကုသိုလ်ကံသည် သခေလးဆန်စပါးနှင့် တူပါသည်။

သလေးထမင်းသည် စားသင့်သောအချိန်၌ မသုံးမစားဘဲ ထားလျှင် သိုးပုပ်၍သွားလေသည်။ သလေးဆန်စပါးသည် မူကား နှစ်ရှည်လများထားသော်လည်း သိုးပုပ်သည်ဟူ၍ မရှိချေ။ ထို့အတူ မဟဂ္ဂုတ်ဇောစေတနာ ကုသိုလ်တို့သည် အနန္တရဘဝတွင် အကျိုးပေးပါမှ လက်ရှိဘဝတွင် အသုံးချနိုင်ပါမှ အကျိုးမပေးလျှင်၊ အသုံးမချလျှင် သုဉ်း၍ သွန်၍ သွားပါသည်။

ကာမဇောစေတနာ ကုသိုလ်များမှာမူကား နိဗ္ဗာန်ရသော ဘဝတိုင်အောင် မသိုးမပုပ် အကျိုးပေးနိုင်ပါသည်၊ အသုံးချနိုင်ပါသည်။

သို့ကြောင့် ဉာဏ်ဖြစ်ပေါ်စေလိုပါလျှင် ကာမကုသိုလ်များများဖြစ်အောင် စုဆောင်းဆည်းပူးရပါသည်။

ကာမကုသိုလ်ကံအားကောင်းလေလေ ဉာဏ်အားကောင်းလေလေ၊ ကာမကုသိုလ် အစွမ်းထက်လေလေ ဉာဏ်အစွမ်းထက်လေလေ ဖြစ်ပါသည်။

ကာမကုသိုလ်ကံ အားသေးပါလျှင် ဉာဏ်သည်း အား သေးပါလည်။

ကာမကုသိုလ်ကံအစွမ်း မထက်ပါလျှင် ဉာဏ်အားလည်း အစွမ်းမထက်နိုင်ပါ။

ကာမကုသိုလ်ကံအားကောင်းမှ ဉာဏ်အား ကောင်း ပါသည်။

ကာမကုသိုလ်ကံအားမကောင်းလျှင် ဉာဏ်အားမကောင်း နိုင်ပါ။

ကာမကုသိုလ်ကံ စင်ကြယ်သန့်ရှင်းလေလေ ဉာဏ်အစွမ်း သန့်ရှင်းလေလေဖြစ်ပါသည်။ ကာမကုသိုလ်ကံ မစင်ကြယ် မသန့်ရှင်းပါလျှင် ဉာဏ်အစွမ်းလည်း မစင်ကြယ် မသန့်ရှင်း နိုင်ပါ။

ထို့ကြောင့် ကာမကုသိုလ်ကံ အားကောင်းအောင်၊ ကာမ ကုသိုလ်ကံ အစွမ်းထက်အောင်၊ ကာမကုသိုလ်ကံ စင်ကြယ်သန့် ရှင်းအောင် ယခုလို သာသနာခေတ်ကောင်း ကြုံကြိုက်တုန်း အခါမှာ မိမိတို့ဘဝကလည်း သုဂတိဘဝ ကြုံကြိုက်တုန်းမှာ ဘုရားသားတော် သံဃာတော် အရှင်မြတ်တို့၏ အဆုံးအမ ဩဝါဒတရားမှန်တို့ကို နာကြားခွင့်ရကြသဖြင့် သပ္ပုရိသ ခေါ် သူတော်ကောင်းများကို အမှီကောင်း ရရှိနေကြခိုက်

တွင် ဉာဏ်အထူးကို မရရှိ မဖြစ်ပေါ်စေနိုင်သော အကုသိုလ်ကံများကို မိမိတို့သန္တာန်၌ မဖြစ်မရှိရလေအောင် ဝေးဝေးကရှောင်ကြဉ်ကြ၍ အသိဉာဏ်အထူးကို ဖြစ်ပေါ်စေနိုင် ရရှိစေနိုင်သော ကာမကုသိုလ်ကံများဖြစ်သည့်ဒါနကုသိုလ်ကံများ၊ သီလကုသိုလ်ကံများ၊ ဘာဝနာကုသိုလ်ကံများမိမိတို့သန္တာန်၌ များများကြီးရရှိ ဖြစ်ပေါ်ကြရလေအောင် ကြိုးစားအားထုတ် ဆည်းပူးစုဆောင်းကြ၍ ထိုကုသိုလ်ကံတို့ကို ဉာဏ်များဖြစ်အောင် အသုံးချကြပါကုန်။

ကာမကုသိုလ်ကံ၊ မဟဂ္ဂုတ်ကုသိုလ်ကံများမှသာ အသိဉာဏ်ထူး ပေါ်ထွက်နိုင်ပါသည်။

အကုသိုလ်ကံကတော့ ဉာဏ်အထူး မထွက်ပေါ်နိုင်ပါ။ ဉာဏ်ဖြစ်အောင် အကုသိုလ်ကံကို အသုံးချလို့တော့ ရပါသည်။

ထို့ကြောင့် သဗ္ဗညုရှင်တော်ဗုဒ္ဓတို့၏ အလောင်းတော်ကြီးများသည် ဉာဏ်အထူး မပေါ်မထွက်နိုင်သော အကုသိုလ်ကံများကို မိမိတို့သန္တာန်မှာမဖြစ်မရှိအောင်ဝေးဝေးကရှောင်ကြဉ်တော်မူကြကုန်၍ ဉာဏ်အထူး ထွက်ပေါ်နိုင်သည့် ဒါန၊ သီလစသော ကောင်းမှုကုသိုလ်ကံ ပါရမီတရားတော်တို့ကို အနည်းဆုံး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ကုသိုလ်ကံအင်အားကောင်းအောင်၊ ကုသိုလ်ကံအင်အား ထက်မြက်အောင်၊ ကုသိုလ်ကံတရားများ စင်ကြယ်သန့်ရှင်းလေအောင်

ဆည်းပူးစုဆောင်းတော်မူခဲ့ကြပြီး၍ဉာဏ်ဖြစ်အောင်အသုံးချတော်မူကြပါသောကြောင့် အင်အားအကောင်းဆုံး၊အင်အားအထက်မြက်ဆုံး၊ အသန့်ရှင်းဆုံးဖြစ်သော အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်တော်ကြီးများ ပေါ်ထွက်လာကြသဖြင့် သဗ္ဗညုရှင်တော်ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူကြရပါသည်။

ရှင်တော်ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်စသည်တို့သည် ကုသိုလ်ကံတရားမှ ဉာဏ်ဖြစ်အောင်အသုံးချ၍ဖြစ်ပေါ်လာသော ဉာဏ်တော်များဖြစ်ပါသည်။ ကုသိုလ်ကံတရားမရှိပါလျှင်၊မပြည့်စုံပါလျှင် ဉာဏ်ဖြစ်အောင်အသုံးမချနိုင်သေးသဖြင့် အရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတ ဉာဏ်တော်စသောဉာဏ်တော်များ မပေါ်မထွက်နိုင်သေးပါဟုမှတ်ယူရပါမည်။

ထို့အတူ ပစ္စေကဗောဓိလောင်းလျာ များတို့သည်လည်း အသိဉာဏ်မပေါ်မထွက်နိုင်သော အကုသိုလ်ကံများကို မိမိတို့သန္တာန်၌ မဖြစ်မရှိဖို့ရန် ဝေးဝေးကရှောင်ကြဉ်တော်မူကြပါသည်။ အသိဉာဏ်ထူး ပေါ်ထွက်နိုင်သည့် ဒါန၊ သီလစသော ကောင်းမှုကုသိုလ်ကံ ပါရမီတရားတို့ကိုလည်း နှစ်သချေ်နှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ကြရပါသည်။ ထိုကုသိုလ်ကံတရားတို့ကို ဉာဏ်ဖြစ်အောင်အသုံးချတော်မူကြသောကြောင့်ပင် ပစ္စေကဗောဓိဉာဏ်တော်များ ထွက်ပေါ်ရရှိလာခဲ့ကြရာ ပစ္စေကဗုဒ္ဓအဖြစ်သို့

ရောက်ရှိကြရပါသည်။ ကုသိုလ်ကံတရားမရှိပါလျှင်၊ မပြည့်စုံပါလျှင်ပစ္စေကဗောဓိဉာဏ်တော်များ မပေါ်ထွက်နိုင်ပါသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ မရောက်ရှိနိုင်ပါဟု မှတ်ယူရပါသည်။

အဂ္ဂသာဝကဗောဓိလောင်းလျာများတို့သည်လည်းအသိဉာဏ်ထူး မပေါ်ထွက်နိုင်သော အကုသိုလ်ကံများကို မိမိတို့သန္တာန်၌မဖြစ်မရှိနိုင်ဖို့ရန် ဝေးဝေးကရှောင်ကြဉ်တော်မူကြရပါသည်။ အဂ္ဂသာဝကဉာဏ်ထူး ထွက်ပေါ်နိုင်သည့် ဒါန၊ သီလစသော ကောင်းမှုကုသိုလ်ကံ ပါရမီတရားတို့ကိုလည်း တစ်သမ်နှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဆည်းပူးစုဆောင်းတော်မူခဲ့ကြရပါသည်။ ထိုကုသိုလ်ကံတရားတို့ကို ဉာဏ်ဖြစ်အောင် အသုံးချတော်မူကြသောကြောင့် ထိုကုသိုလ်ကံတရားတို့မှ အဂ္ဂသာဝကဗောဓိဉာဏ်တော်များ ထွက်ပေါ်လာကြသဖြင့် အဂ္ဂသာဝကအဖြစ်သို့ ရရှိရောက်ရှိတော်မူကြရပါသည်။ ကုသိုလ်ကံတရားမရှိခဲ့ပါလျှင်၊ မပြည့်စုံခဲ့ပါလျှင် အဂ္ဂသာဝကဗောဓိဉာဏ်တော် အထူးများ မပေါ်မထွက်နိုင်သေးပါဟု မှတ်ယူရပါမည်။

မဟာသာဝက ဗောဓိလောင်းလျာများတို့ သည်လည်း အသိဉာဏ်ထူး မပေါ်မထွက်နိုင်သော အကုသိုလ်ကံများကို မိမိတို့သန္တာန်၌ မဖြစ်မရှိနိုင်ဖို့ရန် ဝေးဝေးက ရှောင်ကြဉ်တော်မူကြရပါသည်။ မဟာသာဝက ဗောဓိဉာဏ်ထူးပေါ်

ထွက်နိုင်သည့် ဒါန၊ သီလ စသော ကောင်းမှုကုသိုလ်ကံ ပါရမီတရားတို့ကိုလည်း ကမ္ဘာတစ်သိန်းတိုင်တိုင် ဆည်းပူးစုဆောင်းတော်မူခဲ့ကြရပါသည်။ ထိုကုသိုလ်ကံတရားတို့ကိုဉာဏ်ဖြစ်အောင် အသုံးချတော်မူကြသောကြောင့် ထိုကုသိုလ်ကံတရားတို့မှ မဟာသာဝက ဗောဓိဉာဏ်တော်များထွက်ပေါ်လာကြပါသဖြင့်မဟာသာဝကအဖြစ်သို့ ရရှိရောက်ရှိတော်မူကြရပါသည်။

ကုသိုလ်ကံတရားမရှိခဲ့ပါလျှင်၊ မပြည့်စုံခဲ့ပါလျှင် မဟာသာဝကဗောဓိဉာဏ်တော်အထူးများ မပေါ်မထွက် နိုင်သေးပါဟုမှတ်ယူရပါမည်။

ပကတိသာဝကဗောဓိ လောင်းလျာများတို့သည်လည်း အသိဉာဏ်ထူး မပေါ်မထွက်နိုင်သော အကုသိုလ်ကံများကို မိမိတို့သန္တာန်၌ မဖြစ်မရှိနိုင်ဖို့ရန် ဝေးဝေးက ရှောင်ကြဉ်တော်မူကြရပါသည်။ အသိဉာဏ်ထူးပေါ်ထွက်နိုင်သည့် ဒါန သီလစသော ကောင်းမှုကုသိုလ်ကံ ပါရမီ တရားတော်တို့ကိုလည်း ဘဝများစွာ ဆည်းပူးစုဆောင်းတော် မူခဲ့ကြရပါသည်။ ထိုကုသိုလ်ကံတရားတို့ကို ဉာဏ်ထူးဖြစ်အောင် အသုံးချတော်မူကြသောကြောင့် ထိုကုသိုလ်ကံတရားတို့မှ ဉာဏ်အထူးများထွက်ပေါ်လာကြပါသဖြင့် ပကတိသာဝကအဖြစ်သို့ ရရှိရောက်ရှိတော်မူကြရပါသည်။

ကုသိုလ်ကံတရားမရှိခဲ့ပါလျှင်၊ မပြည့်စုံခဲ့ပါလျှင် ကုသိုလ်ကံတရား ရှိပါသော်လည်း၊ ပြည့်စုံပါသော်လည်း ဉာဏ်ဖြစ်

အောင် အသုံးမချသေးလျှင် ပကတိသာဝကအဖြစ်သို့ မရ မရောက်ရှိနိုင်သေးပါဟု မှတ်ယူရပါမည်။ အချုပ်မှတ်သား ရန်မှာ ကုသိုလ်ကံရှိမှ ဉာဏ်ရှိနိုင်ပါသည်။ ကုသိုလ်ကံမရှိက ဉာဏ်မရှိနိုင်ပါ။ ကုသိုလ်ကံအစွမ်း မကုန်သေးသမျှ ဉာဏ်အစွမ်းမကုန်သေးပါ။ ကုသိုလ်ကံအစွမ်းကုန်မှ ဉာဏ်အစွမ်း ကုန်ပါသည်။

ကံအစွမ်း၊ ဉာဏ်အစွမ်း နှစ်ပါးစုံကုန်ခြင်းသည် ဒုက္ခ၏ အဆုံးဖြစ်ပါသည်။

သို့ပါသောကြောင့် ဉာဏ် မပေါ်မထွက်နိုင်သော အကု သိုလ်ကံများကို မိမိတို့သန္တာန်၌ မဖြစ် မရှိကြရလေအောင် ဝေးဝေးကရှောင်ကြဉ်ကြ၍ အသိဉာဏ်ထူး ထွက်ပေါ်နိုင် သော ကုသိုလ်ကံများတို့သာ မိမိတို့သန္တာန်၌ များများကြီး ဖြစ်ရှိကြရလေအောင် ကြိုးစား၍ ဆည်းပူးပွားများ စု ဆောင်းနိုင်ကြပါစေသော်။

ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု—

ဤစာတန်းကို ၁၃၂၃- ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့ တနင်္ဂနွေနေ့ည ၉-နာရီအချိန့်တွင် ရေးသားပြီးဆုံး ပါသည်။

# နိဂုံး

ကျွန်ုပ်သည် စာရေးသားရာ၌ ကျွမ်းကျင်သူ မဟုတ်ပါ၊ ရေးလေ့ရေးထလည်း မရှိပါ။ ယခင်အခါက ကျွန်ုပ်ကိုယ်တိုင် နှုတ်ဖြင့် အလွတ် ဟောပြောထားသော ပါဠိတော် ဟောစဉ် တရားတော်များကို အသံသွင်းယူထားသော တိတ်ခွေကြိုး များမှတစ်ဆင့် လက်ရေးမူသို့ ကူးယူပြီးလျှင် စာအုပ်အဖြစ် ထုတ်ဝေသော ပါဠိတော် ဟောစဉ်ကျမ်းစာများကို ရဟန်းရှင်လူတို့က လက်ခံဖတ်ရှုကြသောကြောင့် တိုင်းပြည်၌ အတော်အတန် ထင်ရှားခဲ့ပါသည်။

ထို့ကြောင့်ပင် ပါဠိတော်ဟောစဉ် ကျမ်းစာများကို လက်ခံဖတ်ရှုဖူးသူတို့က ကျွန်ုပ်အား စာရေးသားရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြပါသည်။

ကျွန်ုပ်ကိုယ်တိုင်ကလည်း စာရေးသားရာ၌ ကျွမ်းကျင်မှု နည်းပါးလှသောကြောင့် စာရေးသားရမည်ကို အလွန် တွန့်ဆုတ်လေ၍ ဖင့်နွှေးကြောက်ရွံ့လှသဖြင့် စာရေးဖို့ရန် များစွာငြင်းဆန်ခဲ့ပါသည်။

သို့ရာတွင် ကျွန်ုပ်၏ ပါဠိတော်ဟောစဉ် ကျမ်းစာများကို ဖတ်ရှုဖူးသူ ရဟန်းရှင်လူတို့က ယခင်ပါဠိတော် ဟောစဉ် ကျမ်းစာများကို ပြန်လည်ပြင်ဆင် ရိုက်နှိပ် ထုတ်ဝေရန် သို့မဟုတ် ယခုလေ့လာထားသော တရားသဘောတို့ကို ကိုယ်တိုင် ရေးသား၍ စာအုပ်စာတမ်းအဖြစ် ထုတ်ဝေရန် အကြိမ်ကြိမ် တိုက်တွန်းကြပြန်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏အခြေအနေကို ကိုယ်တိုင်သိရှိနေသူ ဖြစ်၍ စာရေးသားဖို့ရန်ကို ငြင်းဆန်မြဲ ငြင်းဆန်လျက်သာ ရှိပါသည်။

ကျွန်ုပ်၏တပည့်ဟောင်းများနှင့် မိတ်ဆွေများတို့ကလည်း ကျွန်ုပ်၏ဟောသောတရား ညွှန်ပြချက်များသည် ရှေးကထက် တိုး၍ အသိဉာဏ်ပွင့်လင်းကြပါသည်။ အချို့ အချို့သော ညွှန်ပြချက်များသည် ယခင်အခါက ပါဠိတော်ဟောစဉ်များ တွင် ညွှန်ပြခဲ့သည်များထက် ပိုမို၍ အသိအမြင် ရှင်းလင်းပြီး ဉာဏ်အမြင် ပွင့်လင်းလှပါသည်။ ဤသို့သော ရှင်းလင်းချက် တို့ကို ဟောပြော နာယူရုံတွင် မဟုတ်ဘဲ မမေ့ မပျောက် ထပ်ခါထပ်ခါ ပြန်လည်လေ့လာနိုင်ဖို့ရန်အတွက် စာရေး သား၍ စာအုပ်စာတမ်း ပြုလုပ်ထုတ်ဝေရန် လူကြုံစေလွှတ်၍ တစ်မျိုး၊ စာရေး၍တစ်တန် ကိုယ်တိုင်လာရောက်၍တစ်နည်း နှင့် စာရေးသားဖို့ရန် အတန်တန် အထပ်ထပ် တိုက်တွန်းကြ ပြန်ပါသည်။

မိမိသည် နှုတ်ဖြင့်ဟောပြောရာ၌ နှုတ်ချော် နှုတ်လွန်ရှိခဲ့သော် နှုတ်ဖြင့် ဟောပြောချက်သည် တစ်ဒင်္ဂသာ ဖြစ်၍ မထောင်းသာလှသော်လည်း လက်ဖြင့်ရေးသား၍ စာအုပ်စာတမ်းဖြစ်ခဲ့လျှင် မတော်တဆ လက်ချော် ခြေချော်ဖြစ်ခဲ့သော် ထာဝရသဘောဆန်လှ၍ စာရေးသားရမည်ကိုအလွန်ပင် တာဝန်လေးလှသဖြင့် စာရေးသားဖို့ရန် ငြင်းဆန်မြဲ ငြင်းဆန်ခဲ့ပါသည်။

တစ်နေ့သောအခါတွင် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ အလှည့်အလည် နေထိုင်လျက်ရှိသော ဦးငွေတင်-ဒေါ်ဆယ်တို့ ဇနီးမောင်နှံနှင့် မန္တလေးမြို့နေ ဦးကြူ-ဒေါ်လှကြည် ဇနီးမောင်နှံတို့က မိမိတို့သည် စစ်ကိုင်းတောင်ရိုး မဟာသမယချောင်၌ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များကို ဘုရားဒါယကာများနှင့် စုပေါင်းဦးဆောင်၍ တည်ထားပူဇော်လျက်ရှိကြပါသည်။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် အကျဉ်းမျှကို စီစဉ်ရေးသားပေးပါရန် အတင်းအကြပ် တိုက်တွန်း ကြပြန်သောအခါ မလွှဲသာမရှောင်သာတော့ဘဲ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် အကျဉ်းမျှကို ရေးသားရပါတော့သည်။ သို့ရေးသားရာမှာလည်း စာရေးသားဖူးသူ မဟုတ်သဖြင့် အကြိမ်ကြိမ်ဖျက်လိုက် ပြင်လိုက်နှင့်ပင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်အကျဉ်းကို ရေးသားပြီးဆုံးခဲ့ရပါသည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်အကျဉ်းကို ရေးသားပြီးဆုံးသောအခါ ရှင်တော်ဗုဒ္ဓ၏ ပါရမီဖြည့်ခဲ့ရပုံတို့ကို ရေးသားပေးရန်

တစ်ဖန် တိုက်တွန်းကြပြန်ပါသည်။ ၎င်းကိုလည်း ခက်ခက်ခဲခဲနှင့်ပင် ရေးသားခဲ့ရ၍ ပြီးဆုံးပြန်သောအခါ ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်များကို လွယ်လွယ်နှင့် အများနားလည်နိုင်ရန် ရေးသားပေးဖို့ ထပ်၍ တိုက်တွန်းပြန်ပါသည်။ ထိုအခါ ကျွန်ုပ်က နိုင်ငံတော်တွင် နေအဆူ လအလား ထင်ရှားလှသော သာသနာ့ထိပ်ခေါင်တင် အရှင်မြတ်ကြီးများ ရေးသားဖွင့်ဆိုထားသော ဂုဏ်တော်ဖွင့်မြောက်မြားစွာရှိနေပါသည်။ မိမိအနေဖြင့် ထိုထို ဂုဏ်တော်ဖွင့်များကို ထိမိအောင်ပင် ရေးစွမ်းနိုင်သော အခြေခံဉာဏ်စွမ်း မရှိပါ။ ထိုထိုဂုဏ်တော်ဖွင့် အမျိုးမျိုးတို့မှ မိမိတို့ကြည်ညိုနှစ်သက်ရာ ဂုဏ်တော်ဖွင့်တစ်မျိုးမျိုးကို အသုံးပြုပါဟု ဂုဏ်တော်ဖွင့်ရေးသားရန် ဝန်လေးလှသဖြင့် ငြင်းဆန် လိုက်ရပါသည်။

သို့ရာတွင် ၎င်းတို့က ဖြစ်သမျှ၊ စွမ်းနိုင်သမျှသာ ရေးသားပါ။ မိမိတို့ဆိုင်ရာ ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်း၍ သင့်လျော်သလို အသုံးချပါမည်ဟု တိုက်တွန်း ကြပြန်သောကြောင့် မဝံ့မရဲနှင့်ပင် ရှင်တော်ဗုဒ္ဓ၏ ရူပကာယ ဂုဏ်တော်များနှင့် နာမကာယ ဂုဏ်တော်များကို ကြိုးစား ပမ်းစား ရေးသားပြီးဆုံးအောင် ရေးသားခဲ့ရပြန်ပါသည်။

ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်များကို ရေးသား ပြီးဆုံးပြန်သောအခါ ရှင်တော်ဗုဒ္ဓ၏ ကျေးဇူးတော်များကို ရေးသားပါဦးဟု အတင်းအကြပ် တိုက်တွန်းပြန်ပါသည်။

စာရေးသားရာ၌ မကျွမ်းကျင်လှသည့်ပြင် စာရေးသားလေ့မရှိသောကျွန်ုပ်သည် ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော် ကျေးဇူးတော်များကို ရေးသားရသောအခါ အရှင်အာဒိစ္စဝံသ ဆရာတော်၏ ရေးနည်း ရေးဟန်များ၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ရေးနည်း ရေးဟန်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၏ ရေးနည်း ရေးဟန်များ၊ ယော ဦးဖိုးလှိုင်၏ ရေးနည်းရေးဟန်များ၊ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ရေးနည်းရေးဟန်များစသော စာရေးဆရာအကျော်အမော်တို့၏ရေးနည်းရေးဟန်များတို့ကိုလက်လှမ်းမှီသမျှ လေ့လာဆည်းပူး ရပါတော့သည်။ သို့ လေ့လာဆည်းပူး၍ ရေးသား ရပါသော်လည်း အချို့သော နေရာတွင် တရားဟောသည့် ပုံသဏ္ဌာန်မျိုးသို့သာ ရောက်ရောက်သွားပါသည်။ ၎င်းကိုတတ်နိုင်သမျှ ရှောင်ကွင်းထိန်းချုပ်လျက် သတိထားကာ ရေးသားပါသော်လည်း "လျှောက်လျက်" "သဖြင့်" "အားဖြင့်" "၍ဟူ၍" "သောကြောင့်"စသည်တို့ကို အသုံးများကာ စကားရပ်ရှည်ဝေးလှသဖြင့် ဖတ်၍မကောင်းဖြစ်ကာ ဆိုလိုရင်းကိုပင် နားမလည်နိုင်အောင်ဖြစ်ခဲ့ရပါသည်။

သည်လိုနှင့်ပင် ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော် ကျေးဇူးတော်များကို ရေးသားပြီးဆုံးခဲ့ရပါသော်လည်း ယနေ့တိုင်အောင်ပင် စာအုပ်အဖြစ်သို့ မရောက်နိုင်သေးပါ။ သည်လိုနှင့်ပင်

ရေးလက်စ စာမူများကို ပြန်လည်စိစစ် ရေးသားနေစဉ် တပည့်ဖြစ်သော မောင်တင်ဦးနှင့် မတင်အေးတို့သည် မိမိအား ကန်တော့ရန် ရောက်ရှိလာကြရာ တပည့်များက ဆရာဘာစာတွေ ရေးနေပါသလဲဟု မေးမြန်းပါသည်။ ကျွန်ုပ်က ကျမ်းစာတစ်စောင် ရေးသားနေကြောင်း ပြောလိုက်ရပါသည်။ ထိုအခါ တပည့်များက ဗုဒ္ဓဘာသာဝင်ဖြစ်သော မိမိတို့သည် ဗုဒ္ဓဘာသာတို့၏လုပ်ငန်းများကိုနားလည်လိုကြပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းများကို ဗုဒ္ဓဘာသာဝင်များ သိရှိ နားလည်ရန်အတွက် စာတမ်းတစ်စောင် ပြုစုပါရန် ပူဆာကြပြန်ပါတော့သည်။

ကျွန်ုပ်က ထုံးစံအတိုင်း စာရေးဖို့ရန် ဝန်လေးလှသဖြင့် ၎င်းတို့၏ တိုက်တွန်းချက်ကို ငြင်းဆန်လိုက်သည့်အခါ တပည့်များက ဗုဒ္ဓဝင်အကျဉ်းကို ရေးသားသလို ကျွန်တော် ကျွန်မတို့ တိုက်တွန်းသည်ကို အကြောင်းပြု၍လည်း စာတမ်း တစ်စောင် ပြုစုရေးသားပါဟု စာမရေးဘဲ မနေသာအောင် တိုက်တွန်းကြသောကြောင့် ဗုဒ္ဓဘာသာတို့၏ လုပ်ငန်းကြီးလေးရပ်ဆိုသော စာတမ်းကို ပြုစုရေးသား ရပြန်ပါသည်။ ၎င်းသည် ယခုအခါ စာအုပ်အဖြစ်သို့ ရောက်ရှိပြီး ဖြစ်ပါသည်။

၎င်းစာတမ်းသည် ကျွန်ုပ်၏ တစ်သက်တာတွင် ကျွန်ုပ်၏ လက်နှင့် ရှေးဦးစွာ ရေးသားထုတ်ဝေသော စာတမ်းဖြစ်ပါသည်။

ကျွန်ုပ်သည် စာရေးသားမှုတွင်မကျွမ်းကျင်လှဘဲ မရေးတတ်ရေးတတ်နှင့် ရေးသားလိုက်သော စာတမ်းထွက်ပေါ်လာသောအခါ အလွန်နှစ်သက်ဝမ်းသာကြည်နူးမှုကို ခံစားရပါသည်။ တောင်းပန်တိုက်တွန်းသူတို့နှင့် ပုံနှိပ်ထုတ်ဝေသူတို့အားလည်း များစွာ ကျေးဇူးတင်ရှိရပါသည်။

စာရေးသားမှု၌ ကျွန်ုပ်ကိုယ်တိုင် ခံစားရသည်မှာ ရှင်တော်ဗုဒ္ဓ၏ပါဠိတော်များကို ကြည့်ရှုလေ့လာရသဖြင့် ဝမ်းသာကြည်နူးရခြင်း၊ ပါဠိတော်လာ အဓိပ္ပါယ်များကို ဆိုင်ရာ အဋ္ဌကထာဋီကာတို့နှင့် တိုက်ဆိုင်ကြည့်ရှုရသောကြောင့် ပင်ကိုယ်ကထက် အသိဉာဏ် ပွင့်လင်းလာခြင်း၊ ရှင်တော်ဗုဒ္ဓ၏ တရားတော်များနှင့်သာ မွေ့လျော်နေရခြင်း၊ မိမိ၏ အသိဉာဏ်ကို ဖော်ထုတ်ရေးသားရပါသဖြင့် စာရေးသားမှု၌သာ စိတ်ကိုစူးစူးစိုက်စိုက် ထားရသောကြောင့် အခြားအာရုံအမျိုးမျိုးတို့သို့ ပျံ့လွင့်မှုနည်းပါးကာ သတိသမာဓိ တိုးပွားလာခြင်း၊ မိမိရေးသားထားပြီးသော စာများကို ပြန်လည် သုံးသပ်ရသောအခါ အားရရွှင်လန်း ပီတိပန်းကလေးများ ပွင့်လာသောကြောင့် စိတ်ချမ်းသာမှုကို ခံယူရခြင်း၊ စာရေးသားမှုအလုပ်တစ်ခုရှိနေသောကြောင့် ပျင်းရိမှု၊ စိတ်လေမှုများ ကင်းပျောက်ရခြင်း၊ မိမိ၏ ရေးသားညွှန်ပြမှု ကောင်းသည်ထက်ကောင်းအောင် ကြိုးစားရသောကြောင့် ဝီရိယထက်သန်လာခြင်း၊ တရားတော် လမ်းစဉ်မှန်ကိုသာ စိတ်ထားရောက်၍ လိုက်နာကျင့်သုံးနေရခြင်း၊ သူ

တော်ကောင်းဖြစ်သော မိမိရှေ့က စာရေးဆရာတော်၊ စာရေးဆရာကြီးများတို့၏ ရေးနည်းရေးဟန်တို့ကို မှီခိုရခြင်းတို့ကြောင့် မိမိအတွက် တရားတော်လမ်းစဉ်မှန်၌ အသိဉာဏ်ပို၍ပွင့်လင်းတိုးပွားလာခြင်း၊ တရားတော် လမ်းစဉ်မှန်တစ်ခုတည်းကိုသာ ကြံစည်စိတ်ကူးနေရသောကြောင့် စိတ်၏ပူပန်ချောက်ချားမှုများ ကင်းဝေးခြင်း၊ မိမိ၏အသိဉာဏ်များကို အများကောင်းကျိုးအတွက် ဖြန့်ဝေ ပေးရခြင်းတို့ကြောင့် ဝမ်းသာကြည်နူးမိခြင်း၊ ရှင်တော်ဗုဒ္ဓ၏တရားတော်လမ်းစဉ်မှန်တို့ကို စိတ်ပါဝင်စားစွာဖြင့် လေ့လာဆည်းပူးရပါသောကြောင့် မိမိ၏သဒ္ဓါ၊ စေတနာ၊ ဉာဏ်ပညာတို့ ရှေးကထက်ပိုမိုတိုးတက်ခိုင်မြဲလာခြင်း စသောစာရေးသားမှု၏ အရသာကို လက်တွေ့ခံစားခဲ့ရပါသည်။

သို့ကြောင့်စာရေးသားရမည်ကို အလွန်ဝန်လေးကြောက်ရွံ့လှသော ကျွန်ုပ်သည် ရှင်တော်ဗုဒ္ဓ၏ တရားတော်လမ်းစဉ်မှန်တို့ကို ရေးသားမှုကြောင့် လက်တွေ့ခံစားရသောကောင်းကျိုးများကို ကိုယ်တိုင်ခံစားလာရသောအခါ ထပ်ခါထပ်ခါ စာရေးသားလိုသောစိတ်သာ ကိန်းအောင်း နေပါတော့သည်။

သို့ကြောင့် သာသနာတော်ရေးအတွက် အများအကျိုးရှိအောင် ဘာများရေးရပါမလဲဟု စဉ်းစားနေစဉ် မကြာမီမှာပင် မန္တလေးမြို့ ဘောင်ပြင်ဘုရားကြီးတိုက် နယားကျောင်းဆရာတော် အရှင်မေဓိယာ မထေရ်မြတ်သည် နိုင်ငံ

တော်အစိုးရက ဆက်ကပ်ပူဇော်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အပူဇော်ခံယူရန် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာပါသည်။

ကျွန်ုပ်သည်ဆရာတော်ဘုရား၏ နောင်တော်ကြီးဖြစ်သော ဘုရားကြီးတိုက် အမရပူရဆရာတော် ဦးဥက္ကံနှင့် အလွန်ရင်းနှီးခင်မင်ချစ်ကျွမ်းဝင်သူ ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့၍ ပျံလွန်တော်မူပြီးသော ဆရာတော်ဦးဥက္ကံအား အလွမ်းပြေဆိုသလိုဆရာတော်၏ ညီတော်ရင်းဖြစ်သော ဆရာတော် အရှင်မေဓိယ မထေရ်ကို ဆရာတော်ဦးဥက္ကံနှင့်ဆက်သွယ်၍ ရင်းနှီးကြည်ညိုခဲ့ရပါသောကြောင့် ဆရာတော်ဦးဥက္ကံ၏အစား ရင်းနှီးကြည်ညိုခဲ့ရပါသည်။

သို့ကြောင့် ဆရာတော်ဘုရားအား မိမိနေအိမ်သို့ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်သောအခါ ဆရာတော်ဘုရားကလည်း မိမိကိုချီးမြှောက်လိုသဖြင့် ကြွရောက်တော် မူလာခဲ့ပါသည်။

မိမိသည် ဆရာတော်ဘုရားအား အားရပါးရ ဖူးမြော်ရ၍ ဆွမ်းစသော လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်လိုက်ရပါသည်။

ဆရာတော်ဘုရားသည် ဆွမ်းအနုမောဒနာတရားမိမိအား ဆုံးမသြဝါဒပေးသောတရားတို့ကို ဟောကြားချီးမြှင့်တော်မူပါသည်။

ပြန်ကြားခါနီးတော့ ဆရာတော်ဘုရားက မိမိအား ယခု ဘာများလုပ်နေပါသလဲဟု မေးမြန်းတော်မူပါသည်။ မိမိက ဘုရားတပည့်တော်သည် ယခုအခါတွင် ပါဠိတော်များကို ကြည့်ရှုလေ့လာခြင်း၊ ရန်ကုန်မြို့ အင်္ဂလိပ်ပိုင်း သုဓမ္မာအဖွဲ့ဓမ္မာ ရုံတွင် ပါဠိတော်များကိုရွတ်ဖတ်၍ ရှုကွက် ဖော်ပေးခြင်း၊ ကိုယ်တိုင် တရားကျင့်သုံးခြင်းလုပ်ငန်းများနှင့် စာရေးသား ခြင်းများကို ပြုလုပ်နေပါသည်ဟု ပြန်လည်လျှောက်ရပါ သည်။

ဆရာတော်ဘုရားက ဘာစာများ ရေးနေသလဲဟု မိန့် တော်မူသောအခါ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းကြီးလေး ရပ်ဆိုသော စာတမ်းကို ရေးသားနေပါသည်ဟု လျှောက် ထားရပါသည်။ ထိုအခါ ဆရာတော်ဘုရားက မြင့်လွန်းလှ ပါသည်။ အခြား နားလည်သဘောပေါက် လွယ်အောင် သရဏဂုံအကြောင်း ရေးသားပါဟု တိုက်တွန်းခဲ့ပါသည်။

စာရေးသားဖို့ရန်ကြံစည်စိတ်ကူးနေသောမိမိကလည်းရေး သားပါမည်ဟု ဝန်ခံလိုက်ရပါသည်။

သို့ဖြင့် ကျွန်ုပ်သည် သရဏဂုံအကြောင်းကို ရေးသားရန် အဆောက်အဦးတို့ကို ကျမ်းစာတို့၌ ရှာဖွေစုဆောင်းပြီးလျှင် သရဏဂုံနှင့်ဆက်စပ်၍ ဥပါသကာမည်ပုံ၊ ဥပါသကာတို့၏ သီလ၊ ဥပါသကာတို့၏အသက်မွေးမှု၊ ဥပါသကာတို့၏ စင် ကြယ်ရေးစသည်တို့ကိုမူတည်လျက် ရှင်တော်ဗုဒ္ဓ၏ ရည်ရွယ်

တော်မူချက်များနှင့် သာသနာဝင်ဗုဒ္ဓဘာသာတို့၏သဘော ထားခံယူချက် စသည်တို့ကို စုပေါင်းစိစဉ်၍ သာသနာတော် သန့်ရှင်းရေးအတွက် အားပေးချက်ဆိုသောစာတမ်းကိုရေး သားရပြန်ပါတော့သည်။

စာရေးသားရမည်ကိုအလွန်တာဝန်လေး၍ ကြောက်လန့် လှသောကျွန်ုပ်သည် ယခုအခါတွင် စာရေးသားဖို့ရန် ဝါ သနာပါလာသည့်ပြင် စာရေးသားခြင်း၏ လက်တွေ့အကျိုး ခံစားရမှုတို့ကို တွေ့ရှိရပါသောကြောင့် စာရေးသားလိုသော စိတ်အစဉ်သာ တသွင်သွင်ဖြစ်လာခဲ့ရပါသည်။ (ဦးငွေတင်နှင့် ဦးကြူတို့၏ ကျေးဇူးကြီးမားလှပါပေစွ။)

သို့ကြောင့် သာသနာတော်သန့်ရှင်းရေးအတွက်အားပေး ချက်စာတမ်းကို ရေးသားပြီးဆုံးသောအခါ စာရေးသားဖို့ ရန်သာ စိတ်ပါဝင်စားနေခိုက်တွင် မောင်တင်ဦးနှင့်မတင် အေးတို့ကလည်းကောင်း၊ အရှေ့ပိုင်းသုခမ္မာအဖွဲ့ခမ္မာရုံလူကြီး များတို့ကလည်းကောင်း၊ တိုက်တွန်းကြပြန်သောကြောင့် ဤကုသိုလ်ကံ-အကုသိုလ်ကံတို့ကိုအသုံးချနည်းစာတမ်းကိုရေး သားလိုက်ရပြန်ပါသည်။

ကျွန်ုပ်သည် ဤစာတမ်းကိုရေးသားနေစဉ်တွင် လောကဓံ မုန်တိုင်း အပြင်းအထန် တိုက်ခိုက်ခြင်းကိုခံနေရသောအချိန် ဖြစ်ပါသည်။ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စရာအာရုံအမျိုးမျိုး တို့နှင့်တွေ့ကြုံနေခိုက်တွင် ကျွန်ုပ်၏စိတ်အစဉ်သည် ပူလောင်

ပျံ့လွင့်တုန်လှုပ်နေပါသော်လည်း စာတမ်းရေးသားမှုကို ရပ်တန့်မထားမူ၍ ရေးသားမြဲသာရေးသားလာခဲ့ပါသည်။ စာရေးသားမှုကိုဝါသနာမပါသည့်အပြင်အရေးအသားမကျွမ်းကျင်မှုကြောင့် စာမရေးသားလိုသောကျွန်ုပ်သည် ဤမျှအထိ စာရေးသားမှုကို စွဲလမ်းခဲ့ပါသည်။

စာရေးသားမှု ကျွမ်းကျင်လာသောကြောင့်တော့မဟုတ်ပါ၊ ရှင်တော်ဗုဒ္ဓ၏ ညွှန်ပြတော်မူချက် လမ်းစဉ်မှန်တို့ကို လေ့လာရေးသားနေရသည်ကိုပင် ကြည်နူးဝမ်းသာမဆုံး ဖြစ်မိသောကြောင့်ပင် ဖြစ်ပါသည်။

သို့ကြောင့်ပင် ကျွန်ုပ်သည် စိတ်ဆင်းရဲစရာ ပူပန်ချောက်ချားစရာ ပျံ့လွင့်ထိုင်းမှိုင်းတွေဝေစရာ အာရုံများနှင့် စိတ်၏တုန်လှုပ်ချောက်ချားပူပန်ပျံ့လွင့် ထိုင်းမှိုင်းတွေဝေနေခြင်း တို့ကို တရားတော်လမ်းစဉ်မှန်ကို လေ့လာရေးသားနေရသောဝမ်းသာကြည်နူးမှုတို့ဖြင့် ကြိုးစားပယ်ဖျောက်ရင်း ဤစာတမ်းကိုပြီးဆုံးအောင် ရေးသားခဲ့ရပါသည်။

သို့ပါသောကြောင့် ဤစာတမ်းတွင် ချွတ်ချော်တိမ်းပါးအသုံးအနှုန်းများလွဲချော်၍ ပိဋကတ်တော်နှင့်မလျော်သည်များကို ပိဋကတ် ကျွမ်းကျင် ပညာရှင်တို့က အကယ်၍များတွေ့မြင်ကြပါလျှင် သက်ညှာစွာစဉ်းစား စေတနာမေတ္တာရှေ့ထား၍ ပိဋကတ်တော်နှင့်မလျော်သည်များကိုညွှန်ပြလျက် ပိဋကတ်တော်လမ်းစဉ်မှန်အောင် ပြင်ဆင်ညွှန်ပြချက်များကို

ဤစာတမ်းက တစ်စုံတစ်ရာခုခံတိုက်ဖျက်ခြင်းမရှိဘဲ ပိဋကတ်ကျွမ်းကျင်ပညာရှင်တို့၏ ဆုံးမချက်ကိုသာ အတည်ဖြစ်စေပါလိမ့်မည်။

ဤစာတမ်းကိုကြည့်ရှုလေ့လာသူ သူတော်စင်တို့သည် စာတမ်းပါစကားရပ်တို့ကို အမှားအမှန်ဝေဖန်၍ နားလည်အောင်ဖတ်ပါ။ နားမလည်မခြင်း ထပ်ခါထပ်ခါစိစစ်၍ဖတ်ပါ။ သို့မှ နားမလည်သဘောမပေါက်ပါလျှင် ပိဋကတ်ကျွမ်းကျင် ပညာရှင်များထံသို့ တင်ပြမေးမြန်း၍ ၎င်းတို့၏ ညွှန်ပြချက်အတိုင်း အမှားကိုပယ်လှန်-အမှန်ကိုသာလိုက်နာကျင့်သုံးပါ။

သို့မဟုတ် စာတမ်းပြုစုသူသို့ မရှင်းလင်းသည်များကိုမေးမြန်းပါလျှင်လည်း သဘောပေါက်နားလည်အောင်ရှင်းလင်းပေးရမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤစာတမ်းကိုရေးသားရာ၌ စာဖတ်သူများ မရှိခဲ့သေ မလေးမစား ခြောက်လှန့်၍ရေးသားခြင်း၊ မြှောက်ပင့်၍ ရေးသားခြင်းမျိုးကို ဝေးစွာပယ်ရှားလျက် စာဖတ်ရှုလေ့လာသူများ အမှန်တရားကိုသိရှိသဘောပေါက်ဖို့ရန်သာရည်ရွယ်ချက်ဖြင့်မောက်မာဝါကြွားခြင်း ကင်းကွာ ရိုသေလေးစားစွာဖြင့်သာလျှင် တင်ဆက်ရေးသားခဲ့ပါသည်။

ကျွန်ုပ်သည် စာရေးမှု၌မကျွမ်းကျင် မလိမ္မာသေးသဖြင့် စကားအရပ် အထားအသိုမှန်ကန်ခြင်း စကားအစဥ်ထပ်၍

နေခြင်း၊ တိုရှင်းလိုရင်းနှင့်ကွက်ကွက်ကွင်းကွင်းလွယ်လွယ်ကူကူ နားမလည်နိုင်ခြင်း၊ သတိမေ့လျော့ ဉာဏ်အားပျော့၍ ချွတ်ချော်တိမ်းပါးခြင်းစသည်တို့ကိုလည်း သည်းခံ၍အမှန်ရောက်အောင် ပြင်ဆင်ဖတ်ရှုကြပါရန် စေတနာမေတ္တာမှန်ဖြင့်ဝန်ခံတိုက်တွန်းအပ်ပါသည်။

ဤစာတမ်းကိုဖတ်ရှုကြကုန်သော သူတော်စင်တို့သည် စာတမ်းရေးသားရာတွင် ပါရှိသင့်သောစကားနေ စကားသွားဖြတ်ပုံ၊ ရပ်ပုံခွဲသားစသည့်အချက်များကိုလည်း သတိထား၍ဖတ်ရှုကြပါရန်နှင့် စာတမ်းပါသွန်ပြချက်များ၌ အမှားကိုပယ်လှန် အမှန်ကို လိုက်နာကျင့်သုံးနိုင်ကြ၍ လိုအပ်သောကောင်းကျိုးများ ပြည့်စုံကြပါစေသော်။

ဤစာတမ်း၏နိဂုံးကို ၁၃၅၃-ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ တစ်ဆယ့်လေးရက်၊ တနင်္ဂနွေနေ့ည ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် ရေးသားပြီးဆုံးပါသည်။

ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။

